
www.burmeseclassic.com

# လမင်းပိုပို



# အဆုံးသတ်မလှသောစာမျက်နှာများ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အသုံးသတ်မလှသောစာမျက်နှာများ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၇၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၁၁၀၆၀၉

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၀၉)ချစ်မင်းလှုံစာပေ
အမှတ်-၄၃(က)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်
ရန်ကုန်၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ၁

BURMESE CLASSIC .com

အလွမ်းတို့သားအဖ ရန်ကုန်မြို့ကြီးကို တက်လာခဲ့တဲ့ အချိန်က အလွမ်းအသက် ဆယ်နှစ်ပြည့်ဖို့ လပိုင်းလောက်လိုပါ သေးသည်။ အလွမ်း ငါးနှစ်သမီးမှာ အလွမ်းရဲ့အမေ ဆုံးပါးကွယ် လွန်ခဲ့သည်။ ဘာရောဂါနဲ့ ဆုံးတာလည်းဆိုရင် အလွမ်းမပြော တတ်။ အဖေကတော့ "ဆင်းရဲလို့ သေတာ"လို့သာ ခပ်ကြမ်း ကြမ်းကြီး ပြောတတ်ခဲ့သည်။

အလွမ်း ကြီးပြင်းလာမှ အမေ့အကြောင်း ပြန်စဉ်း စားကြည့်တော့ အမေဟာ တကယ်ပဲ အနေဆင်းရဲ အစားဆင်းရဲ ဆေးကုသစရိတ်မဲ့တဲ့ ဘဝမှာ ဆင်းရဲလို့ သေတာလို့ ပြောနိုင် လောက်တဲ့ သေနည်းမျိုးနှင့် သေရတာပင်။ ဘာရောဂါရှိတယ်ဆို ဆိုတာကို စမ်းသပ်စစ်ဆေး ကုသလိုက်ရတယ်လို့မှ မရှိခဲ့။ ချောင်းလေး တခွပ်ခွပ်၊ ရှူနာရှိုက်ကုန်းလေးနှင့် လှုပ်ရှားလုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လျှင် အားမရှိသလို နဲ့ချည့်ချည့်။ အိပ်ရာထဲ မှောပြီး လဲနေလိုက်၊ မှုးဝေလိုက်၊ တစ်ခါတစ်ရံမှာ ဖော့ယောင်တက်လာလိုက်၊ တစ်ခါ တစ်ရံ အဖောတွေကျ၍ အရိုးပေါ် အရေတင် ဖြစ်သွားလိုက်။

အလွမ်းကိုမွေးပြီး နောက်ကတည်းက ထိုကဲ့သို့ တဖြည်းဖြည်း တစစ လုံးပါးပါးလာကာ တရှောင်ရှောင်နှင့် သေတဲ့ဘဝကို ရောက်ရတာပင်။ အလွမ်းတို့ မြစ်ဝကျွန်းပေါ်ဒေသ က ရွာကလေး ငယ်ငယ်မှာ နေမကောင်းလို့ မြို့တက်ဆေးကု တယ်ဆိုတဲ့ လူမျိုးမရှိသလောက်ပင်။ ရွာကဆေးဆရာလိုလို၊ ဆေးဝါးနားလည်သူလိုလို၊ ဝိုင်းဝန်းအားကိုးကြတဲ့ ဘကြီးငွေထံ ကပဲ လျက်ဆား သွေးဆေး ဟိုဆေးဒီဆေး အမှုန့်ကလေးတွေ တောင်းကာ လျက်ရင်း တော်ရုံအဖျားအနာ ပျောက်တဲ့လူလည်း ပျောက်။ ရောဂါကြီးလို့ မပျောက်တဲ့လူလည်း တငွေ့ငွေ့ တမြည့် မြည့်နဲ့ တရှောင်ရှောင် ဖြစ်ပြီး သေသူသေ။

ဆေးကုဖို့ မပြောနဲ့ ထမင်းနပ်မှန်ဖို့ ဟင်းစားက လေးရှိဖို့ပင် မနည်း ရုန်းကန်ရှာဖွေနေကြရတာ။ အလွမ်းရဲ့အဖေ ဟာလည်း ဆေးပေါ့လိပ်တစ်တိုခဲပြီး သမ္ဗန်လေး ခတ်ဖို့ထက်လွဲ ပြီး ဘာမှ လုပ်ရေးလုပ်စရှိတဲ့သူ မဟုတ်။ အမေက ဖွတ်အတင်း ထားလို့သာ သမ္ဗန်နှင့် သွားရတဲ့ မြို့ငယ်ကလေးက မူလတန်း ကျောင်းမှာ အလွမ်း ကျောင်းနေခွင့်ရခဲ့ကာ ထိုသို့ ကျောင်းစ, နေရတဲ့ နှစ်မှာပဲ အမေ ကွယ်လွန်ခဲ့သည်။





"ကိုရင် ... ကျွန်မသမီးကို ပညာတတ်အောင် ဆက်သင် ပေးနော်၊ ပညာတတ်ပစေ။ ရှင် ရအောင်ကြိုးစားပြီး ကျောင်းထား၊ ကျွန်မကို ကတိပေးစမ်းပါ"

အမေသေခါနီး ထိုကတိကိုတောင်းရာ အဖေက ဆေးပေါ့လိပ်ကြီးဖွာရင်း "အေးပါကွာ"ဟု အသံတုန်တုန်နှင့် ခံရှာပါသည်။ သို့သော် အလွမ်း ငါးတန်းတက်ရမည့်နှစ်ကျ တော့ အဖေသည် အိမ်ထရံကို မှီထိုင်ကာ ဆေးပေါ့လိပ်ကြီးကိုက် ၍ ငေးနေရာမှ ...

"အလွမ်း ... ငါ့သမီး၊ သမီးကို အဖေ ကျောင်းမထားနိုင် တော့ဘူးဟေ့"

ငါးပိရည်ကျိုအိုးအောက်က မီးဖိုထဲ ထင်းစ,အချောင်း ကလေးတွေ ထိုးထည့်ရင်း မီးတောက်အောင် ကုန်းမှုတ်နေတဲ့ အလွမ်းသည် မျက်ရည်တလည်လည် ဖြစ်သွားရရင်း ...

"ဘာဖြစ်လို့လဲ အဖေ"

ဝမ်းပန်းတနည်း လှည့်မေးမိသည်။

"ဒီနှစ်ဆို တခြားအလယ်တန်းကျောင်းလည်း ပြောင်းထား ရတော့မှာကိုး၊ အဖေ့မှာ သမီးအကြိုအပို့လည်း မအားဘူး ကွယ့်၊ စာအုပ်ဖိုး ကျောင်းအပ်စရိတ်အတွက်လည်း ငွေ မရှိဘူး သမီးရဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ထက်တစ်နှစ် စရိတ်စကတွေ ကြီးမားကုန်ကျလာကာ အရင်ကလုပ်သလောက်ထက် ပိုလုပ်စရာမရှိသော အဖေ့မှာ ဝင်ငွေဟာ အရင်ကလောက် မဝယ်နိုင် မခြမ်းနိုင် မစားနိုင် မသောက်နိုင်တော့တာ အလွမ်းအမြင်ပင်။ သို့သော် အလွမ်း ကျောင်းတက်ချင်သည်။

"အဖေ ... အဖေ့ကို အမေ ကတိတောင်းသွားတာ အဖေ မေ့သွားပြီလား"

အလွမ်းက ငိုသံပါနှင့် ပြောလျှင် ...

"ဒါက ကြာ,ကြာလှပြီပဲ သမီးရယ်၊ အဖေလည်း တတ်နိုင်သလောက်တော့ ပညာသင်ပေးခဲ့သားပဲ၊ အဖေလည်း လေးတန်းနဲ့ ကျောင်းထွက်ခဲ့တဲ့သူပဲ သမီးရယ်၊ ကိုယ့်ရှိတော့လည်း သင်ပေါ့၊ မရှိတော့လည်း ဘာတတ်နိုင်မတုံး"

အလွမ်းသည် ကျောင်းအပ်ချိန် မအပ်ရ၊ သူများတွေ ကျောင်းသွားချိန် မလိုက်ရ၍ အိမ်ပေါက်ဝကိုမှီထိုင် ငိုကြွေးခဲ့ရတဲ့နေ့တွေ မနည်း။ ရွာကနေ ကျောင်းတက်သွားမည့် တခြားတစ်တန်း နှစ်တန်း သုံးတန်း ကလေးတွေကို အဖေ့ သမွန်ပေါ်တင်ကာ အဖေ အဖိုးအခယူ၍ လိုက်ပို့ပေးရတာရှိသည်။ ဒါကို မျှော်ကြည့်ပြီး တရက်ပြီးတစ်ရက် မရိုးနိုင်အောင် ငိုကျွန်ရစ်ရသူမှာ အလွမ်းပင်။





အဖေလည်း စိတ်ကောင်းမယ်တော့ မထင်။ သို့သော် ဘာတတ်နိုင်မှာလဲ ဆိုတာလောက်ပဲ အဖေက ပေါ့ပေါ့သဘောထားလိုက်ပုံပင်။ ဘယ်လိုမှ ဖြေရှင်းဆောင်ရွက်မပေးတတ်သလိုရှိသည်။ သို့သော် အလွမ်းဟာ အမေ့သမီးမို့ ထင်သည်။ စာသင်ချင်တဲ့စိတ်၊ ပညာလိုချင်တဲ့စိတ်က ရင်ထဲမှာ အငွေ့ပျောက်ချိုးလို့မရအောင်နေသည်။

အမေဟာ အတန်းပညာ ဆယ်တန်းရောက်ခဲ့သည်ဟု အဖေ့ပြောပြဖူးပါသည်။ နောင်အခါတော့မှ အလွမ်း ထပ်သိခွင့်ရခဲ့သည်မှာ အမေတို့ဟာ မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့က ငါးပိ ငါးခြောက် ပုစွန်ခြောက် ငံပြာရည် လုပ်ငန်းပိုင်ရှင် မွဲရုံပိုင်ရှင် ငါးဒိုင် ငါးခြောက်ဒိုင် ပိုင်သူတွေ သူဌေးတွေ ဖြစ်ကြသည် ဆိုတာပင်။

ထိုလုပ်ငန်းမှာ လက်တိုလက်တောင်းခိုင်းဖို့ တောကလွှတ်ပို့လိုက်တဲ့ အလုပ်ကြမ်းသမားလေး အဖေနှင့် အမေတို့ မေတ္တာရှိကြ၍ သူဌေးသမီး သူဌေးမြေး အမေဟာ ချစ်သူတစ်မျက်နှာ တစ်ရွာထင်ပြီး အဖေ့နောက်သို့ မစဉ်းမစား ကောက်ကောက်ပါအောင် လိုက်ချသွားခဲ့တယ် ဆိုတာပင်။

အဖေနှင့်အမေ လိုက်ပြေးကြတော့ အမေက ဆယ့်ခုနစ်နှစ်၊ အဖေက ဆယ့်ခြောက်နှစ်တဲ့။ စုံလုံးကန်း အချစ်ကြီးခဲ့တဲ့ အမေ့ကို အဖေနှင့် ဘယ်လိုမှ ခွဲမရခဲ့ဟု သိရသည်။ အမေ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မယ်ဆိုလည်း ချစ်စရာ၊ အဖေဟာ ရိုးသားအေးချမ်းလှ၍ ရုပ်ရည်လည်း အလွန်ချောပါသည်။ နေပူစပ်ခါး သမ္ဗန်ခတ်နေရပေမဲ့ နဂိုရုပ်ချောလှတဲ့ အဖေဟာ ခုထိတိုင် ကြည့်ကောင်းဆဲ။ ခန္ဓာကိုယ် အချိုးအဆစ်ကလည်း ကျစ်လျစ်ကြံ့ခိုင်သည်။

အလွမ်း ဆယ်နှစ်သမီးမှာ အဖေ့အသက်ဟာ နှစ်ဆယ့်ခုနစ်နှစ် မပြည့်သေး။ ငယ်ရွယ်နုပျိုတုန်းကလေး ရှိသေးသည်။ ရွာကနေ အလုပ်ကိစ္စနှင့် ဘုရားလည်းဖူးရင်း ရန်ကုန်မြို့ကို တစ်လကိုးသီတင်း တက်သွားကြတဲ့ မိသားတစ်စု မမျှော်လင့်ဘဲ ဘုရားပေါ်မှာ အမေ့အမျိုးတွေနှင့် ဆုံကြသည်။ သူတို့ဟာ ဟို အရင်ကတည်းက အမေ့ဆွေမျိုးတို့ရဲ့ ဒိုင်ပွဲရုံကြီးကို ဝင်ထွက်ခဲ့ဖူးကြသူတွေမို့ ခင်မင်မှုလည်း ရှိဖူးလေရာ သူတို့ထံကတစ်ဆင့် အမေ ဆုံးသွားတာတွေ၊ အလွမ်းတို့ သားအဖရဲ့ အခြေအနေတွေ၊ အလွမ်း ကျောင်းဆက်မနေရတာတွေ အလုံးစုံကို ထိုအဆွေအမျိုးများ ကြားသိသွားခဲ့ကြပြီးတဲ့နောက် ...။

နောက်နှစ်လလောက် ကြာပြီးတဲ့အခါ ရန်ကုန်မြို့နှင့် အဆက်အသွယ်ရှိတဲ့ လူတစ်ယောက်ထံမှတစ်ဆင့် ထိုဆွေမျိုးတို့က စာပါးလိုက်ပါသည်။ အတိုချုပ် ဆိုရလျှင် အလွမ်းကို ရန်ကုန်မြို့ကို လွှတ်လိုက်ဖို့။ ကျောင်းထားပေးမည်၊ ကျွေးမွေး အဝတ်ဆင်မည်၊ တစ်နေ့နေ့ တစ်ချိန်ချိန် အိမ်ထောင်ရက်သားတွေ ဘာတွေ ကျတဲ့အခါကျရင် သင့်တင့်လျောက်ပတ်သလောက်





ည်း ပေးကမ်းလက်ဖွဲ့လိုက်ဦးမည် စသဖြင့် အဓိပ္ပာယ်ရသော ကို အလွမ်းကပဲ အဖေ့ကို ဖတ်ပြခဲ့ရသည်။

"အင်း"

အဖေက သက်ပြင်းရှည်ကြီးချကာ ငိုင်ငေးနေသည်။ ဆုံးခွဲမရတဲ့ပုံ။ အဖေဟာ ရိုးသားဖြူစင် စိတ်သဘောကောင်း၊ ယ်ကျင့်တရားကောင်းတာကလွဲလျှင် အသိဉာဏ်တို့ ဆင်ခြင်တုံ ရားတို့ ဘာလုပ်ရင် အရှည်သဖြင့် မည်သို့ အကျိုးသက်ရောက် သည် ဆိုတာမျိုး တွေးတောနိုင်စွမ်းဖို့တို့တွင် အားနည်းရှာသူပင်။

ဘဝတွင် လှေကြီးထိုးရိုးရိုး ကိုယ်လုပ်တတ်တာကို သာ သမားရိုးကျ လုပ်ကိုင်စားသောက်နေဖို့ထက် ဘာမှပို၍ ကြီးပွားဖို့ မကြံစည် မစွမ်းဆောင်တတ်။ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အား နည်းပါးသူ။ အခုလည်း အတွေးရ အကြံရ ကျပ်ကာ ဘာမှ ဆုံးဖြတ်နိုင်ပုံရသည်။

"သမီး ဘယ့်နှယ် သဘောရတုံး"

ဆယ်နှစ်သမီး အလွမ်းကို အဖေမေးသောစကား ဖြစ်သည်။ အလွမ်းမှာတော့ ရှေ့ရေးနောက်ရေးတွေ မြင်နိုင်တာ မြင်နိုင်တာထက် ဆန္ဒဆိုတာလေးက ရှိနေပါသေးသည်။

"အလွမ်း ကျောင်းဆက်နေချင်တယ်"

"ဟုတ်လား ... အင်း"

"သူတို့က အလွမ်းတို့နဲ့ ဘာတော်တာလဲ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးအမေရဲ့ အမေ၊ သမီးအဘွားကတော့ ဆုံးပြီတဲ့ ကိုလှမောင်ကြီး ပြောပြတယ်၊ အခုရှိတာတွေက အဲဒီအဘွားရဲ့ ညီအစ်မတွေ၊ အဘွားဝမ်းကွဲတွေပေါ့ကွယ်၊ နောက်တခြား ဘယ်သူရှိသေးမလဲတော့ အဖေလည်း မသိဘူး"

"အလွမ်းတို့ ရန်ကုန်သွားပုံအောင်ပါ အဖေ၊ အလွမ်း ဒီရွာလေးမှာ ဘာမှလဲ လုပ်စရာမရှိဘူး၊ ကျောင်းလည်းတက်ချင်တယ်၊ မြို့မှာလည်း နေချင်တယ်၊ အဖေပါ လိုက်ခဲ့ပေါ့"

"သူတို့က အဖေ့ကို ခေါ်တာမှ မဟုတ်တာ၊ အဖေလည်း သမီးအမေ အမျိုးတွေကြားထဲ စိတ်ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ သွားမနေချင်ပါဘူးကွယ်၊ အင်းလေ ... ငါ့သမီးက သွားချင်ရင်တော့ အဖေကော ရန်ကုန်မြို့မှာ အလုပ်လေး ဘာလေး ရနိုင်တာ ရှိမလား၊ ကိုလှမောင်ကြီးတို့နဲ့ တိုင်ပင်မေးမြန်းကြည့်ပါဦးမယ်၊ အဖေက ရန်ကုန် မရောက်ဘူးခဲ့ဘူး၊ သမီးအမေတို့မြို့ကိုတောင် အလုပ်လုပ်ဖို့သွားတာ တစ်နှစ်ပြည့်အောင် နေခဲ့ဖူးတာ မဟုတ်ဘူး ...

ကိုယ့်ရွာကိုယ်နေပြီး ကိုယ်တတ်တဲ့ သမ္မန်ပဲ ခတ်နေချင်တာပဲ၊ စိတ်မညစ်ရဘူး၊ ဒါပေမဲ့ ငါ့သမီးက ကျောင်းနေချင်တယ် ဆိုတာကိုတော့ အဖေ ထည့်တွက်ရမှာပေါ့၊ အဖေ မတတ်နိုင်ပေမဲ့ ငါ့သမီးကိုတော့ ပညာတတ်စေချင်ပါတယ်၊ သမီးအမေလည်း ဆန္ဒရှိခဲ့တာလေ၊ ဟုတ်ပါတယ်





ဒီမှာဆို ငါ့သမီးလေး အနေဆင်းရဲ အစားဆင်းရဲ ပညာမတတ် အမြင်မကျယ် ဖြစ်မယ်၊ ကြီးလာရင်လည်း အဖေ့လို သမ္မန်သမား တံငါသမားနဲ့ပဲ ရမှာပဲ ...

ရန်ကုန်မြို့မှာ ဆိုရင်တော့ ဘာပဲဖြစ်ဖြစ် အခုထက် ငါ့သမီး ကောင်းစားမှာ အမှန်ပါပဲ၊ ဒါပေမဲ့ သူတို့စာထဲက အသွားအလာ ကြည့်ရတာတော့ ငါ့သမီးလေး ကျောင်းနေရမှာကလွဲရင် သူတို့ဆီမှာ ထမင်းစား ကျွန်ခံသဘောနေရမှာ ထင်ပါရဲ့"

"သူတို့ခိုင်းတာ အလွမ်း လုပ်မယ်အဖေ၊ အလွမ်း ထမင်းဟင်းလည်း ချက်တတ်တာပဲ၊ အဝတ်လည်း လျှော်တတ်တာပဲ၊ တံမြက်စည်းလှည်း ကြမ်းတိုက်လည်း လုပ်တတ်မှာပဲ၊ အလွမ်း ကျောင်းတက်ချင်တယ် အဖေ"

အမေက အလွမ်းကို မျက်ရည်ကြည် ရစ်လည်သော ...င်းတွေတွေ မျက်ဝန်းကြီးတွေနှင့် ငေးကြည့်နေသည်။ နောက်ဆုံး ...ော့ အလွမ်းကို လာပို့မည်ဖြစ်ကြောင်း ဦးလှမောင်ကြီးနှင့် ...ရင်ဦးစွာ အကြောင်းပြန်ကြားလိုက်ပါသည်။ အဲဒီနောက်တော့ ...လွမ်းတို့ သားအဖ ရန်ကုန်သွားဖို့ ပြင်ဆင်စီစဉ်သည်။ ရွာက ...မြို့၊ အဲဒီကနေ သင်္ဘောနှင့် ရန်ကုန်မြို့သို့။ အလွမ်းတို့ သား...ဖကို ခေါ်လာသူမှာ ရွာက ငပြာရည်ကုန်ကူးတဲ့ ဦးလှမောင်ပင်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း ကုန်တွေ ပါသေးတယ်၊ ခင်ဗျားတို့ သား အဖကို သူတို့အိမ်က ဆင်းကြိုမယ်လို့ ပြောတာပဲဗျ၊ လာ ကြိုပါလိမ့်မယ်"

"ဟာ ... ဒါပေမဲ့ ခင်ဗျား စောင့်နေပေးပါဦး ကိုလှမောင် ရာ၊ သူတို့က ကျုပ်တို့ကို မသိ၊ ကျုပ်တို့က သူတို့ကို မသိ"

"ခင်ဗျားက ဘာလို့ သူတို့ကို မသိရမလဲ၊ ခင်ဗျား သူတို့ ပွဲရုံ ဝင်လုပ်ခဲ့ဖူးသေးတာပဲ၊ ကိုယ့်အလုပ်ရှင်တွေ မမှတ်မိ ဘူးလား"

"ဟာဗျာ ... ဒါပေမဲ့ မတွေ့မမြင်ကြတာ ဆယ်နှစ်ဆယ်မိုး ရှိပြီလေဗျာ၊ ကျုပ်လည်း ရေးတေးတေးပဲ၊ တော်ကြာ သူ တို့က လာမကြိုရင် ကျုပ်တို့သားအဖ ယောင်ချာချာ ဒီနားကနေ ဘယ်မှမသွားတတ်ဘူး ကိုလှမောင်ကြီးရ ခဏ စောင့်ပါဗျာ၊ တောင်းပန်ပါတယ်"

ဦးလှမောင်ကလည်း တည်ည်းညည်း တညုညျနှင့် ပင် စောင့်ပေးရှာပါသည်။ ဦးလှမောင်ရဲ့ ငံပြာရည်ပုံးတွေ ဝိုင်း သယ်ပေးရ၍ ငံပြာရည်စော်တွေ နံဟောင်နေသော အလွမ်းတို့





သားအဖမှာ မျက်စိသူငယ်နှင့် ဟိုကြည့် ဒီကြည့်။ အဖေပင်လျှင် ဆယ်ကျော်သားရင့်မကြီး ဖြစ်လျက်နှင့် အားငယ်ကာ တစ်ခါမှမရောက် ဖူးသော ရန်ကုန်ကို ကြောက်နေသေးလျှင် ဆယ်နှစ်သမီးအလွမ်း ဘယ်မည်သို့ရှိမည်နည်း။

အလွမ်း ရင်ဘတ်အောက်က နှလုံးသားသည် ဒုတ် ဒုတ် ဒုတ်ဒုတ် မြည်ဟည်းကာ ခြေဖျားလက်ဖျားတွေ အေးစက် နေသည်။ လက်မောင်းရိုး ပိန်ပိန်၊ နံရိုးပြိုင်းပြိုင်းနှင့် အင်္ကျီစုတ် ဝတ်ကာ ဆံပင်ဖွာဆန်ကျဲ နီရောင်သမ်းနေတဲ့ အလွမ်းသည် အဖေနှင့် ဆင်တူသော လှပချောမောသည့် ရုပ်ကလေး မပေါ်လွင် နိုင်အောင် ကြေးအထပ်ထပ် ညစ်ပတ်ပတ်ကလေး ဖြစ်သည်။

မည်းနက်ထူထဲသော မျက်ခုံးမွေးများအောက်မှ ရွှန်း စီတောက်ပ ဝိုင်းကျယ်သော မျက်လုံးကလေးမှာ ကျီးလန့်စာစား ဖြစ်လျက်ရှိသည်။ ရန်ကုန်မှာ ဘာတွေ ဘယ်လိုတွေ့ရဆုံရ ဖြစ် ကြက်ရလေမလဲ မစဉ်းစားရဲ၊ မစဉ်းစားနိုင်ပဲ တင်းတင်းစေ့ထား တဲ့ နှုတ်ခမ်းကလေးတွေနှင့် ဆန့်ကျင်စွာ အထဲမှာ ခွေယိုင်ဆုတ် ခင်နေလေသည်။

အဲဒီတုန်းကတော့ ရန်ကုန်ဆိုတဲ့မြို့ကြီးသည် အလွမ်း အဖို့ရာ ရှိန်လန့် ချောက်ချားစရာကောင်းသော ဒေသစိမ်း နယ် မြေစိမ်း။ ကိုယ့်အတွက် အဆမတန် ကြီးကျယ် ခမ်းနားနေသည်။ အလိုလို တုန်လှုပ်နေတာကို ဒီအရွယ်လေးနှင့်ပင် ချုပ်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဟန်ကိုယ့်ထားနိုင်ရင်း ဘာပဲဖြစ်ရ ဖြစ်ရ ကြုံရ ကြုံရ ရင်ဆိုင်ညေ်ကြံခိုင်မည် ဆိုတဲ့စိတ်ကို အင်တိုက် အားတိုက် ဆောက်တည်မွေးမြူယူနေပါသည်။

"ဟော ... လာကြပြီ၊ လာကြပြီ"

ဦးလှမောင် အသံကြောင့် အလွမ်းသာမက အဖေပါ တုန်လှုပ်သွားပါသည်။ အဖေ့ခမျာ မျက်တောင် ပုတ်ခတ် ပုတ်ခတ်နှင့် မျက်စိသူငယ်ရုပ်နှင့်။

"ကားနောက်ခန်းက ဆင်းလာတာ မမတင် ဆိုတာ၊ အဲဒါက အလွမ်းတို့ ဘွားအေရဲ့ ညီမအငယ်ဆုံး၊ ညည်းရဲ့ အဘွားလေးပေါ့"

ဦးလှမောင်က တီးတိုးအသိပေး မိတ်ဆက်ရင်းက ကားဆီ လျှောက်သွား၍ အလွမ်းတို့ သားအဖ နောက်ကနေ ငံပြာရည်ပုံးတွေဆွဲပြီး လိုက်ရသည်။

"မမတင်"

"အေး ... မင်းကကော လိုက်မှာလား လှမောင်"

"ကျွန်တော်က ဒီကနေပဲ ကားငှားပြီးသွားမှာ မလိုက်ဘူး မမတင်၊ ဟောဒါ သာထွန်းလေ၊ ဒါ သူ့သမီး အလွမ်း"

အလွမ်းသည် မာန်မာနရိပ် ယှက်သမ်းနေတဲ့ ထိုမိန်းမကြီးရဲ့ မျက်နှာကို တစ်ချက် ဖျတ်ခနဲကြည့်ပြီး မျက်လွှာကို ချထားသည်။ သူ့ရဲ့ ပြောင်လက်တောက်ပသော အဆင်အပြင်





တွင် အလွမ်းတို့ သားအဖမှာ စုတ်ပြတ်နုံချာလှပါသည်။ ျက်လွှာကို ချထားရာမှ ဟိုဝေ့ဒီရွှေ့ ဂနာမငြိမ် လျှောက်ကြည့်မိတဲ့ အလွမ်းသည် ကားရှေ့ဘက် အခန်းပြတင်းပေါက်ပေါင်ေါ် တံတောင်ဆစ်ကွေးတင်၍ ထိုလက်ပေါ် မေးပြန်တင်ပြီး အလွမ်းတို့ကို စိမ်ပြေနပြေ အကဲခတ်နေတဲ့ လူတစ်ယောက်နှင့် ျက်လုံးချင်း သွားဆုံသည်။

အဲဒီလူကြီးက အလွမ်းကိုပြုံးပြ၍ အလွမ်းက ဆတ်ခနဲ မျက်နှာလေး လွှဲပစ်လိုက်ပါသည်။

"ဘာလဲ ... သာထွန်းကရော အိမ်လိုက်ခဲ့မလို့လား"

အဖေက ဦးလှမောင်ဘက် မေးခွန်းထုတ်သလို ှည့်ကြည့်သည်။

"ဟုတ်ကဲ့၊ သူ့သမီးနေတဲ့အိမ် သူ လိုက်တော့ကြည့်ဦးမှာပေါ့ မမတင်ရဲ့၊ မမတင်တို့ဆီ ခဏတဖြုတ် နေပြီးရင် ကျွန်တော် တည်းတဲ့ ဘုန်းကြီးကျောင်းမှာ ခေါ်ထားပါ့မယ်"

"ငါတို့အိမ်က မိန်းမသားချည်းပဲ ရှိတာလေ၊ သူ့ ဘယ်နားသွားသိပ်ရမလဲ"

အဖေက ခေါင်းခပ်ငုံ့ငုံ့နှင့် ...

"ကျုပ်ကို အိမ်ထဲ မသိပ်ရင်နေပါ၊ အိမ်ရှေ့ဘက် ကွပ်ပျစ်မှာ အိပ်ရရင်တော်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှန်းကုန်ကွယ်၊ အိမ်ရှေ့မှာ ဘယ်ကကွပ်ပျစ်က ရှိမှာလဲ၊ ဘဲဥ ဘဲဥလေ၊ ပါလာမှတော့ ဖြစ်သလိုပေါ့၊ ဂိုဒေါင်ထဲ သိပ်ရမှာပဲ၊ ကဲ ... ဒါဖြင့် လာကြ၊ ပစ္စည်းတွေ တင်ကြ"

ပစ္စည်းတွေက ဦးလှမောင်ကြီးရဲ့ ပစ္စည်းတွေချည်းသာ။ အလွှမ်းမှာ လျှော်နှင့်လုပ်ထားသည့် လက်ဆွဲအိတ်သဏ္ဌာန်အိတ်ငယ်တစ်လုံးသာပါပြီး အဖေ့မှာ လွယ်အိတ်တစ်လုံးပဲ ပါပါသည်။ အဖေ့မှာ အဝတ်တစ်စုံပဲ အပိုပါတာမို့ ပေါ့ပေါ့ပါးပါးပင်။

"ဟင် ... ဒါပဲလား"

"ဟုတ်ကဲ့၊ ဒါ ကျွန်တော့်ပစ္စည်းတွေချည်းပဲ"

"သူ့ကို မင်းက ဘယ်တော့လာခေါ်မှာလဲ လှမောင်"

"တစ်ရက် နှစ်ရက် နေရင် ကျွန်တော် လာခဲ့ပါ့မယ်"

"အေး ... ပြီးရော"

ထိုမိန်းမကြီးရဲ့ စကားသံဟာ မာရေကျောရေနှင့် စီးစီးပိုးပိုး ရှိလှပါသည်။ အဘွားလေးလို့ သိရပေမဲ့ အလွှမ်း စိတ်ထဲ ရင်းလည်းမရင်းနှီးလာ၊ ခင်မင်စိတ်လည်း မပေါက်၊ သွေးကလည်း စကားမပြောပေ။ အပြောအဆို မာကျောကြမ်းတမ်းတဲ့ မိန်းမကြီးလို့ပဲ မှတ်ယူမိသည်။

"ကဲ ... တက်ကြ၊ သာထွန်း ရှေ့ခန်းသွားထိုင်၊ ဟိုကောင်မလေး ငါနဲ့ နောက်ကိုလာ"





အဖေ ကားတံခါးမဖွင့်တတ်၍ ကားထဲကလူက လှမ်းဖွင့်ပေးပါသည်။ အလွှမ်းကတော့ ဒေါ်တင်တင် ဖွင့်ပေးတဲ့ နောက်ခန်းတံခါးမှ ဝင်ထိုင်လိုက်သည်။ ကားထဲက ခုံတွေက အိစက် အိစက်နှင့်၊ ကားထဲက ရန့်ကလည်း သင်းပျံ့မွှေးကြိုင်နေသည်။

"မောင်ခေါင်ရေ ... မင်းကားတော့ နံပြီ၊ ဟဲ့ကောင်မလေး နင့်ပေါ် ငံပြာရည်တွေ မှောက်ကျထားသလား"

"မမှောက်ကျပါဘူး အဘွား၊ ပုံးတွေဝိုင်းဆွဲပေးလို့ အနံ့တွေ လက်မှာစွဲနေတာပါ အဘွား"

အလွှမ်းက ချက်ချက်ချာချာ အဖြေပေးလိုက်လျှင် ...

"အမယ်လေး ... အမယ်လေး၊ အဘွားတဲ့၊ ညည်းကငါ့ကို အဘွားတဲ့၊ ဘာပဲတော်တော် ညည်း ကျုပ်ကို ကြီးကြီးဟင် လို့ခေါ်၊ ကြားလား"

"ဟုတ်ကဲ့"

အလွှမ်းက နှုတ်ခမ်းလေးစူကာ ခေါင်းညိတ်အဖြေပေးလိုက်လျှင် ရှေ့ခန်းက ကားမောင်းသူက ပြုံးသွားဝ ၁ကို နောက်ဘက် ခေါင်းတိုက်ကျကျမှ အလွှမ်း မြင်လိုက်ရပါသည်။ ထိုကားမောင်းသူရဲ့ဘေးမှာ အဖေ။ အဖေ့ကို ကြည့်ရတာ ကားထဲထိုင်နေရတာကိုပင် မနေတတ် မထိုင်တတ် ကျဉ်းကျပ် စိတ်ရှုပ်သွားနေပုံရပါသည်။ ပခုံးနှစ်ဖက်ကိုကျုံ့ကာ လက်နှစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ထုတ်စုပူးပြီး ဒူးနှစ်ဖက်ကြား ပြန်ညှပ်ထားတဲ့ အဖေ့ပုံစံဟာ ကုပ်ကုပ်ရိုးရိုး။ အဖေ့ကို အလွမ်း သနားနေပါသည်။ အလွမ်း ကိုယ်တိုင်တော့ ထိတ်လန့်တုန်လှုပ် စိတ်လှုပ်ရှားနေပေမဲ့ နေရာ သစ်တစ်ခုကိုရောက်ပြီး ကျောင်းနေရတော့မဲ့အတွက်လည်း စိတ်တွေ တက်ကြွနေမိပါသေးသည်။

"ညည်းနာမည်က ဘာ ! ၊ အလွမ်း ... ဟုတ်လား"

"ဟုတ်ကဲ့"

"နာမည်ရင်းက ဒါပဲလား"

"ကျောင်းကနာမည်က ခင်လွမ်းပုံပါ"

"အမယ်လေးဟဲ့"

ကြီးကြီးတင်ပုံစံက နာမည်နှင့်လူ မတန်မရာ မအပ်မစပ် မှည့်မှည့်တတ်လွန်းဆိုတဲ့ စကားလုံးတွေကို မျက်နှာပေးနှင့်တင် ဖော်ပြနေသည်။ အလွမ်းက ခေါင်းကိုငုံ့ချပြီး ငြိမ်ငြိမ်သက်သက် ပါလာသည်။ ဘေးကနေ နည်းနည်းခွာထိုင်ပြီး အနီးကပ်အနလုံ ပဋိလုံ အကဲခတ်နေတဲ့ ကြီးကြီးတင် မျက်လုံးများကိုလှည့်မကြည့်ဘဲ သိနေ၍ ရင်တွေက တဒိတ်ဒိတ်ခုန်သံ မပျောက်။

ကားသည် ဟိုကွေ့ချိုးလိုက် ဒီကွေ့ချိုးလိုက်၊ တည့်တည့်သွားလိုက်၊ တခါတစ်ခါရံ လမ်းမလယ်ကောင်မှာ ဘာကြောင့်မှန်းမသိ အခြားကားများနှင့်အတူ တစ်ခဏရပ်နေလိုက်၊ ပြီးမှ ပြန်ဆက်မောင်းလိုက်။ ကားဆိုတာကို အဖေနှင့် မြို့ကလေးကို





တစ်စုံတစ်ရာ ဝယ်ဖို့ခြမ်းဖို့ လိုက်ပါသွားဖူးတဲ့ နှစ်ကြိမ်သုံးကြိမ်မျှလောက်သာ သူ့တစ်သက်မှာ စီးဖူးတာ ဖြစ်သည့် အလွမ်းသည် ခေါင်းထဲ မူးဝေလာသည်။ ရင်ထဲ အော်ဂလီဆန်ကာ ကလီစာတွေ လည်ချောင်း ရင်ညွန့်နား လာဆို့တစ်သလို ခံစားရကာ အားစက်ချွေးစေးပြန်လာပါသည်။

"အု ..."

"ဟဲ့ ... ဘာဖြစ်တာလဲ"

အလွမ်း မဖြေနိုင်။ ပါးစပ်ထဲ ပျို့တက်ပြည့်အန်သာတဲ့ အရာများကြောင့် ပါးစပ်မဖွင့်ရဲဘဲ မျက်ရည်လည်ကာ ပါးစပ်ကို လက်နှစ်ဖက်နှင့် ပိတ်အုပ်ထားလိုက်ပါသည်။

"ဟဲ့ ... ဘာလဲ၊ အန်မလို့လား"

ခေါင်းကို ဆက်တိုက်ညိတ်ချလိုက်တဲ့ အလွမ်းကိုကြည့်ရင်း ကားမောင်းသူက ကားကို လမ်းဘေးထိုးကပ်ရပ်လိုက်ပါသည်။

"အမယ်လေးနော် ... အရေးထဲ ကားတောက်နေလိုက်သေးတယ်၊ ကဲ ... တံခါးဖွင့်ဆင်း၊ အဲဒီခလုတ်လေး ဆွဲဖွင့်လေ၊ ဟဲ့ ... အရမ်းမဆွဲနဲ့ ကျိုးမယ်လေ၊ ဩော် ... ဒုက္ခပါပဲနော်၊ ကဲ ... ဆင်း၊ သွား ... ပလက်ဖောင်းစပ်မှာအန်"

အလွမ်းသည် ကားမူး ကားတောက်တဲ့ဒဏ် သဘောသိ မူးဝေခဲ့တဲ့ဒဏ်တို့ စုကာ မူးနောက် ချွေးတွေပြန်နေပြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး တုန်ယင်အေးစက်နေသည်။ ထိုဝေဒနာမှာ အခံရဆိုး ဆိုးတဲ့ ဖြစ်ခြင်း။ ထိုဝေဒနာတစ်ခုတည်းနဲ့တင် ရန်ကုန်က ပြန်ပြေးချင်တဲ့စိတ် ပေါက်လာသည်။ အဖေသည် ကားတံခါး မှောင့်ရဲ မဖွင့်တတ်ပဲ ကားပေါ်က ဆင်းမလာ။ အလွမ်း ထိုင်နေတဲ့ ကားနောက်ဘက်ကိုသာ လှမ်းမျှော် လှမ်းကြည့်နေသည်။

ကားမောင်းသူသာ ကားပေါ်က ဆင်းလာပြီး မလှမ်းမကမ်းဆီသို့ ထွက်သွားပါသည်။ အလွမ်း ဆက်မအန်တော့သော်လည်း ပေကျံနေတဲ့ ပါးစပ်ကြောင့် ပလုတ်ကျင်းချင်ကာ မူးရိပ်ရိပ်ဖြစ်နေဆဲ ...

"ရော့ ... သမီး ... ရော့"

လက်ထဲရောက်လာသော အရာမှာ အဖုံးဖွင့်ပြီးသော လေးထောင့်ရေဘူး ဖြာကြည်ကြည်ကလေးတစ်ဘူး ဖြစ်သည်။

အလွမ်းသည် မျက်ရည်ပေါက်ကြီးတွေ ပါးပေါ်သွယ်ကျနေလျက်သားနှင့် ရေဘူးကို ထိုသူ့ထံမှ လှမ်းယူလိုက်ပါသည်။

"ပလုတ်သေချာကျင်းပြီးရင် ရေနည်းနည်းသောက်လိုက်၊ ပြီးရင် အဲဒီရေနဲ့ပဲ လက်ခုပ်ခံပြီး မျက်နှာသစ်လိုက်"

အလွမ်းသည် သူပြောတဲ့အတိုင်း လိုက်လုပ်ကာ၊ ရေဘူးကို ကုန်ကာနီးအထိ အသုံးပြုလိုက်ပါသည်။

"ရော့"





သူကမ်းပေးတဲ့ လက်ကိုင်ပဝါကလေးမှာ အဖြူပြောင်ပေါ် ပတ်လည်နက်ပြာစင်းနှစ်စင်း ကွပ်ထားသော ယောကျ်ားကိုင်လက်ကိုင်ပဝါ။ အလွမ်းသည် ထိုလက်ကိုင်ပဝါနှင့် မျက်နှာကရေတွေ ချွေးတွေ မျက်ရည်တွေကို သုတ်ပစ်လိုက်ပါသည်။ ပြီးသူ့ကို ပြန်ကမ်းပေးတဲ့အခါ ...

"ယူထားလိုက်ဦး"

အလွမ်း သူ့ကို ကျေးဇူးတင်စွာ မျက်လုံးဝိုင်းကြီးငဲ့လှန့်၍ ကြည့်မိသည်။ အပြုံးဖျော့ဖျော့ ထင်နေတဲ့ ထိုလူရဲ့မျက်နှာဟာ အသားအနည်းငယ် ညိုချင်သော်လည်း စိုဝင်းလတ်ဆတ်၍ ကြည့်ကောင်းသည်။ နူးညံ့၍ ကြင်နာတတ်ပုံရသော မျက်လုံးများက ခင်မင်ဖွယ်။ ဦးလေး ခေါ်ရမလား၊ အစ်ကိုကြီး ခေါ်ရမလား။

ပြီးတော့ သူက ဘယ်သူလဲ။ အဖေ့ထက်တော့ ငယ်ပေမဲ့ အလွမ်းထက်တော့ အများကြီး ကြီးလှပြီ။

"ရပြီလား ... ရရင် ကားပေါ်ပြန်တက်"

အလွမ်းက ခေါင်းညိတ်ပြီး ကားနောက်ခန်းကို ပြန်တက် ဝင်ထိုင်လိုက်ပါသည်။

"အမယ်လေး ... ငပြာရည်စော်က တစ်မျိုး၊ ချဉ်စုတ်အနံ့က တစ်မျိုး၊ မမရင်လည်း ဘာစိတ်ကူးနဲ့ ဒီဟာမလေးကို ခေါ်ဖို့စိတ်ကူးတယ် မသိဘူး၊ စိတ်ပျက်စရာ ကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ လွန်ရော၊ ညည်း ရန်ကုန်နေမယ်ဆိုပြီး ကားစီးတိုင်း ခုလိုအန်နေရင် မဖြစ်ဘူး၊ နားလည်လား"

"ဟုတ်ကဲ့"

"မောင်ခေါင်လည်း အားနာစရာ၊ ရေဘူး ဘယ်လောက်လဲ မောင်ခေါင် ... ရော့"

"နေပါစေ အန်တီတင်တင်ရဲ့၊ ကိစ္စမရှိပါဘူး"

ရေဘူးကို ဟိုလူကြီး ပိုက်ဆံပေး ဝယ်လာခဲ့ရတာ မှန်း အလွမ်း ခုမှသိတော့သည်။ အလွမ်းသည် လက်ထဲက လက်ကိုင်ပဝါကလေးကို ကျစ်ကျစ်ဆုပ်ကိုင်၍ ကားပြတင်းမှငေးပြီး ဆက်ပါလာသည်။ စိတ်ကိုလည်း တင်းထားလိုက်ပါသည်။ ဒီလောက်ကျယ်တဲ့ ကားလမ်းမကြီးတွေ လှပဆန်းပြားတဲ့ ကားရောင်စုံတွေ မြင့်မားဝင့်ကြွားလှတဲ့ တိုက်ကြီးတွေနဲ့ ပြည့်နှက်နေတဲ့ ခမ်းနားထည်ဝါလွန်းနေတဲ့ ရန်ကုန်လိုမြို့ကြီးမှာ ကျောင်းတက်ရတော့မဲ့ အခွင့်အရေးအတွက် တော်ရုံပင်ပန်းဆင်းရဲ စိတ်ညစ်ကျဉ်းကျပ်မှုတွေကို အလွမ်း ကြိတ်မှိတ်အောင့်အည်း သည်းညည်းခံရပါလိမ့်မည်။

ခြံဝင်းတစ်ခုထဲ ကားချိုးကွေ့ ဝင်လိုက်တဲ့အခါ အလွမ်းရဲ့ အာရုံတွေ အလုပ်များသွားရပါသည်။ ခြံဝင်းကျယ်အလယ်က ကြီးမားတဲ့ နှစ်ထပ်တိုက်ကြီးဟာ ဆေးရောင်ဟောင်းနေတာကလွဲ၍ လှပခမ်းနားလှသည်။ ဆေးရောင်ဟောင်းသည်





ဆိုတာကလည်း လမ်းမှာတွေ့ခဲ့တဲ့ တခြားသော သစ်လွင်ပြောင်လက်တဲ့ တိုက်ကြီးတွေနှင့် ယှဉ်ပြောလို့သာပါ။ အလွမ်းတို့ရွာနှင့် ယှဉ်လျှင်တော့ စာဖွဲ့ပြီး မပြောတတ်အောင် အိမ်ကြီးက ကောင်းပါသည်။ ဟိုဘက်မှာ အိမ်သေးသေးလေး တစ်လုံး။

"ပေါ်တီကို"လို့ နောင်မှခေါ်တတ်သည့် အမိုးခုံးကြီးအောက် ကားဝင်ရပ်လိုက်တာကိုပင် အလွမ်းမှာ ဆိန်းကြယ်ရင်ခုန်စွာ ကားပေါ်ကဆင်းလျှင် ထိုအုတ်အမိုးပြားကြီးကို မော့ကြည့်နေမိသေးသည်။ အိမ်တံခါးဝသို့ ဖြည်းဖြည်းထွက်လာသော ကြီးကြီးဘင်ထက် အတော်အတန် ပိုကြီးမည့် ဆံပင်ဖြူဖြူ အဘွားကြီးကို အလွမ်း ငုံ့ကြည့်မိလျှင် အဘွားကြီးက ...

"ဟဲ့ ... ရောက်ကြပလား"

ထိုအဘွားကြီး အသံက ပို၍နူးညံ့ကာ ဖော်ရွေသည်။ အလွမ်းကို စိုက်ကြည့်နေသော မျက်ဝန်းများ၌လည်း စိတ်ဝင်စားမှုပ် နွေးထွေးရိပ်များ ယှက်သန်းနေသည်။

"ပါလာပါပြီ မမရင်ရဲ့ ဖွတ်စဗျင်းတောင်းတွေ"

"လာ ... လာ ... တက်ကြ၊ ပစ္စည်းက ဒါပဲလား၊ ဝင်ကြဝင်ကြ"

အိမ်ထဲရောက်လျှင် အနက်ရောင်ပြောင်ပြောင် သားရေထိုင်ခုံကြီးများမှာ အလွမ်းတို့သားအဖ ဝင်မထိုင်ဝံ့ပဲ ရှိနေပါသည်။ ခုံကြီးတွေနှင့်စာလျှင် သူတို့က စုတ်ပြတ်နွမ်းရိနေသော။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ၊ သာထွန်းလား ... မှုတ်လား၊ လာ ... ဒီကို ထိုင်"

"နေပါစေ၊ ကျွန်တော် ကြမ်းမှာပဲ ထိုင်ပါ့မယ်"

ကြမ်းဆိုတာကလည်း ရွှေဝါရောင် ပြောင်နေတဲ့ သစ်ဟုံးကလေးတွေ ဆက်ခင်းထားတာမို့ တောက်ပြောင်သန့်စင်နေတာပင်။

"ဘယ့်နှယ်ကြမ်းမှာလဲ၊ လာပါ ထိုင်ပါဟဲ့"

"ရပါတယ်"

အဘွားကြီးနှင့် အဖေ အချီအချ ပြောနေတဲ့ကြားထဲ ကြီးကြီးတင်က ဝင်ဆုံးဖြတ်ကာ ...

"ကြူကြူ ... ဟိုပလတ်စတစ် ခွေးခြေလေးတွေ ယူခဲ့"

အနားမှာရှိနေတဲ့ အလွမ်းထက် အနည်းငယ်ကြီးပုံရမည့် ကောင်မလေးက လှစ်ခနဲ ထွက်သွားကာ လှစ်ခနဲပြန်ဝင်လာသည်။ လက်ထဲမှာ ခြေထောက်တွေကို အဝတ်ဟောင်းတွေပတ်ထားတဲ့ ပလတ်စတစ်ခွေးခြေ အစိမ်းလေးနှစ်ခုပါလာသည်။ ကြမ်းမှာ အစင်းမထင်အောင် အဝတ်နှင့် ခြေလေးချောင်းကို ထုပ်ထားတာပင်။

"အဲဒီမှာ ထိုင်လိုက်"

ဆိုဖာပေါ် ခေါ်ယူတဲ့ အဘွားကြီးနှင့် ခွေးခြေပေါ် ထိုင်ခိုင်းတဲ့ ကြီးကြီးတင်တို့ရဲ့ သဘောထားတွေကို ကလေးတစ်





ယောက်ရဲ့ အသိဉာဏ်မျှလောက်နှင့်ပင် အလွမ်း အကဲခတ်နိုင်ပါသည်။

"အင်း ... ဒီအရွယ်တောင် ရောက်ပြီကိုး"

အလွမ်းက ခွေးခြေပေါ် မထိုင်ပဲ အဖေ့ဘေး ကြမ်းပေါ်ပဲ ထိုင်ချပြီး အဖေ့ ဒူးပေါ် လက်တင်ထားသည်။ အဖေကတော့ ထုံးစံအတိုင်း ခေါင်းကြီးငုံ့လျက်သား။

"ပြီးတာတွေလည်း ပြီးခဲ့ပြီပေါ့လေ၊ နင်တို့ရွာမှာ အဆင်မပြေလှဘူးဆို သာထွန်း"

"ဟုတ်ကဲ့ ... ဒီလိုပါပဲ"

"နင် ဘာလုပ်လဲ"

"သမ္မန်ပဲ ခတ်တာပါပဲ"

"စားလောက်လား"

"ဒီလိုပဲ ကြည့်စားရတာပါပဲ ခင်ဗျ၊ ဟိုမယ်တော့ အပိုကုန်စရာလည်း မရှိတော့ လောက်ပါတယ်၊ သမီးကိုသာ စရိတ်မတတ်နိုင်လို့ ဒီနှစ် ကျောင်းမလွှတ်ရဘူး၊ ကျောင်းကလည်းတကူးတက သွားတက်ရမှာ ဖြစ်နေတာ၊ ရွာမှာတော့ အလယ်တန်းလောက်ဆို တော်ရုံသွားတက်မနေကြတော့ဘူး ခင်ဗျ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သာထွန်းရဲ့၊ စာသင်မှုအပြင် သမီးကကော ကျောင်းနေချင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျောင်းနေချင်ပါတယ် ကြီး ... ကြီးကြီး"

"ကြီးကြီး မဟုတ်ဘူး. ဘွားဘွားကွယ့်၊ ဘွားဘွားရင်လို့ မှတ်ထား၊ ဟိုဟာက ဘွားဘွားတင်"

"ကြီးကြီးတင်လို့ သင်ထားပါတယ် မမရင်ကလည်း"

"ကြူကြူ ... နွေ့ကို သွားခေါ်စမ်း"

ကြူကြူက အပေါ်ထပ်သို့ ပြေးတက်သွားပါသည်။

"သမီးက သိမှာမဟုတ်တော့ အမျိုးစပ်ပြရမယ်၊ ဘွားဘွားတို့ ညီအစ်မနှစ်ယောက်ပဲ အခုရှိပေမဲ့ အစက မောင်နှမလေးယောက်ရှိတယ်၊ ဦးကိုကို၊ ဒေါ်ရင်ရင်၊ ဒေါ်ခင်ခင်၊ ဒေါ်တင်တင်တဲ့၊ မှတ်ထား ကြားလား"

"ဟုတ်ကဲ့"

"အဘွားတို့ အစ်ကိုကြီး ဦးကိုကိုက ဆုံးသွားတာ သုံးနှစ်လောက်ရှိပြီ၊ သူ့မိန်းမကတော့ ကြာပြီဆုံးတာ၊ သူတို့မှာ မြတ်ကို ဆိုတဲ့ သားတစ်ယောက် ရှိတယ်၊ ဦးမြတ်ကိုပေါ့၊ သမီးနဲ့ဆိုရင် ဘကြီးဝမ်းကွဲ တော်တယ်၊ မှတ်ထား၊ ဒီမှာ မနေဘူး၊ မြတ်ကိုတို့ လင်မယားက မွေးထားတာ သမီးတစ်ယောက်၊ ဆုနွေတဲ့၊ သမီးရဲ့ အစ်မဝမ်းကွဲတော်တယ်၊ အစ်မနှစ်ဝမ်းကွဲပေါ့၊ ကြားလား"

"ဟုတ်ကဲ့"





"ဆုနွေက ဘွားဘွားတို့နဲ့ပဲ နေတယ်၊ ဆူ့အဖေနဲ့ အမေက ကွဲသွားတယ်ကွယ့်၊ ခုလည်း နောက်အိမ်ထောင်ကိုယ်စီနဲ့ မို့ သူတို့မိသားစုနဲ့သူတို့ နေကြတယ်၊ ဆုနွေပဲ ဒီမှာလာနေတယ်၊ သမီးထက် အများကြီး ကြီးတယ်၊ အသက်နှစ်ဆယ်ပြည့်ပြီးပြီ၊ မမဆုနွေ ... မမနွေ ... ကြိုက်သလိုခေါ်"

"ဟုတ်ကဲ့"

"ဘွားဘွား အသက်က ခြောက်ဆယ့်နှစ်နှစ် ရှိပြီ၊ ဟောဟိုက ဘွား ... အဲ ... ကြီးကြီးတင်က ငါးဆယ့်ငါးနှစ်၊ အပျိုကြီးတွေ၊ သူက အငယ်ဆုံး၊ ဒီညီအစ်မပဲ ရှိတော့တယ်"

"ဟုတ်ကဲ့"

"နို့ညှာ ခင်ခင်က သမီးအဘွားပဲ၊ ခင်ခင်က အခုရှိရင် ငါးဆယ့်ရှစ်၊ ဒါပေမဲ့ မနှစ်က ဆုံးသွားတယ်၊ ကင်ဆာရောဂါနဲ့၊ ခင်မာလာ့ အမေပေါ့"

"ခင်မာလာ"ဆိုတာသည် အလွမ်းရဲ့အမေ ဖြစ်ပါသည်။

"ညည်းအမေ ခင်မာလာက ဆယ့်ခုနစ်နှစ်နဲ့ ညည်းအဖေနောက် လိုက်ပြေးတာ၊ ညည်းအလှည့်ကျ ညည်းအမေလို ထ,မယ်မကြံနဲ့ ကြားလား၊ ဟိုတုန်းက သူ့အမေ ခင်ခင်ညံ့လို့ ဒီအဖြစ်မျိုးဖြစ်တာ၊ ငါတို့လက်ထဲ ထ,ရင် ရှ,ရင်တော့ သေပြီသာမှတ်၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက ကြီးကြီးတင်ကို ခေါင်းညိတ်ပြလိုက်ရပါသည်။

"ကလေးကို နားဝင်အောင် ချိုချိုသာသာ ပြောပါ တင်တင်ရယ်"

"အို … တောကလာတာကို မမရင်ကလည်း၊ သူတို့တောနေတောပြောနဲ့မှ နားဝင်မှာပေါ့"

အလွမ်းတို့ရွာမှာ အလကားနေရင်း အဲသလို ကျို့တို့ကြမ်းတမ်း ပြောနေသူချည်း မဟုတ်ပါ။ ကြီးကြီးတင်လောက်မဲ့ကာ ရွဲ့ကာ ငေါ့ကာ စောင်းကာ စကားပြောတတ်တဲ့ လူပင်ခပ်ရှားရှား။

"သာထွန်း ကြည့်ရတာလည်း အလုပ်ကြမ်း လုပ်ရတယ်သာဆိုတယ်၊ ဟိုးအရင် ငါမြင်ဖူးတုန်းကနဲ့ ဘာမှသိပ်မပြောင်းလဲဘူးဟဲ့"

ဘွားဘွားရင်က ဆိုသည်။ ခေါင်းထဲဘာမှ သိပ်ပူပင်သောကမထား၊ စိတ်အေးလက်အေးနှင့် ရောင့်ရောင့်ရဲရဲ အေးအေးချမ်းချမ်း နေတတ်လှတဲ့ လောဘဒေါသမောဟ မရှိသလောက်ဖြစ်တဲ့သူမို့ သာထွန်းကို ဇရာက မထုထောင်းပေ။ စိတ်ညစ်တယ်ရယ်လို့ သူ့မှာမရှိလှတော့ နုပျိုအရွယ်တင်တာ ဖြစ်ပေမည်။

"နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ခုနစ်ပါ ကြီး"





"ဟဲ့ … အငယ်လေး ရှိသေးတာပဲ၊ သားအဖက မောင်နှမကျနေတာပဲ၊ အေးလေ၊ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ပဲကွာတာကိုး"

"သားအဖက ဆယ့်ခုနစ်နှစ်တည်း ကွာတယ်တဲ့လေ၊ လူကြားလို့တောင် ရှက်စရာ"

အဖေ့မှာ ခေါင်းငုံ့၍ မျက်နှာပျက်နေပါသည်။

"ပြီးတာတွေ ပြီးပစေတော့လေ တင်တင်ရယ်၊ ခုမှပြန်ပြောနေလို့ ပြန်ပြင်နိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ"

"သူ့အမေ မိုက်လုံးကြီးတာတော့ သူသိထားမှ ဖြစ်မှာပေါ့၊ ဒီအသက် ဒီအရွယ်လေးနဲ့ သေစရာလား၊ ဆင်းရဲငတ်ပြတ်ပြီး ပန်းကောင်းအညွန့်ကျိုး သေရတာ၊ ညည်းအလှည့်ကျကြပ်ကြပ်သတိထား၊ ကြားလား၊ ကြိုပြောထားပါပေရဲ့"

"ငါတို့မှာလည်း ဆွေနည်း မျိုးနည်းနဲ့ ဆုံးတဲ့သူတွေကဆုံးကုန်၊ ငါတို့လည်း အသက်ကြီးလာပြီ၊ ဒီအရွယ်ဆိုတော့နေ့သေမလား ညသေမလား ပြောနိုင်တာ မဟုတ်ဘူး သာထွန်းရဲ့၊ ဒါကြောင့် ခင်မာလှ သမီးကို သတိရပြီးအနားခေါ်ယူထားလိုက်တာ၊ ကလေးလည်း ဒီမှာနေရထိုင်ရ စာသင်ရတော့ အမြင်ကျယ်မယ် လူရာဝင်မယ်မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“[illegible]ည်း ကျေနပ်သဘောတူတယ် မဟုတ်လား”

“[illegible]လည်း”

အဖေက ဘာဆက်ပြောရမည် မသိနိုင်အောင် ရှိနေ ပြီးမှ ...

“သမီးကိုတော့ သူ့အမေဆန္ဒရှိသလို ပညာတတ် ဖြစ်စေ ချင်တာပါပဲ”

“ဖြစ်ရမှာပေါ့ သာထွန်းရဲ့”

“ဒါပေမဲ့ သမီးနဲ့ ကျုပ်နဲ့ အပြီး မတွေ့ရတော့ဘူးလား ဗျာ”

“ဟဲ့ ... ဒီလိုကြီးတော့ ဘယ်ဟုတ်မလဲ သာထွန်းရဲ့၊ သားအဖအရင်းဟာကို၊ တွေ့ရမှာပေါ့၊ ငါတို့က သူ့ကိုခေါ် ထားပြီး သားအဖကို အဆက်ဖြတ်ပစ်မှာ မဟုတ်ပါဘူး”

ဘွားဘွားရင် စကားကြောင့် အဖေ့မျက်နှာမှာ စိတ် အေးသွားသလို ကြောင့်ကြမှု အနည်းငယ် လွင့်စဉ်၍ သက်မကြီး တစ်ချက် ချလိုက်ပါသည်။

“ဒီမှာ ... အဆက်ဖြတ်မပစ်ဘူး ဆိုပေမဲ့ သမီးအကြောင်း ပြပြီး အိမ်ကို တဒီးဒီးနဲ့ အဆက်မပြတ် ဝင်ထွက်နေလို့ တော့ ဘယ်ဖြစ်မလဲ၊ အလကားနေရင်းတော့ လာလာမနေ နဲ့၊ တစ်နှစ်တစ်ခါ တော်ပြီ”

ကြီးကြီးတင် အသံကတော့ မာကျောလှပါသည်။





“ဟုတ်ကဲ့ပါ၊ တစ်နှစ် တစ်ခါလောက်တော့ လာလည်လို့ ရရင် တော်ပါပြီ၊ ကျုပ်လည်းပဲ ကိုလှမောင်နဲ့ တိုင်ပင်ပြီး ရန်ကုန်မှာ အလုပ်လေး ဘာလေးရှာလို့ရရင် ဒီမှာပဲ ဖြစ် သလို နေမလားလို့၊ ရွာမှာလည်း လုပ်ကိုင်စားစရာ အလုပ် ရှားတယ်”

“ရန်ကုန်မှာ နေဖို့စားဖို့ အလုပ်ရဖို့ဆိုတာ လွယ်တဲ့ကိစ္စ မှမဟုတ်ဘဲနဲ့၊ မပြေလည်ဘူးဆိုပြီး ဒီအိမ်ကို လာလာညှစ် ဖို့တော့ စိတ်ကူးထဲ မထည့်နဲ့၊ ကြိုပြောထားရတာ”

အလွှမ်းသည် မောက်မာလှတဲ့ ကြီးကြီးတင်ကို တစ်ချက် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်မိပါသည်။ ထိုမျက်လွှာ အပင့်တွင် လှေကားမှ ဆင်းလာသော နတ်သမီးတစ်ပါးအလား ဒိတ်ဖိတ်တောက် လှပချောမောသည့် အစ်မကြီးတစ်ယောက်ကို တွေ့လိုက်ရတာပင်။ စူးရဲသော မျက်လုံးများနှင့် မာန်တစ်မျိုး ဆောက်ပနေသည့် အဲဒီအစ်မကြီးဟာ မမဆုနွေ ဖြစ်မှာပင်။ ပြောလိုက်တာရယ်လို့ အလွှမ်းက မျက်လုံးကျွတ်ကျမတတ် ငေးမော ကြည့်နေမိသည်။

“နွေ သွားစရာရှိတဲ့ဟာကို ဘွားကလည်း၊ သူ့တွေ့ဖို့များ ခေါ်နေရသေးတယ်၊ နောက်လည်း မတွေ့မနေရ တွေ့နေ ရမှဲဟာပဲ၊ သူလား အန်တီခင်မာလာ့ သမီး၊ လမ်းတွေ့ရင် အမျိုးတော်ပါတယ် ပြောရင်တောင် ယုံမိမှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခိန်အောင်ပြီး အီသီယိုးပီးယားက အဝတ်ဘောဒုက္ခသည်ကု
နေတာပဲ၊ လူတစ်ကိုယ်လုံး မျက်လုံးပဲ အရင်တွေ့ရတယ်
ဟွန်း”

ဆုနွေက ဆိုဖာတစ်ခုမှာ ခန္ဓာကိုယ်ကို ပစ်ခ
ထိုင်ချလိုက်ရင်း ...

“ဟဲ့ ... နင့်နာမည် ဘယ်လိုခေါ်လဲ”

အလွမ်းသည် ဤမျှလှပသော အစ်မကြီးထံက စွာ
တာတာ မာဆတ်ဆတ် အသံမျိုး ထွက်တာကို အံ့ဩနေမိရင်း ...

“အလွမ်းပါရှင့်”

“ဘာရှင့်လဲ၊ တောသူမ လေသံနဲ့၊ ရှင့်မပြောနဲ့ မကြိုက်
ဘူး၊ နာမည်ကလည်း အလွမ်းတဲ့”

“ကျောင်းနာမည်က ခင်လွမ်းပုံ တဲ့ဟေ့”

ကြီးကြီးတင်က ဝင်ကာ အဝေါ်တူးလိုက်သည်။

“အောင်မယ်လေးနော်၊ ကဗျာ ဆန်ပါ့၊ နာမည်ကျတော့
မှည့်ထားလိုက်တာ ညွန့်လို့၊ လူကြည့်တော့ လူမွေးလု
တောင်က မပြောင်၊ လူရောင်က မထွက်ဘူး၊ ဟဲ့ကောင်မ
လေး၊ နင် အပိုးကျိုးကျိုး နေရင်နေ မနေရင် မလွယ်ဘူး၊
သင်စရာရှိတာတွေ နောက်မှ ငါအသေးစိတ် သင်ပေးရမယ်၊
ညစ်ပတ်နေတာပဲ၊ နင် ရေမှန်မှန်ချိုးရဲ့လား”

“ချိုးပါတယ် မမနွေ”





“အေး ... အရင်က မချိုးရင်လည်း ဒီမှာချိုးရမယ် ကြားလား”

ချိုးပါတယ် ဆိုမှ အရင်ကမချိုးရင်လည်း ဆိုတာ
ပြောဖို့လိုသေးလို့လား။ အလွမ်း တွေးရင်း မျက်လုံးဝိုင်းနှင့်
ကြည့်နေမိသည်။

“ညှော်ခန်းတစ်ခုလုံးကို အနံ့မျိုးစုံကို ထွက်ပြီး နံစော်ညှီ
နေတာပဲ၊ ကြုံကြုံ ပြီးရင် Air freshener ဖျန်းလိုက်စမ်း”

“ဟုတ်ကဲ့”

“ဒီမှာ မိလွမ်း၊ နင် သိထားဖို့က ဒါ ငါ့အမျိုးအိမ်ဆိုပြီး
ဘော်ကြော့နဲ့ ထင်သလိုနေဖို့ စိတ်မကူးနဲ့၊ အဲဒီအတွက်
နင့်ကိုခေါ်တာ မဟုတ်ဘူး နားလည်လား၊ ဘွားဘွားရင်ကို
ပြုစုရမယ်၊ ပြီးရင် ငါ့ဝေယျာဝစ္စ အားလုံး နင်လုပ်ရမယ်၊
ငါက အလုပ်များတယ်၊ အခုလည်း ငါ ရှူတင်သွားရမယ်၊
ရှူတင်ဆိုတာ နင် နားလည်လား”

“နားမလည်ပါဘူး”

“ကားရိုက်သွားရမှာ၊ ဗီစီဒီ သွားရိုက်ရမှာ၊ ငါက မင်းသမီး၊
ငါ့အဝတ်ခေါက်ဖို့ ငါ့အိတ်ဆွဲဖို့ ငါ့ဖိနှပ်တိုက်ဖို့ ငါ့ခိုင်း
တာလုပ်ဖို့ အများကြီးရှိတယ်၊ ပျင်းနေမယ် မကြံနဲ့၊ ငါ
ခေါ်ရင် တစ်ခွန်းတည်း ကြားပစေ”

အလွမ်းသည် မမနွေကို မျက်လုံးဝိုင်းကြီးနှင့် ကြည့်
ရင်တွေခုန် စိတ်တွေလှုပ်ရှားလာသည်။ မမနွေက မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



**ချီး အလွမ်း**ရဲ့ အစ်မနှစ်ဝမ်းကွဲက မင်းသမီးတဲ့။ ဒါကို ရွာက **ခြီးနိုတို့** မိသူဇာတို့ကို ပြန်ပြေးပြောပြီး ကြွားချင်လိုက်တာ။ မင်းသမီးအစ်မ ရှိတာဟာ ဂုဏ်ယူဝင့်ကြွားစရာကြီးပေါ့။

"ကြူကြူ အခု ငါစီးမဲ့ဖိနပ်သုတ်၊ မိလွမ်း ကြူကြူ သုတ်တာ သွားကြည့်ထား၊ ပြီးရင် အိတ်တွေ ခေါင့်ကားပေါ် တင်ရမယ်နော် ကြူကြူ၊ အန်တီတင်တင် ခေါင်ကော ခြံထဲမှာလား"

"ဟုတ်တယ်၊ ခြံထဲမှာရှိတယ် သမီး"

"သူရှိလို့ သူ့ခိုင်းလို့ ရနေလို့ တော်နေသေးတယ်၊ အိမ်ကကားကလည်း ဝပ်ရှော့ပ်ထိုးရတာကပဲ များနေတယ်၊ စီးရတဲ့ရက်ကနည်းနည်း။ စိတ်ပျက်ဖို့ ကောင်းတယ်၊ ကျော်ဇွာ ဖုန်းဆက်ရင် သမီးဘယ်မှာဆိုတာ ပြောလိုက်နော်၊ သမီး သွားလေရာသယ်ဖို့ ခြင်းဖုန်းတစ်လုံး သူငှားပေးမယ် ပြောထားတယ် သိလား"

အလွမ်းသည် ဖိနပ်တိုက်တာကိုထက် မမခွေကို အဆန်းတကြယ် ခိုးကြည့်နေမိသည်။

✧ ❤ ✧





( ၂ )

တဖြည်းဖြည်းတော့ အလွမ်း သိလာပြီ။ အားလုံးကို ခြုံ၍ အလွမ်း သိလာပါပြီ။ အိမ်မှာ ဘွားဘွားရင်က စိတ်သဘော နည်းသည်။ ဘွားဘွားရင်ကို လေးစားနေရာထားကြပေမဲ့ ကြီးကြီး တင်နှင့် မမခွေက တစ်ပါတီ။ သူတို့က ဗိုလ်။ အရာတိုင်းကို သူတို့ စီမံခန့်ခွဲသည်။ ကြူကြူသည် လေးငါးဝမ်းကွဲ အမျိုးတော် သည်။ အိမ်ကို အလွမ်းထက် တစ်နှစ်ပဲ စောကာရောက်သည်။ ခြောက်တန်းနှင့် ကျောင်းရပ်နားထားတဲ့သူ။

သူကိုယ်တိုင် ကျောင်းဆက်တက်ဖို့ ဆန္ဒမပြင်းပြ။ အလွမ်းထက် သုံးနှစ်ကြီး၍ ဆယ့်သုံးနှစ်ကျော်ကျော် ရှိလေပြီ။

ကြူကြူ ရောက်တော့ အိမ်က အလုပ်သမားနှစ်ယောက်ရှိတဲ့အနက် တစ်ယောက်ကို ဖြုတ်လိုက်သည်။ အခုတော့ နောက်လာ နေ့လယ်ပြန်သော အဝတ်လျှော် မီးပူတိုက် ကြမ်းတိုက်



www.burmeseclassic.com

ခြေခြေ တစ်ယောက်ပဲ ရှိတော့သည်။ အိမ်မှာ ရှိ၍ ကြီးကြီးတင်ရော မမနွေရော မောင်းတတ်သည်။ အာဏာ သိပ်မကောင်း။ မကြာ မကြာ ဝပ်ရှော့ပ်ထိုးရသည်။

အရင်က နယ်မှာ ရေထွက်ကုန်တွေ ဒိုင်လုပ် ပွဲရုံ လုပ်၍ စီးပွားဖြစ်ခဲ့သော ဘွားဘွားတို့တစ်တွေဟာ ရန်ကုန်ကို ရွှေ့ခဲ့ကြပြီး ပွဲရုံကို ဦးကိုကို ဦးစီးလုပ်ကိုင်သေးသည်။ ဦးကိုကို လက်ထဲမှာပင် ပွဲရုံက တဖြည်းဖြည်း စီးပွားကျသည်။ သူ့သား ဦးမြတ်ကိုပါ ဝင်လုပ်လာတော့ ပိုဆိုးလေသည်။ ခုတော့ ဘုရင့်နောင်မှာ ရှိနေသေးတဲ့ ပွဲရုံဟာ ဟိုးအရင်ကအဆင့်ထက် နိမ့်ကျသေးငယ်သွားပြီး ဦးမြတ်ကိုနှင့် နောက်အိမ်ထောင်တို့သာ ဦးစီးလုပ်ကိုင်နေပါသည်။ ဦးမြတ်ကိုထံက လစဉ် ပိုက်ဆံအနည်းငယ်ရတဲ့လ,ရ မရတဲ့လ,မရ။

သို့သော် ဆုနွေရဲ့အဖေ ဖြစ်နေ၍ သူတို့တူကို သူတို့ ဘာမှမပြောသာ။ သမီးဖြစ်သူ ဆုနွေနှင့် ဦးမြတ်ကိုသာ တစ်ခါတစ်ရံ တကျက်ကျက် ငြင်းခုန်ရန်ဖြစ်သည်။ ဆုနွေရဲ့ အမေက နောက်အိမ်ထောင်နှင့် နိုင်ငံခြား ပါသွားပြီ။ သမီးထံ ရံဖန်ရံခါ မုန့်ဖိုးရောက်တတ်သည်။

ဒီတော့ ဒီအိမ်ရဲ့ အဓိကစီးပွားရေးမှာ အဘယ်နည်း။ အဘွားကြီး ညီအစ်မဟာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် စိတ်ချရမယ် ထင်ရသူတို့ထံ ငွေတိုးချေးစားကြပါသည်။ ငွေများများချေး





ားရတဲ့လ အတိုးများများရ၊ ငွေနည်းနည်းပဲ ချေးထားရတဲ့လ တိုးနည်းနည်းပဲရ။ ဒါဟာလည်း ဝင်ငွေတစ်ခုတော့ ဖြစ်ပေမဲ့ လုံးစုံအတွက်တော့ မထောက်ကန်နိုင်။ အဘွားကြီး ညီအစ်မ ာ ရှိတဲ့အထုပ် ချွေချွေတာတာ ဖြည့်စွက် ဖြေစားနေရတတ်ပါ ည်။

ခုချိန်မျိုးမှာ တစ်မျိုးတစ်မည် လမ်းစပွင့်လာခဲ့သူ ဆုနွေ။ ငေးကြည့်ရအောင် လုပ၍ အပြင်မှာ ခေတ်စားလာတဲ့ င်းစဉ်မျိုးစုံ မယ်ပြိုင်ပွဲတို့မှာ တစ်ကြိမ် နှစ်ကြိမ် မယ်ဘွဲ့ရ၊ ခင်းမျက်နှာဖုံးပါရ၊ ထိုမှတစ်ဆင့် အဆက်အသွယ်ရပြီး တက် ာတဲ့ ဆုနွေသည် အခုတော့ ဗီစီဒီတွေ အတော်များများ ရိုက် နေရတဲ့၊ ရှိုးပွဲတွေမှာ ကုန်ပစ္စည်း မိတ်ဆက်ပြသပေးရတဲ့ င်းသမီးငယ်တစ်လက် ဖြစ်နေကာ သူ့ထံမှရတဲ့ ဝင်ငွေသည် တော်ကလေး စို့စို့ပို့ပို့ ရှိလာတဲ့အခါ သူ ဝတ်ရစားရတာထက် ျှ၍ အဘွားနှစ်ယောက်က ယူငင်သုံးဆွဲလို့ ရနေတဲ့သဘော ်လေသည်။

လုံးဝအတိအကျ မမှန်ပေမဲ့ မမဆုငနွေရဲ့ လုပ်စာဟာ ိမ်စရိတ်ထဲ တချို့တစ်ဝက် ဖြည့်ဆည်းပါဝင်ရတာတော့လည်း ်ပေရာ၊ မမဆုနွေ အိမ်မှာဗိုလ်ဖြစ်တာ ဘာမှမဆန်းပါ။ သူ့ကို ားလုံး ဝိုင်းဝန်း ဖူးဖူးမှုတ်ထားရပါသည်။ သူကလည်း အင်မ န်မှုကို အနိုင်ကျင့် ဗိုလ်ကျတတ်သူပေ။

www.burmeseclassic.com



ကြူကြူသည်လည်းကောင်း အလွမ်းသည်လည်းကောင်း ဆုနွေ့ရဲ့ အနိုင်ကျင့် ညှဉ်းပန်းမှုကို အမြဲခံရပါသည်။ ဒီနှစ်ယောက်ထဲမှာမှ ဘာမှ အရေးမပါတဲ့ သွေးပိုဝေးတဲ့ ကြူကြူ ထက်စာရင် အမျိုးရင်း သွေးနီးသေးတဲ့ ဘွားဘွားရင်ရဲ့ ကရုဏာကိုလည်း ရရှိတဲ့ အလွမ်း အပေါ်တော့ ဆုနွေ့က ပိုပြီးတော့ပင် အနိုင်ကျင့်ပါသည်။

ကိုယ့်အစ်မဝမ်းကွဲ ချောချောလှလှကလေးမို့ ချစ်ခင် အဖွဲ့ကျရလေမလား အားတက်မျှော်လင့်ခဲ့မိတဲ့ အလွမ်းသည် နှစ်လ သုံးလအတွင်းမှာပင် မမနွေ့ကို အလန့်တကြား ကြောက် လန့်မိပေပြီ။ အလွမ်းရဲ့ ရှေ့နဖူးငယ်ထိပ်က ဆံပင်စုကလေး သည် ဘယ်တော့များ ပြောင်မလဲ မသိ။ ဆုနွေ့ ဆွဲကိုင်ဆောင့် ယမ်းဖို့ အလောတော် ဖြစ်ကာနေသည်။

ကြူကြူက ဆံပင်အားလုံး အညီရှည်ကာ နောက် လှန်သိမ်း စုစည်းထားတဲ့သူမို့ နားရွက်ပဲ အဆွဲခံရသည်။ အလွမ်း က ရှေ့ဆံပင်ကလေးတိုလေရာ သူဆုပ်ဆွဲဖို့ လုပ်ပေးထားသလို ဖြစ်နေပါသည်။ ငယ်ထိပ်ဆံပင်ကို သူစုဆုပ်ဆွဲကာ ခေါ်သွားလျှင် ခေါင်းကို ရှေ့ထိုးကာ အလိုက်သင့် သွက်သွက်ပါသွားပေးရပြီး —

"ကြည့်စမ်း၊ ဖိနပ်သဲကြိုးပေါ်ကို မျက်စိနဲ့ကြည့်စမ်း၊ မြင် သလား"





သူက ကြည့်ဆိုရင် စိုက်ပြီးကြည့်နေပေတော့။ ပြန် မော့ကြည့်ရင် မျက်ဆန်ရွှေ့ရင် ဆံပင်ဖုတ်ကို ဆွဲဆောင့်လှုပ်တာ ခံရသည်။

"ပေနေသေးတယ် တွေ့လား၊ မြင်လား"

ဒါဆိုရင် မြင်မြင် မမြင်မြင် "ဟုတ်ကဲ့ မမနွေ့"လို့ ဖြေရမည်။ ဒီတော့မှ သူ ကျေနပ်သွားပေမည်။ ဘွားဘွားရင်ထံမှ ချီးမွမ်းစကားတစ်ခုခု၊ ဒါမှမဟုတ် ချစ်ခင်နှစ်လိုတဲ့ စကားတစ်ခုခု ကြားလိုက်ရပြီဆိုရင် မကြာခင် မမနွေ့ အလွမ်းကို အပြစ်တစ်ခုခု ရှာတော့မည်ဆိုတာ အလွမ်း အတတ်သိနေပေပြီ။ ကြီးကြီးတင်က မမနွေ့ လုပ်သမျှ အမှန်တွေ အကောင်းတွေအဖြစ် နောက်ကနေ အမြဲ ကောင်းချီးပေးနေသူ သက်သက်သာ။

ဤအိမ်သားမဟုတ်သူ အလွမ်းရဲ့ ဆွေမျိုးအရင်း ခေါက်ခေါက်တစ်ယောက် ကျန်ပါသေးသည်။ အဲဒီဆွေမျိုးက တော့ အန်တီ ခင်နန္ဒာ။ မေမေ့ညီမအရင်းခေါက်ခေါက်တည်း။ အန်တီခင်နန္ဒာသည် အသက်နှစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော် လည်း အင်မတန် တည်ကြည်ဣန္ဒြေရ၍ လူကြီးဆန်သည်။ အသက်နှစ်ဆယ့်လေးနှစ်အရွယ်က အိမ်ထောင်ကျခဲ့သည်။

တစ်ဖက်က လာရောက်ကမ်းလှမ်း တောင်းရမ်းယူ တာဖြစ်ပြီး ဘွားဘွားတို့ကလည်း ဤသတို့သားဘက်ကို နှစ်သက် သဘောကျကြတဲ့အတွက် အန်တီခင်နန္ဒာကို နားချပြီး လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဘောအောခဲ့ကြတာဟု သိသည်၊ ချစ်သူမရှိတဲ့ အန်တီခင့်နန္ဒာက လည်း သူ့ခင်ပွန်းနှင့် လက်ထပ်ဖို့ ခေါင်းညိတ်လက်ခံလိုက်ပြီး တဲ့နောက် ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်နှင်းပြီးတဲ့အခါ သူ့ခင်ပွန်း တာဝန်ကျရာ ပြည်နယ်ကို လိုက်ပါသွားခဲ့ပါသည်။

မနှစ်က သူ့အမေ ဘွားဘွားခင် ကွယ်လွန်မှ တစ်ကြိမ် ပြန်ရောက်လာခဲ့ပြီး နောက်တစ်ကြိမ်မှာ အလွမ်းရောက်ပြီး သုံးလနီးပါးအကြာ။ အန်တီ့ခင်ပွန်း အလုပ်ဌာနဟာ ရန်ကုန်ကို ပြန်လည်ပြောင်းရွှေ့လာတာမို့ အန်တီပါ ရောက်လာခဲ့ရတာပင်။ အန်တီတို့ လင်မယား လာမည်ဆိုတဲ့နေ့က နံနက်ကပင် စ,တင်ပြီး အလွမ်းတို့ အလုပ်ရှုပ်ကြသည်။ အလွမ်းတို့ ဆိုသည့်အထဲ မမနွေ မပါပါ။

ကြီးကြီးတင်ဟာလည်း အန်တီခင်နန္ဒာကိုတော့ ချစ်ခင်လေးစားပုံ ရပါသည်။ ဟင်းလျာတွေ ကိုယ်တိုင်ဝင်ရောက်စီစဉ်သည်။ ညနေမှ လာကြမှာအတွက် မနက်ကတည်းက ချက်ကြ ပြုတ်ကြ ရှင်းကြ လင်းကြ။ အန်တီ့ခင်ပွန်းသည် အန်တီ့ထက် အသက်လည်းကြီး၊ ရာထူးဂုဏ်ဒြပ်လည်း ကြီးမားတဲ့သူဖြစ်ကြောင်း သိရပါသည်။

ထိုနေ့ နေ့လယ်ပိုင်းကမှ ရန်ကုန်ကို ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြပြီး ညနေစာကို ဒီအိမ်မှာစားဖို့ ကြိုတင်စီစဉ်ပြီးသား၊ အန်တီခင်နန္ဒာတို့ လင်မယား ညနေ လေးနာရီမှာ အိမ်





ကို ရောက်လာပါကြပါသည်။ ကားပေါ်က ဆင်းလာသော ဗိုက်ခဲ့အင်္ကျီဝတ် ကျက်သရေရှိသည့် အမျိုးသမီးကို အလွမ်း နောက်ဖေးကျကျကရပ်၍ ရင်တခုန်ခုန် ချောင်းကြည့်နေသည်။

အန်တီဟာ အမေနှင့် ရုပ်ချင်းဆင်သည်။ အမေ့ရုပ်ရည်ကို အလွမ်း မှတ်မိပါသေးသည်။ ကားနားထိ ဆင်းကြိုတဲ့ ကြီးကြီးတင်၊ မမနွေတို့နှင့် အန်တီက ဖက်ယမ်းရယ်မောနေသည်။ မမနွေဟာလည်း ဤအန်တီခင်နန္ဒာကိုဖြင့် သူ အရေးထားရလောက်သူအဖြစ် စာရင်းသွင်းထားပုံ ရပါသည်။

"ဆုနွေရဲ့ ဗီစီဒီခွေ ကြည့်လိုက်ရတယ်၊ မှတ်တောင်မမှတ်မိဘူး၊ ဆုနွေက အတော်လုပ်တတ်သား လုပ်နိုင်သားပဲ၊ ပရော်ဖက်ရှင်နယ်လ် လုပ်သွားတော့မှာလား"

"ဟုတ်ကဲ့ အန်တီ၊ သမီး အခု တော်တော်ရိုက်နေရပြီ"

မမနွေ မျက်နှာဟာ ပြုံးချိုနေသည်။ ကြီးကြီးတင်နှင့် မမနွေတို့နှစ်ယောက်ရဲ့ တူညီမှုမှာ သူတို့ကိုယ်သူတို့ အင်မတန်ယုံနချင်ကြတာပင်။ ကြီးကြီးတင်က အလွမ်းရဲ့အဘွား တော်ပါသျှက် မမနွေရဲ့အဘွား တော်ပါလျက် "ကြီးကြီးတင်" "အန်တီတင်တင်"ခေါ်စေတာမျိုး။ မမနွေမှာလည်း ဤသဘောမျိုးရှိသည်။ သူ့ထက် ငါးနှစ် ခြောက်နှစ်ပဲကြီးမည့် အန်တီနန္ဒာ့ကိုကျတော့ အန်တီတဲ့၊ သူ့ကိုယ်သူတော့ သမီးတဲ့။ မမနွေဟာ အပြင်လူသူစိမ်းတွေနှင့် စကားပြောလည်း သူ့ကိုယ်သူ သမီး ... သမီးပင်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ခင်ပွန်းကိုလည်း "အန်ကယ်ရဲ့ ... ... သမီးက"နှင့် ဖော်ရွေလိုက်လှဲ နေပါသည်။

"ခင်လွမ်းပုံရော"

အန်တီ့ နှုတ်ဖျားမှ အမေးစကား တစ်ခွန်းသည် သွက်လက်ညံ့စိနေသော စကားဝိုင်းကို တိခနဲ အသံပြတ်သွားစေသည်။ စကားနှင့်မဖြေဘဲ အလွမ်း ရှိရာဘက် ငဲ့ကြည့်လိုက်ကြတဲ့ ကြီးကြီးတင်နှင့် မမနွဲ့ကြောင့် အန်တီခင်နန္ဒာ မျက်ဝန်းများ အလွမ်းထံ ရောက်လာပါသည်။ အန်တီ့ မျက်ဝန်းထဲမှာ ဖြတ်သန်းပြေးလွှားနေတဲ့ အမျိုးမျိုးသော အရောင်အသွေးများ။

အန်တီသည် ရှေ့တိုးလျှောက်လာလျက် အလွမ်းရဲ့ ငုံ့နေတဲ့ မေးစေ့ကို လက်ဖျားလေးတွေနှင့် ဆွဲပင့်မော့ယူလိုက်သည်။ မျက်လွှာပင့်ကြည့်လိုက်တဲ့ အလွမ်းရဲ့ မျက်လုံးများထဲတွင် ချစ်ခင်မှုတွေ ပါဝင်သွားလိမ့်မည်။ အမေ့ညီမအရင်းဆိုတဲ့ အသိနှင့် မမြင်ရခင်ကတည်းက ချစ်နှင့်ပြီးတွင်၊ မြင်မြင်ချင်း ဘာကြောင့်မှန်းမသိ ချစ်စရာ ကောင်းနေတဲ့ အန်တီ့ကို အားကိုးတွယ်တာစွာ ကြည့်လိုက်မိသော အလွမ်း မျက်လုံးအိမ်၌ ထူးဆန်းသော မျက်ရည်ကြည်များ ရစ်ဖွဲ့လာသည်။

"အမယ်လေးနော် ... မိလွမ်းတို့ကတော့ ညည်းသည်ကို ခရီးရောက်မဆိုက် လွမ်းပြနေပြန်ပြီ၊ တတ်လည်းတတ်နိုင်လွန်းတယ် သူ့မျက်ရည်က"



မမနွဲ့ရဲ့ မလိုတမာစကားသံ။ နောက်များမကြာမီတွင် အလွမ်း အပေါ် မမနွဲ့ အပြစ်ရှာဖွေတော့မည်ကို ကြိုသိလိုက်ရပါသည်။ မမနွဲ့ဟာ ဘယ်နေရာမှာပင်ဖြစ်စေ၊ သူအထင်ပေါ်ဆုံး သူဂရုစိုက်အခံရဆုံး သူစိတ်ဝင်စားခံရဆုံး ဖြစ်ချင်သူမျိုးပေ။ အလွမ်းကို အန်တီခင်နန္ဒာ ဤမျှ အရေးယူ ဂရုစိုက် စိတ်ဝင်စားခြင်းကို သူ လက်သင့်မခံနိုင်ပါ။

အန်တီသည် အလွမ်းကို ဆိုဖာတွေအထိ ဆွဲခေါ်သွားသည်။ ဆိုဖာတစ်ခုမှာ သူဝင်ထိုင်လိုက်ပြီး အလွမ်းကိုတော့ သူ့ရှေ့ ရပ်စေသည်။ ထို့နောက် ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် အကဲခတ်ပြီးလျှင် ...

"အန်တီက သမီးအမေရဲ့ ညီမဆိုတာ သိလား ခင်လွမ်းပုံ"

"ဟုတ်ကဲ့ ... သိပါတယ်"

"သမီး ဒီမှာ လိမ်လိမ်မာမာ နေရမယ်နော်၊ ဒါအမျိုးရင်းချာတွေ၊ သွေးသားတွေ၊ ဘွားဘွားတို့ စကားတွေ နားထောင်ရမယ်၊ ဒါမှ လိမ္မာရေးခြားရှိတဲ့ အဖိုးတန်တဲ့ မိန်းမကောင်းလေး ဖြစ်လာမယ်"

"ဟုတ်ကဲ့ အန်တီ"

"အေး ... အေး၊ သမီး ကျောင်းတက်နေတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ် အခုပဲ ဖွင့်ကာစ ငါးတန်းမှာ အပ်ပေးထားတယ်လေ"

ကြီးကြီးတင်က ဝင်ပြောပါသည်။

အန်တီသည် အလွှမ်းရဲ့ လက်မောင်း လက်ဖျံလေးများ၊ လက်ချောင်းများကအစ တစ်ခုချင်း ဖျစ်ညှစ်ဆုပ်ကိုင်ကာ ဝယ်မည့်ပစ္စည်းတစ်ခုကို စစ်ဆေးရွေးချယ်တဲ့အလား ကြည့်သည်။ ရောက်ကာစကလို အရိုးဂေါက်ဂက် ပိန်တလက် မဟုတ်တော့တဲ့ အလွှမ်းရဲ့ ရုပ်ဆင်းကြန်အင်မှာ အများကြီး ပိုမိုစိုပြည်နေပါပြီ။ သို့သော် အလွှမ်း ခန္ဓာကိုယ်ပေါ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်အစားတို့က မမနွေ မဝတ်ချင်တဲ့ မိန်းမဝတ်ရင်စေ့ ခါးတင် ခါးအသိမ်နှင့် ဘလောက်စ်အင်္ကျီပွရရွရယ်၊ သူတို့တစ်တွေ မဝတ်ကြတော့တဲ့ လုံချည်ဟောင်းများကို ကွင်းကျဉ်း အရှည်ဖြတ်ပြီး ချုံ့ထားတဲ့ လုံချည်ရယ်။

မသပ်မရပ် ကပိုကရို။ အပျိုရွယ်ဝတ်တဲ့အင်္ကျီမို့ အလွှမ်းရဲ့ သေးသွယ်တဲ့ ကိုယ်ပေါ်မှာ ပခုံးလျှောပြီး ပွနေသည်။ လည်ပင်းကလည်း ဟိုက်နေ၍ ကြီးကြီးတင်က ဆွဲပြီးချိတ်ထိုးပေးထားသည်။ မမနွေရဲ့ ခါးသိမ်တဲ့ နေရာက အလွှမ်းနဲ့ကျတော့ ခါးဆစ်အောက် တင်ပါးဘေးနီးပါး ရောက်နေသည်။ ဘယ်လိုမှ ပုံပန်းလည်းမကျ၊ သပ်ရပ်မှုလည်း မရှိ။ အင်္ကျီက ပျော့စိစိ လျှော်ရွတ်ရွတ် အပျော့သား ကောင်း ဖြစ်ပေမဲ့ လူကြီးအင်္ကျီ





ဘလေးဝတ်ထားတာ သိသာနေတဲ့ တစ်ချက်တည်းကိုက အသရေချက်နေသည်။

အလွှမ်းလည်း ဒါမျိုးကြီး ဝတ်ရတာ ရှက်သည်။ ကြောက်လို့သာ သူတို့ဝတ်ခိုင်းတာ ဝတ်ရပေမဲ့ အလွှမ်းနဲ့ အံတိုင်းချုပ်ထားခဲ့တဲ့ အလွှမ်းရဲ့ အင်္ကျီစုတ်ကလေးတွေကိုသာ သေသေသပ်သပ်လေး ဝတ်လိုပါသည်။ ရှန်သားအင်္ကျီလေးတွေ ဖြစ်၍ ဟောင်းနွမ်း အရောင်လွင့် ရိုဆွေးနေနိုင်သော်လည်း သစ်ပင်မှာ ဖျာပတ်ထားသလို မအပ်မစပ်တော့ မဖြစ်နိုင်ပေ။ သို့သော် အလွှမ်းရဲ့ အင်္ကျီစုတ်တို့ကို ထုတ်ဝတ်မလာနဲ့ဟု မမနွေက မှာထားသည်။ ထုတ်ဝတ်လျှင် ထိတ်ကိုပူခနဲလည်း အခေါက်ခံရနိုင်သည်။ ဒီထက်ဒေါပွလျှင် တကူးတက ဝယ်ထားတဲ့ ခပ်မျှင်မျှင် ကြိမ်လုံးနဲ့ အရိုက်ခံရမည်။

"ကဲ ... မိလွှမ်း၊ သိပ်လွှမ်းမနေနဲ့၊ သူ့အမေရဲ့ ညီမဆိုတာနဲ့ လာလာချင်း မျက်ရည်ခံထိုးဖို့ ကြံနေတယ်၊ အလည်နော် အန်တီရဲ့၊ အလည်မ,၊ အိမ်မှာများ မျက်ရည်တစ်စက်ထွက်တာ မဟုတ်ဘူး၊ ရိုက်ရိုက်ခေါက်ခေါက် ငိုမယ်မထင်နဲ့၊ အန်တီတွေ့မှ မင်းသမီးရှိုးမယ်၊ နောက်ဆို ငါ ရိုက်စရာရှိတဲ့ ရှုတင်တွေ နင်ပဲ အစားထိုး ရိုက်လိုက်ပါတော့ မိလွှမ်းရယ် ... နော်"

"သူ့အမေ သတိရသွားလို့ ဖြစ်ပါလိမ့်မယ် ဆုနွေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့ ... သွား၊ ကြူကြူနဲ့ ဟင်းတွေ သွားနွေး၊ အန်ကယ်နဲ့ အန်တီဖို့ လိမ္မော်ရည်လည်း ဖျော်ခဲ့"

မမနွေ စကားကြောင့် အလွမ်း အနောက်ထဲ လှည့်ဝင်ခဲ့ပါသည်။

"သူက လုပ်တတ်ကိုင်တတ်တယ်လား"

"အင်း ... အဲဒါတော့ တတ်တယ်၊ တောမှာနေတုန်းကတော့ သူပဲ ချက်ရတာကိုး တတ်တာပေါ့၊ ဒါပေမဲ့ တောစာလောက်ပဲပေါ့၊ ဒီရောက်မှ သမီးတို့ အန်တီတင်တင်တို့ ထပ်သင်ပေးတော့ တတ်သွားတာပေါ့"

"ဒါဖြင့် အခု အိမ်မှာချက်တော့ ... !"

"ဒေါ်အုံးစိန်က ကြူကြူ ရောက်ကတည်းက ဖြုတ်လိုက်တာလေ၊ ကြူကြူကတော့ မျက်နှာလွှဲမရတော့ အန်တီတင်တင်ပါ ဝင်ချက်ရတာပေါ့၊ ခုတော့ မိလွမ်းက ကြူကြူထက် လက်စောင်းထက်တယ်လေ အန်တီရဲ့၊ သူအိုးဘုကြီးပဲ"

"သူ ဘယ်နနှစ်ရှိပြီလဲ"

"ဆယ်နှစ်ကျော်"

"ဟယ် ... ငယ်သေးတာပဲ၊ ဟင်းတွေ ချက်တတ်တယ်ဆိုတော့ ချီးကျူးရမှာ၊ ဒါဖြင့် ဒီနေ့က သူ့လက်ရာတွေ စားရမှာလား"





"အမယ်လေး နန္ဒာရယ်၊ ဒီနေ့တော့ နန္ဒာတို့ လင်မယားစပါယ်ရှယ်ကျွေးရမှာမို့ အန်တီတင်တင် ကိုယ်တိုင် ဝင်ချက်တာပေါ့၊ သူ ချက်တာတော့ ခရမ်းသီးနှပ်ရယ်၊ ငါးပိရည်ဖျော်တာရယ် ပါတယ်"

တကယ်တမ်း စားသောက်ကြသည်တွင် ခင်နန္ဒာတို့လင်မယားသာမက အိမ်သားတွေပါ အလွမ်းရဲ့ ခရမ်းသီးနှပ်အိုးကပ်ကလေးကို ခံတွင်းအတွေ့ကြဆုံးပင်။ အစိမ်းရောင်လေးမပျက်၊ ဝါဖန့်ဖန့် ဆီကလေးအိနေလျက် ပုစွန်ခြောက်နှင့် အနှစ်ကလေးတွေ ညိုတိုတို ချိုးကပ်ကပ် မွှေးမွှေးကလေး နှပ်ထားတဲ့အလွမ်းရဲ့ ခရမ်းသီးနှပ်ကို ခင်နန္ဒာ လင်တော်မောင်မှာ အထူးနှံ့သြသဘောကျနေပါတော့သည်။

အချိန်တိုအတွင်း အိမ်ရဲ့အခြေအနေ အရိပ်အကဲကိုသဘောပေါက် အကဲခတ်မိသွားတဲ့ ခင်နန္ဒာသည် အလွမ်းကိုသိပ်ကြီး စာဖွဲ့ချီးမွမ်းမနေတော့။ ကိုယ် အကောင်းပြောလေ သူ့အဖို့ အနေရကျဉ်းကျပ်လေ အနေအထားကို ရိပ်မိနားလည်နေပါသည်။ ဒေါ်ရင်ရင် တစ်ယောက်ကလွဲ၍ မျက်နှာသာပေးမဲ့သူဆွေးဖော်ကြောဖက် ပြုမဲ့သူ မရှိတဲ့ အလွမ်းရဲ့ အနေအထားကိုလည်း မြင်သည်။ နေရထိုင်ရတာ၊ လုပ်ရကိုင်ရတာ၊ စားရသောက်ရတာတွေကို တစေ့တစောင်း မြင်ရပြီးတဲ့နောက်မှာ ခင်နန္ဒာပုံက



www.burmeseclassic.com

www.burmeseclassic.com



သော ဒီအိမ်မှာ မြေးတစ်ယောက်အဖြစ် အမျိုးတစ်ယောက် အဖြစ် လာနေခွင့် ရတာမျိုးမဟုတ်ဘဲ အိမ်ဖော်သာသာ ကျောင်း နေခွင့် ရတာကလွဲပြီး ထမင်းစား ကျွန်ခံ အဆင့်လောက်ဆိုတာ နားလည်ရတော့သည်။

ခင်ပွန်းသည်လည်း ဤသို့ မြင်တွေ့ရိပ်မိ နားလည် နေမှာပဲဖြစ်၍ ခင်နန္ဒာသည် ကိုယ့်အမျိုးတွေအစား ရှက်မျက်နှာ ရပေသည်။ စကားပြောချင်လို့ ခေါ်ပြောဖို့ အခွင့်မသာနိုင်အောင် ဟင်းနွေးရာကစ,ပြီး ပြင်ဆင်ခူးခပ်၊ စားနေတုန်း ယပ်ခတ်၊ စား ပြီးသိမ်းဆည်း၊ ဆေးကြော၊ စားပွဲသုတ်၊ အချိုပွဲပြင်ပေး၊ လက် ဖက်သုပ်ပေး၊ ရေနွေးချပေး၊ ကော်ဖီဖျော်ပေး၊ တစ်ခုပြီးတစ်ခု ဇယ်ဆက်ကာ မအားနိုင်တဲ့ အလွမ်း အစား စိတ်မသက်မသာ ရှိရသည်။

ငါးပေမပြည့် အရပ်ကလေးသာ ရှိသေးတဲ့ ဆယ် ရွယ် ကလေးငယ်တစ်ယောက် ဒီလောက် တတောက်တောက် ကုန်းရုန်းလုပ်နေရတာအတွက် စိတ်လက် မသာမယာ ဖြစ်နေ ပါသည်။

"သူ ဒီမှာ ပျော်ရဲ့လား အန်တီတင်တင်"

ခင်နန္ဒာ အမေးကြောင့် ဒေါ်တင်တင် ခဏနှုတ် ကာ ...





"ပျော်လား မပျော်လား မသိပါဘူးအေ"

"အို ... အန်တီကလည်း၊ အလကားနေရင်း ပျော်နေစရာ လား၊ တော်ရာမှာ နေရမှာပေါ့၊ သူ့ရွာမှာထက်စာရင် မစားဖူးတာစားရ၊ မဝတ်ဖူးတာဝတ်ရ၊ ခုတင်နဲ့အိပ်ရ၊ ကျောင်းနေရ၊ သူ့ဘဝ တိုးတက်မြင့်မားလာတာပဲဟာ၊ တကူးတက ပျော်နေရစရာလား၊ သူ့ရုပ်ကြည့်လိုက်ရင် တော့ မြင်တဲ့အတိုင်း ခပ်တည်တည်ပဲ"

"အခု ဒီမှာ သမီးအန်ကယ်ရတဲ့ အိမ်ကလည်း အကြီးကြီး အကျယ်ကြီးဆိုတော့ သူ မပျော်ရင် တစ်လှည့်ခေါ်ထား မလားလို့ပါ"

"အို ... ဒါတော့ ဘယ်ဖြစ်မလဲ၊ ဘွားကိုလည်း သူပဲနင်း နှိပ် ပြုစုရတာ အန်တီရဲ့၊ သမီး ဝေယျာဝစ္စလည်း ခိုင်း ရသေးတယ်၊ အန်တီပေးလိုက်လို့ မဖြစ်ဘူး၊ ဒီမှာ အသုံး ဝင်နေတယ်"

ဆုနွေ့ စကားကြောင့် ခင်နန္ဒာ ရှေ့မဆက်သာ။

နောက်နှစ်ရက်လောက်မှာတော့ အန်တီခင်နန္ဒာ ထံမှ အလွမ်းအတွက် အရွယ်နှင့် ကိုက်ညီသော ဂါဝန်လေးတွေ၊ စပို ရှပ်နှင့် ဘောင်းဘီရှည်လေးတွေ စသဖြင့် သားသားနားနား တောက်တောက်ပြောင်ပြောင် အဝတ်အစား ဆယ်စုံလောက်ရောက် လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆုနွေရဲ့ အကျိုကြီးတွေက ကောင်မလေးကို ပေးမ
စမ်းဝါနဲ့၊ အဝတ်တွေက ကောင်းပေမဲ့ မတော်မ
သူစိမ်းမြင်လို့ မကောင်းဘူးပေါ့၊ ကြားလား အလွ
အန်တီပေးတဲ့ အဝတ်အစားတွေပဲ ဝတ်တော့၊ မမဆု
အဝတ်တွေ ပြန်သိမ်းထား၊ နောင်ပေးစရာလူ ပေါ်လာ
ပေးလို့ရတယ်"

ခင်နန္ဒာ စကားကို မကန့်ကွက်သာသည့်မို့
ငြိမ်သက်လက်ခံလိုက်ရပုံပေါ်တဲ့ ဆုနွေသည် ဖက်ဖူးစိမ်းဂါ
လေးဖားဖား၊ ပခုံးထောက်တဲ့ ဆံပင်ဖြောင့်ပျော့ပျော့ကလေး
တစ်သွေးတစ်မွေး ချက်ချင်း တောက်ပြောင် ကြည့်ကောင်းသ
တဲ့ အလွမ်းကို မရှုဆိတ်နိုင်အောင် ကြည့်မရ ဖြစ်နေပါသ

"အဲဒီဂါဝန်က ဘတ်လတ် ဘတ်လတ်နဲ့၊ ဟင်း ... မ
ဖူး မစားဖူးတာတွေ ဝတ်စားရပြီး လူက မြောက်ကြွ
နဲ့၊ ဟိုက ထုတ်ဝတ်ဆိုတာနဲ့ ဝမ်းသာအားရ ဝတ်
တာပဲ၊ မီးဖိုထဲ ချက်ရ ပြုတ်ရမှာ အဝတ်တွေ ပေ
တော့မယ်၊ အေးနော် ... အလုပ်တော့ ပေါ့ဆမယ်
ဟင်းမယ် မကြံနဲ့၊ ဟိုတစ်နေ့ကလို ပန်းကန်ကွဲလို
တော့ နင့်ကို ရိုက်ပြီးအပြစ်မပေးဘူး၊ ဂါဝန်ကို ကတ်
နဲ့ ညှပ်ပစ်မှာ၊ ဒါမှမှတ်မယ် ... ဟွန်း"





နေရင်း ထိုင်ရင်း ကြိမ်းမောင်းခံရသော အလွမ်း
ည် အဲဒီ မမဆုနွေဟာ ရုပ်ကလေးနဲ့မမျှ ဘာကြောင့် ဤမျှ
ပ်နေရတာလဲကို မတွေးတတ်တော့ပေ။ သူနဲ့ အရွယ်တူလည်း
တ်တဲ့ အလွမ်းကို သူ့မှာ မရှုစိမ့်နိုင်အောင် ဖြစ်နေရသည်မှာ
လိုရေစက်ကြောင့်ပါလိမ့်။

တစ်ခါတစ်ခါ ကြားကနေ နားခါးပုံနှင့် ဘွားဘွား

...

"ဟဲ့ ... ကလေးကို အပေါက်စေ့အောင် လိုက်ပြောမနေ
ပါနဲ့ဟဲ့ ဆုနွေရဲ့၊ မှားရင်တော့ ဆုံးမပေါ့၊ ဆုံးမ,မရရင်
အပြစ်ပေးပေါ့၊ ဆယ်နှစ်ပဲ ရှိပါသေးတယ်ဟဲ့၊ ဒီလောက်
လိမ္မာ တော်ပြီပေါ့၊ သူပဲအကုန်လုပ်နေရတဲ့ဟာ တစ်ချက်
ကလေး မှားယွင်းလည်း မျက်နှာလွှဲထားစမ်းပါဟဲ့၊ တကတဲ
ညည်းလိုက်ပြောနေတာတွေက သူ မပြောနဲ့ ငါတောင်နား
မှရော"

"အဲဒါကြည့် ... ဘွားဘွားက ကာဆီး ကာဆီး လုပ်လို့
ရုပ်ကိုက ပမာမခန့်နဲ့ အချိုးမပြေတာ၊ ဘွားဘွား အဲလို
ကြပ်ကြပ်ဝင်ကာကွယ်၊ ကြီးရင် ထိန်းလို့ရမှာ မဟုတ်ဘူး၊
သူ့အမေလို ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်နဲ့ လိုက်မပြေး
ရင် ဇက်ဖြတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းသည် သူ့စကားနှင့်သူ အတည်ဆိုရင် သူ ဘာစီးနေ့ ဇက်ပြုတ်ရမှာပဲလို့ ခပ်အေးအေးပဲ တွေးလိုက်သည်။ နှုတ်လှန်တော့ မထိုး။ ခံပြောတာ မဟုတ်ပဲ ရှင်းပြမိတာပင်လျှင် နားရင်းအုပ် ခံလိုက်ရဖူး၍ ဘယ်တော့မှ ရှင်းပြဖို့ စိတ်မကူးတော့ပေ။ နှုတ်ပိတ်နေမှ လူသက်သာမည်။ နို့မို့ ရပ်လေးနဲ့မလိုက် ဘုန်းဘိုင်းနှင့် လက်သံပြောင်လှသည်မှာ မယုံနိုင်စရာ။

မမနွေကို ချစ်မြတ်နိုး စွဲလမ်းကြကုန်သော မနည်းမနောသည့် ယောကျ်ားသားတို့ ဤအတွင်းရေးမြင်ကွင်းတို့ကို မမြင်ဖူးလို့သာပင်။ မြင်ဖူးလို့ကတော့ လန့်ဖျားသွားကြမည် ဖြစ်သည်။ လှလွန်းတဲ့ မမနွေ အပေါ်မှ ယောကျ်ားလေးတွေ အများအပြားကို တဖြည်းဖြည်း ရှင်းနိုးမှတ်မိလာရပါပြီ။

အလွမ်း ထိပ်ဆုံးက မှတ်မိသူမှာ "တော်ဖုန်းခေါင်"။ အလွမ်းတို့ သားအဖကို သဘော်ဆိပ်မှာ လာကြိုခဲ့သူဖြစ်သည်။ မမနွေ လိုအပ်လျှင် ကားကူညီရသည်။ ခိုင်းသမျှကို ပြေးလွှားရသည်။ လူအများထဲက ရင်းနှီးမှုပိုပြီး ရင့်သန်တဲ့ အနည်းထဲတွင် သူလည်းပါသည်။ သို့သော် မကောင်းမည့် ကားသင့်သင့်တစ်စီးပိုင်တာထက် မပိုသည့် ကိုတော်ဖုန်းခေါင်ဟာ မမနွေရဲ့ လိုက်လျော အရေးပေးခြင်းကို အများဆုံးရတဲ့သူ မဟုတ်ပါ။

မမနွေ ပိုအရေးထားသူတို့မှာ ကိုကျော်စွာခိုင်။ ကိုမြတ်မင်းလွင်။ ဦးစစ်ပိုင်။ သူတို့သုံးဦးနှင့် ကိုတော်ဖုန်းခေါင်





ာ မမနွေအနား အများဆုံး ကပ်ခွင့်ရတာချင်းတူတူ အလွမ်းမြင်တွင် ကိုတော်ဖုန်းခေါင်ကကျတော့ လိုတာခိုင်းဖို့။ ကိုကျော်စွာ ် ကိုမြတ်မင်းလွင်ကတော့ သူလိုတာ ပူဆာချူချဖို့။ ဦးစစ်ပိုင် ဆော့ သူ့တက်လမ်းအတွက်။ ဦးစစ်ပိုင်ဟာ ဗီဒီယိုခွေများ က်ဆက်ခွေများရဲ့ ပရိုဂျူဆာ။

ကိုကျော်စွာခိုင်နှင့် ကိုမြတ်မင်းလွင်ကတော့ မမနွေ ချင်တဲ့ အဝတ်အထည် အလှအပ အသေးအဖွဲ လက်ဝတ်လက် းလေးတွေမျိုးကအစ ဝယ်ခြမ်းလက်ဆောင်ပေးဖို့ အသင့်ရှိကြသည်။

ကိုကျော်စွာခိုင်ကတော့ ခြင်းတောင်းနှင့် ထည့်ထားတဲ့ း်ဘစ်လုံးပင် မမနွေ သွားလိုရာ တင်ဆောင်ယူသွားဖို့ အလကား းထားတဲ့သူပင်။ ဖုန်းဘီလ်လည်း သူပဲဆောင်ပေးသည်။

ကိုကျော်စွာခိုင်က ကိုတော်ဖုန်းခေါင်နှင့် သူငယ်ချင်းဖြစ်သည်။ ကိုတော်ဖုန်းခေါင်က မမနွေနှင့် ဆယ်တန်းကစ,လို့ ူငယ်ချင်း။ ထို့နောက် တစ်ဆင့် ခိုင်းဖတ်။ "ခေါင် ... ခေါင်" င့် ချိုချိုကလေး ခိုင်းတတ်သည်မှာ ညာသားပင်။ အဲဒီထက် ညာသားပါသေးတာက ကိုတော်ဖုန်းခေါင်မှ တစ်ဆင့် သိကျွမ်း င်းနှီးရသည့် ကိုကျော်စွာခိုင်ပါ မမနွေကို ယစ်မူးစွဲလမ်းလာတဲ့ ာင် ထိုနှစ်ယောက်ကို ပြဿနာမရှိအောင် အခင်မင်မပျက်အောင် ူလှကလေး ထိန်းကိုင်ထားနိုင်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် ဤအိမ်မှာ ဘာကိစ္စရှိရှိ ဘာလိုအပ်ချက်ရှိရှိ ပျာပျာသလဲ အပြေးအလွှား ဖြည့်ဆည်းဝိုင်းဝန်းကြရသည်။ သူတို့လောက် မရင်းချာလှတဲ့ အခြားယောကျ်ားများ ရှိပါသေးသည်။ ပေးကြကမ်းကြ ဆက်ကြသကြရသော်လည်း အရမ်းကြီး အခွင့်အရေး မရကြ။

ဤသို့ ဝိုင်းဝိုင်းလည်နေတဲ့ ပူရှိသတို့ကို မနှစ်မမြို့ မျက်စိစပါးမွေး စူးသူမှာ ဘွားဘွားရင်။ အားပေးထောက်ခံသူမှာ ကြီးကြီးတင်။ ဤကိစ္စအတွက် အိမ်မှာ အမြဲ ပူညံပူညံ အော်ကျယ် အော်ကျယ် ဖြစ်ကြရသည်။

"ဘွားကလည်းလေ၊ ရှေးရိုးစွဲကြီးနဲ့ သိပ်ရိုးတုံးတာပဲ၊ ခုခေတ်က ဒီလိုပဲ ဘွားရဲ့၊ ခက်ပါလား"

"ခက်နေတာက ညည်း၊ ခုခေတ်တွေ အရင်ခေတ်တွေနဲ့ မဆိုင်ဘူး၊ မိန်းကလေးဆိုတာ ယောကျ်ားတွေ ပေးသမျှ ယူနေရတာ မဟုတ်ဘူး၊ သူတို့ကတော့ သူတို့မျှော်လင့်တာ ရှိတော့ ပေးမှာ ကမ်းမှာ ဖြည့်ဆည်းမှာပေါ့၊ တစ်နေ့ကျတော့ ညည်း ဒီကောင်တွေ အားလုံးကိုလည်း တစ်ပြိုင်နက် ရွေးလို့ရတာ မဟုတ်ဘူး၊ တစ်ယောက်ကိုပဲ ရွေးရမှာ ..."

အဲဒီအခါကျ အရွေးမခံရတဲ့ သူတွေက သူတို့ရင်းနှီးမြှုပ်နှံထားရတဲ့ ဆုပ်ကိုင်သက်သေပြလို့ရသော၊ ဆုပ်ကိုင်





သက်သေပြလို့မရသော အရာတွေ ဆုံးရတဲ့အတွက် ကျေနပ်ပါ့မလား၊ မခံချိ မခံသာ ဖြစ်ကြမှာပေါ့၊ အနည်းဆုံး သွားပုပ်လေလွင့် အပြောခံရမယ်၊ နာမည်ပျက်မယ်၊ အမုန်းခံရမယ်၊ ဒါတွေ ညည်း တွေးသလား ဆုန္ဓေ ...

ညည်းဟာက ဟိုလူနဲ့လည်း ရည်းစားလို့ ထင်ရ၊ ဒီလူနဲ့လည်း ရည်းစားလို့ ထင်ရ၊ ဘယ်တစ်ယောက်လဲကို မျက်စိလည်ရော၊ အားလုံးဟာ သူတို့ကိုယ်သူတို့ ကိုယ်ပဲ ပိုင်ပြီထင်နေ ယူဆနေကြမှာချည်းပဲ၊ ညည်း နေပုံထိုင်ပုံ မဟုတ်သေးဘူး ဆုန္ဓေ၊ ငါ သိပ်ကြည့်မရချင်ဘူး၊ မိတင်တင်လည်း ကြပ်ကြပ်မြှောက်ပေး၊ သူပါ ပြင်ဆင်ခြယ်သပြီး ရှုတင်လိုက်ရတာနဲ့ ဘာနဲ့"

"အို ... မမရင်ကလည်း၊ ဒီလိုပဲ လိုက်စောင့်ရှောက် အုပ်ထိန်းရတာပေါ့"

"ညည်းဟာက အုပ်ထိန်းစောင့်ရှောက်တာမှ မဟုတ်ပဲ ညည်းပါရောပြီး ဟီးဟီးဟားဟားနဲ့ အုပ်ထိန်းသူ အပေါကြီး ဖြစ်နေတာ"

"ဘွားဘွားကလည်း ... ဘွားဘွား အတွေးအမြင်တွေ အရမ်းကျန်ခဲ့နေပြီ၊ ဒီခေတ်ကြီးထဲမှာ ဒီလိုပဲ ရှိနေကြတာချည်းပဲ၊ သမီးက အပေါယံကလေးပဲ ဆက်ဆံသေးတာ၊ ပျက်စီးနေတာ မဟုတ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ပျက်စီးလို့လည်း မရဘူး၊ ငါတို့အမျိုးထဲမှာ နာမည်ပျက် မရှိဘူး"

ထိုအခါ မမနွှေသည် မဆီမဆိုင် လက်ပံသား ဓား နှင့်ချိုင်ကာ …

"မိလွမ်း အမေဆို ဆယ့်ခုနစ်နှစ်နဲ့တောင် လိုက်ပြေးသေးတာပဲ၊ သံမီးအသက် နှစ်ဆယ့်တစ်ထဲ ရှိနေပြီ"

"ဟဲ့… ပညာမစုံခင် စောစောစီးစီး လိုက်ပြေးတာ မကောင်းတာ မှန်တယ်၊ ဒါပေမဲ့ ဒီတစ်ယောက်ဆို တစ်ယောက်နဲ့ ဟဲ့၊ ပျက်ပျက်စီးစီး ဖြစ်တာမျိုးမှ မဟုတ်တာ၊ ညည်းလုပ်နေပုံက ပျက်ပျက်စီးစီးဖြစ်ဖို့ ခြေလှမ်းတွေ နီးနေလို့ပြောနေတာ၊ မဆိုင်တာ ထည့်မပြောနဲ့"

ထိုအခါမျိုးတွင် မမနွှေသည် အလွမ်းကို အခြောက်တိုက် မျက်မုန်းကျိုးကာ မရှိ့ရှိရာ အပြစ်ရှာ နှိပ်စက် ရမ်းကားတတ်ပါသည်။

ကြာလေလေ အလွမ်းသည် ဘယ်လိုနေ ဘယ်လိုထိုင်ရမည်ကို သိလာလေလေ။ ကိုယ့်အသား မနာရအောင်၊ သူမျက်မာန်မရှအောင်၊ အပြစ်ကင်းအောင် ဘယ်လိုနေသင့်တယ်ဆိုတာကို အရွယ်နဲ့မလိုက် အချိန်တိုနှင့် နားလည်ကျွမ်းကျင်ခဲ့ရသည်။ ဥပမာ … မမနွှေရဲ့ ထိုအမျိုးသားများနှင့် အလွမ်း ဖြစ်စေ၊ ကြူကြူ ဖြစ်စေ တရင်းတနှီး နှုတ်မဆက်ရ စကားမဆိုရ





…၊ ပြုံးမပြရ၊ အဖွဲ့မကျရ၊ အကျွမ်းမဝင်ရပါ။ ရှောင်ဖယ်နေတတ်… မည်။ မမနွှေ မျက်စောင်း အကြောင်းသုံးပါးမရွေး၊ မမနွှေ …က်သံ အမှန်အမှားမရွေးပါတည်း။

တခြားလူတွေက အလွမ်းတို့ကို ရှိတယ်မမှတ်ကြ…သော်လည်း ကိုတော်ဖုန်းခေါင်ကဖြင့် မြင်တဲ့နေရာကနေ သဘော…ကောင်းကောင်း လှမ်းပြုံးပြတတ်လေရာ ဆယ်နှစ်သမီး အလွမ်း…သည် ဖျတ်ခနဲ မျက်နှာလွှဲ မမြင်ယောင်ဆောင်ခြင်းကို အလို…လျောက် ပိပိရိရိ ပြုတတ်ရပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၃

အလွမ်း ဆယ့်သုံးနှစ် ဆယ့်လေးနှစ် အရွယ်ရောက်လျှင် အရင်က မျက်နှာဖုံးရိုက်၊ သီချင်းရိုက်၊ ရှိုးပွဲတွေ လမ်းလျှောက်နှင့် ခပ်ကျဲကျဲ တိုးဝင်လှုပ်ရှားနေခဲ့တဲ့ မမနွေမှာ ဗီဒီယိုမင်းသမီး ဖြစ်လေပြီ။ အရင်က အဆင့်လောက်မှာတောင် သူ့ကိုယ်သူ မင်းသမီးမှ တစ်ပြားလျှော့မပြောသည့် မမနွေသည် ခုတော့ "ဆုဆုနွေ" ဆိုတဲ့ အမည်နှင့် တကယ်အစစ် မင်းသမီး ဖြစ်ပြီဖြစ်ရာ လေသံတွေလည်းမြင့်၊ နေပုံထိုင်ပုံတွေလည်းမြင့်၊ အစစအရာရာ မြင့်တက်နေတော့ကာ ဖမ်းလို့ပင် မမိနိုင်တော့အောင်ပင်။

ဒီအခါမှာတော့ မမနွေ ဝင်ငွေဟာ အိမ်မှာ လုံးဝအဓိကမဏ္ဍိုင် ဖြစ်သွားရပါပြီ။ တစ်အိမ်လုံးကို မမနွေ ကျွေးထားတာကို အပိုင်အနိုင် ပြောလို့ရပေပြီ။ အိမ်မှာ ပရိဘောဂတွေ အဝင်အထွက်စိပ်၍ ဖုန်းသံတွေလည်း မစဲ။ မမနွေရဲ့ ဖုန်းတွေကို





အလွမ်း ကိုင်ရသည်။ သူပြောချင်သူ မပြောချင်သူကို အလွမ်း ခွဲခြား မှတ်သား သိရသည်။ မပြောချင်တဲ့ ဖုန်းတွေ ဆိုရင်လည်း…

"မမနွေ ရှူတင်က ပြန်မရောက်သေးပါဘူး"

"မမနွေ ဒင်နာသွားပါတယ်ရှင်"

"မမနွေ ကာယဆရာမ ရောက်နေလို့ Exercise လုပ်နေလို့ ပြောစရာရှိတာ မှာခဲ့ပါရှင်"

ကိုယ့်နံဘေး ဆန့်ဆန့်ကြီး ရှိနေပါလျက် တစ်မျိုးပြီးတစ်မျိုး နားထောင်ကောင်းအောင် ဖြီးဖြန်း ညာဝါးရပါသည်။ သူ အိပ်နေပါတယ်တို့၊ နေမကောင်းပါဘူးတို့ စသဖြင့် အကြောင်းပြတာမျိုး မမနွေက မကြိုက်။ ထိုအကြောင်းပြတို့က လာဘ်တိတ်တယ်ဟု သူ အယူရှိ၍ သူ့သဘောကျ လှလှပပ ယုတ္တိတန်တန် ညာရပါသည်။

ဝင်ငွေကလည်း,ကောင်း၊ အလှအပနှင့် ဂုဏ်ပကာသနအတွက် ဆိုရင်လည်း အနမြော်မရှိ လက်ဖွာလှတဲ့ မမနွေသည် အလွမ်းနှင့် ကြူကြူတို့ စရိတ်စကတို့ အတွက်တော့ဖြင့် အင်မတန်မှ နှမြောညည်းညူလှလေသည်။

"ဆုနွေ … ညည်းညီမ အလွမ်းက ဒီနှစ် ကိုးတန်းတက်ပြီဆိုတော့ ကျူရှင်ကလေး ဘာလေး ထားပေးမှ၊ မနှစ်က အထိ အလွမ်းက ကျူရှင်မယူဘူး မဟုတ်လား ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ကမှ မေးကြည့်တော့ သူ စာတွေသိပ်မလိုက်နိုင်ဘူး အပိုသင်ခွင့်ရရင် သင်ချင်တာပေါ့ သမီးရယ်"

ဘွားဘွား ခံမျာ အလွမ်းအတွက် ပြောပေးရှာပါသည်။ မမနွေ ပေးထားတဲ့ အိမ်စရိတ်စကထဲကပဲ ထုတ်သုံးမှာဖြစ်ပြီး ထပ်တောင်းတာမျိုး မဟုတ်ပါ။ ကျူရှင်ထားမည် ဆိုတာကို အသိပေး ခွင့်တောင်းရတာပါ။ သူ့ရှာသည့်ငွေဖြစ်၍ သူ မသိပဲ သုံးစွဲရကောင်းလား ဆိုတဲ့ ပြဿနာမျိုးက ဖြစ်ဖူးပြီ မနည်းမို့ ဘွားဘွား ကိုယ်တိုင်သော်ပင်လျှင် မမနွေထံ အလုံးစုံ တင်ပြရတဲ့ အနေအထား ရှိနေပါပြီ။

"လိုလို့လား"

"ဟဲ့ ... အလွမ်း၊ ပြောပြလေ၊ ကိုယ်ခက်ခဲနေတာ"

တကယ်တော့ အလွမ်းသည် စာတွေမလိုက်နိုင်ခက်ခဲနေတာ မှန်သော်လည်း မမနွေကိုဖြင့် တိုးလျှိုးတောင်းခံမနေချင်။ မာနထားတာ မဟုတ်။ ပေရှည်၍ နားပူရမည်ကို သိ၍ပင်။ အလွမ်း ညည်းညူ၍ ဘွားဘွားက ကျူရှင်တက်ပါလား သမီးလို့ စ,ပြောခြင်း ဖြစ်သည်။ ပထမတော့ ဘွားဘွားသည် သူ့ပိုင်အထုပ်အထည်ကလေးထဲမှထုတ်၍ အလွမ်းကို ကျူရှင်ထားပေးဖို့ပင်။

သို့သော် တစ်အိမ်လုံးစာ သူကပေးနေပါလျက် ကျူရှင်ခကို ဘွားဘွား သီးသန့်ထုတ်ပေးသည်ဆိုတာ သဘောတစ်မျိုး သက်ရောက်ပြီး မမနွေ မနှစ်သက်မှာ စိုးတာရယ်၊





မမနွေရဲ့ ဝေယျာဝစ္စ အတော်များများကို အလွမ်း တာဝန်ယူထားရ၍ ကျူရှင်သွားတက်နေတဲ့ အချိန်ကို သူ မခိုင်းနိုင်ပဲ ရှိမည်ဖြစ်ရာ ဒါကို ခွင့်ပြု,မပြုဆိုတာရယ်။ ဒီအကြောင်းတွေ ရှိသေး၍ မမနွေကို ပြောနေရတာပင်။

"ဟဲ့ ... ပြောလေ"

နှုတ်ပိတ်နေတဲ့ အလွမ်းကို မမနွေက ငေါက်ရင်း ...

"တွေ့တယ် ဖဟုတ်လား မိလွမ်း အချိုးကို၊ ကျူရှင်တက်ပါရစေလို့ ခွင့်တောင်း အရေးဆိုဖို့တောင် သူက ဂုဏ်ငယ်အံ့ အောက်ကျအံ့ ထင်နေတာ၊ သူလည်း တက်ချင်သေး သူကပဲ မတောင်းဆိုချင်"

"အဲလို မဟုတ်ပါဘူး မမနွေ"

အလွမ်းရင်ထဲ ဝမ်းနည်းနာကျင်ပါသည်။ အပြုံးအရယ် နည်းတာဟာ အလွမ်းရဲ့ မွေးရာပါဗီဇ။ ငယ်ကတည်းက အမေမရှိပဲ အဖေနှင့် နေရ၍ မချွဲနွဲ့တတ်တာလည်း အကျင့်ပါနေပါသည်။ ရန်ကုန် ရောက်ကတည်းက အပြစ်မဖြစ်အောင် အငြိုငြင် မခံရအောင် အရိပ်အကဲ အခြေအနေတွေကို ကျိုးကျိုးကန်းကန်း တောင်းမှောက်၊ ကျိုးလန့်တစာ အမြဲကြည့်နေရ၍ မျက်နှာတွင် ပေါ့ပေါ့ပါးပါး ရယ်နိုင် ပြုံးနိုင်တဲ့ သဘာဝ ပျောက်ကွယ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မမနွေနှင့် ကြီးကြီးတင် မျက်နှာသာ မသာ ကျေနပ်,မနပ် အကဲခတ်နေရသော မျက်လုံးများဟာ အမြဲ တစေ သောကမကင်း။ မရဲမတင်း စကားနည်းရန်စဲ စကားများ များ မပြောတော့ဘဲ နေသည်ကို မမနွေက နှုတ်ပိတ်ခေါင်းမာတယ် မာနထားတယ် ထင်တတ်လေသည်။ အလွမ်းသည် စိတ်ဆင်းရဲ မခံလိုတာ၊ စိတ်ရှုပ်မခံလိုတာ၊ နားညည်းမခံလိုတာသာ ရှိပြီး မာန်ကြီးတစ်ခွဲသားနှင့် မပြောတော့ဘူး မဆိုတော့ဘူး သဘော ထားရခြင်း မဟုတ်ပါ။

"ဒီကောင်မလေးကို အကြောမာချင်လာတာ၊ ဟင်း ... မမရင်ကဖြင့် မသိလို့၊ အပျိုလေးဖြစ်လာတာနဲ့ အမောက် လေးက ထောင်ချင်လာတယ်၊ ကတ်ဖိုးကတ်ဖဲ့က ဖြစ်ချင် လာတယ်"

ကြီးကြီးတင်သည် မမနွေ နောက်က ဖော်လိုသမား သက်သက်ဖြစ်ရာ မမနွေ တစ်ခွန်းစ,လိုက်လျှင် နောက်ကနေ မပြီးနိုင် မစီးနိုင် မီးထိုးလောင်စာဖြည့်တတ်တော့သည်။ အလွမ်း သည် မျက်ရည်လည်ချင်လာတာကို အောင့်ကြိတ်ရင်း ...

"မဟုတ်ပါဘူး ကြီးကြီးတင်၊ အလွမ်း ပြောရမှာ မမနွေ ကို အားလည်းနာတာပါ၊ မမနွေ ရှာဖွေရတဲ့ အိမ်စရိတ် ကလည်း မနည်းတာ အလွမ်း သိတော့ ..."





"အမယ်လေး ... အပိုတွေ ပြောမနေနဲ့၊ ကဲ ... လိုရင်း ပြော၊ နင် ကျူရှင်တက်ဖို့ လိုလို့လား"

"ဟုတ်ကဲ့၊ အလွမ်း တက်ချင်ပါတယ်၊ စာတွေအားလုံးက အင်္ဂလိပ်လိုတွေ ဖြစ်သွားတော့ အလွမ်းက အင်္ဂလိပ်စာ လည်း သိပ်မတော်တော့ နည်းနည်းခက်ခဲလာလို့ပါ"

"ဟုတ်ရဲ့လား၊ နင် လမ်းရှာတာလား၊ ကိုးတန်းရောက် ဆယ်လေးနှစ် ကျော်လာတော့ နည်းနည်းများ လှချင် ထ,ချင်လာသလားလို့၊ အိမ်မှာ နင်လုပ်မှဖြစ်မှာတွေ နင် သိတယ်မဟုတ်လား၊ ငါ့အဝတ်အစား စီစဉ်ပေးရမှာတွေ၊ အိတ်ပြင်ပေးရမှာတွေ၊ ဓာတ်ညွှန်းနဲ့ အခန်းစဉ်နဲ့ မှတ်ထား တွဲထားပြီး ဒီအဝတ်ပြီးပြီလား၊ လိုသေးလား၊ ဖယ်တန်ဖယ်၊ ပြန်ထည့်တန်ထည့် လုပ်ရမှာတွေ၊ ဒိတ်တွေ မှတ်ရမှာ ပွဲတွေ ချိတ်ရမှာတွေ၊ ဒါတွေ မလုပ်ချင်ပဲ ကျူရှင်ကို အေးရာအေးကြောင်း သွားထိုင်နေချင်တာလား"

အလွမ်းရင်ထဲ နာကျင်ကာ ...

"မဟုတ်ပါဘူး၊ မမနွေ မတက်နဲ့ဆိုရင် အလွမ်း မတက် ပါဘူး၊ ရပါတယ်"

"ရပ်က တွေ့တယ်မဟုတ်လား အန်တီတင်တင်"

"ဟုတ်ပ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစိတ်ကို ကြိတ်မှိတ် မျိုချ၍ မျက်နှာပျက်တယ်လည်း မဖြစ်ရအောင် ဣန္ဒြေဆည်နေတဲ့ရုပ်ကို သူတို့ ဘယ်လိုအမြင်မျိုးနှင့် တွေ့နေကြပြန်ပါလိမ့်။

"မတက်နိုင်းလို့တော့ မဖြစ်ဘူး ထင်တယ်၊ ပထမတော့ ငါ ပိုက်ဆံထုတ်ပေးပြီး အိမ်ပဲခေါ်သင်ရ ကောင်းမလား လို့ပါ၊ ဒါပေမဲ့ ..."

"အမယ်လေးနော် ... အိမ်ကို ဆရာမ ခေါ်သင်ရလောက်အောင် ဘွားမြေးက ဘယ်လောက် ဖြစ်ထွန်းလာမှာမို့လို့လဲ၊ အတန်းထဲလည်း အဆင့်က သုံးလေးဆယ်မှာပဲဟာ၊ အိမ်ခေါ်ပြီး အကုန်အကျခံ စာသင်တော့ရော ဆရာဝန်ဖြစ်မှာမို့လား၊ သမီးက အိမ်မှာ သူလုပ်ရမှာတွေရှိတာ ပြောပြတာ။ ကျူရှင်မတက်နိုင်းပြန်လည်း တော်ကြာ သူ့ဘဝကြီး ရှိုးနှိမ်ပစ်တယ် ဖြစ်နေပါဦးမယ်၊ ပိုက်ဆံက ဘယ်လောက်ပေးရမှာလဲ၊ သိပ်ဈေးကြီးတာတွေ မှန်းမနေနဲ့"

"ဈေးမကြီးပါဘူး၊ ကျောင်းသားအများကြီး ရောတက်တဲ့ ရိုးရိုးကျူရှင်မျိုးပါ၊ ပုံမှန်ဈေးပါပဲ၊ ဆုဇွေ ထပ်ပေးဖို့လည်း မလိုဘူး၊ အိမ်စရိတ်ထဲကနေပဲ လောက်ငတယ်၊ နို့မို့ ဘွားဘွားလည်း ပေးမလို့ပါပဲ။ ညည်းကိုမပြောရင် တော်ကြာ ညည်းခိုင်းခါနီးမှ သူ မရှိရင် စိတ်ဆိုးနေမှာစိုးရလို့"





"အမယ်လေး ဘွားရယ်၊ တစ်အိမ်လုံး စားတာ ဝတ်တာ အထွေထွေ ရှိသမျှစရိတ် ပေးထားပြီးမှတော့ သူ့ကျူရှင်လခလေးကျမှ နှာမည်ပျက်ခံပြီး မပေးဘူး မဖြစ်ပါရစေနဲ့၊ အိမ်စရိတ်ထဲက လောက်ရင်သုံးပေါ့၊ မရလောက်ရင် ထပ်ပေးပါ့မယ်၊ ဒီမှာ မိလွှမ်း ... နင် တက်ချင်တဲ့ ကျူရှင်လည်းတက်၊ အိမ်မှာလည်း မလစ်ဟင်းစေနဲ့ ကြားသလား"

"ဟုတ်ကဲ့"

"ဆံပင်တွေ ရှည်နေပြီ၊ ဘာလို့မညှပ်တာလဲ"

အလွှမ်းသည် ဘွားဘွားဘက် မျက်ခနဲ အားကိုးတကြီး ကြည့်မိသည်။

"သူလည်း အပျိုလေး ဖြစ်လာတော့ မညှပ်ချင့်ရင် မညှပ်နဲ့တော့လို့ ဘွားဘွား ပြောတာပါ ဆုဇွေရယ်"

"သူက ဘာလို့ မညှပ်ချင်ရတာလဲ၊ သိပ်လှချင်လား နင်၊ ဟုတ်လား"

"လှချင်လို့ မဟုတ်ပါဘူး မမဇွေ၊ အလွှမ်းက အရပ်လည်း ရှည်လာတော့ ဆံပင်က တိုတိုကြီးနဲ့ ... ဟို"

"ဘာဖြစ်လဲ အဲဒါ"

အလွှမ်း ဆံပင်ဟာ ပခုံးကို ထိကိုမထိရတော့ပါ။ ...းထိခါနီးလိုက်၊ နားရွက်အောက် တိလိုက်ရ။ မမဇွေသည် သူ...တော့ လှချင်သလောက် အလွှမ်းကိုတော့ လှချင်မှာစိုးလို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တောင် အရှည်ပေးမထား။ သနပ်ခါးကို ပိန်းထူအောင် လိမ်းရသည်။ အင်္ကျီအဝတ်အစား ဆင်ပြီလားဆိုလည်း ပုံတုံး။ တစ်ခါတစ်ရံ အန်တီခင်နွဲ့ ဝယ်လာပေးမှ လှလှပပ ကြည့်ပျော် ရှုပျော် အဝတ်မျိုးလေးတွေ ဝတ်ရပါသည်။

အဲဒီကြားထဲကပင် သွယ်နှောင်းနွဲ့ ပျောင်းတဲ့ အလွမ်း ခန္ဓာကိုယ်ကလေးသည် အရပ်ရှည်ရှည် အသားဝင်းဝင်းကလေးနှင့် တစ်နေ့တခြား အပျိုရည်လှသွေးနှင့် ရွှန်းလက်တောက်ပြောင်လာ သည်။ ပိန်သွယ်တယ် ထင်ရသော်လည်း အလွမ်းရဲ့ ခြေတံလက်တံ ကလေးတွေသည် ဖယောင်းတိုင်ကလေးတွေသဖွယ် မွတ်ချော ညွတ်ပျောင်းနေသည်မှာ အလှတစ်ပါး။ နဂိုကတည်းက မျက်ခုံး မျက်လုံး မျက်နှာကျ လှပသည်ဖြစ်ရာ ဆံပင်တိုတို၊ သနပ်ခါး ပိန်းပိန်း၊ အင်္ကျီပုံတုံးတုံးတို့နှင့် ဘယ်လိုပဲ ပုံဖျက်ထား ဖျက်ထား ဖုံးကွယ်လို့ မရတဲ့ သဘာဝအလှကလေးဟာ လှစ်ခနဲ လင်းခနဲ ဖြိုးပြက်ထွက်ပြူ ပေါ်လွင်လာတတ်ပေသည်။

"သူ့ဆံပင် ဘယ်လောက်မှလဲ ရှည်သေးတာ မဟုတ်ပါ ဘူး ဆုန္တေရယ်၊ မညှပ်ပါစေနဲ့ဦးတော့လား၊ အခု ကိုးတန်း ဆိုတော့ သူတို့ကျောင်းက ကျောင်းသူအားလုံးကို ဆံပင် အနောက်မှာ စည်းခိုင်းတယ်၊ ဖဲကြိုးစိမ်းလေးတွေ ချည်ရ တယ်၊ စည်းစရာ ဆံပင်ကမမီတော့ ဟိုကထွက်ကျ ဒီက ထွက်ကျ မသပ်မရပ်နဲ့ ပိုဆိုးပါတယ်၊ ခုလို ပခုံးရောက်





ကာနီးလေးဆို မိမိကမ်းကမ်းလေး စည်းလို့ ချည်လို့ ရတယ်၊ မိန်းကလေးပဲကွယ်၊ အပျိုလေးလည်း ဖြစ်လာပြီ၊ ဆံပင်လေးရှည်တာ ကျက်သရေရှိပါတယ်"

ဒါကိုတော့ ကြီးကြီးတင်လည်း [illegible]ရေငုံနှုတ်ပိတ်နေ တာ ဝင်မကန့်ကွက်။

သူလည်း ရှေးလူကြီးပေပဲမို့ ဆံပင်တိုလန့်ကိုတော့ နက်စိတ်ထဲ ဘဝင်မကျပေ။

"ဘွားဘွားတို့ ဝင်ဝင်ပြောနေတာနဲ့ သိပ်ခက်တာပဲ၊ ဒီဟာ မလေးက ခေါင်းကြောမာမဲ့ဟာလေး၊ မနည်းချိုးနှိမ်ရမှာ၊ ဒါကြောင့် သမီးက တမင်တကာ သမီးတစ်ဩဇာ လုပ် ထားတာကို၊ နောင် အပြောရကျပ်မှ ထိန်းမရမှ သမီးကို ဘာမှမပြောကြနဲ့၊ မိလွမ်း … သတင်းစကား ရှုပ်ရှုပ်ယှက် ယှက် ကြားလို့ကတော့နော် ကျောင်းကကော ကျူရှင်က ကော ထွက်ရပြီမှတ်၊ နင့်ဟာနင် ကျောင်းနေချင်လို့သေ သေ၊ ဇာတ်လမ်းရှုပ်လာလို့ကတော့ ကျောင်းဆက်ထား မယ့် မထင်နဲ့"

အဲဒီနောက် ကျူရှင်လေး တက်ရဖို့အရေးနှင့် မတန် အောင် မဆီမဆိုင်တာတွေပါ ဆွဲထည့်ကြိမ်းမောင်း ကြုံးဝါးသမျှ နာရီဝက်ကျော် မတ်တတ်ပေရပ်၍ ခေါင်းငုံ့နားထောင်လိုက် ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းရှုပ်ဖို့ ဆိုတာမျိုးများ အလွမ်း စိတ်ကူး ထဲ အတွေးထဲ၌ ရှိဖို့ပေးလှပါသည်။ စိတ်ကူးကြည့်ဖို့တောင် အလွမ်းမှာ အချိန်မအားပါ။ ကျောင်းတစ်ဖက် ကျူရှင်တစ်ဖက် အိမ်မှုကိစ္စတွေတစ်ဖက် မမနွေကိစ္စတွေတစ်ဖက်။ အလွမ်းမှာ အချိန်ပိုဆိုတာ တစ်မိနစ်တောင် မရှိပါ။ အဆူခံနေရခိုက် တစ် ခဏသာ ခြေစုံရပ်ပြီး အနားယူလို့ရတဲ့ ဘဝပါ။

အလွမ်းကိုတော့ အပိုးကျိုးကျိုး ပိပြားသေဝပ်နေ အောင် ဆုံးမတတ်လွန်းလှသော်လည်း မမနွေ သူ့ဘာသာ နေ ထိုင်ကျင့်သုံးပုံကျတော့ သူ့စကားတွေနှင့် တခြားစီပါလား။ အိမ်ကို ဧည့်သည်ယောကျ်ားသား အဝင်အထွက် များလှ ဘွားဘွားက တစ်ချက်လွှတ်နှင့် ...

"ဟော့ ... ည ဆယ်နာရီကျော်ရင် အိမ်ထဲ ခြံထဲ ဘယ် ယောကျ်ား ဧည့်သည်မှ အဝင်အထွက် လက်မခံဘူး ဘယ့်နှယ်တော် မိန်းမသားတွေချည်းနေတဲ့ အိမ်တဲ့။ လာ သမျှ ဧည့်သည်ယောကျ်ားချည်းပဲ၊ ပတ်ဝန်းကျင် အတင် ပြောချင်စရာ"

"သမီးအလုပ်က မင်းသမီးလေ ဘွားဘွားရဲ့၊ ရှုတင်ကို ရှိတယ်၊ လူမှုရေး ရှိတယ်"

"မင်းသမီးမို့ ငါ သတ်မှတ်တဲ့ အချိန်ကို ဆယ်နာရီလို့ ပြောတာပေါ့၊ ညည်း ညဘက်နှောက်ကျမှာပါ ထည့်တွက် ထားတာ"





"သမီးက တစ်နေကုန် ရှုတင်ထွက်နေရတာ၊ ကိစ္စရှိတဲ့ ဧည့်သည်က ညပဲ လာဖို့အချိန်ရှိတဲ့ဟာကို"

"ဒါကြောင့် ဆယ်နာရီလို့ ပြောတာပေါ့၊ တော်ရုံကိစ္စ ဖုန်းနဲ့ပြောပေါ့၊ မိန်းမပျိုတွေရှိတဲ့အိမ်၊ နားလည်မှု အားနာ မှု လေးစားမှု ထားရဦးမှာပေါ့၊ ညည်း ပြန်ရောက်တာကို က ရှစ်နာရီ ကိုးနာရီ၊ ခဏနေမှ ဧည့်သည်ယောကျ်ားတွေ က ရောက်လာကြ၊ အရည်မရ အဖတ်မရတွေ ပြောပြီး ဆယ့်တစ်နာရီလည်း မပြန်၊ ဆယ့်နှစ်နာရီလည်း မပြန်၊ ငါ လက်သင့်မခံနိုင်ဘူး၊ ညည်း မင်းသမီးလုပ်တာ ငါ ဘာမှ မပြောခဲ့ဘူး။ ညည်းနာမည်ဂုဏ်သတင်းကိုလည်း ညည်းထိန်း၊ ဟုတ်လို့လည်း မကျော်စေနဲ့၊ မဟုတ်ဘဲနဲ့လည်း မကျော်စေနဲ့၊ ကိစ္စရှိရင် ညလာမဲ့အစား မနက်လာပေါ့၊ သူတို့က မပြန်တော့ လူကြီးတွေပါ မအိပ်ရ၊ ညည်းနဲ့ချည်း ပစ်ထား လွှတ်ထားပြီး ငါတို့က တက်အိပ်နေတော့ကော တင့်တယ်မလား၊ ညဘက်ကို မိုးချုပ်လာရင် လာကိုမလာ ခိုင်းနဲ့ ... ဒါပဲ"

ဘွားဘွား တကယ်တင်းရင် မမနွေ ဖြုံပါသည်။ ...မှာ တခြားလည်း နေစရာမှ မရှိသေးတာ။ နေစရာရှိလို့က ...တော့ မမနွေ ဘွားဘွားကို တော်လှန်လမ်းခွဲသွားမှာလို့ အလွမ်း ...င်သည်။ ကွယ်ရာမှာ ဘွားဘွားကို အတင်းပြောတတ်တဲ့ ...နွေ စကားတို့ကို ကြားရ၍ မှန်းဆနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမနွေသည် သူ့လူမှုရေး ဧည့်သည်တွေကိုလည်း လုံးလုံးလျားလျား ဥပေက္ခာမပြုနိုင်။ အလုပ်ကိစ္စ မဟုတ်သော ဧည့်သည်ယောကျ်ားသားများမှာ မမနွေကို ပိုးပန်းနေတဲ့သူတွေ၊ ပေးနေဖို့နေ ကျနေတဲ့သူတွေသာ။ သူတို့ထံကရတဲ့ မြိုးမြိုးမြက်မြက် လက်ဆောင်ပဏ္ဏာတို့သည် မမနွေ အတွက် မက်စရာဖြစ်သည်။ သူတို့ကို ချာပစ်ရင် လာဘ်ပိတ်သွားဖို့ပဲရှိသည်။ အားလုံးလိုလိုကို တစ်ယောက်နှင့်တစ်ယောက် မသိစေပဲ မမနွေ ညှို့ငင်ဖမ်းစားထားသည်။ ရှင်းရှင်းဆိုရသော် သူ့ချစ်သူများတည်း။ ဘယ်သူဟာ မင်းသမီးတစ်ယောက်ကို တောင်းရမ်းရိုးမြေကျပေါင်းမည် မဆုံးဖြတ်နိုင်သေး၍ ဘယ်သူ့ကိုမှ ပြတ်ပြတ်မငြင်း။

အိမ်ထဲမှာပင် လူအလစ်၌ ပွေ့ဖက်ထိကိုင်တာမျိုး ကြုံကြုံရော အလွမ်းပါ မြင်ဖူးပါသည်။ ထို့ကြောင့် ထိုဧည့်သည်များလာလျှင် အနားမကပ်ဝံ့။ ဘွားဘွားတို့ ကြီးကြီးတင်တို့ကတော့ ဖြတ်လျှောက်လိုက် ဝင်သွားလိုက်၊ အရိပ်အယောင် ပြပေးထားတာကလွဲရင် သူတို့နား ထိုင်စောင့်နေတာမှ မဟုတ်တာ။

တစ်ခါတွင် မမနွေသည် သူ့ဧည့်သည် ချစ်သူတစ်ယောက်ကို ဘွားဘွား သတ်မှတ်တဲ့ နာရီတွင် ပြန်တဲ့အရိပ်အယောင် ပြစေလိုက်ပြီး ခြံဝ၌ ပုန်းစောင့်နေစေတာ။ ကံဆိုးသော အလွမ်းသည် အဲဒီညက စံပယ်ပန်းချုံ၌ စံပယ်ဖူးများခူးပြီး မနက် ဘွားဘွားဘုရားကပ်ဖို့ သိပေးရန် ကြံစည်မိကာ စံပယ်ချုံ





နား ရှိနေလေသည်။ ခြံပြင်ထွက်သွားတဲ့ကားကို အပြီးပြန်ပြီ အမှတ်နှင့် စံပယ်ဖူးခူးတဲ့ ပလတ်စတစ်ဗန်းကို ချခဲ့ကာ ခြံတံခါး သွားပိတ်လိုက်သေးသည်။ ခြံတံခါးသော့ဟာ ပိတ်ပြီးမှ သော့တံဖြုတ်လို့ရတဲ့ အမျိုးအစား။ ဖွင့်ထားလျှင် သော့တံထုတ်ယူမရ၍ သော့ခလောက်ရော သော့တံပါ တန်းလန်းနှင့် အိမ်ပေါ်မှာထားသည်။

ခဏနေမှ စံပယ်ဖူးခူးပြီးမှ သော့သွားယူခတ်မည် ရည်ရွယ်ကာ စပယ်ဖူးကလေးတွေ အေးအေးလူလူ ဆက်ခူးနေလိုက်သည်။

ဆောင့်ကြောင့်ကလေးထိုင်ကာ ခူးခြွေနေရာက တော်လောက်ပြီဟု ထမည်အလုပ်မှာမှ ခြံတံခါးဝနားမှာ မမနွေကို မြင်လိုက်ရတာပင်။ အလွမ်း အံ့အားသင့်ဆဲ ခြံတံခါးကို လှစ်ခနဲတွန်းကာ ခြံထဲဝင်လာတဲ့လူဟာ ခုနပြန်တယ်ထင်တဲ့လူ ဖြစ်နေတာ အလွမ်း တအံ့တသြ တွေ့ရသည်။

မမနွေနှင့် ထိုလူဟာ ခြံတံခါးအုတ်တိုင်ကိုမှီ၍ ရုတ်တရက် ပွေ့ဖက်နမ်းရှုပ်နေကြတော့ရာ ခုချိန်ကျမှ အလွမ်းမှာ မလှုပ်ရဲ မထရဲတော့ပါတည်း။ ရင်တထိတ်ထိတ်ခုန်ကာ အလွမ်း ချွေးတွေပြန်လာတဲ့ အထိပင်။ ကြောက်လည်းကြောက်၊ ရှက်လည်း ရှက်ကာ ငြိမ်နေကာမှ ခြေထောက်ကကျင်၊ ခြင်ကကိုက်။ သူတို့ရဲ့ အနမ်းမိုးရွာ ရွာနေချိန်ကာလည်း ရှည်ကြာလှသည်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် အလွမ်းသည် တအားကိုက်နေတဲ့ ခြင်တွေကို လက်နှင့်အယပ် ချုပင်ကို လက်နှင့်ထိကာ တရှဲရှဲသံ မြည်သွားတော့မှ သူတို့နှစ်ယောက်အတ်လမ်း နိဂုံးတံပါသည်။

"ဘယ်သူလဲ"

မမနွေရဲ့ ခပ်ဆတ်ဆတ်လေသံ နှစ်ခွန်းအဆင့်တွင် အလွမ်း ငုတ်တုတ်ကလေးမှ ထ,ရပ်လိုက်ရသည်။

"ဟင်"

မမနွေ မျက်နှာမှာ ဒေါသရိပ် အနီရဲ့ကို လရောင် လမ်းမီးရောင်နှင့်ပင် သိသာစွာ မြင်ရနိုင်သည်။

"နင် ... နင် ... ငါ့ကို လိုက်ချောင်းနေတာပေါ့လေ"

"မ ... မ ... မဟုတ်ဘူး မမနွေ"

"ဘာမဟုတ်ဘူးလဲ ... ဟင်၊ အကျင့်မကောင်းတဲ့ဟာမ၊ နင် သိပ်စိတ်ဝင်စားသလား ဒါမျိုးကို ... ဟင်"

"အ ... အလွမ်း ... ဟို ... စံပယ် ... စံပယ်"

"အောင်မာ ... ငါ့ကို ညာဦးမလို့၊ ပလီစိချောက်ချက်နဲ့ နင် သူခိုးလို ချောင်းမြောင်းတာကို ဖုံးကွယ်မလို့ပေါ့ လေ"

မမနွေ အသံမှာ ဒေါသကြောင့် အရှိန်မထိန်းနိုင်ပဲ တိတ်[illegible]တ်တဲ့ညတွင် ကျယ်လောင်လွင့်ပျံ့သွားပါသည်။ ခုနက သူတို့နှစ်ယောက်က အုတ်တိုင်ကို မှီကွယ်နေ၍ အိမ်ပေါ်ကကြည့်





ရင် ရုတ်တရက် မြင်ဖို့ မလွယ်ပေမဲ့ အခုတော့ အသံတွေကြောင့်ရော မိုးတိုးမတ်တတ် လှုပ်ရှားလှုပ်ရိပ်တွေကြောင့်ရော အိမ်ပေါ်မှ လှမ်းတွေ့သွားပုံရကာ ချက်ချင်းပင် ခြေသံတံခါးသံတွေနှင့် ...

"ဟဲ့ ... ဘယ်သူလဲ ... ဘယ်သူတွေလဲ"

ကြီးကြီးတင်ရဲ့ အော်မေးသံ ထွက်လာသည်။

"ကိုမင်း ... ပြန်တော့ ... သွား ... သွား ..."

ဟိုလူသည် အကင်းပါးစွာ လှစ်ခနဲ လစ်သွားပုံမှာ ကျွမ်းကျင်တဲ့ သူခိုးတစ်ယောက်အလားပင် ထင်ရသည်။

"ဟင်း ... ဟင်း ...၊ ငါ့ကို ခိုးချောင်းဖမ်းတယ်ပေါ့၊ ဟုတ်လား မိလွမ်း၊ နင့်ဉာဏ် တစ်ထွာတစ်မိုက်နဲ့ ကုန်းတိုက်ဖို့လေ"

"မဟုတ်ပါဘူး မမနွေ၊ အလွမ်း ..."

"ပါးစပ်ပိတ်"

"အလွမ်းတကယ် ပန်းလာခူး"

"တိတ်စမ်း၊ နင့်စိတ်ကူး ငါသိတယ်၊ နင် ငါ့ကို မနာလိုနေတာ၊ ငါ့ကို အရှက်ခွဲချင်တာ ဟုတ်လား၊ ကြည့်လိုက်သေးတာပေါ့၊ ဘယ်သူ အထိနာသွားမလဲဆိုတာလေ၊ နင်က ငါ့ကို အရှက်ကွဲစေချင် အပြစ်ရှိစေချင်တာ၊ အရှက်ကွဲရမှာ ဘယ်သူလဲ နင်သိရမှာပေါ့"

"ဟဲ့ ... ဘယ်သူတွေလဲလို့ မေးနေတယ်၊ ဆုနွေ[illegible]း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီတင်တင်၊ ဟုတ်တယ် ဘွားဘွား၊ ဒီမှာ သူခိုးဖမ်းနေတာ"

အိမ်ထဲက အပြေးထွက်လာကြသူတွေမှာ လှုကုန်။ အလွမ်းသည် ဘာမှန်းမသိ ကတုန်ကယင် ဖြစ်နေသည်။ မမနွေ့ မျက်နှာပေါ်က မဲ့ပြုံးဟာ သရော်တော်တော်နှင့် အလွန်ကြောက်စရာ ကောင်းလှသည်။ သူ ဘယ်လိုများ လှည့်စားမလို့လဲ၊ အလွမ်း ဉာဏ်မမီလောက်အောင် ဖြစ်နေစဉ် အနားကို ဘွားဘွား၊ ကြီးကြီးတင်၊ ကြူကြူတို့ ရောက်လာကြပါသည်။

မမနွေ့သည် ဘွားဘွားဘက် ချာခနဲ လှည့်လိုက်ရင်း ...

"ဟောဒီမှာလေ ဘွားဘွားရဲ့မြေး အလိမ္မာတုံးမ ဘာလုပ်နေတယ် မှတ်သလဲဟင်"

"အ ... အလွမ်း ... ဘာ ... ဘာမှ ..."

"ပါးစပ်ပိတ်စမ်း၊ ခြံထိပ်ထွက်ပြီး အကောင်တစ်ကောင်နဲ့ ချိန်းတွေ့နေတယ် သိရဲ့လား"

"ဟင်"

"ဟယ် ... ဘုရား ... ဘုရား"

အလွမ်းသည် ဆို့တစ်ကြောင်အ,ကာ ပါးစပ် အဟောင်းသားနှင့် မမနွေ့ကို ကြောက်လန့်တကြားကြည့်ရင်း ...

"အလွမ်း ... စံပယ် ... စံပယ်ပန်းခူး"





"တော်စမ်းလို့ ပြောနေတယ်၊ ပလိစိချောက်ချက် မလိမ် နဲ့၊ ငါ မျက်စိနဲ့မြင်တာ"

"ငါလည်း လှစ်ခနဲပြေးတဲ့ လူရိပ် မြင်လိုက်တယ်"

ကြီးကြီးတင်ပါ ဝင်ပါလာသည်။ သူမြင်တာ ဟုတ်မှာပေါ့။ ဟိုလူလေ။ ကြီးကြီးတင် အော်မေးပြီးမှ ထွက်ပြေးတာပဲ ဟာ။ အလွမ်းသည် ခက်ထန်တင်းမာလာတဲ့ ကြီးကြီးတင်ကို ဘစ်လှည့် သွေးအေးရက်စက်တဲ့ မမနွေ့ကိုတစ်လှည့် ကြည့်ရင်း ဘဆတ်ဆတ် တုန်လာကာ ...

"မဟုတ်ဘူး ... မဟုတ်ဘူး ... အဲဒါ"

"ဒီမအေက မွေးတာ ဒီသမီးမျိုးပဲ ထွက်မှာပေါ့ ဘွားဘွား ရဲ့၊ သူ့အမေကမှ ဆယ်ခုနှစ်နှစ်ထိ ခံသေးတယ်၊ သူက တော့ ခုမှ ဆယ့်ငါးနှစ် မပြည့်သေးဘူး၊ ဗီဇကပေါ်လာ ပြီ"

"ကြည့်စမ်း ကြည့်စမ်း၊ ထင်တောင် မထင်ပါလား ဟင်၊ နင် အတော်ကမြင်းတဲ့ မိန်းမပါလား၊ မိလွမ်း ... ဟင် ...၊ ပြောစမ်း ... ဘယ်ကကောင်လဲ"

ကြီးကြီးတင် အသံက မိုးကြိုးထစ်ချုံးသံကဲ့သို့ ...။

"ဒီနားတစ်ဝိုက်က မာလီကောင်တွေ ဒရိုင်ဘာကောင်တွေ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မမနွေ့ စကားကြောင့် အလွမ်း ရင်ထဲ ကျင်ခနဲ နာသည်။ မာလီတွေ ဒရိုင်ဘာတွေနှင့် ချိန်းတွေ့ ချစ်ကြိုက်ရအောင် အလွမ်းက ဘယ်အတန်းအစားမို့လဲ။ အလွမ်းက အိမ်ဖော်မှ မဟုတ်တာ။ ဒီအိမ်ရှင်ရဲ့ အမျိုး။ ဆွေမျိုးရင်း။ အလွမ်း ဒီလောက်လည်း အောက်တန်းမကျ။ လူကြီးမိဘမျက်နှာ မဖျက်။ ရက်ရက်စက်စက် ပြောထွက်လိုက်တဲ့ မမနွေ့ မျက်နှာကို စိမ်းစိမ်းစူးစူးကြည့်ရင်း အလွမ်း မျက်ရည်တွေ တပေါက်ပေါက် ကျလာသည်။

"ဟိုဘက်ထိပ်ကခြံက မာလီကောင် ထင်တယ်၊ ခပ်ငယ်ငယ်ပဲ၊ သမီးက ခြံတံခါးသော့ ဆင်းခတ်မယ်ဆိုပြီး ဆင်းလာတာ၊ ဒီမှာ သော့နဲ့"

မမနွေ့ လက်ထဲမှာ အိမ်ပေါ်က ဆင်းလာကတည်းက ဆင်ခြေရအောင် ယူလာတဲ့သော့ခလောက်နှင့် သော့တန်းလန်း။

"အမယ်လေး ... ဒီနားမှာ ဖက်ယက်ပြီး ဖြစ်နေကြတာ၊ ယုံနိုင်စရာ ရှိရဲ့လားဟင်၊ သမီးလာတာတွေ့မှ အန်တီ တင်တင့် အသံလည်းကြားမှ ဒီကောင် ထွက်ပြေးတာ၊ ဖမ်းဆွဲလို့ မမီလိုက်ဘူး"

အလွမ်းသည် အကယ်ဒမီ မရသေးတဲ့ မမနွေ့ကို တစ်ထိုင်တည်း အကယ်ဒမီတွေ ထပ်ဆင့်ပေးလိုက်ချင်ပါသည်။ ရင်ထဲမှာ စူးနာအောင်ကျင်ကာ ခံစားရတဲ့ ခံစားချက်ကို စာဖွဲ့





မပြတတ်။ မမနွေ့ကို နာကြည်းလှတဲ့ မျက်လုံးတွေနှင့် ကြည့်နေမိသည်။ ဒီအချိန်မှာ အလွမ်း လှယက်ဖြေရှင်းလည်း သူက အလျှော့ပေးပြီး သူ့အပြစ် ဝန်ခံလိုက်မှာ မဟုတ်။ သတ်ပွဲကြီးသာ ဖြစ်လာနိုင်သည်။

အလွမ်းသည် ရင်နာနာ စိတ်နာနာနှင့် မမနွေ့ကို ခုံးတောက်စိမ်းလက်စွာ ကြည့်နေရင်း နှာခေါင်းမှ လေထွက်ရုံ သရော်ဖော်တော် တစ်ချက် မဲ့ပြုံးလိုက်မိပါသည်။ ရက်စက်တဲ့ မမနွေ့ကိုရော ဆိုးဝါးတဲ့ ကိုယ့်အဖြစ်ကိုရော သရော်လိုတဲ့ဆန္ဒနှင့်ပါ။ ထိုအပြုံးကြောင့် မမနွေ့ ဒေါသတွေက ဝုန်းခနဲ ဆောင့်ခနဲ ခုန်ထွက်လာပြီး ...

"အောင်မာ ... ငါ့ကို ဒီမျက်နှာပေးနဲ့ နင်က သရော်သလိုလို ရိသဲ့သဲ့လိုလို လုပ်ပါးဝချင်တယ်ပေါ့၊ ကဲ ... အဲဒါ ငါ့ကို အဲသလိုကြည့်ဦး"

ဖြန်းခနဲ ရိုက်ချလိုက်တဲ့ မမနွေ့ လက်ဝါးပြင်က အလွမ်းရဲ့ ဘယ်ဘက်ပါးပေါ် ထိထိမိမိ တည့်တည့်မတ်မတ် ကျကျနနကြီး ကျရောက်လာသည်။ အလွမ်း မျက်နှာသည် တစ်ခြမ်းလည်သွားကာ ဇက်ကြောထဲမှာပင် အကြောလွဲသွားသလို ခံစားလိုက်ရပါသည်။ ပိုးပိုးပေါက်ပေါက် ပြုတ်ကျလာတဲ့ မျက်ရည်ပေါက်တို့သည် မြေပြင်ပေါ် သူပြီးငါ အလုအယက် ခုန်ဆင်းကြကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး … ဒီဟာမ ဒီလောကနဲ့ မရဘူး၊ ဆယ့်ငါးနှစ် မပြည့်သေးဘူး ဒီလောက် အကျင့်ပျက် အတင့်ရဲပြီး ပေါက်လွှတ်ပဲစား ကျင့်ကြံနေရင် ကြီးလာရင် အဖတ်တောင် ဆယ်လို့ရမှာ မဟုတ်ဘူး။ လာခဲ့ … ငါနဲ့တွေ့မယ် … လာစမ်း"

ကြီးကြီးတင်သည် အလွမ်းရဲ့ ကုပ်ပိုးကစည်းထားတဲ့ ဆံပင်ပေါက်တောက်ကို ဆောင့်ဆွဲကာ အလွမ်းကို ဒရွတ်ခေါ်သွားသဖြင့် ဇက်လိမ်ကာ ကြီးကြီးတင် နောက်မှ ကပိုကရို ဒရောသောပါး ပါသွားပါသည်။ လက်ထဲက စံပယ်ဖူးတွေပါတဲ့ ပလတ်စတစ် ဆန်ခါလေးကိုတော့ လွှတ်မကျခဲ့အောင် ကိုင်ခဲ့သေးသည်။

အိမ်ထဲရောက်လျှင် ကြီးကြီးတင်သည် အလွမ်းခန္ဓာကိုယ်ကလေးကို ဆိုဖာရှည်ပေါ် တွန်းလှဲလိုက်ကာ ကြက်မွေးတံမြက်စည်းကို ရွှမ်းခနဲ သွားဆွဲထုတ်လာသည်။

"နင် အလေနတော အကျင့်ပျက် သိက္ခာပျက်နဲ့ ပေါက်လွှတ်ပဲစားကောင်တွေနဲ့ နောင် ဒီလိုချိန်းတွေ့ဦးမလားဟင်"

တစ်ခွန်းမေး တစ်ခွန်းရိုက်။ ကြက်မွေးရိုးတံ ကြိမ်လုံးဟာ အလွန်းရဲ့ ကျောပြင်ပေါ် တင်ပါးပေါ် ပေါင်ပေါ်။ ကြီးကြီးတင်ကို အပြစ်မတင်လိုပါ။ ဒီလို အကျင့်ပျက်ရိုး မှန်လျှင်





အုပ်ထိန်းသူဟာ ဒီလိုပဲ ဒေါသတကြီး ဆုံးမအပြစ်ပေးချင်စိတ်ပေါက်မှာ ဓမ္မတာ။ အလွမ်း တကယ် အကျင့်ပျက်တယ်၊ ချိန်းတွေ့တယ်ထင်ကာ ကြီးကြီးတင် ရိုက်တာဖြစ်သည်။ ကြီးကြီးတင် မလွန်ပါ။

သူ့အပြစ်ကို ကိုယ့်အပြစ်၊ ပက်လက်ကို မှောက်ရက်၊ သက်ဖမိုးကို လက်ဖဝါး လုပ်ပစ်လိုက်တဲ့ ပိပိရိရိ ရက်ရက်စက်စက် ပါးစပ်ကထွက်တဲ့ မမနွေကိုသာ အံ့သြတကြီး နာကြည်းမိသောသည်။

ဘွားဘွားသည် စိတ်ဆင်းရဲလှပုံနှင့် အပေါ်ထပ်ကို တက်သွားသည်။ ဘွားဘွားကိုတွဲကာ ခေါ်သွားရင်း လှည့်ပြန်လှည့်ကြည့်သွားတဲ့ မမနွေရဲ့ သရော်သော မျက်လုံးများကို အလွမ်း မြင်ဖြစ်အောင် လှမ်းမြင်ပါသေးသည်။

ကြီးကြီးကတော့ ဝင်လည်းမဆွဲရဲ။ ပြီးရင်တော့ အလွမ်းကို တွဲသွားဖို့ မလှမ်းမကမ်းမှာ နံရံကပ်၍ ရပ်နေသည်။ ကြီးကြီးတင်သည် ဒေါသမပြေနိုင်အောင် မေးလိုက် ရိုက်လိုက် ပြောလိုက် ရိုက်လိုက်။ အလွမ်းက အံကြိတ်ပြီး ဘာတစ်ခွန်းမှ မဖြေတော့ ပိုဒေါသကြီးလာသည်။ နာလွန်း၍ ပေါက်ပေါက်ဆူသော မျက်ရည်တို့ ဆိုဖာပေါ် ရွဲအိုင်လာတဲ့တိုင် အသံထွက်၍ အလွမ်း မငိုညည်း။ အောက်နှုတ်ခမ်းကို ကိုက်၍ အံကိုကြိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတင်မှာ သူ့ကိုဆွဲမည့်သူလည်း မရှိ၍ ခေါသနှင့် ပန်းဟိုက်တော့မှ အရိုက်ရပ်သွားသည်။

"ခေါသွား ... သင်းကို၊ ငါ့မျက်စိအောက် မမြင်ချင်ဘူး၊ သွေးကိုက ဆိုးတာ၊ အရွယ်တောင် မရောက်သေးဘူး၊ ကမြင်းကြောက နန့်ချင်တယ်၊ ဖအေသွေး မအေသွေးက အပြည့်"

ဤစကားကိုတော့ အလွမ်းက နာပါသည်။ အဖေနှင့် အမေဟာ အချိန်မတန် အရွယ်မရောက်သေးပဲ မိုက်ရူးရဲခဲ့ကြတာ မှန်သည်။ သို့သော် အကျင့်ပျက် စရိုက်ပျက်တွေ မဟုတ်။ မှားတယ် မိုက်တယ် ဆိုသော်လည်း ဒီအဖြစ်မျိုးတွေ လောကမှာ ရှိကြတာပါပဲ။ အဖေနဲ့ အမေ နှစ်ယောက်မှကွက်ပြီး မဖြစ်စဖူး ဖြစ်ခဲ့တာလည်း မဟုတ်။ မိဘကို ထိပါးပြောတော့ အလွမ်း ရင်မှာ မချိအောင် နာလှသည်။

✧ ❤ ✧





# ၄

အလွမ်းသည် ငရုတ်သီး ဆီသတ်အိုးထဲ ကြက်သားအားများ ထည့်လိုက်ရင်း ...

"ဘုရား ဆွမ်းတော်ဗန်းကို အပေါ်ထပ်ကို ဘွားဘွားဆီ မကြူပဲ သွားပို့ပေးနော်၊ ဘွားဘွား နိုးရောပေါ့"

ကြူကြူက မီးဖိုကြမ်းပေါ်က စားပွဲဝိုင်း အနိမ့်ပေါ်တွင် ဘူးသီးကို အတုံးတွေဖြစ်အောင် လှီးနေသည်။ မမနွေက ကြက်သားနဲ့ ဘူးသီးဟင်းကို အလွန်ကြိုက်၍ အပတ်တိုင်း တစ်ခါက် နှစ်ရက် ထည့်ချက်စမြဲ။

"ငါ ခုနပဲ ပို့လိုက်ပါပြီ အလွမ်းရဲ့၊ နင် ထမင်းစားပွဲပေါ်ပဲ တင်ထားကတည်းက အပေါ်တက်ပြီး မပို့ချင်တာ ငါသိပါတယ်"

ခါတိုင်း ဘွားဘွား နိုးချိန်တွင် ဆွမ်းတော်ဗန်းကို အလွမ်းပဲ အပေါ်ထပ် တက်ပို့နေကျ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား နိုးပြီပေါ့"

"အင်း"

ကြက်သားအိုးကို မွှေရင်း သက်ပြင်းတစ်ချက် ကျိတ်ချလိုက်တဲ့ အလွမ်းရဲ့ မျက်နှာတစောင်းကို ကြူကြူက မော့ကြည့်ရင်း ...

"နင် ဘာမှ စိတ်ဆင်းရဲမနေနဲ့ အလွမ်းရဲ့၊ ဘွားဘွား သိ ပါတယ်"

အလွမ်းက ကြူကြူကို လှည့်ကြည့်ကာ ...

"ဘာသိတာလဲ"

"အားလုံးပေါ့"

ညကကိစ္စကို ဘယ်သူ့ကိုမှ ဘယ်သို့ဘယ်ညာပ လို့ အလွမ်း ရှင်းပြမနေခဲ့တော့။ ကိုယ်လည်း အရိုက်အနက်ခံ ပြီးပြီ။ တစ်ခါပြန်ပြီး ဘယ်လိုဖြစ်ရတာပါ ဘာညာနှင့် သံသရာ ရှည်နေရင် မမနွေဟာ ဒီပြဿနာကို အပြီးသတ်တော့မှာမဟုတ် အမုန်းအငြိုးနှင့် ဆွဲဆန့်ထားဖို့ပဲရှိသည်။ သူ့အငြိုးခံရလေ အလွမ်း အတွက် အခြေအနေဆိုးလေ။ ဒီတစ်ခုမှာ သူ့အပြစ်ဖော်လိုက် လျှင် နောက်တစ်မျိုးနှင့် အလွမ်းကို ချောက်ချမှာပဲ ဖြစ်သည်။

ဒါကြောင့် မကြူကိုပင် အလွမ်း ဘာမှပြောပြမနေ တော့တာ။





"နင် ခူးထားတဲ့ စံပယ်ဖူးတွေက အများကြီးပဲဟာ၊ ဦးမင်းမင်း မပြန်ခင်ကတည်းက နင် ခြံထဲဆင်းပြီး သွားခူးနေတာ ဘွားဘွားလည်း သိတာပဲ၊ အဲဒီအချိန်မှာ နင် တစ်ယောက်ယောက်နဲ့ ချိန်းတွေ့နေရင် ဦးမင်းမင်း ပြန်တဲ့ အချိန်မှာ နင်တို့ကို ခြံဝမှာ မိနေမှာပေါ့ ...

ဦးမင်းမင်း ပြန်သွားပြီးမှ ချိန်းတွေ့တာဆိုရင်လည်း နင့်မှာ ဒီလောက် စံပယ်ဖူးတွေ အများကြီး ခူးထားနိုင်ဖို့ အချိန်မှ မလောက်တာ၊ စံပယ်ချုံတွေက ဒီဘက်မှာသတ်သတ်၊ ခြံတံခါးဝက ဟိုဘက်မှာပဲ၊ အို ... သိနိုင်စရာတွေ အကြောင်း အများကြီးပါဟာ"

အလွမ်းသည် ဝမ်းနည်းလာရင်း ...

"ဘွားဘွား ဒါတွေသိတယ်လို့ မကြူ ဘယ်လိုလုပ် သိတာလဲ"

"ဘွားဘွား ပြောတာပေါ့ဟ"

"ဟင် ... ဘွားဘွားက ဘယ်လိုပြောလဲ"

"နင့် စံပယ်ဖူးတွေ ဗန်းနဲ့ကပ်နေရင်းက ကောင်မလေး ကလည်း နှုတ်ကြီးကိုပိတ်ပြီး နေတာကိုးတဲ့၊ အင်းလေ ... သူလည်း ဒီဟာမကို ကြောက်ရှာတယ် နေမှာပေါ့၊ ငါ တောင် ကြောက်ရသေးတာပဲကိုးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



အလွှမ်းသည် ဒီမနက် အဘွားကို မျက်နှာချင်း မဆိုင်ရဲဘဲ ဖြစ်နေရတာအတွက် ရင်ထဲ ငြိမ်းချမ်းရှင်းလင်းသွား ပါသည်။ အလွှမ်း အဖိုးရာ့ ဘွားကို ရှင်းလည်းမပြရဲပါ။ အလွှမ်း ကို ဘွား အထင်လွဲ အထင်သေးနေမှာကိုလည်း မခံစားနိုင်ပါ။ ထို့ကြောင့် ဘွားထံ ဆွမ်းတော်ဗန်းကိုပင် သွားမပို့ဖြစ်တာ။

"ငါလည်း သိတာပဲ"

"မကြူလည်း သိတယ်"

"ငါက မြင်နေရတာကိုး၊ ထမင်းစားခန်းက ခြံဝနားကို တည့်တည့် အမြင်ရဆုံးလေ၊ ထမင်းစားခန်းမီး လာပိတ် ရင်းနဲ့ ပြတင်းပေါက်ကနေ ငါက ရှင်းရှင်းကြီးကို မြင်နေ ရတာ အဟီးဟီး၊ သူတို့ ဖက်နေတာရော၊ နင်ပုထိုင်နေ တာရောပေါ့"

အလွှမ်းက စားပွဲဝိုင်းပုနားက ဖင်ထိုင်ခုံလေးတစ်ခု မှာ ဝင်ထိုင်လိုက်ပါသည်။

"မြင်ရက်သားနဲ့များ ဝင်မပြောဘူးလို့ နင် အပြစ်မပြော ဘူး မဟုတ်လား"

"ပြောပါ့မလား မကြူရယ်၊ ကာယကံရှင် ကိုယ်တိုင်တောင် သူ့အပြစ်ကို ဖွင့်မဖော်ရဲတဲ့ဟာ၊ ရှိပါစေ မကြူရယ် ဘွားဘွားရော မကြူရော သိတယ်ဆိုရင် အလွှမ်း စိတ် ချမ်းသာလှပါပြီ"





ကြူကြူက အလွှမ်း မျက်နှာကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းမဲ့ရင်း ...

"လက်သံကတော့ ဘာပြောင်သလဲ မမေးနဲ့၊ နင့်မျက်နှာ ဘယ်ဘက်တစ်ခြမ်းက ရောင်ကိုင်းပြီး စိမ်းစိမ်းကြီးကို ဖြစ်နေတာပဲ၊ နင် မှန်ကြည့်ပြီးပြီလား"

"ဟင့်အင်း၊ မကြည့်ရသေးပါဘူး၊ ကြည့်လည်း မကြည့် ချင်ပါဘူး မကြူရယ်"

"နင် မျက်နှာသစ်ပြီး မှန်မကြည့်ခဲ့ဘူးလား"

"ဟင့်အင်း"

"မျက်နှာသစ်ပြီး မျက်နှာသုတ်ပဝါနဲ့ ကမန်းကတန်း ပွတ်ထွက်လာတာတောင် နင်က ဒီလောက်လှနေတာ၊ ဒီတော့ နင့်ကို မမနွေ မျက်မုန်းကျိုးတာ ဘာဆန်းလဲ"

"ဟာ ... မကြူကလည်း အရေးထဲမှာ"

"ဟုတ်တယ်လေ၊ နင့်တစ်သက် နှုတ်ခမ်းနီ တစ်ကြိမ်တောင် ဆိုးဖူးလို့လား၊ မျက်ခုံးမွေး တစ်ပင်တောင် နုတ်ဖူးလို့လား၊ မိတ်ကပ်ဆိုတာ သူ့ဘူးတွေ သိမ်းပေးတုန်းပဲ မြင်ဖူးကိုင် ဖူးတာ၊ ဒါတောင် နင်က အရမ်းလှနေတာကိုးဟဲ့။ ဒါကြောင့် နင့်ကို သနပ်ခါး ထူလပိန်း လိမ်းရမယ်လို့ အမိန့်ချမှတ် တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မကြျူကိုကျရင် သူ ဒီလောက် မတင်းကျပ်ဘူးနော်၊ အလွမ်းကိုတော့ သူ မုန်းကို မုန်းတာပါ မကြျူရယ်"

"မုန်းမှာပေါ့၊ နင်က ဘာလို့ လှသေးလဲ၊ ငါက လှမှမလှတာ၊ နင် ရောက်ကာစ,က တစ်ခါမှာ ကိုခေါင်က မမနွေကို ပြောတယ်ဟဲ့၊ ဆုနွေ ညီမလေးက တော်တော်ချောတာပဲကွတဲ့၊ ဟား ... မမနွေ ဒေါ်တွေကန်တာ ဘာပြောကောင်းမလဲ၊ ဒီလို အရောဝင်စကားမျိုး လုံးဝမပြောနဲ့ မကြိုက်ဘူးတဲ့၊ သူ့ညီမကို ကောင်းတာ ဆိုးတာ ဘာမှ မပြောနဲ့၊ ကောင်းလား ဆိုးလားလည်း အကဲမခတ်နဲ့၊ အရောကို သွားမဝင်နဲ့၊ ကိုယ့်နေရာနဲ့ကိုယ် ကိုယ့်သိက္ခာနဲ့ကိုယ်နေတဲ့၊ ဟိုက နည်းနည်းရှက်သွားတာပေါ့၊ ဒါတောင် အဲဒါ နင် ဆယ်နှစ်တုန်းကနော် ...

နောက်တစ်ခါ အန်တီခင်နွှဲ့ သမီးလေး နှစ်နှစ်ပြည့် မွေးနေ့ပွဲလုပ်တဲ့နေ့ကလေ တစ်အိမ်လုံးကို အန်ကယ်ကားနဲ့ လာခေါ်တယ်မို့လား၊ အဲဒီနေ့က နင်ရော ငါရော အသစ်တွေ ဘာတွေ ဝတ်စားလို့လေဟယ်၊ အဲဒီနေ့ကကျတော့ ကိုကျော်စွာလေ၊ ဆုနွေ ညီမက တယ်လှပါလား၊ ဒီလောက်လှမှန်း သတိတောင် မထားမိဘူးတဲ့၊ သူ့လည်း မင်းသမီးဖြစ်အောင် တင်ပေးလိုက်ပါလားတဲ့၊ သူ့ပုံစံက ဆန်းပြီး မိုက်တာတဲ့၊ အဲဒီတုန်းက နင် ဆယ့်နှစ်နှစ်ကျော်ကျော်ရယ် ရှိသေးတာ၊ အရပ်ကတော့ ထွက်နေပြီလေ ...





အဲဒီတုန်းကလည်း ကိုကျော်စွာ့ကို အော်တာပဲ။ သူ့ညီမကို ကြည့်ရကောင်းလားပေါ့၊ နှာဘူးတဲ့။ အဲဒီနောက်တော့ တကယ် မင်းသမီးဖြစ်မှာစိုးလို့ နေမှာပေါ့၊ ဦးစစ်ပိုင်တို့ ဦးခင်မောင်ဆန်းတို့လို ကုမ္ပဏီပိုင်ရှင်တွေလာရင် နင် လုံးဝအိမ်ရှေ့မထွက်ရတာ ကြည့်ပါလား"

အလွမ်းသည် မကြျူကို တအံ့တသြ ငေးနေမိသည်။ မကြျူဟာ အတန်းသာ များများမရောက်ခဲ့ရတာ၊ ပါးတဲ့နေရာမှာတော့ တလှစ်လှစ်။ ကွက်ကျော်လည်း မြင်တတ်သလား မမေးနဲ့၊ အိမ်မှာ သူ မသိတာ မရှိလိုက်ရ။ မမနွေ ကျိတ်လုပ်သမျှလည်း သူ အကုန်ရိပ်မိသည်။ သို့သော် သူ့ကိုကြည့်လိုက်ရင် သွက်လက်ထက်မြက် ချက်ချာတယ် ထင်ရတဲ့ပုံ မရှိ။ သူ့အနေအစား ချောင်ချိ အဆင်ပြေဖို့ တဟီးဟီး တဟဲဟဲနှင့် အရူးအပေါလိုပဲနေသည်။

"တစ်အချက်က နင်လှတာပဲ၊ နင့်က အပျိုသေချာမပေါက်ခင်ကတည်းက စပ်ကူးမတ်ကူး ကလန်ကလားပုံနဲ့ကတည်းက ထူးဆန်းဆန်းဆန်း လှတယ်၊ နင့်ရုပ်က အရမ်းထူးခြားတယ်၊ နင့်မျက်လုံးဟာ ပြောပြလို့မရတဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့ ပြည့်နေတယ်"

"တော်ပါ မကြျူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်အချက်က နှင်က အမျိုးရင်းလေ၊ ဘွားဘွားနဲ့ သူ တော်သလို ဘွားဘွားနဲ့ နှင်နဲ့ တော်တယ်၊ သူနဲ့ တန်းတူပဲ၊ နောက်မှ ရောက်လာလာ အစကတည်းက တူတူပဲ နေနေ သွေးရင်းတဲ့ အမျိုးက အမျိုးပဲ၊ ငါက အမျိုးနီးစပ်၊ အဝေးကြီး၊ ဝမ်းတွေအများကြီးကွဲတာ၊ အမျိုးမခေါ်ရင်တောင် ရတယ်၊ ဒီတော့ ငါ့ကို သူက ဂရုစိုက်စရာလား အလွမ်းရဲ့၊ နှင့်ပဲ ဂရုစိုက်စရာပေါ့"

"အလွမ်း သူ့ကို မယှဉ်ပါဘူး မကြူရယ်"

"နှင်ယှဉ်ယှဉ် မယှဉ်ယှဉ် သူ ယှဉ်တယ်လေ၊ အရွယ်မတူခင်ကတည်းက ယှဉ်ခဲ့တာ၊ ခုဆို နှင်ကလည်း အပျိုကလေး ဖြစ်လာပြီ၊ ပိုတောင်ယှဉ်တော့မှာ၊ ဒီကနေ ရှေ့လျှောက် မနေ့ညကထက်ဆိုးတဲ့ ပြဿနာမျိုးတွေ နှင် အများကြီး ထပ်ကြုံတွေ့ရဦးမှာပဲ အလွမ်းရဲ့"

အလွမ်းသည် ဘူးသီးတုံးတွေကို ရေဆေးကာ တစ်ရေနူးသွားပြီဖြစ်တဲ့ ကြက်သားအိုးထဲ ထည့်လိုက်ပါသည်။ မမနွေက ဘူးသီးကို နူးမြည့်တာ ကြိုက်သည်။

"နောက်တစ်ချက် ရှိသေးတယ်၊ နှင်က ခုဆို ကိုးတန်းတောင် ရောက်လာပြီ၊ နောက်နှစ် ဆယ်တန်းပဲ၊ သူ့ကိုမီပြီလေ၊ နှင် အောင်သွားရင် သူ့ကို ကျော်တက်သွားဖို့ပဲ ရှိတယ်လေ၊ သူက ဆယ်တန်းမှ မအောင်ခဲ့ပဲ"





"ဟင် ... မမနွေက ဆယ်တန်း မအောင်ဘူးလား"

"နှင် မသိဘူးလား"

"ဟင့်အင်း"

"အေးပေါ့ ... အိမ်မှာ ဘယ်သူမှမှ မပြောကြရတာ၊ နှင် ဘယ်သိမလဲ"

"ကိုခေါင်တို့ ကိုကျော်စွာတို့က အလွမ်း ဒီရောက်တော့ တက္ကသိုလ်ကျောင်းသားတွေပဲ ရှိသေးတယ်လေ၊ ဒါကြောင့် မမနွေကိုလည်း တက္ကသိုလ်ကပဲ ထင်တာ၊ သူက စောများ ပြီးသွားလားလို့ပေါ့"

"ငါရောက်ပြီးတဲ့ထိ ဆယ်တန်းပြန်ဖြေတုန်း၊ နှင် ဒီမရောက်ခင်တစ်နှစ် ရွာမှာ ငါးတန်းမနေလိုက်ရဘဲ ထွက်နေရတဲ့ နှစ်က ဆယ်တန်းစာမေးပွဲကျတာ နောက်ဆုံးပေါ့၊ ဆက်မဖြေတော့တာ၊ အဲဒီတော့ အလွမ်းရေ နှင် ဆယ်တန်းဖြေတဲ့နှစ် ကျရင်တော့ နှင်ကြပ်ကြပ်သာ သတိထား ဆက်ဆံပေတော့၊ ပြောရတာတော့ မကောင်းပါဘူး အလွမ်းရယ်"

မကြူက မရမ်းသီးသုပ်ဖို့ ဆက်လက်လှီးချွတ်နေသည်။ ဒီကနေ့ မမနွေ အတွက် ရှုတင်ယူဖို့ ထမင်းချိုင့်ကို မမနွေ အကြိုက် ဟင်းတွေချည်းဖြစ်သော ငါးဖယ်ခြစ်ဆီပြန်၊ ကြက်သားနဲ့ ဘူးသီးဟင်း၊ မရမ်းသီးသုပ်တို့ ထည့်ပေးဖို့ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထားပါသည်။ မမနွေ့ရဲ့ အလှပြင်ဆရာမ ရောက်လာကာ ခုလောက်ဆို လိမ်းနေကြပြီ။ ထမင်းစားပွဲမှာ ကြီးကြီးတင် ကော်ဖီလာငှဲ့ယူကာ အပေါ်ထပ် တင်သွားသံ ကြားသည်။

ချိုင့်အသင့် ထည့်ထားရတော့မည်မို့ အလွမ်း မယ်လမင်း ငါးဆင့်ချိုင့်ကြီးကို ထုတ်၍သုတ်ရပါသည်။ ချိုင့်ထည့်ပြီးမှ အလွမ်း ရေမိုးချိုး သနပ်ခါးလိမ်းကာ ထမင်းစား၍ ကျောင်းသွားဖို့ ပြင်ရမည်။ အလွမ်းတို့ကျောင်းဟာ အိမ်နှင့် မနီးမဝေး။ လမ်းလျှောက်ရလျှင်တော့ လှမ်းသော်လည်း အလွမ်းက လမ်းလျှောက်၍ပဲ သွားသည် ပြန်သည်။

"အလွမ်း ရေချိုးတော့မယ် မကြို"

"နင် ဒီနေ့ ကျောင်းသွားမလို့လား"

"သွားမှာပေါ့၊ ဘာဖြစ်လို့လဲ မကြို"

"နင့်မျက်နှာကြီးက သိသိသာသာ ဖြစ်ပျက်နေတာ"

"ဘယ်တတ်နိုင်မလဲ မကြိုရယ်၊ ကျောင်းတစ်ရက် အလကား ပျက်နေဦးမယ်၊ သနပ်ခါးအထူကြီး လိမ်းမှာပဲဟာ"

သို့သော် သနပ်ခါးအထူကြီး မလိမ်းရခင် လူမြင်စရာက ဖြစ်လာပါသည်။ အောက်ထပ်ကရေချိုးခန်းထဲမှာ ရေချိုးပြီး အဝတ်အစားအပြည့်နှင့်ပင် ပြန်ထွက်လာတဲ့ အလွမ်းသည် ...

"အလွမ်း ... ဟဲ့ ... မိလွမ်း၊ အမယ်လေး အာပေါက်လှပါပြီ"





အပေါ်က ကြီးကြီးတင်ရဲ့ အဆက်မပြတ် ခေါ်သံ အော်သံကြောင့် အဝတ်စိုထပ်ထပ် မျက်နှာရေစက်လက်နှင့်ပင် အပေါ် ပြေးတက်ခဲ့လျှင် ...

"ခေါ်လိုက်ရတာ နင် ဘာလုပ်နေလဲ"

"ရေချိုးနေတာ ကြီးကြီးတင်"

"အမယ်လေး ... ခိုင်းစရာက ရှိသေးတာ၊ သူက သူ့ကိစ္စအရင် ရှေ့တန်းတင်နေတယ်၊ ဒီမှာ မိကြို မအားဘူး၊ မီးပူတိုက်နေရတယ်၊ ရော့ ... ဒီတစ်အိတ် ကားပေါ်သွားတင်၊ မောင်ခေါင် ရောက်နေပြီ၊ မောင်ခေါင့် ကားနော်၊ အိမ်ကကားက မကောင်းပြန်ဘူး၊ မောင်ခေါင့် ဖုန်းဆက်ခေါ်ရတယ်၊ ဒီမှာ လူကြီးတွေက ဂျင်ခြေလည်နေတာ သူကဖြင့် စိမ်ပြေနပြေ ရေချိုးနေနိုင်တယ်"

မမနွေ့ အခန်းတံခါး ဖွင့်ထားတာမို့ အခန်းထဲက မမနွေ့ အသံပါ ထွက်လာပါသည်။

"ရေချိုးရင်လည်း မပြီးဘူးလေ၊ တစ်ခါတည်း ရေကြာကြာချိုးရင် သူ့ကိုယ်ပေါ်က ဂျီးတွေက စိန်ပွင့်မယ်များ မှတ်နေလား မသိဘူး၊ ဒီနေ့ စောစောသွားရပါမယ်ဆိုမှ သူ့ကိုခိုင်းဖို့ရှာနေရတာက အချိန်ပိုကုန်သေးတယ်၊ ပြီးရင် ငါ့ခါးပတ်တွေ လာရှာပေးဦး၊ နင့်ကျောင်းက နောက်ကျလို့တစ်ရက်ပျက်ရရော ဘာဖြစ်သွားမလဲ၊ မပြောလိုက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အလွှမ်းသည် လှေကားထိပ်မှာ ကြီးကြီးတင် ဘုန်းဆို ပစ်ချလိုက်တဲ့ လက်ဆွဲအိတ် တစ်အိတ်ကို အပြေးတက်ယူလိုက်ရပါသည်။

"အခန်းထဲမှာ ဓာတ်ညွှန်းစာရွက် လာယူဦး၊ ငါကျက်ရမဲ့စာရွက်"

မမနွေ အသံကြောင့် သူ့အခန်းထဲ ပြေးဝင်ကာ ဓာတ်ညွှန်းစာရွက် ယူရသည်။

"နင့်ကိုယ်က ရေစက်ရေပေါက်တွေနဲ့ စိုပြီး စုတ်ဦးမယ်"

ခါတိုင်းဆို ဒါတွေ အလွှမ်း အားလုံးအသင့်ပြင်ပြီးသား။ ညကတော့ အရိုက်ခံရပြီး မကြူနိုင်တွဲကာ အခန်းထဲတန်းဝင်သွား၍ ဒါတွေ မပြင်ဆင်လိုက်ရ။ ညကကိစ္စကို မမနွေသည် သူ့လီဆယ်မှုနှင့်သူ့ရဲ့အစမဖော်။ တကယ်သာ အလွှမ်း ချိန်းတွေ့တာမှန်လျှင် ဒီမနက် ဒီလိုဘယ်နေပါ့မလဲ။ ကျောင်းတောင်တက်ရတော့မှာ မဟုတ်။

"ဟဲ့ ... သမီး၊ နင့် မျက်ခွက်ကြီး ဘာဖြစ်တာတုံး"

အလုပြင်သူက ရင်းနှီးနေ၍ လှမ်းမေးလိုက်ပါသည်။ အလွှမ်း မဖြေပါ။ ဘယ်လိုဖြေရမှာလဲ။ မမနွေ ပါးရိုက်တာလို့ဖြေလျှင် ထပ်ရိုက်ခံရမှာ ဖြစ်သည်။ ဒါကိုတော့ မမနွေကလည်း ဘာမှ ဝင်မဖြေ။ မသိကျိုးကျွန် မကြားနိုးနား လုပ်နေသည်။





"စာရွက်ကို အိတ်ထဲသေချာထည့်၊ ကားပေါ်သွားတင်၊ သွားတော့၊ သယ်တင်စရာ ရှိသေးတယ်၊ ခေါ်သံကို နားစွင့်ထားဦး"

အလွှမ်း အိတ်ရဲ့ဘေးဇစ်ထဲ ဓာတ်ညွှန်းစာရွက်ထည့်ပြီး အိတ်ကိုဆွဲကာ ဆင်းခဲ့သည်။ အိမ်ပြင်ထွက်လိုက်တော့ ပေါ်တီကိုအလွန်လေးမှာ နေရိပ်တွင် ကိုတော်ဖုန်းခေါင်ရဲ့ကားရပ်ထားတာ မြင်သည်။ ကားနံဘေး သူရပ်နေတာမို့ အခုမှပဲ အလွှမ်း စိတ်ထဲ သိမ်ငယ်သော ရှက်စိတ်တစ်မျိုးနှင့် ကိုယ်မျက်နှာကို သူမြင်သွားမှာစိုးကာ ခေါင်းကြီး ငုံ့ချလာပါသည်။

အိတ်ကြီးကို ခါးစောင်းကာ တနင့်ကြီး ဆွဲလာတဲ့ အလွှမ်းကို သူက ...

"အလွှမ်း ... လာ သမီး၊ ဒီနောက်ဖုံးထဲထည့်"

ကားကို ပတ်လျှောက်လာကာ နောက်ဖုံးကို သော့နှင့် လာဖွင့်ဖို့လုပ်သည်။ သဘောဆိပ်က ကြိုလာကတည်းက ဒီမ်ညှက်ညှက် ညစ်ပေပေ ကောင်မလေးကို "သမီး"လို့ ခေါ်ဖူးစ ရှိခဲ့သော တော်ဖုန်းခေါင်သည် နေ့ဒင်လည်း အလွှမ်းလို့ခေါ်ရင်း တစ်ခါတစ်ရံ သမီးလို့လည်း နှုတ်ကျိုးကာ ညှပ်သုံးမိတတ်သည်။ သေးနှစ်ကျော် ငါးနှစ်နားနီး ဤအိမ်မှာ တစ်လနှစ်ကြိမ် သုံးကြိမ် ဝင်ထွက်နေခဲ့သော်လည်း တော်ဖုန်းခေါင်နှင့် အလွှမ်း ဝါကျပြည့် ညည်လျှားလျှား စကားမပြောဖူးသေးတာ အမှန်တည်း။



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းထံမှတော့ "ဟုတ်ကဲ့"ဆိုတဲ့ စကားလုံးက လွဲပြီး တော်ဖုန်းခေါင် ဘာစကားမှ လက်မခံရစဖူးပေ။ သူ့ဘာသာသူ အိမ်သားတွေနှင့် ပြောတာ ဆိုတာတော့ မလှမ်းမကမ်းမှ ကြားဖူးပါသည်။ သူကသာ အလွမ်းကို ခုနလို ဝါကျအနည်းငယ်ရှည်သော စကားမျိုးတွေ လှမ်းပြောဖူးသေးသည်။ အလွမ်းထံကတော့ ခေါင်းညိတ်ခြင်းနှင့် "ဟုတ်ကဲ့"ကိုသာ ရပါသည်။

အကြာကြီးလည်း မျက်နှာချင်း မဆိုင်ဖူးခဲ့။ ကောင်မလေးကိုက သူ့ကိုတွေ့လျှင် လှစ်ခနဲ ရှောင်ရှားပျောက်ကွယ်သွားတတ်တာ သူ သတိထားမိပါသည်။ ကျီးပေပေ စုတ်ပြတ်ပြတ်ကလေးတုန်းကတည်းက တစ်မျိုးလေး ထူးခြားတဲ့ ကောင်မလေးရဲ့ ရုပ်လက္ခဏာဟာ တစ်နှစ်ပြီးတစ်နှစ် ပြောင်းလဲထွန်းပလာခဲ့တာ သူ ခပ်လှမ်းလှမ်းက သိနေသည်။

စကားပိုမပြော၊ အလုပ်တွေလက်နဲ့မပြတ်တတောက်တောက် လုပ်နေတတ်ကာ မျက်နှာပိုးကလေး ပိရိကျနေရလှတဲ့ အလွမ်းကို သူ့စိတ်ထဲက အမြဲပဲ နှစ်လိုချီးမွမ်းမိကာ ကရုဏာသက်တဲ့စိတ် ရှိခဲ့ပါသည်။ ခါးလေးကိုင်းပြီး ဖြတ်သွားတတ်တာ ခေါင်းကို ငုံ့ချထားတတ်တာ စသဖြင့် ကျိုးကျိုးနွံနွံ သူ့အမူအရာကလေးတွေ ကြားထဲမှာ တစ်ခါတစ်ရံ မျက်လွှာကို ဖြန်းခနဲ လှန်ကြည့်လိုက်တဲ့ အခါမျိုးမှာတော့ မျက်ဝန်းကျယ်ကျယ်လေးထဲ ခံစားမှုများစွာ ပြွတ်သိပ်ပေါင်းရုံး၍ မြင်လိုက်ရသလိုပင်။





"ပေး … ပေး … မြှောက်ရမှာ နိုင်ရဲ့လား"

"ဟုတ်"

နည်းနည်းဆွဲမ, ဒူးကွေးထိုးခံပြီး ဒူးပေါ်တစ်ဆင့်တင်၊ အဲဒီကတစ်ဆင့် ထပ်ပင့်မြှောက်၊ တစ်ဆင့်ပြီးတစ်ဆင့် သူ့ဟာသူ ရအောင်ထည့်နေတဲ့ အလွမ်းကို အမှတ်တမဲ့ ရပ်ကြည့်နေရင်း မျက်နှာဆီ ဖျတ်ခနဲ အကြည့်ရောက်မိလျှင် …

"ဟင် … မျက်နှာမှာ ဘာဖြစ်တာလဲ အလွမ်း"

လူချင်း ပုဂ္ဂလိကသဘော မရင်းနှီးပေမဲ့ လေး,ငါးနှစ် မကြာမကြာ မြင်တွေ့လာရတဲ့ အတွင်းစိတ်ချင်း ရင်းနှီးမှုကတော့ အလိုလိုရှိနေရာ တော်ဖုန်းခေါင်က လွှတ်ခနဲ မေးလိုက်မိပါသည်။

ရေချိုးပြီးကာစ,ဘာမှ မရှိပဲ ဝင်းပြောင်နေတဲ့ ပါးပြင်ပေါ်မှာ ရောင်ကိုင်း စိမ်းပြာနေတဲ့ ဒဏ်ရာကြီးက ဒီလောက်သိသာထင်ရှားနေတာ။ ရောင်နေတော့ အရေပြားက တင်းနေကာ အရေပြားအောက်မှာရှိတဲ့ သွေးကြောတွေက စိမ်းညို့ပုပ်ရောင်ပြေးနေတာ။

"ဘာဖြစ်တာလဲဟင်၊ ရောင်နေတာ မနည်းပါလား၊ မျက်နှာ မှောက်လဲထားတာလား"

တော်ဖုန်းခေါင် စကားအဆုံးတွင် အလွမ်းသည် ခြံတံခါးကို ကားနောက်ဖုံးထဲ အောင်မြင်စွာထည့်လို့ ပြီးစီးပြီမို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမော့ကာ သူ့ကို ဖျတ်ခနဲ ကြည့်လိုက်ပါသည်။ ဘာကြော မှန်းမသိ ဝမ်းနည်းစိတ် ရင်ထဲပြည့်လျှမ်းသွားပြီး မျက်ရည်ဖေ လည်ချင်သလိုလိုဖြစ်ကာ ရင်ခွင်ထဲမှာ နာကျင်လာသည်။

ဒီလူဟာဖြင့် ကိုယ့်အပေါ် အမြဲကရုဏာ စေတနာ တဲ့လူလို့ မသိစိတ်ကပဲဖြစ်ဖြစ် ယုံကြည်သတ်မှတ်ထားမိတ ကြောင့် ဖြစ်မည်။ တစ်ခါတစ်ရံ အလွမ်း ပင်ပင်ပန်းပန်း လေ လေးပင်ပင် မောမောပန်းပန်း တစ်ခုခု လုပ်ကိုင်နေရတဲ့ အခါမျိ မှာ ကိုယ့်ကို တစ်ယောက်ယောက်က ကြည့်နေသလို အာရုံ အလိုလို သိစိတ်မျိုးနှင့် ရှာဖွေလိုက်မိလျှင် ကိုတော်ဖုန်းခေါင်ေ သနားကရုဏာမကင်းတဲ့ မျက်ဝန်းများနှင့် အမှတ်မဲ့ ရင်ဆိုင် တတ်သည်။

ဤအခါတွေမှာ သူက အားနာသလို ဖျတ်ခ အကြည့်လွှဲပစ်လိုက်သည်ပဲဖြစ်စေ၊ အားပေးခင်မင်သလို အပြုံးမျိ နှင့် တစ်ချက် လှမ်းပြုံးပြလိုက်သည်ဖြစ်စေ၊ အလွမ်းကတေ မပြုံးမရယ် ခပ်တည်တည်နှင့် မျက်နှာလွှဲပစ်လိုက်မိမြဲပင်။

ခုလည်း သူ့မျက်နှာဟာ တအံ့တသြ စိုးရိမ်မကင် နှင့် ...

"တစ်ခုခုနဲ့ ရိုက်မိထားသလိုပဲ"

အလွမ်းသည် နာနာကျင်ကျင်ပင် ပြုံးချင်သွားကာ

"ဟုတ်ကဲ့၊ တစ်ခုခုနဲ့ ရိုက်မိတာပါပဲ"





ပထမဆုံးအကြိမ် သူ့ကို စကားအရှည်ဆုံး ပြော မိတာပင်။ တော်ဖုန်းခေါင်ကတော့ သူ့ကို ပြေပြေပြစ်ပြစ် ပြန် ပြောတဲ့ အလွမ်းကြောင့် ‌ရှေ့ကိုဆက်ကာ ...

"ဘာနဲ့ ရိုက်မိတာလဲ"

အလွမ်းက ပိုလို့ပင် ရယ်ချင်လာသည်။ ဘာနဲ့ရိုက် မိတာလဲတဲ့။ မျက်နှာကို ရိုက်မိစရာ များများစားစား ဘာများရှိ လို့လဲ။ အုတ်နံရံကြီးနဲ့ အပြားလိုက် ရိုက်မိရမလား။ ကြမ်းခင်း ကျောက်ပြားကို ပါးတစ်ဖက်နဲ့ မှောက်ရက်ကြီး ရိုက်ပြီးကျရမှာ လား။

မချိပြုံးတစ်ခု အလိုလိုပြုံးမိကာ ...

"လက်နဲ့ပါ"

"ဘာ ..."

အလွမ်းက သူ့အရှေ့က လှည့်ထွက်ကာ အိမ်ထဲ ပြန်ဝင်ခဲ့ပါသည်။ သူကြားပါတယ်။ နားမရှင်းလို့သာ "ဘာ"လို့ မေးဝေါ ဖြစ်သွားတာ။ ဟုတ်တယ်လေ ... လက်နဲ့ရိုက်မိတာပဲ ဟုတ်လား။ အလွမ်းက အိမ်ပေါ်ထပ်ကို ပြန်တက်ခဲ့ကာ အောက်ထပ် တစ်အိတ်သယ်ဖို့ ပြင်သည်။

"အိတ်လေးတစ်အိတ် ကားပေါ်သွားတင်တာ အဲသလောက် ကြာစရာလား၊ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်း မဖြေ။ ဖြေစရာလည်း စကားမရှိ။ မေးခွန်း တစ်ခုကို အဖြေထွက်မလာပြန်တော့လည်း အမြင်မှာ ရှိုင်းရာက ပြန်သည်။ မမနွေဟာလည်း အဖြေကို မျှော်စောင့်၍ မေးတာ မဟုတ်။ ထုံးစံမပျက် မြည်တွန်တောက်တီးလိုက်တာသာ။

“လိမ်လိမ်မာမာနေ သမီးရေ၊ သမီး ဒီမှာနေရတာ ဘယ် လောက်ကောင်းလဲ ဟုတ်လား၊ ကောင်းကောင်းစားရတယ် ကောင်းကောင်းဝတ်ရတယ်၊ ကျောင်းလည်းနေရတယ် တောမှာဆို ဘာမှ လူတစ်လုံး သူတစ်လုံး ဖြစ်မှာမဟုတ် ဘူး၊ သမီးက ငယ်သေးတယ်၊ လူကြီးဆုံးမတာ သမီး ကောင်းဖို့၊ နားထောင်နော် မမိုက်နဲ့ ... ဟုတ်လား”

အလှပြင်တဲ့သူက ဆုံးမစကား ဝင်ပြောပြန်ပါသည်။ နေရင်းထိုင်ရင်းတော့ ဘာမှ ဆုံးမစကားပြောနေဖို့ အကြောင်းမရှိ အလွမ်း အောက်ဆင်းသွားတုန်း အလွမ်း မျက်နှာယောင်ကိုင်း ခြင်း အကြောင်းရင်းအဖြစ် မမနွေတို့ ကြီးကြီးတင်တို့က ဘယ်လို ပြောပြလိုက်ပြီ မသိ။ သူတို့ တစ်ခုခုပြောလို့သာ ခုလို မိတ်က သမားက တရင်းတနှီး ဝင်ဆုံးမတာပင်။ ရှိပါစေ။ ဘယ်လိုတွေ ပြောပြော ဘယ်လိုတွေ နားလည်နားလည်။ အလွမ်း ဘာမှမပြော ချင်။ ပြောဖို့လည်း အခွင့်မရှိ။ စိတ်ထဲမှာလည်း ဟုန်နေထုံနေပြီ

“အကောင်းပြောလို့ အကောင်းမှတ်တာ မဟုတ်ဘူး၊ မျက်နှာ က ပြန်မပြော နားမထောင်ရပ်လေ မတွေ့ဘူးလား”





“ဒီလိုပါပဲ ဆုံနွေရယ်၊ ကလေးကိုး၊ ကလေးပဲ ရှိသေးတယ် နော် သမီး၊ တောင်တောင်အီအီ လျှောက်မလုပ်နဲ့ ... ဟုတ်လား”

ဟုတ်လား ... ဟုတ်လားနှင့် ပြောနေတဲ့ မိတ်ကပ် သမားဟာ သဘောကောင်းတဲ့သူ တစ်ယောက်တော့ ဖြစ်ပါသည်။ ဘာမှလဲ မသိဘူး။ ပြေရာပြေကြောင်း ပြောနေလိုက်တာ။ အလွမ်း သည် “ဟုတ်ဘူး” “ဟုတ်ဘူး”လို့ ရှုံ့ပြောချင်လာကာ ကိုယ့် ခေါင်းကိုကိုယ် ရယ်ချင်မိသည်။

နောက်ထပ်အိတ်တစ်လုံးဆွဲကာ အိမ်ထဲက ထွက်လာ တဲ့ အလွမ်းကို မြင်လျှင် တော်ဖုန်းခေါင်သည် ခြေလှမ်းကျဲ လွှားလွှားနှင့် ရှေ့တိုးလာကာ အလွမ်းလက်ထဲက အိတ်ကိုဆွဲ သည်။ “ပေး”ဆိုလျှင် မပေးပဲနေမည်ဖြစ်တဲ့ အလွမ်းမှာ လက်ထဲက ဖွတ်ယူဆွဲတော့ ဘာမှမပြောသာ။ ကားအနားရောက် သည်တွင် အလွမ်း လက်ထဲကအိတ် သူ့လက်ထဲ ပါသွားသည်။

အိတ်ကိုသာ ဆွဲနေ သယ်နေသည်။ တော်ဖုန်းခေါင် မျက်ဝန်းများက အလွမ်းထံမှာ။ စူးစူးစမ်းစမ်း ကြည့်နေရင်း ...

“မင်း ဘာလုပ်လို့လဲ”

အဆက်အစပ်မရှိ မေးချလိုက်လေသည်။

“အမတ်ကြီး သူ့ချည်းသာလော”ဆိုတဲ့ ဘုရင်ကို အားနှင့်ပါ ဘုရား”လို့ ဖြေသလိုပင် အလွမ်းကလည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်စကားစ,ကို ဆက်မေးတာ သိနေတာမို့ ခေါင်းကို ခါယမ်းလိုက်ရင်း ...

"အလွမ်း ဘာမှ မလုပ်ဘူး"

"ဘာမှ မလုပ်ဘဲနဲ့တော့ ဘယ်ဖြစ်နိုင်မလဲ"

အလွမ်းသည် တော်ဖုန်းခေါင်ကို ခေါင်းလေးစောင်း၍ မော်ကြည့်လိုက်ကာ ...

"ကိုကြီးခေါင်ကို မမနွေ့ ပြောပြမှာပါ၊ မေးကြည့်လိုက်ပေါ့"

အလိုလိုပင် ကိုကြီးခေါင်လို့ ခေါ်လိုက်မိသည်။ မမနွေ့က "ခေါင်"တဲ့။ ကြီးကြီးတင်တို့ ဘွားဘွားတို့က "ကိုခေါင်" "မောင်ခေါင်"တဲ့။ အလွမ်းထက်တော့ သူက အများကြီး ကြီးတာပဲ။ သူက မမနွေ့ထက်တောင် တစ်နှစ်ကြီးတယ်တဲ့။ မမနွေ့ကတောင် အလွမ်းထက် ဆယ်နှစ်နဲ့ လစွန်းကြီးသေးတာပဲ။ ကြိုတင်စိတ်ကူး ရည်ရွယ်ထားခြင်း မရှိပဲ ထိုနာမ်စားက နှုတ်မှ ပြေပြေပြစ်ပြစ် ချောချောမောမော ထွက်သွားရတာပင်။

"ကိုယ်က မင်းကို မေးနေတာပါ ညီမလေးရဲ့၊ သူ့ကိုမေးချင် မေးမယ်၊ မမေးချင် မမေးဘူး၊ အခု မင်းဆီက သိချင်လို့ မေးနေတာ"

အလွမ်းသည် ခြေစုံရပ်၍ မျက်ရည်ရစ်ဝိုင်းလာကာ ...

"အလွမ်း မပြောချင်ပါဘူး"





ဘာကြောင့်များ လှည့်ထွက်မသွားမိသေးပဲ သူ့အနား ခြေစုံဆက်ရပ်နေမိတယ် မသိပါ။ အလွမ်း ရင်ထဲတွင် ဘယ်တုန်းမှ ဘယ်သူ့ကိုမှ လှစ်ဟပြလို့ မရခဲ့တဲ့ ရင်ဖွင့်စရာ နာကျင်မှုများ ပြည့်သိပ်မွန်းနစ်နေသည်။ မကြူနှင့်တောင်မှ အလွမ်းသည် ...စအရာရာ ရင်မဖွင့်ဖြစ်ပါ။ အလွန့်အလွန် ရှားပါးလှစွာ နှစ် ...မ် သုံးကြိမ်ထက်ပို၍ မပြောဆိုဖြစ်ဖူးခဲ့။

မကြူ ပြောဆိုညည်းညူသမျှကိုသာ ကိုယ့်ဘက်က ...ထောင်သမားလုပ်ကာ ကြားနာပေးခဲ့သည်။ မကြူကို ဘာမဆို ...ဖွင့်လို့ ရနိုင်ပေမဲ့ ဘာကြောင့် ပြောချင်စိတ် မရှိသလဲဆိုတော့ ...ကြူဟာ ဘာမှတတ်နိုင်တဲ့သူ အစွမ်းအစရှိတဲ့သူ ကူညီနိုင်တဲ့သူ ...တ်တာ ဘာအကြောင်းမှ မထူးတာကို သိနေ၍ပါပဲ။ ရင်ပေါ် ...ားရုံပင် ပြောမနေချင်တော့။

အခုတော့ ...။

အလွမ်းသည် နှစ်ဆယ့်လေးနာရီ တစ်ရက်တာ ...ာက်သော အချိန်သီးသီးသန့်သန့် တစ်ဆက်တည်း ရမည်ဆို ...င် ကိုတော်ဖုန်းခေါင်ကို အစမှအဆုံး ဝမ်းပန်းတနည်း အားကိုး ...ကြီး ရင်ဖွင့်ပြောပစ်လိုက်ချင်တဲ့ ဆန္ဒမျိုး ရင်ထဲမှာ အလုံးအရင်း ...ည်လာသည်။ ရင်ထဲမှာ ပြည့်ကယ်နေပြီ။ ငါးနှစ်လောက် ...င်ကျင့်ခံခဲ့ရတာ၊ ရက်စက်စွာ အပြောအဆို အရိုက်အနက်ခံ ...တာ၊ အနှိမ်ခံခဲ့ရတာတွေ။ စာကျက်နေပြီဆိုလျှင် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းစရာမရှိတာတောင်မှ သူ့ကို ခေါ်နိုပ်ခိုင်းထားတတ်တဲ့ မမရွှေရဲ့အနိုင်ကျင့်ပုံမျိုးကြောင့် နောက်တစ်ရက် စာမေးပွဲရှိတဲ့ အလွမ်းမှာ သူ မသိအောင် ကျိတ်ငိုရဖူးတာတွေ၊ ပြောရမယ် ဆိုရင် အများကြီး အများကြီးမို့ နှစ်ဆယ့်လေးနာရီတောင်မှ အချိန်လောက်ပါ့မလား မသေချာ။

ဘာကြောင့် ကိုတော်ဖုန်းခေါင်ကိုမှ ရင်ဖွင့်ချင်စိတ်ပေါက်ရတာလဲ။ သူဟာ ကိုယ်နှင့်စာလျှင်တော့ အများကြီးပိုဟုတ်တဲ့ အမြင့်တစ်နေရာက လူဆိုတာ သေချာလို့၊ သူ့မှာ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း၊ စာနာနားလည်နိုင်စွမ်းတွေ ပြည့်ဝမည်ဟု ယုံကြည်လို့၊ လိုအပ်လို့ရှိခဲ့ရင် တစ်စုံတစ်ရာသော ရပ်တည်မှုမျိုးနှင့် တရားမျှတမည်ဟု အားကိုးလို့။ ကိုတော်ဖုန်းခေါင်နှင့် ပတ်သက်ပြီး အလွမ်း စိတ်ထဲမှာ အထင်ကြီး လေးစားမှုဟာ အတိုင်းအတာ အထုအထည် ကြီးကြီးမားမားတစ်ခုအဖြစ် ရှိနှင့်နေသည်။

ဘယ်တုန်းကတည်းက ရှိနေတာလည်း မသိပါ။ လောလောဆယ် တစ်ထိုင်တည်းမှာ ဒါကို ရုတ်ခြည်းသိမြင်နားလည်လိုက်တာ။

ဒါကြောင့်လည်း သူဟာ အလွမ်းနဲ့ မရင်းနှီးတဲ့ သူစိမ်းယောက်ျားကြီးတစ်ယောက် ဖြစ်ပါလျက် သူ့ရှေ့မှာ အလွမ်း ငိုချင်လာတာ။

"မပြောချင်လို့ မရဘူး၊ ပြောလေ"





အလွမ်းက သူ့ကို သတိလက်လွတ် ခဏမျှ စိုက်ကြည့်နေပြီးမှ ခေါင်းယမ်းကာ ရုတ်တရက် လှည့်ထွက်လိုက်သည်။

"ဟော့ ..."

ကိုတော်ဖုန်းခေါင်က အလွမ်းရဲ့ လက်မောင်းတစ်ဖက်ကို လှမ်းဆွဲထားလိုက်ပါသည်။ ထိုလက်မောင်းမှ ဆွဲအားနှင့် အလွမ်းကို ဒီဘက်ပြန်လှည့်စေကာ ...

"ကိုယ် သူများအိမ်တွင်းရေးကိစ္စကို စပ်စုနေတာ မဟုတ်ဘူးနော်၊ စိတ်ထဲမှာ ဘယ်လိုမှ လက်ခံလို့မရတဲ့ ကိစ္စကြီးဖြစ်နေလို့၊ မင်း ဘာမှမလုပ်ဘူးဆိုရင် ဘာဖြစ်လို့ ခုလောက်ထိအောင် ..."

လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ ပခုံးကိုတွန့်ပြီး ပြောနေတဲ့ ကိုတော်ဖုန်းခေါင် မျက်နှာပေါ်မှာ နားမလည်နိုင်တာတွေ လက်မခံနိုင်တာတွေ မယုံကြည်နိုင်လောက်အောင် ဖြစ်နေတဲ့ အရိပ်အယောင်များ ယှက်သမ်းနေသည်။ နုနယ်တဲ့ မိန်းကလေး ငယ်တစ်ယောက် ပါးတစ်ခြမ်းယောင်ကိုင်း စိမ်းရောင်သမ်းနေလောက်အောင်ရိုက်ပစ်ဖို့ ခိုင်လုံတဲ့အကြောင်းပြချက်ကို သူ သိချင်နေသည်။

အကြောင်းပြချက် မခိုင်လုံဘူးဆိုရင် လူလူချင်းအကြားမှာ မိန်းကလေးငယ် တစ်ယောက်အပေါ်မှာ ဤကိစ္စမျိုး ဖြစ်ပွားရန် မသင့်။ သူ့ အံ့အားသင့်မှုတွင် စိတ်ပျက်တုန်လှုပ်ခြင်းများပါ ပါဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီကိစ္စအပေါ် ဒီလောက်ထိ အလေးအနက် စိတ်ဝင်စားနေလေတော့ အလွှမ်း ပိုပြီးဝမ်းနည်းစိတ်ထိခိုက်လာကာ စီးကျလုလု မျက်ရည်ဥတို့ကို လက်ဖနောင့်လေးတွေနှင့် ပွတ်သုတ်လိုက်ရင်း ...

"အလွှမ်း ဘာမှမလုပ်ဘူး၊ အလွှမ်း မလုပ်တဲ့ အပြစ်တစ်ခုအတွက် လုပ်တယ်ဆိုပြီး အရိုက်ခံရတာ၊ ကိုကြီးခေါင် မမနွေ့ကို တိုက်ရိုက်မေးရင် ပိုသိရမယ်၊ သူ ဖြေမှာပေါ့၊ ဒါပေမဲ့ သူ့အဖြေဟာ အမှန်မဟုတ်ဘူး၊ အလွှမ်းတကယ် မလုပ်ဘူး"

"တကယ်မလုပ်ပဲ သူက ဘာလို့ ဒီလောက်တောင် အပြစ်ကြီး ပေးရတာလဲ၊ သူက တကယ်လုပ်တယ်ထင်လို့ နေမှာပေါ့၊ အလွှမ်းက ရှင်းမပြဘူးလား၊ ဘယ်သူ့ကိုဖြစ်ဖြစ် နှုတ်ပိတ်ပြီး အ,အ,ကြီးလို နေတာပဲလား"

"ဟင့်အင်း၊ အလွှမ်း ရှင်းပြဖို့ မလိုဘူး၊ ဘာလို့လဲဆိုတော့ အလွှမ်း မလုပ်တာ သူအသိဆုံးမို့လို့ပါ"

"ကိုယ် နားမလည်ဘူး၊ ဒါဖြင့် မင်း အပြစ်က ဘာလဲ"

"အလွှမ်းအပြစ်က သူ မသိစေချင်တဲ့ အခြေအနေတစ်ခုကို သိသွားတဲ့ အပြစ်၊ သူ့ရဲ့လျှို့ဝှက်တဲ့ကိစ္စကို မြင်လိုက်ရတဲ့ အပြစ်"





တော်ဖုန်းခေါင်က အလွှမ်းမျက်နှာကို မျက်ခုံးတွန့်တွန့်နှင့် စိုက်ကြည့်နေပါသည်။ အလွှမ်းစကားကို ခွဲခြမ်းစိတ်ဖြာနေသည်။

"ကိုကြီးခေါင် အဖို့က အခုမှစ,သိလို့ အံ့သြတုန်လှုပ်စရာလို ဖြစ်နေပေမဲ့ အလွှမ်း အဖို့က ရိုးသွားပါပြီ၊ ကိုကြီးခေါင်ကို ခုလို စကားတွေအများကြီး ရပ်ပြောနေတာသိရင်၊ အလွှမ်းကို မိန်းမပျက်တစ်ယောက်လောက် အထိ အပြောခံရမှာ၊ အဲဒါကြောင့် အလွှမ်း အမြဲတမ်း နှုတ်ပိတ်ပြီး အ,အကြီးလို နေတာပေါ့၊ အလွှမ်း ပါးစပ်ကို အမြဲပိတ်ထားပေမဲ့ အလွှမ်းမှာ ပြောစရာစကားတွေ မရှိတာမဟုတ်ပါဘူး၊ ရှိတယ် အများကြီးရှိတယ်၊ ဒါပေမဲ့ အလွှမ်းမှာ ပြောခွင့်မရှိပါဘူး၊ အခုအနေအထားက အလွှမ်းအတွက် အကောင်းဆုံးဆိုတာ အလွှမ်း နားလည်တယ်"

ထို့နောက် အလွှမ်းသည် လက်မောင်းကို သူ ဆွဲထားနိုင်ခင် ချာခနဲ လှည့်ပြေးထွက်ခဲ့ပါသည်။ အိမ်တံခါးဝတွင် ကြီးကြီးတင်ကို ဝင်တိုးမိသည်။

"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ကြီးကြီးတင်သည် အလွှမ်းမျက်နှာမှ မျက်ရည်များ မြင်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း၊ ဘာဖြစ်တာလဲ၊ အိတ်တစ်ကြိမ် သွားပို့ရင် ပြန်တက်မလာတော့လို့ နင် ဘာလုပ်နေလဲ လိုက်ကြည့်တာ၊ ဒါ အခု ဘာဖြစ်တာလဲ"

အလွမ်းက ခေါင်းကိုယမ်းသည်။

"ဘာခေါင်းခါတာလဲ၊ ဘာမှမဖြစ်ပဲ ဒီမျက်ရည်က ထွက်စရာလား"

အိမ်ထဲမဝင်ရသေးဘဲ ခေါင်းငုံ့ ခြေစုံရပ်နေတဲ့ အလွမ်းနောက်ဘက်သို့ တော်ဖုန်းခေါင် ရောက်လာပါသည်။

"သူ့မျက်နှာ ဘာဖြစ်တာလဲလို့ ကျွန်တော် မေးမိလို့ သူ မျက်ရည်ကျတာပါ အန်တီတင်တင်၊ ဝမ်းနည်းသွားတာ ဖြစ်ပါလိမ့်မယ်"

"အောင်မာ ... ဘာဝမ်းနည်းစရာရှိလဲ၊ မေးတော့ ဘာတဲ့လဲ သူက"

"သူ ဘာမှ မပြောဘူး အန်တီတင်တင်"

"ဟင်း ... ဘယ်ပြောမလဲ၊ သူ့အပြစ်နဲ့သူ ခံရတာကိုး၊ ရေငုံနေမှာပေါ့၊ လူကဖြင့် အရွယ်ရောက်မယ် မကြဲသေးဘူး၊ လက်တောက်လောက် ရှိသေးတယ်၊ ညကြီးမင်းကြီး ခြံထိပ်မှာ ရည်းစားနဲ့ ချိန်းတွေ့တယ်လေ၊ ဆုရွှေနဲ့တိုးတာပေါ့၊ လွန်လွန်းအား မကြီးဘူးလား မောင်ခေါင်ရယ် ... ဟင်၊ ခုခေတ် မိန်းကလေး တစ်ယောက်ကို တာဝန်ယူ





အုပ်ထိန်းရတယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ နှုတ်နဲ့ ပြောလို့ မှတ်မဲ့ဟာတွေ မဟုတ်ဘူး"

အလွမ်းက ကိုတော်ဖုန်းခေါင်ဘက် ဖျတ်ခနဲတစ်ချက် ပြုံးမဲ့မဲ့နှင့် ကြည့်မိပါသည်။ ထို့နောက်တော့ ကြီးကြီးတင် ဘေးကကွေ့ကာ အိမ်ထဲဝင်လာခဲ့လိုက်သည်။ ပြောသူကလည်း ပြောချင်ရာ ဆက်ပြောပေတော့၊ နားထောင်သူကလည်း ယုံချင်ရာကို ယုံပေတော့။

အနည်းငယ် နောက်ကျတော့မည်ဖြစ်တဲ့ ကျောင်းသွားဖို့ကိစ္စကို အလွမ်း ကမန်းကတန်း ပြင်ဆင်ရပါသည်။ ထမင်းကို ပါးစပ်ထဲ ခပ်ထည့်မျိုချ၊ မတ်တတ်နှင့်ပင် အမြန်ဆုံး စားလိုက်ရသည်။ ထုံးစံအတိုင်း လိမ်းဖြစ်တဲ့ သနပ်ခါး ထူလပျစ်ကို ဒီနေ့အဖို့တော့ ခါတိုင်းထက်တောင် ပိုပြီး ထူထူထဲထဲ ဖုံးအုပ်မိသည်။ ကိုယ့်မျက်နှာကို နောက်ထပ် လူတွေအများကြီး ရိပ်မိကာ အလန့်တကြား မဖြစ်စေလိုတော့ပါဘူး။ ဘာဖြစ်တာရယ်လို့လဲ ရှင်းလင်း ဓာတ်ကြောင်းလှန်မနေချင်တော့ပါဘူး။ ဝိုင်းသနားနေကြမှာကိုလည်း မခံယူလိုတော့ပါဘူး။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၅

ဆယ်တန်းနှစ်မှာတော့ အလွမ်း အတွက် မျက်ရည်ပေါက်ကြီးငယ် အကျရဆုံးနှစ်ပဲ ဖြစ်သည်။ ကြိုတင်လို့လည်း မျှော်လင့်ထားပြီးသားပါပင်။ လွန်ခဲ့တဲ့ ငါးနှစ် အလွမ်းရောက်ကာစက သွေးတိုးရောဂါ ဖိစီးနေခဲ့တဲ့ ဘွားဘွားဟာ ဒီကြားထဲ သမားတော်တစ်ဦးနှင့် ပုံမှန်ပြ၊ သွေးကျဆေး နေ့စဉ်အချိန်မှန်မှန်သောက်၊ အစားအသောက်ကို ဆင်ခြင် ထိန်းကွပ်လိုက်နိုင်တဲ့ အတွက် ဒီကြားထဲမှာ တဖြည်းဖြည်း သွေးကို ထိန်းလာနိုင်ကာ သွေးတွေ အရမ်းတိုးပြီး တက်လာတယ် ဆိုတာမျိုး မရှိတော့ပါ။

အဆစ်အမြစ်တွေ ကိုက်ခဲရောင်ရမ်းတတ်ကာ ညတိုင်း နင်းနှိပ်ရတဲ့ ဝေဒနာဟာလည်း အစားအသောက် ဆင်ခြင်ရှောင်ရှားတာ၊ ဆေးသောက် ဆေးလူးတာတွေကြောင့် အမြဲတမ်း ဖြစ်မနေတော့ဘဲ အအေးအလွန်ပိုလာတဲ့ တချို့တလေည





မိုးကျမှ၊ ရာသီဥတု အကူးအပြောင်းဖြစ်တဲ့ အချိန်ပိုင်းလောက်မှသာ ပြန်ပြီး ပေါ်လာတတ်ရာ ဘွားဘွားရဲ့ ကျန်းမာရေးက အခြေအနေ ကောင်းနေပါသည်။

"ငါတို့မှာ မြေးဆိုလို့ ညည်းတို့နှစ်ယောက်ပဲရှိတာ၊ မြတ်ကိုရဲ့ နောက်ထပ်ကလေးတွေကလည်း ငယ်ပါသေးတယ်။ ဆုန္ဒေတုန်းက ဆယ်တန်းမအောင်လိုက်ဘူးဆိုတော့ ငါ့မြေး အလှည့်မှာတော့ အောင်အောင်ကြိုးစား၊ ဘွဲ့ရတဲ့အထိ ကြိုးစား ကြားလား၊ ညည်းအမေတုန်းက ဆယ်တန်းမအောင်ပဲ အိမ်ထောင်ကျသွားခဲ့တဲ့ အဖြစ်ကို ငါ့မြေးလက်ထက်မှာ အဖတ်ဆယ်လိုက်။ အိမ်ထောင်ရေးတွေ အချစ်ရေးတွေ ဘွဲ့ရတဲ့အထိ ခေါင်းထဲမထည့်နဲ့ ကြားလား"

"ကြားပါတယ် ဘွားဘွား၊ အလွမ်းကို စိတ်ချပါ၊ အဲဒီကိစ္စတွေအတွက် အလွမ်း ကတိပေးပါတယ်"

"အေး ... အေး၊ လိမ္မာတယ်၊ ငါ့မြေးက ခုချိန်ထိ တော်လျှောက် လိမ္မာပါတယ်လေ၊ အဘွား အားလုံးသိပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီမှာနေဖြစ်တဲ့ အတွက်တော့ သမီးဘဝ တိုးတက်ကောင်းစားဖို့ အခွင့်အလမ်း ပိုရတာ အမှန်ပဲမို့လား၊ ငါ့မြေး သည်းခံစိတ်မွေး၊ ကိုယ့်အတွက်သာ ကိုယ်ကြိုးစားပါ၊ အဘွား အတွက်ကတော့ ညည်းရော ဆုန္ဒေကော မြေးချည်းပါပဲ၊ ဒါပေမဲ့ အလွမ်း သိတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုပါ သူကရှာကျွေးနေတာ မဟုတ်လား သူကျွေးတဲ့ ထမင်း စားနေကြတာ မဟုတ်လား၊ ကျေးဇူးရှင်စာရင်းထဲ ဝင်ပါတယ် ငါ့မြေးရယ်၊ စိတ်ထဲ ဘာမှမမှတ်နဲ့၊ သည်းခံ၊ ကိုယ်လုပ်စရာရှိတာလုပ်"

"ဟုတ်ကဲ့ပါ အဘွား"

အဘွား ဒီစကားပြောခြင်းဟာ အခြေအနေ အရပ်ရပ်ကို သိနေလို့သာပေါ့။ အနှိမ်ခံ အနိုင်ကျင့်ခံရတဲ့ အလွမ်းဘဝကို အဘွား သိတယ်ဆိုလျှင် အလွမ်း ကျေနပ်ပါပြီ။ အလွမ်းဘက်က ခုခံရပ်တည်နိုင်စွမ်း မရှိလှတာကို အလွမ်း ဘယ်လိုမှ သဘောမထားပါ။ နားလည်ပါသည်။ အဘွားပြောသလိုပဲ အလွမ်းဘဝဟာ ဒီမှာ နေလို့သာ ခုလောက်ထိ မြင့်တက်လာတာ။

ဘယ်လောက် အဖိနှိပ်ခံရ ခံရ၊ ဘယ်လောက်စိတ်ညစ်ရညစ်ရ အချိန်တန်စား၊ အချိန်တန်ဝတ်၍ အချိန်တန်ကျောင်းတော့ သွားနေရတာပဲ မဟုတ်လား။ တစ်နှစ်တစ်ခါ နွေရာသီကျောင်းပိတ်ရက်မှာ အဖေနှင့် တွေ့ရသည်။ အဖေသည် ရန်ကုန်မှာပဲနေကာ လက်ဖက်ရည်ဆိုင် စားသောက်ဆိုင်တို့မှာ ဝင်လုပ်တဲ့အခါလုပ်။ အဖော်ရှိလျှင် အဝေးပြေးဂိတ်တို့ ပွဲရုံတို့မှာ ကုန်ထမ်းတဲ့အလုပ် လုပ်တဲ့အခါလုပ်။

လောလောဆယ်တော့ ဆောက်လုပ်ရေးဝင်းကြီးတစ်ဝင်းထဲမှာ ညစောင့်အလုပ် ရထားသည်။ သူ ရတာနှင့် သူစားဖို့





သောက်ဖို့ ကွက်တိလောက်ပင်။ အလွမ်းဆီ လာတဲ့အခါ အလွမ်းကြိုက်တတ်တဲ့ မုန့်ကလေး ပဲကလေး ဝယ်လာတတ်သည်။

အလွမ်းက ငါးတန်း ခြောက်တန်းနှစ်တုန်းက မုန့်ဖိုး တစ်နေ့ငါးဆယ် ဘွားဘွားထံက ရသမျှ တစ်ပြားမကျန် မစားပဲ စုထားကာ အဖေလာလျှင် အဖေ့ကို ကန်တော့လိုက်ပါသည်။

ခုနှစ်တန်းနှင့် ရှစ်တန်းနှစ်ကျတော့ မုန့်ဖိုးတစ်နေ့တစ်ရာရသည်။ ကိုးတန်းနှင့် ဆယ်တန်းမှာ အဘွားက မုန့်ဖိုးနှစ်ရာတိုး ပေးပါသည်။

တစ်ပြားမှ မသုံးဘဲ အဖေကို ကန်တော့ပစ်တာ အဘွားလည်း သိပါသည်။ အဖေကလည်း မယူလို၊ အလွမ်းကို ပြန်ပေး အလွမ်းကလည်း အဖေ့ကို အတင်းပေး။

"ယူထားစမ်းပါ သာထွန်းရယ်၊ ကလေးက မင်းကို ကန်တော့ရမှ ကျေနပ်မှာ ဖြစ်နေတာ"

အဘွား ဝင်ပြော၍ အဖေ ယူယူသွားသော ပိုက်ဆံတွေကို အဖေက ဦးလှမောင်ကြီး အကြံဉာဏ်နှင့် ရွှေတုံးအပွဲအစ, ကလေးများ ရသလောက် ဝယ်စုထားခဲ့သည် ဆိုပါသည်။ အလွမ်း ကိုးတန်းကျောင်းပိတ်တဲ့ နွေရာသီတွင် အဖေရောက်လာတော့ အဖေက အဘွားထံ ရွှေတုံး ရွှေခဲ အစ,ကလေးတွေ ထုတ်ပေးတာ...



www.burmeseclassic.com

www.burmeseclassic.com



"အကြီးရယ် ... အလွမ်း ကန်တော့တာတွေကော၊ ကျွန်ဆ
စုလို့ရသလောက်ရော နည်းနည်းချင်း ဝယ်စုထားတဲ့ 
လေးတွေပါ၊ နည်းနည်းချင်းနဲ့ အခုတော့ သုံးကျပ်သာ
ပါးလောက် ရှိပါပြီ၊ ကျွန်တော့် သမီးလေး ဒီနှစ်ဆ
တန်းကျောင်းသူကြီးလည်း ဖြစ်ပြီဆိုတော့ ကျွန်တော်
လေး ဘာလေးလဲ ဆင်ချင်တယ်၊ အကြီးပဲ ကြည့်လုပ်
ပါ၊ ကျွန်တော်က ပုံတွေ ဘာတွေ ပြောမအပ်တတ်
ငွေထပ်မဖြည့်ရအောင် အလျော့တွက်ပါ ဒီအထဲကသုံး
တော့ အလွမ်းဖို့ နားကပ်လေးရယ်၊ ဆွဲကြိုးလေးရ
လက်ကောက်လေးပါလုပ်ပြီး ဆင်ပေးပါဗျာ"

သူတို့သားအဖမှာ ဝမ်းသာဝမ်းနည်းနှင့် အဖေလ
မျက်ရည်လည် သမီးလည်း မျက်ရည်လည် ဖြစ်နေတာမို့ အဘ
ပါ မျက်ရည်လည်လာရတဲ့အထိ။

"အဖေရယ် ... အဖေ အလုပ်မလုပ်နိုင်တဲ့အခါ၊ အဖေ
တွေဘာတွေ မကောင်းတဲ့အခါ သုံးလို့ရအောင် ယူထာ
အလွမ်း ရွှေမဝတ်ရလို့ ဘာမှမဖြစ်ပါဘူး"

"အလုပ်ကလည်း အဆင်ပြေပါတယ်၊ အဖေ အလုပ်ပြေ
တာကလည်း လခပိုကောင်းတဲ့ဆီတွေ့လို့ ပြောင်းတာ
ဘယ်ကမှ အဖေ အလုပ်မပြုတ်ဘူး၊ အရက်လည်း မသော
ကိုယ်ကောင်းကောင်းစေတနာထားပြီး လုပ်နေတာ၊ အ





အတွက် အလုပ်မရှားဘူး၊ အခု အဖေလခလည်း မဆိုးပါဘူး ပိုပါတယ်၊ အဖေ နေမကောင်းလည်း မဖြစ်ဘူး၊ ညည်းအဖေအသက် သုံးဆယ့်နှစ်နှစ် ကျော်ရုံရှိသေးတာ ဒေါင်ဒေါင်ကို မြည်လို့၊ ဘာမှမပူနဲ့၊ ငါ့သမီးလေး ဝတ်စားထားရတာမြင်ရင် အဖေ ဝမ်းသာမှာ၊ အဖေ စိတ်ချမ်းသာအောင် ဝတ်ပါ"

အဘွားက ကြားဝင်ကာ ...

"ကဲ ... ကဲ ... ရွှေလုပ်ထားတော့လည်း စုမိပြီး အဖတ်တင်တာပေါ့၊ သာထွန်းလည်း ဘယ်ဆိုးလို့လဲ စုနိုင်သားပဲ၊ ညည်းအဖေ စိတ်ချမ်းသာသွားအောင် လုပ်ဝတ်ပါ အလွမ်းရယ်"

ဤသို့ဖြင့် အဘွား လိုက်ဝယ်ပေးကာ အလွမ်းကိုယ်ပေါ်မှာ ရွှေဆွဲကြိုးတုတ်တုတ်ကလေး တစ်ကုံး၊ ရွှေလက်ကောက်ဒုတ်ကလေး တစ်ကွင်းနှင့် နားမှာ ပတ္တမြားသေးသေးတစ်လုံးတည်းနားကပ်ကလေးနှင့် ရုတ်တရက် ပြောင်ယောင်လာပါသည်။ ယ်ပြီးဝတ်ဆင်လိုက်တဲ့ နေ့မှာပင် မမနွေနှင့် ကြီးကြီးတင် မယ်သကာ မကျေမချမ်း ဖြစ်ကြတော့တာပင်။

မမနွေက အလွမ်းကို ဘွားဘွား ထုတ်ဆင်သည်၊ မြှောက်စားလွန်းသည်ဟု စွပ်စွဲသည်။ အလွမ်းအဖေ လာပေးတာ ဆိတာကို ပြောပြလည်း မယုံ။ ပြောမရတော့ အဘွား စိတ်ဆို သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ … ငါက ငါ့ပစ္စည်း ထုတ်ဆင်ရင်ကော ဘယ် ကြောက်ပြီး လီဆယ်နေရမှာတုန်း၊ ဆင်ရင်တောင် ဘာ တုန်း၊ အခုက ငါဆင်ရတာကို မဟုတ်ဘူး၊ သာထွန်း သူ နည်းနည်းချင်း စုဆောင်းတဲ့ ရွှေအစအနကလေး လာပေးပြီး သူ့သမီးအတွက် လုပ်ခိုင်းတာ၊ သာထွ ရွှေတိုရွှေစလေးတွ လာပေးတယ်ဆိုတာ သူလာတဲ့ တည်းက ငါပြောသားပဲ တင်တင်ရယ်၊ ဒါကို မယုံ အောင် ဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ”

“သူ့အဖေက ဒီလောက်များတဲ့ ရွှေတွေ ဘယ်က

“ဟဲ့ … သူ့မှာ စားပြီးသောက်ပြီး ရတဲ့လခ တခြားမှ မသုံးတာ၊ သူ့သမီး ဆင်ချင်လို့ စုတာပေါ့၊ ဒီကြ အလွှမ်းကို ငါပေးတဲ့ တစ်ရာ နှစ်ရာ မုန့်ဖိုးတွေလ အလွှမ်းခများ ဘာမှမစားရက် မသောက်ရက် စုထား သူ့အဖေဆီ အပ်ထားတာ၊ အဲဒါ ဘာဖြစ်သလဲ၊ ငါလ သောင်းနဲ့ သိန်းနဲ့ချီပြီး ထုတ်မပေးဘူး၊ ကျောင်းတက် လို့ မုန့်ဖိုးလေးပဲပေးတာ၊ သူတို့စုလို့ သူတို့ရှိနေတာ ထဲမှာ ငါစိုက်ပေးတာဆိုလို့ အဲဒီရေတတ်ကောင်းစေ့လော ပတ္တမြားကလေးနှစ်လုံးပဲ ပါတယ်၊ ဒါလည်း ငါ့မှာအ ကြွေလေးတွေ ရှိနေလို့ ဒီလောက်အိမ်မှာ လုပ်ကိုင် နေတဲ့ ငါ့မြေး ငါဆုချတာ၊ ဘာဖြစ်သလဲအေ၊ ငါ့ပိုင်





လည်း တစ်ပြားမှ မဆောင်းရဘူး၊ သူ့ရွှေနဲ့သူ အလျော့ တွက်ကအစ,အပြီး၊ ငါ လိမ်ပြောနေစရာကို အကြောင်း မရှိဘူး၊ ငါပေးရင် ပေးတယ်ပြောမှာပေါ့”

မမန္တေသည် အလွှမ်း ကိုယ်ပေါ် ရွှေသုံးကျပ်သား ရောက်လာတာကို ကြည့်လို့ရပုံ မပေါ်ပါ။ သူ့သဘောက မ်း ခေါင်းမော်မှာ အမောက်ထောင်မှာ ခြေရာတိုင်းမှာတို့ကို ည်းကလေးမှ မခံနိုင်တာဖြစ်သည်။ အလွှမ်းထက် သူ သမက ဝတ်စားနိုင်သော်လည်း အလွှမ်း နည်းနည်းလေး င်လာတာ မာန်တက်မှာကို မခံနိုင်တာ။

နောက်ဆုံး အင်တင်တင် အောင့်သက်သက် လက်ခံ တဲ့အခါ …

“သူ့အဖေက ဒီလောက် စုနိုင်ဆောင်းနိုင် လခတွေကောင်း နေရင် သူ့သမီးတာဝန် သူတစ်စိတ်တစ်ဒေသ ယူပစေဦး ပေါ့၊ သူရတာကျ အကုန်စုပြီး သူ့သမီးကျ ဒီကကျွေးမွေး ဆင်ယင် စရိတ်ခံနေရတာ၊ သူတို့ဟာသူတို့တော့ သိတတ် လိုက်ကြတာ”

ဘွားဘွားသည် မမန္တေကို စိတ်ပျက်လက်ပျက်ကြည့်

“ဆုန္တေရယ် … သူ ဒီအိမ်မှာ အောက်ခြေသိမ်း အကုန်ကျုံး န်းလုပ်ကိုင်နေရတာလဲ ကြည့်ပါဦး။ သူ့ကိုကျွေးရတာ



www.burmeseclassic.com

www.burmeseclassic.com



လောက် ရှိတာပါ၊ ဒီလို ညည်းမတွက်ပါနဲ့အေ၊ ခုနောက်ပိုင်းဆို သူ့ဝတ်ဖို့ စားဖို့လည်း ခင်နှင်းက ဝယ်ခြမ်းပေးနေလို့ အိမ်က ဘာမှမဝယ်ပေးရပါဘူး ...

ကြူကြူ့တောင်မှ အမျိုးနီးစပ်ပေမဲ့ အလှမ်းဝေးတော့ လခပေးထားသေးတယ် မဟုတ်လား၊ သူ့အမေသူ ပြန်ထောက်နိုင်တယ်၊ အလှမ်းကိုကျတော့ ကိုယ့်မြေးဆိုပြီး လခလည်း သတ်မှတ်လို့မကောင်းတော့ မပေးရဘူးလေ၊ ကျောင်းစရိတ် ဆိုတာကော ဘာရှိလို့လဲ၊ ကျောင်းဖွင့်စ တစ်ချိန် နည်းနည်းပါးပါး ကုန်တာပဲရှိတယ်၊ ကျောင်းဝတ်စုံဆိုလည်း ခင်နှင်းပေးတာ၊ ဘာများ အစုလိုက် အခဲလိုက် ကုန်ကျထောက်ပံ့နေရတာ ရှိသလဲ၊ စားတော့ သောက်တော့လည်း ကလေးခများ ကြူကြူနဲ့တူတူ အိုးလှူးခွက်လှူး စားရှာတာပါ"

"အို ... အဘွားက တစ်ချိန်လုံး သူ့မြေးဘက်ကချည်း ဆဲဆေးများ လုပ်ထားသလားတောင် မသိဘူး၊ ကျူရှင်စရိတ်က ရှိသေးတယ်၊ သူ့ကျူရှင်စရိတ် သူ့အဖေ ပေးခိုင်းလိုက်"

"ဆုမွေ ... ညည်း ပြောလေ ဆိုးလေပါလား၊ ညည်းမလည်း ဒီလောက် သောက်သောက်လဲ ငွေဝင်နေတာ၊ ငါတို့ သူ့ပါးစပ်တစ်ပေါက်နဲ့ မွဲမသွားပါဘူးအေ၊ သူ့ကျူရှင်ခ





ညည်းအိမ်စရိတ်ထဲက မပေးနဲ့ဆိုရင် ငါပေးပါ့မယ် ဆုမွေရယ်"

"အို ... သူ့အဖေကို ပေးစေချင်လို့ ပြောနေတာ"

"ကိုယ့်မှာလည်း အဖော်အလျော် လက်ကသုံးတောင်ဝေးလေးလိုလို့ ခေါ်မွေးထားပြီးမှ 'ကျူရှင်ခပေး'လို့တော့ သာထွန်းဆီက သိက္ခာကျခံ မတောင်းနိုင်ဘူး၊ သာထွန်းက ရရာအလုပ် ဝင်လုပ်နေတဲ့ ကျပန်းသမား၊ ဒီငွေလေး ထောင်ဂဏန်းကို ငါတို့က သာထွန်းဆီက လက်ဖြန့်နေရမလား"

"သမီးတို့ လက်ဖြန့်တာမှ မဟုတ်တာ၊ သူ့သမီးကျူရှင် တက်တာပဲဟာ၊ မတောင်းပဲ ထားတော့ သူ့ပိုက်ဆံကျတော့ သူ ကျစ်ကျစ်စုပြီး သူ့သမီးကို ညွှတ်အောင်ဆင်တယ်"

"ဟဲ့ ... အလှမ်းဟာ ညည်းနဲ့လည်း ညီအစ်မဝမ်းကွဲလေ၊ ကိုယ် အကုန်အကျခံ ထုတ်မဆင်ရပဲ သူ့မှာ တစ်ကိုယ်လုံး ရွှေညွှတ်တော့ရော မကျေနပ်စရာ ဘာရှိတုံး၊ ညွှတ်ပါစေလား၊ ကိုယ့်အမျိုးရင်း စုတ်ပြတ်နေရင်သာ စိတ်ဆင်းရဲရမှာ၊ သူ့ဟာသူ ဝတ်စားနိုင်တာ ဝမ်းသာဖို့ပဲ ရှိတယ်၊ ကြည့်ရမြင်ရတာ ဂုဏ်လည်းရှိတယ်၊ အများအမြင်လည်း ဘင့်တယ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မမနွေသည် အဘွားကို နိုင်အောင်မပြောနိုင်တော့သော်လည်း အလွမ်းကိုတော့ ကြည့်မရနိုင်အောင် မျက်မုန်းကျိုးနေသည်။ အလွမ်းကလည်း ဒါကြောင့် မဝတ်ချင်ပါ။ ချွတ်ထားချင်သည်။ အဘွားကလည်း အလွမ်းကို ရွှေရောင်လေးတပြောင်ပြောင် တလက်လက် မြင်ရပြီးတဲ့နောက် ဒါကို ကြည့်ကောင်းပီတိဖြစ်နေကာ မချွတ်စေပါ။

အဲဒီနောက်မှာ မမနွေရဲ့ အနိုင်ကျင့်မှုတို့က ပိုပြီးဆိုးဝါးလာသည်။ ဆယ်တန်းတက်နေတဲ့ အလွမ်းကို ကျောင်းဖျက်ဖျက်ပြီး သူ့ရှုတင်ကို သူ့အိတ်သယ်၍ လိုက်စေတာမျိုး ခိုင်းလာသည်။ ထိုရက်မျိုးမှာ ကြီးကြီးတင်ကို ထားရစ်သည်။

ရှုတင်ကို ပါသွားရတဲ့ရက်တို့မှာ အလွမ်း ငိုချင်လှပါသည်။ လူရှေ့ သူရှေ့ အငေါက်ငမ်း ခံရသည်။ "မုန့်"လို့ သူကပြောလျှင် လက်ကိုင်မုန့်ဗိုင်း အသေးနှင့် မုန့်ချပ်လေးထောင့်ကြီးရှိတဲ့အနက် အလွမ်းက လွဲမှားယူပေးမိလျှင် ဘီးနှင့်အခေါက်ခံရသည်။ "ဘီး"လို့တောင်းလျှင် ဘီးကျဲလား ဘရုပ်ရှိဘီးလား မသိပဲ ပေးမိ၍လည်း ထိုဘီးနှင့် ပစ်ပေါက်တာ ခံရပါသည်။

ဆယ့်ငါးနှစ်ကျော် အပျိုပေါက်အရွယ်ဖြစ်တဲ့ အလွမ်းသည် ရှုတင်က တခြားသရုပ်ဆောင်တွေ စက်အဖွဲ့ တစ်ဖွဲ့လုံးက ယောက်ျားသားတွေ အများကြီးရှေ့မှာ ကြိမ်းမောင်းခံရတာ ပစ်ပေါက်ခံရတာတွေကို ရှက်ပါသည်။ သရုပ်ဆောင်တွေ စက်အဖွဲ့





သူ့ဟာလည်း မမနွေကို တအံ့တသြ ကြည့်နေကြသည်။ ခါတိုင်းက ကြီးကြီးတင် တစ်ယောက်တည်း၊ ဒါမှမဟုတ် မိတ်ကပ်ဆရာနှင့် နှစ်ယောက် သူ့နောက်က ပါမြဲဖြစ်၍ ဘယ်သူ့ကိုမှ သူဒီလိုဆက်ဆံလို့မရ၊ ဆက်ဆံလေ့မရှိ။

ခုမှ ဆုနွေ အော်ဟစ်စိတ်တိုနေရတာ ဒီကောင်မလေး သုံးမရလို့ အသုံးမကျလို့ လို့ပဲထင်ကြမည်။ တကယ်လည်း အလွမ်း မကျွမ်းကျင်ပါ။ အလွမ်းသည် လူ့ပုံအလယ်မှာ ရှက်နေသည်။ မနေတတ် မထိုင်တတ် ဖြစ်နေသည်။ လူအများက ကိုယ့်ကို ဝိုင်းကြည့်နေတယ်လို့ ထင်နေမိကာ မျက်နှာမထားတတ်။ မမနွေနား ကပ်နေရ၍ အားလုံးရဲ့ မြင်ကွင်းအလယ်ကောင်ကို အလွမ်း ရောက်နေရလေရာ ဘာလုပ်လုပ် အပေါက်လမ်းမတည့်ပဲ အမှားမှား အယွင်းယွင်း အလွဲလွဲ အချော်ချော် ဖြစ်နေပါသည်။

မှားလေ လွဲလေ အဆူခံရလေ အခေါက်ခံရလေ ရှက်လေ ပိုမှားလေနှင့် သံသရာလည်နေရာ ရှုတင်ကို အလွမ်း လုံးလုံးမလိုက်ချင်ပါ။ လိုက်ရတဲ့အတွက် ကျောင်းလည်းပျက်ရသေးသည်ဖြစ်ရာ အလွမ်း စိတ်ညစ်သည်။ သူတို့ရှုတင်က အချိန် အကန့်အသတ် အတိအကျ မပြောနိုင်တာမို့ ကျောင်းပျက်ရမှက တစ်ဆက်တည်း ကျူရှင်လည်း ပျက်သည်။

ဒီတော့ အလွမ်းသည် "နက်ဖြန် ရှုတင်ကို မိလွမ်းလိုက်ခဲ့"ဆိုလျှင် ညအိပ်ရာထဲမှာ ကျိတ်လို့ပင် ငိုမိသည်။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ကျူရှင်တွေ ပျက်ရဖန်များတော့ စာတွေ အလွမ်း နားမလည်တော့။ သင်္ချာ၊ အင်္ဂလိပ်စာ၊ ရူပ၊ ဓာတုတို့က ရှင်းပြချိန်မှာ နားလည်ဖို့ လိုသေးသည်။ ကိုယ့်ဟာကိုယ် ဖတ်ပြီး အလွမ်း နားမလည်။

မမနွေဟာ တစ်ပတ် တစ်ရက်လောက် ခေါ်ရာက တစ်ပတ် နှစ်ရက်လောက် ခေါ်ချင်လာသည်။ တကယ်မှာ ကြီးကြီးတင်က ရှုတင်ကို လိုက်ကိုလိုက်ချင်တဲ့ ဝါသနာပါတဲ့သူ တစ်ယောက် ဖြစ်ပါသည်။ ကျန်းမာရေးလည်း ကောင်းပါသည်။ ရှုတင်ကိုလိုက်ကာ သူ့လိုပဲ အဖော်လိုက်လာသူ မင်းသား မင်းသမီးတို့ရဲ့ နောက်လိုက် နောက်ပါတို့နှင့် ဝိုင်းဖွဲ့ လက်ဖက်စား၊ စကားများ၊ ဟီးဟီးဟားဟားနှင့် နေရတာကို ကြိုက်တဲ့သူဖြစ်ပါသည်။

သူ့ကို မမနွေက ဒီနေ့မလိုက်နဲ့ ဆိုတဲ့အခါ သူ့မှာ မလိုက်ရ။ အဲဒီအတွက် သူလည်း ကသိကအောက်။ အဲဒီအပြင် ဘွားဘွားရော ကြီးကြီးတင်ရောဟာ အလွမ်းကို တစ်နှစ်တည်းနှင့် ဆယ်တန်းနှစ်ချင်းပေါက်သွားစေလိုကြသည်။ ဒါလည်းသဘာဝပင်။ အလွမ်း ဆယ်တန်းအောင်ခြင်းသည် သူတို့အဖို့ရော အလွမ်းအဖို့ပါ ကောင်းသည်။ ဒါကြောင့်လည်း အလွမ်း ခုလိုရှုတင်လိုက်နေရ၍ ကျောင်းတွေ ကျူရှင်တွေ ထိခိုက်နေတာကို မကြိုက်ကြပါ။





"မိတ်ကပ်သမားပါရင် အရေးမကြီးဘူး၊ သူ မပါရင် အန်တီတင်တင်ကို ပြေးဦးဟဲ့ လွှားဦးဟဲ့ ယူပေးဦးဟဲ့နဲ့ သမီးက ဘယ်လိုလုပ် ခိုင်းမလဲ၊ မြင်လို့လည်း မကောင်းဘူး၊ ကိုယ့်ဟာကိုယ်လည်း အစစအရာရာ ထ,လုပ်မနေနိုင်ဘူး၊ ဒီတော့ သူ့ကို ခေါ်ရတာပေါ့"

မမနွေရဲ့ ဆင်ခြေဖြစ်သည်။

"နင့် မာမီကလည်း နင့်ဆီ အမြဲလိုက်ပေးနေတာပဲဟာ၊ သူ မလိုက်နိုင်တာက ရှားပါတယ် ဆုနွေရယ်"

"အို ... တစ်ခါတစ်ခါကျ အဲဒီမာမီက နေ့လယ်လောက် ကျရင် ထမင်းစားပြီးရင် ဖင်တကြွကြွ ဖြစ်လာပြီ၊ အရင်လို မဟုတ်ဘူး၊ သူကလည်း သူ့ဒါလင်ဆီ ပြန်ပြေးချင်နေတာ"

"ဟဲ့ ... အလုပ်က အလုပ်ပဲဟာ၊ သူလစ်ပြေးချင်တိုင်း ညည်းက အလွမ်းကို ခေါ်သွားနေရရင် အလွမ်း ကျောင်းတွေ တအားပျက်မှာပေါ့"

"အို ... ကျောင်းမပျက်လည်းပဲ အန်တီတင်တင့် မိလွမ်းက ပညာရေး ဖြစ်မြောက်မှာမို့လို့လား၊ လုပ်မနေစမ်းပါနဲ့"

အလွမ်းကို မမနွေ တမင်ညှဉ်းပန်း အနိုင်ကျင့်ခြင်းဆိုတာ အလွမ်း ကောင်းကောင်းနားလည်သည်။ အလွမ်းသာမက ဘွားဘွားတို့ ကြူကြူတို့လည်း နားလည်သည်။ ကြီးကြီးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘုရင်မဖြစ်သော မမနွေကို စိတ်ပုပ်တယ်လို့ မထင်ရက်လို့ မထင်ပဲ နားမလည်တာ ရှိချင်ရှိမည်။

ဤသို့နှင့် အတန်းထဲက လပတ်စာမေးပွဲတို့တွင် ပထမလက အလွမ်း သချာကျ၍ ဒုတိယလမှာ ရူပဗေဒ ကျသည်။ အလွမ်းသည် မနိုင်၍ သည်းခံရခြင်းနှင့် ကျိတ်၍ မျက်ရည်ကျရသည်။ မမနွေဟာ လူရင်းတွေ လာတိုင်းလည်း အလွမ်း စာမေးပွဲကျတာ စာညံ့တာ မဖြစ်မြောက်တာကို ထုတ်ဖော်ပြောဆို ရှုတ်ချပါသည်။

ဤပြဿနာဟာ အိမ်ကို တစ်လမှ တစ်ကြိမ်လောက် လာလည်ဝင်ထွက်ဖြစ်တဲ့ အန်တီခင်နန္ဒာနားသို့ ပေါက်သွားသည်။ အန်တီဟာ အအ,မဟုတ်။ အခြေအနေကို မြင်နေသည်။ အလွမ်းကိုတော့ ဖိဆူပါသည်။ အလွမ်းမှာ ကျောင်းလည်းပျက် ကျူရှင်လည်းပျက်တဲ့အပြင် အိမ်မှာလည်း စာကျက်ချိန် မရလှတာ အန်တီ သိသည်။ သိသိနှင့် အလွမ်းကို ဆူပူကြိမ်းမောင်းပြီးလျှင် ...

"ဒီကောင်မလေးကို ဒီလိုထားလို့ မဖြစ်ဘူး၊ ဒီအိမ်မှာက ဆုနွေရော အန်တီတင်တင်ရော အားတာမှ မဟုတ်တာ၊ သူ့ကို ဘယ်သူက ကြည့်ပြောနိုင်မှာလဲ၊ ကြီးကြီးရင်ကလည်း သူ့ကို သိပ်ဂရုစိုက် ကြည့်ပေးနိုင်တာ မဟုတ်ဘူး၊ အသက်ကကြီးပြီ၊ အလွမ်းကို နန္ဒာ ခေါ်သွားမယ်၊ ဆယ်တန်းစာမေးပွဲပြီးတဲ့အထိ နန္ဒာ့အိမ်မှာ နေပစေ၊ သူစာမကျက်





ရင်လည်း နန္ဒာ ကောင်းကောင်းကိုင်တွယ်နိုင်တယ်၊ နန္ဒာက အိမ်မှာရှိတာပဲ၊ သူ့ကို ကြည့်နိုင်တယ်၊ ကျောင်းကိုတော့ ဘတ်စ်ကားနဲ့သွားသွား၊ အိမ်ကအားလို့ လိုက်ပို့ပို့၊ ကျူရှင်ကတော့ နန္ဒာတို့အိမ်နဲ့တောင် ပိုနီးသေးတယ်၊ ဆယ်တန်းကျနေလို့ မဖြစ်ဘူး၊ အချိန်ပုပ် ငွေပုပ်နဲ့ ...

နှစ်ချင်းပေါက်အောင် လုပ်ရမယ်၊ ကြီးကြီးရင်ထည့်မှာလား၊ အန်တီတင်တင် သဘောကကော"

ဘွားဘွားရော ကြီးကြီးတင်ရော နှစ်ဦးစလုံးက "ဟုတ်တယ် ... ဟုတ်တယ် ... ခေါ်သွား ... ခေါ်သွား"နှင့် ကိုယ့်စိတ်ကူးနဲ့ကိုယ် အားတက်သရော သဘောတူကာ ထည့်လိုက်ကြပါသည်။ သူကိုယ်တိုင်ဖြုတ်ခဲ့ အန်တီခင်နန္ဒာ့ကို မမနွေလည်း စောဒကသိပ်မတက်ရဲ။ စောဒကတက်ရန်မှာလည်း သူ့ရှုတင်ခေါ်သွားစရာလူမရှိလို့ ဆိုတာမျိုးသာ အကြောင်းပြနိုင်စရာရှိရာ ဤအကြောင်းပြကလည်း အလွမ်းအတွက် မတရားဘူးဆိုတာ သူကိုယ်တိုင် အသိမို့ ဘယ်လိုမှ ကန့်ကွက်လို့မရ။

"အင်းလေ ... အန်တီ ခေါ်ရင်လည်း ခေါ်သွားပေါ့၊ အန်တီ့ကလေးတွေ 'သဲသဲတို့ ကဲကဲတို့ကိုလည်း ထိန်းခိုင်းလို့ရတာပေါ့"

"ကလေးတွေ ထိန်းဖို့ မလိုပါဘူး၊ သူတို့မှာ တစ်ကိုယ်တစ်ယောက် ကလေးထိန်းကိုယ်စီ ရှိသားပဲ ဆုနွေရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ချက်ပြုတ်လျှော်ဖွပ်ကလည်း တောက အစ်ကိုကြီး ဆွေစပ်မျိုးစပ် ဒေါ်မိကြီးတို့သားအမိ ရှိနေတာ၊ ဘာမှလုပ် စရာ မရှိဘူး၊ အန်တီ သူ့ကို ခေါ်သွားတယ်ဆိုတာ သူ ဒီဆယ်တန်းစာမေးပွဲကို မအောင်,အောင်အောင်လုပ်ဖို့ ရည် ရွယ်ချက်နဲ့ ခေါ်မှာ၊ သူ့ဘဝရှေ့ရေးအတွက် သက်သက် ကြည့်ပြီး ခေါ်ထားမှာ၊ ခိုင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ခိုင်း ဖို့ခေါ်တာမှ မဟုတ်တာ”

အန်တီခင်နန္ဒာရဲ့ သာသာနဲ့ နာနာလေး ဆိုလိုက်တဲ့ စကားကြောင့် မမနွေ့ မကျေမနပ် မျက်နှာပုပ်သိုးနေပါတော့သည်။ သူ မရှိရင် အိမ်မှာလုပ်မဲ့သူ မရှိတာ၊ သူ့ကိုလိုအပ်တာဆိုတဲ့ စကား မျိုးတော့ မမနွေ့က အလွမ်းကို ဂုဏ်တင်ကာ ပြောမည် မဟုတ် အလွမ်း လုပ်အားကို ဘယ်တုန်းကမှ ထုတ်ဖော်စကား လုပ်မပြော သက်သက်မဲ့ တင်ကျွေး ကျောင်းထားပေးထားရ သလိုသာ ပြော ဆို အသံလွှင့်ထားတာမို့လည်း အပြောရ ခက်နေပေမည်။

ကြူကြူကတော့ အလွမ်းကို ခေါ်သွားမည့်အတွက် ဝမ်းနည်းစိတ်ဓာတ်ကျနေသည်။ တိုင်ပင်ဖော် ရင်ဖွင့်ဖက်လည်း ပြုတ်၊ အလုပ်တွေလည်း သူချည်း ကျုံးလုပ်ရတော့မှာကို တွေး တော စိတ်ဆင်းရဲနေသည်။ အလွမ်းကတော့ ဘွားဘွား ဘာပဲလိုလို “အလွမ်းရေ”ဟု အလွယ်ခေါ်ခိုင်းလို့ မရတော့မှာအတွက် ဘွားဘွား ကိုပဲ သနားနေတာကလွဲရင် ရင်ထဲ တဒိတ်ဒိတ် ကျိတ်ခုန်ပြီး





ပျော်နေပါသည်။ အန်တီခင်နန္ဒာ့ အိမ်မှာ ဘာတွေပဲ ဘယ်လောက် လုပ်ရပစေဦး၊ မမနွေ့ အနိုင်ကျင့်သလို အနိုင်ကျင့်တာမျိုးတော့ ခံရတော့မှာ မဟုတ်ဟု ကြိုသိယုံကြည်နေကာ စိတ်တွေပေါ့ပါး လွတ်လပ်ရွှင်ပျနေတော့သည်မှာ မျက်နှာပေါ်၌ပင် အကြည်ဓာတ် ထင်ဟပ်နေရာ မမနွေ့ရဲ့မျက်စောင်းကြီးကိုပဲ တစ်ချိန်လုံး လက်ခံ ရရှိနေတော့သည်။

“ရုပ်ကိုက၊ ဒီအိမ်ကနေ လွတ်ကျွတ်ဖြွတ်ဆိုပြီး ခေါင်းထဲ က မြင်းလွှတ်သလို ဟီးပြီးထွက်သွားချင်တဲ့ရုပ်၊ ဟင်း ... ငါ့လို အကွက်စိစိ နင့်ကို လိုက်ကြည့်ပြီး နင့်စိတ်ထဲ ဘာ ကျိတ်ကြံနေသလဲကအစ သိနေမဲ့သူလက်က လွတ်ရတော့ မယ်ဆိုပြီး သိပ်ကဲမယ် မကြံနဲ့၊ ရည်းစားထားပြီး ချိန်းတွေ့ နေဦးမယ်နော် အန်တီနန္ဒာ၊ ဂရုစိုက်သာ ကြည့်ပေတော့၊ သူက ခပ်ထ,ထ,ရယ်”

အလွမ်းသည် မမနွေ့ကို ပြန်ခံပြောကျင့် မရှိသော် လည်း ခုတော့ သူ မဟုတ်တမ်းတရား ပြောမှုကြောင့် အန်တီ ခင်နန္ဒာ ယုံကြည်ပြီး အလွမ်းကို ခေါ်ဖို့ နောက်တွန့်သွားမှာ စိုးရိမ်ကြီးမိသဖြင့် ...

“အလွမ်း ဘယ်တုန်းကမှလဲ ရည်းစားမထားခဲ့ပါဘူး၊ ဘယ်သူနဲ့မှလဲ တစ်ခါမှ ချိန်းမတွေ့ခဲ့ဖူးဘူး၊ အဲဒါတွေ လည်း စိတ်မဝင်စားဘူး”



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်း ပြန်ပြောလိုက်မိရာ "အောင်မာ"လို့ ရေရွတ်
သံပင်မဆုံးသေး၊ အလွမ်းရဲ့ ဆံပင်စည်းကို မမနွေက မိရာဆော
ဆွဲပစ်လိုက်ပြီး ဖြစ်နေလေပြီ။ ခေါင်းက သူ့ဘက် ငိုက်ပါသွာ
၍ ကုလားထိုင် လက်တန်းနှင့် နားထင်ကို ဂေါက်ခနဲ ဆောင့်မိ
သည်။ ကြမ်းပေါ် ထိုင်နေတာမို့ နားထင်နှင့် လက်တန်းဟာ
အလောတော်။

"ဟဲ့ ... ဩော်"

ဘွားဘွားက ဒီလောက်ပဲ ဟန့်အော်ကာ ကြီးကြီးတ
က ဘာမှမပြော။ အန်တီခင်နန္ဒာကတော့ စိတ်မချမ်းသာသလို
အံ့အားလည်းတသင့်နှင့် မျက်နှာမကောင်းသော်လည်း နှုတ်ကတော့
ဘာမှ မပြောပါ။ တစ်ခါတစ်ရံသာ အိမ်ရောက်သူမို့ အိမ်ထဲက
အဖြစ်အပျက် အခြေအနေတို့ကို ခရေစေ့တွင်းကျ နှိုက်နှိုက်ချွတ်
ချွတ်တော့ မသိပါ။ အပေါ်ယံ အကဲခတ်နိုင်ရုံမျှနှင့်ပင် အလွမ်း
ကို ဒီတစ်နှစ် ခေါ်ထားဖို့ စိတ်ကူးတဲ့ အန်တီဟာ အတွင်းကျကျ
အလုံးစုံများ သိသွားရရင်တော့ ရင်ဖိနေပေမည်။

အလွမ်း လိုက်ပါသွားဖို့ အဝတ်အစားတွေ သယ်
ထုတ်လာတဲ့ အခါကျမှပင် အန်တီဟာ ဒီအိမ်မှာ ငါးနှစ်ကျော်နေ
ပြီးတဲ့ အလွမ်း၌ လက်ဆွဲအိတ်လိုမျိုး အဝတ်ထဲ့သိုစရာပင် ဘာ
တစ်ခုမှ မရှိတာ သိတော့သည်။ ဗီရိုလည်းမရှိ၊ သေတ္တာလည်းမရှိ၊
အိတ်လည်းမရှိ။ အလွမ်း အဝတ်အစားတို့ကို တီဗီထည့်သည်





ကတ္တူပုံးကြီးနှင့် ထည့်ထားခဲ့တာ ငါးနှစ်ကျော်မို့ ပုံးကြီးဟာပင်
ပေါက်ပြဲစုတ်ပြတ်နေပြီ။ ပစ္စည်းစုံပါတဲ့ ကတ်ထူတစ်ပုံး၊ လွယ်
အိတ်တစ်လုံး၊ စာအုပ်စည်း နှစ်စည်းနှင့် အန်တီ့အိမ်ကို အလွမ်း
လိုက်ပါခဲ့ရပါသည်။

ရာထူးအတန်အသင့်ကြီးတဲ့ အန်တီ့ခင်ပွန်း နေခွင့်
ရထားသော အိမ်ကြီးမှာ အကြီးကြီးပင်။ ခြံနှင့် တိုက်ခံနှစ်ထပ်
အိမ်။ အိမ်မှာ အပြင်ကကြည့်လျှင် ဟောင်းချင်သော်လည်း အတွင်း
ဝင်လိုက်သည်နှင့် တောက်ပြောင်ဝင်းလက်နေသည်။ အလွမ်း
အတွက် အခန်းတစ်ခန်း ခုတင်တစ်လုံးအပြင် စာကြည့်စားပွဲနှင့်
ကုလားထိုင်တစ်စုံ၊ ဗီရိုပုလေးတစ်လုံး ပါရှိနေ၍ အလွမ်း စိတ်
ချမ်းသာလှသည်။

အခန်းပြတင်းမှာ ခန်းဆီးအပွင့်လေးတွေနှင့် အလွမ်း
အခန်းလေးဟာ ချစ်စရာ ကျယ်ဝန်းသပ်ရပ်ပြီး လေဝင်လေထွက်
ကော အလင်းရောင်ပါ ကောင်းသည်။

"အလွမ်း ...၊ အန်တီဟာ အလွမ်းမေမေရဲ့ ညီမရင်း၊
ဒါကြောင့် အန်တီ့ကို အမေ၊ အန်ကယ့်ကို အဖေလိုသဘော
ထား"

"ဟုတ်ကဲ့ အန်တီ"

အလွမ်း ရင်ထဲ ဝမ်းနည်း ဝမ်းသာ ဖိုလှိုက်နေသည်။
ကားပြောတာ အပိုအလို အဖွဲ့အနွဲ့ သိပ်မပါတဲ့ အန်တီဟာ



www.burmeseclassic.com

www.burmeseclassic.com



လေသံပြတ်တယ် ထင်ရပေမဲ့ ပြောစကားတိုင်းမှာ ဖြောင့်ရှင်းသော စေတနာကို တွေ့နေရသည်။ အန်တီဟာ စိတ်ကောင်းရှိလှပါသည်။ ဒါကြောင့်လည်း ယောက်ျားကောင်းကောင်း ရထားတာပေါ့။

အန်ကယ်လ်ဟာ အန်တီ့ထက် အသက်အတော်ပိုကြီး၍ အန်တီက "အစ်ကိုကြီး"လို့ ခေါ်သည်။ အန်ကယ်က အန်တီ့ကို ချစ်ခင်ယုယသလို အန်တီက အန်ကယ့်ကို လိုလေသေးမရှိ ပြုစုဂရုစိုက်သည်။ အန်ကယ်က အင်မတန်အေး၍ အန်တီလိုပဲ သဘောကောင်းသည်။

"အလွမ်း ... ဆယ်တန်းနဲ့ ပတ်သက်တဲ့ မှတ်စုတို့ အထူးထုတ်တို့ စာရွက်စာတမ်း စာအုပ် ဘာပဲလိုလို ညည်းအန်တီကိုပြောဖို့ အားမနာနဲ့နော်၊ ဝယ်ခိုင်း၊ အန်တီက သူ့ဟာသူလည်း စုံစမ်းဝယ်ခြမ်းပေးမှာပဲ၊ ဒါပေမဲ့ ဘာတွေထွက်၊ ဘာတွေ ဟော့ထ်ဖြစ်တယ် အလွမ်း ဖတ်ချင်တယ်ဆိုတာ ကာယကံရှင် ညည်းက ပိုသိမှာ ...

ညည်းအန်တီက အလွမ်းတော့ ဟိုမှာနေရင် ဒီနှစ်ဆယ်တန်းကို အောင်မှာမဟုတ်ဘူးနဲ့ တစ်ဖျစ်တောက်တောက် လုပ်နေတာ၊ သူ ခေါ်လာတာဟာ အလွမ်းကိုအောင်စေချင်လို့၊ ဒီမှာဆို အောင်မယ် ယုံကြည်လို့၊ ညည်းအတွက် အရေးကြီးဆုံး သည်ဆယ်တန်း နှစ်ချင်းပေါက်အောင်ဖို့ ကြိုးစားဖို့ပဲ ...





လာသာခေါ်သွားတယ်၊ ဒီမှာနေလည်း အောင်တာလည်း မဟုတ်ဘဲနဲ့လို့ သူများမှတ်ချက်ချတာ ခံရရင် ညည်းရော ညည်းအန်တီ့ရော အရှက်ကွဲမှာပဲ၊ မဟုတ်ဘူးလား၊ စာပဲကြိုးစား၊ လျှော်ဖွပ်ချက်ပြုတ်တွေ လုံးဝလုပ်စရာမလိုဘူးနော်။ အန်ကယ်ပြောတာ နားထောင်၊ စာကိုသာ ဖိဖိစီးစီး အားစိုက်ကျက်၊ စာနဲ့ပတ်သက်ပြီး လိုတာပြော၊ အောင်တော့ အောင်ကိုအောင်ရမယ်၊ ကြားလား"

"ဟုတ်ကဲ့ပါ အန်ကယ်"

အိမ်မှာ အန်ကယ်၊ အန်တီ၊ သဲသဲ၊ ကဲကဲ၊ အထိန်း ... နှစ်ယောက်၊ ဒေါ်ဒေါ်မိနှင့် ဝင်းဝင်း သားအမိ၊ အလွမ်း၊ ...းဒရိုင်ဘာ၊ မာလီ စုစုပေါင်း လူဆယ့်တစ်ယောက်တောင် ...သည်။ အန်ကယ်တို့မိသားစု လေးယောက်ကလွဲရင် ကျန်လူ ...းလုံးဟာ တစ်ခုမဟုတ်တစ်ခု လုပ်ကိုင်နေကြတဲ့ သူများဖြစ်၍ ...လွမ်း လုပ်စရာ တကယ်ပဲ ဘာမှမရှိပါ။

အလွမ်းသည် လျှော်ပြီး မီးပူတိုက်ပြီး အခန်းထဲထိ ...ပို့သော အဝတ်ကို အသင့်ဝတ်ရ၍ ထမင်းလက်ဆေးစားရုံ ...၊ ကိုယ့်ပန်းကန်ကိုယ် အတင်းဆွဲပြေးကာ ဆေးခွင့်ရဖို့တောင် ...ည်းလုပ်ရသည်။ ညကို အန်ကယ်တို့ မိသားစုသောက်ဖို့ ကွေ ...အုပ် ဖျော်ပို့သော တာဝန်ကိုပဲ အလွမ်း ဖွတ်ယူထားရသည်။ ...တ် အန်တီ ဘုရားရှိခိုးဖို့ ပြင်ပေးတာ။ ဒါကတော့ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



ကို အမြဲလုပ်ပေးနေကျဆို၍ အန်တီက လုပ်ခွင့်ပြုသည်။ အန်တီ့ကို နှိပ်ပေးချင်၍ ညဘက်သွားသွားမေးမိသော်လည်း ...

"အန်တီက အနှိပ်မခံတတ်တာ အလွှမ်းရဲ့၊ မနှိပ်နဲ့၊ တစ်ခါတလေ ရှားရှားပါးပါး ခေါင်းကိုက်ဖက်ကြောတက် ဆိုမှပဲ ဖက်ကြောဆွဲ ခံဖူးတာ၊ ဒီတိုင်းတော့ အနှိပ်မခံတတ်ဘူး ယားတယ်"

အလွှမ်းသည် မိုးလင်းထ, ဆွမ်းတော်ပြင်၊ စာကျက်၊ ကျောင်းသွား၊ ကျူရှင်သွား၊ ရေချိုး၊ ထမင်းစား၊ စာကျက် ဒီ တာဝန်ပဲ ရှိပါသည်။

တစ်ခါတလေ သဲသဲ ကဲကဲတို့နှင့် ကစားပေး။ သူ တို့နှစ်ယောက်က အလွှမ်းကို ချစ်ကြသည်။ ပုံပြင်စာအုပ် ယူလာ ပေးကာ ဖတ်ပြပြောပြနိုင်းတတ်သည်။ သဲသဲက သူငယ်တန်း ကဲကဲက သုံးနှစ်။ ကလေးတွေသည် အမြဲပြုံးနေကာ လိမ္မာယဉ် ကျေးကြသည်။

ဒီအိမ်မှာ အော်ဟစ်ဆူပူသံ ငြိုငြင်သံ ရန်ဖြစ်သံမျိုး ဘာသံမှ မကြားရ။ အလွှမ်းအဖို့ နားအေး စိတ်ချမ်းသာလှသည်။ ဆံပင်ဆောင့်ဆွဲခံရတာ၊ ကျောပြင်ကို ဖျောတင်ခံရတာ၊ ဖက်ဖို အုပ်တာ၊ ဗိုက်ကို လက်မောင်းကို လိမ်ဆွဲတာ၊ ဒါမျိုးတွေ တစ်ခါ မှမခံရ။ သနပ်ခါးကိုလည်း ထူလပိန်း မလိမ်းရတော့ပါ။ ဆံပင် ကလေးကို ခေါင်းလျှော်ပြီးလျှင် ချထားခွင့်ရသည်။ အဝတ်အစား





တွေလည်း အန်တီက စိတ်ကူးရရင် ရသလို အသစ် ဝယ်လာပေး သေးသည်။

ကျူရှင်ကို ကျောင်းက တန်းသွားရတဲ့ နေ့မျိုးမှာ ကျောင်းဝတ်စုံနှင့်ပဲ ဖြစ်ပေမဲ့ စနေ တနင်္ဂနွေလို နေ့မျိုးမှာ အလွှမ်း ကျူရှင်သွားရတဲ့အခါ အဝတ်သစ်သစ် ပုံကျကျလေးတွေ နှင့် အလွှမ်းဟာ အရင်ကနှင့် အများကြီး ခြားနားပြောင်းလဲသွား ပါသည်။

ဟိုအိမ်မှာတော့ အလွှမ်း မရှိတာ တစ်ပတ်အကြာ မှာပင် အိမ်ဖော်အလုပ်သမားတစ်ယောက် ခေါ်လိုက်ရတယ်လို့ ကြားရသည်။ အလွှမ်းကို ဘွားဘွားထံ ဖုန်းဆက်ချင် ဆက်ဖို့ ခွင့်ပြုထားတာမို့ အလွှမ်း တစ်ရက်မှာ ဖုန်းဆက်တုန်း ဘွားဘွား အိပ်နေတယ်ဆို၍ ကြူကြူနှင့် စကားပြောရလို့ သိရတာပင်။

"ကောင်မလေးက သူဇာတဲ့၊ ငါနဲ့ ရွယ်တူလောက်ပါပဲ၊ အသက်နှစ်ဆယ်လောက်ပေါ့၊ ရုပ်ရှင်မင်းသမီး ဆုဆုနွေ့ အိမ် နေရလို့ဆိုပြီး တဟီးဟီးနဲ့ ပါးစပ်မပိတ်နိုင်ဘူး၊ ရယ်ရတယ်၊ ငေးပြီးကြည့်နေတာ မမနွေ့ကို၊ ဘယ်လောက် ငေးမောချစ်ခင်နိုင်မလဲဟာ ဆယ်ရက်ပေါ့၊ ခုတော့ ထိပ် ခေါက်ခံရ လိမ်ဆွဲခံရနဲ့ မချစ်ခင် မငေးမောနိုင်တော့ဘူး၊ ကောင်မလေးက လူလေးကတော့ ကောင်းပါတယ်၊ ဟင်း ချက်တာ မကောင်းဘူးဟ၊ မမနွေ့က ငါ့ကို ချက်ခိုင်းတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြိုက်၊ သူစာချက်လည်း မကြိုက်၊ ခေါ်တွေ့ပွ
တာပေါ့ဟာ ...

နင်မရှိမှ ငါလည်း ပိုအဆူခံရတယ်၊ နင်လည်း
အိမ်မှာသာ မရှိတော့တာ၊ နေ့တိုင်း ဆူပူကြိမ်းဝါးခံနေရတ
ပဲ အလွမ်းရဲ့ ဟီဟိ၊ ငါ့ကို ဟိုတစ်နေ့က ကိုတော်ဖုန်းခေ
က နင့်အကြောင်းမေးတယ်၊ ဘယ်ရောက်သွားတာလဲ
မမနွေ့ကို မေးတာ ကောင်းကောင်း မပြောပြလို့တဲ့၊ ငါ
နင့်အဒေါ်ရင်း ခေါ်သွားတာလို့၊ ဒီမှာဆိုရင် အလွမ်းစာကျ
ချိန်ကို မရှိလို့လို့၊ အန်တီလိပ်စာမေးလို့ (......)အိမ်ရော
ဆိုတာ ပြောပြလိုက်သေးတယ်၊ အိမ်နံပါတ်တော့ ငါလည်
မသိဘူးလေ၊ အန်ကယ့် နာမည်တော့ ပြောပြလိုက်တ
သိလား"

"ဟာ ... မကြူကလည်း ရှုပ်ရှုပ်ပွေပွေ၊ ဘာလို့ ပြော
လိုက်ရတာလဲ"

"မေးတော့လည်း ဖြေရတာပေါ့ဟ"

"မသိဘူး ပြောလိုက်ပေါ့"

"ပြောပြတော့ရော ဘာဖြစ်မှာမို့လဲဟ၊ နင့်ဆီ သူလာ
မယ်များ မှတ်လို့လား၊ ဘာလာစရာ အကြောင်းရှိလဲ"

ဟုတ်တော့လည်း ဟုတ်သားပင်။ လိပ်စာသိ
မသိသိ သူက အလွမ်းဆီ ဘာလာစရာ အကြောင်းရှိတာမို့





ဤသို့ စိတ်အေးသွားလိုက်သော်လည်း နောက်ထပ် အချိန်နှစ်လ
လောက် ကြာတဲ့အခါ တစ်နေ့မှာ အလွမ်း အခန်းထဲ အလွမ်း
သချာတွေ ထိုင်တွက်နေစဉ် ကဲကဲကိုထိန်းတဲ့ မိန်းကလေး ရောက်
လာပြီး ...

"မမလွမ်း အန်တီ ခေါ်နေတယ်၊ ဧည့်သည် လာတယ်
တဲ့"

"ဧည့်သည် ... !!"

BURMESE CLASSIC .com

အလွမ်းအတွက် အဆန်းပင်။ အလွမ်းဆီ ဧည့်သည်
လာစရာလား။ ကျောင်းက သူငယ်ချင်း တစ်ယောက်ယောက်များ
စာကူးဖို့ စာအုပ်ငှားဖို့ စသဖြင့် လာလေသလား ထင်ကာ
စာကျက်စားပွဲမှ ထ,ထွက်လာသည်။ အိမ်ရှေ့ဧည့်ခန်းဘက် ချိုး
ကွေ့လိုက်လျှင် အလွမ်းဘက် ကျောပေးထိုင်နေတဲ့ လူတစ်ယောက်
နှင့် အလွမ်းဘက် မျက်နှာလှည့်ထိုင်ကာ ထိုလူနှင့် မျက်နှာချင်း
ဆိုင် စကားပြော ဧည့်ခံနေတဲ့ အန်တီကို တွေ့လိုက်ရသည်။

အန်တီ့မျက်နှာဟာ သူ့ထုံးစံအတိုင်း အပြုံးအရယ်
နည်းနည်းနှင့် ခပ်တည်တည်ပင်။ အန်တီ့ မျက်ဝန်းတွေထဲမှာ
ဒေဝေါ အံ့အားတသင့် အရိပ်အယောင်မျိုးလည်း တွေ့နေရသည်။
အန်တီက ထွက်လာသော အလွမ်းကို ဖျတ်ခနဲ လှမ်းကြည့်ရင်း
သူ့နံဘေးခုံကို ပုတ်ပြကာ ...

"လာ ... အလွမ်း"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက ထိုလူကို မကြည့်မိပဲ အန်တီ့နံဘေးအထိ ခါးလေးကိုင်းလျှိုးကာ လျှောက်သွားပြီး ဝင်ထိုင်လိုက်ရင်းက ညှော်သည်ယောက်ျားကို ကြည့်လိုက်ပါသည်။

"ဟင်"

ကိုကြီးခေါင်။ ကိုတော်ဖုန်းခေါင်။ အလွမ်းသည် အံ့အားတသင့် ခေါင်းနပန်း ကြီးသွားပါသည်။ တော်ဖုန်းခေါင်က အလွမ်းကို နှုတ်ဆက်သလို ပြုံး၍စိုက်ကြည့်နေသည်။

တော်ဖုန်းခေါင်ရဲ့ အကြည့်က အကြာကြီး ရူးရူးစိုက်စိုက်။ သူ့မျက်စိထဲတွင် အလွမ်းသည် အံ့ဩစရာ ထူးခြားပြောင်းလဲနေသည်။ အသိသာဆုံးက အမြဲမှိုင်းညို့မှုန်ရီကာ သံပတ်ကော်ရုပ်လို အသက်မပါ တတောက်တောက် လှုပ်ရှားနေတဲ့ နဂိုအလှလေးတွေ ပျောက်ကွယ်နေတဲ့ ကောင်မလေးဟာ လန်းဆန်းသက်ဝင်ကာ နင်းရည်သောက်သုံးထားရတဲ့ နံနက်ဦး ပန်းဖူးကလေးလို လတ်ဆတ်ကြည်လင်ခြင်းတစ်မျိုးနှင့် ရုပ်ပါ ပြောင်းလဲသွားရခြင်းပါပဲ။

ဆံပင်ဖြောင့်ဖြောင့် အိအိလေးတွေ ကျောလယ်မရောက်တရောက် ကပိုကရို ဖြန့်ချထားပုံကိုလည်း သူ မမြင်ဖူး။ သနပ်ခါးရေကျဲကလေး လူရုံလိမ်းထားတာကိုလည်း သူ မမြင်ဖူး။ မျက်လုံးကလေးတွေ ဤမျှ ကြည်လင် တောက်ပတာကိုလည်း သူ တစ်ခါမှ မမြင်ဖူးပါ။

"သမီးနဲ့ ခင်တယ်ဆို"





အန်တီ့စကားကြောင့် အလွမ်း ဆတ်ခနဲ တုန်လှုပ်သွားပါသည်။ သူမနှင့် ကိုကြီးခေါင်ဟာ ခင်သလား။ အကဲခတ်နေတဲ့ အန်တီ့မျက်ဝန်းအောက်၌ အပြစ်ရှိမှာကို အလွမ်း ကြောက်နေသည်။ သူ့အိမ်ရောက်တာ နှစ်လခွဲ သုံးလအတွင်း ယောက်ျားမှို့ညှော်သည် အိမ်လာလည်တယ်ဆိုတော့ အန်တီ တစ်မျိုးထင်တော့မှာပဲလို့ အလွမ်း စိတ်ညစ်သည်။

မမနွေကလည်း မဟုတ်တမ်းတရားတွေ ပြောထားတာ။ အန်တီကတော့ အလွမ်းကို ခပ်ရှုပ်ရှုပ် ခပ်ကဲကဲ မိန်းကလေးလို့ ထင်တော့မှာပဲရယ်လို့ စိုးရိမ်စိတ်ရှုပ်လာပါသည်။

"ဟို ... ဟို ... အလွမ်းနဲ့ ... မ ... မခင်ပါဘူး"

"ဟင်"

အန်တီက တော်ဖုန်းခေါင်ကို တစ်ချက် မျက်မှောင်ကွန့်တွန့်နှင့် ကြည့်လိုက်ပြန်သည်။ တော်ဖုန်းခေါင်က သူ့ထက် ခလေးငါးခြောက်နှစ်သာကြီးမည့် အလွမ်းရဲ့အပေါ်ကို ရိုရိုသေသေနှင့်ပင် ...

"ကျွန်တော်က ဆုနွေ့ သူငယ်ချင်းပါ၊ ခုနလည်း အစ်မကို ပြောပြပြီးပါပြီ၊ ဟိုအိမ်မှာ ဝင်ထွက်နေကျဆိုတော့ သူ့ကိုလည်း အလိုလို ရင်းနှီးနေတာမျိုးပါ"

"ဟို ... ကိုကြီးခေါင်ကို အလွမ်း တစ်ခါပဲ စကားပြောဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက အန်တီ့ကို ကြောက်ကြောက်နှင့် ရှင်းပြ
သည်။ ကိုကြီးခေါင်ဆိုတဲ့ အခေါ်အဝေါ်ကိုက ရင်းနှီးမှု တစ်စိတ်
တစ်ပိုင်းကိုတော့ ဖော်ပြနေတာပဲ။ ဒေါ်ခင်နန္ဒာသည် တည်ကြည်
ငြိမ်းချမ်းပြီး စိတ်ရှည်သဘောကောင်းပုံ ထွက်နေတဲ့ တော်ဖုန်း
ခေါင်ရဲ့ ရုပ်ဆင်းသဏ္ဍာန်ကို အကဲခတ်ရင်း ကလေကချေ
လူရှုပ်လူပွေ မဟုတ်တာကိုတော့ ယုံကြည်သည်။

စိတ်ထဲမှာလည်း တစ်စုံတစ်ရာကို ရေးတေးတေး
ရိပ်မိသဘောပေါက်လာသလို ရှိပါသည်။ နူးညံ့ဖွေးထွေးတဲ့ တော်
ဖုန်းခေါင်ရဲ့ အကြည့်ဟာ အလကားနေရင်း ကြောက်လန့်နေတဲ့
အလွမ်းထံ ကရုဏာနှင့် ဖြန့်ကျက် လွှမ်းခြုံလျက်ရှိသည်။

"ဆုနွေ ဆီတော့ လာလည်နေကျပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဆုနွေနဲ့က ကိုးတန်း ဆယ်တန်းတုန်းက
သူငယ်ချင်းပါ၊ သူတို့အိမ်မှာ ယောကျ်ားတစ်ယောက် ကူညီ
လုပ်ကိုင်စရာမျိုးရှိရင် သွားကူလုပ်ပေးရင်း အန်တီတင်တင်
တို့ ဘွားဘွားတို့နဲ့လည်း ရင်းနှီးနေတာပါ၊ သူ ရန်ကုန်
သာတော့ သဘော်ဆိပ် ဆင်းကြိုရတာ ကျွန်တော်လေ"

တော်ဖုန်းခေါင်က အလွမ်းကို ပြုံးကြည့်ရင်း ခပ်ရွှန်း
ရွှန်းဆိုသည်။

"သြော် ... ခင်တာ အတော်ကြာပြီပဲ၊ အစ်မက အဲဒီကို
သိပ်မရောက်တော့ မဆုံဘူး ဖြစ်နေတာပေါ့"





"ဟုတ်ပါတယ်၊ အစ်မ သတိမထားမိလို့ပါ၊ အစ်မ အိမ်ကို
လာလည်တဲ့ နှစ်ကြိမ်လောက်မှာ ကျွန်တော် ရှိပါတယ်၊
ခြံထဲမှာပဲ နေနေလို့ အစ်မ မမြင်တာပါ၊ ဆုနွေ ကားတွေ
ဘာတွေ လိုရင်လည်း သွားမောင်းပေး၊ တစ်ခါတလေ
ဆုနွေက မအားတာများတော့ ဘွားဘွားကို ဆေးခန်းပို့ဖို့
လိုတဲ့အခါ သွားပို့ပေး၊ မကြာမကြာ ရောက်ပါတယ်"

"ဒါတောင် မရင်းနှီးဘူးတဲ့ အလွမ်းကလေ"

အန်တီက အလွမ်းပေါင်ကို တစ်ချက်ရိုက်သည်။

"အမြဲ မြင်တွေ့နေကျအဖြစ်ပဲ ရင်းနှီးနေရတာမျိုးပါ၊
ကျွန်တော်နဲ့ သူနဲ့ တစ်ခါပဲ စကားသေချာ လေးငါးခွန်း
ပြောဖူးပါတယ်"

အန်တီက အလွမ်းကိုတစ်လှည့် တော်ဖုန်းခေါင်ကို
တစ်လှည့် ကြည့်ရှုအကဲခတ်နေသည်။ အလွမ်း၌ စိတ်ကျဉ်းကျပ်
အနှောင့်အယှက် ဖြစ်နေဟန်ကို ကြည့်ရင်း ပြုံးမိကာ ...

"သူ့ကို သဘော်ဆိပ်က ကြိုပေးလာကတည်းက ခုချိန်ထိ
အတွင်း စကားလေး,ငါးခွန်း တစ်ကြိမ်ပဲ ပြောဖူးတယ်ဆို
တော့ အံ့သြစရာကြီးလိုတောင် ဖြစ်နေပြီ"

"ဟို... ဟို... မမနွေက စကားမပြောရဘူးလို့ မှာထားတာပါ"

အန်တီက ရယ်လိုက်ပါတော့သည်။ သြော်... အလွမ်း
အလွမ်း။ အတော်ရိုးတဲ့ လူမမယ်မ,ကလေးပဲရယ်လို့ ကရုဏာဖြစ်
ရသည်။ စိတ်ထဲကလည်း တူမငယ်ကို ကျီစယ်ချင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆုန္တေက စကားမပြောရဘူး မှာထားတာကို အလွမ်းက ဘာဖြစ်လို့ လေး,ငါးခွန်း သွားပြောရတာတုန်း"

"ဟို ... သူ ... ကိုကြီးခေါင်က လိုက်မေးလို့"

"ဘာတွေမေးတာလဲ"

အန်တီ့အသံက ရယ်သံပါလာသည်။

"အဲဒီနေ့က အလွမ်းကို ဟို ... မမနွေက ရိုက်ထားတာ၊ အလွမ်းပါးမှာ ရောင်ကိုင်းနေတော့ ... သူက ..."

ခေါ်ခင်နန္ဒာသည် စိတ်ဆင်းရဲသွားပါသည်။ တော်ဖုန်းခေါင် ရှေ့၌လည်း မျက်နှာပူကာ ရှက်သွားပါသည်။

"အင်း ...၊ ဆုန္တေက နည်းနည်းအနိုင်ကျင့်တတ်တယ်ကွယ့်၊ အဲဒါကြောင့် ဆယ်တန်းဖြေမဲ့နှစ် တမင် ဒီကိုခေါ်ထားတာ"

"ကျွန်တော် နားလည်ပါတယ်၊ အလွမ်း ဒီကိုရောက်နေတာ သူ့အတွက် ကောင်းတာပေါ့၊ ဟိုမှာ သူ့ကိုကြည့်လိုက်ရင် ရှုပ်ယှက်ခတ်ပြီး ပြေးလွှားနေတာချည်းပဲ"

အန်တီက သက်ပြင်းတစ်ချက်ချရင်း ...

"အခု ဒီကိုလာလည်တာ ကိစ္စအထူးများ ပါပါသေးလား ကိုတော်ဖုန်းခေါင်၊ မေးကြည့်တာပါ၊ လာလည်တာ သဘော မကျလို့တော့ မဟုတ်ပါဘူး၊ သိပ်လည်း မရင်းနှီးဘူး ပြောလို့ ကိစ္စရှိရင်လည်း ပြောနိုင်ပါတယ်လို့ ပြောတာပါ"





"ကိစ္စအထူးကြီးတော့ မဟုတ်ပါဘူး၊ ဟိုဟာပါ၊ ကျွန်တော်... ကျွန်တော်လည်း ခရီးထွက်တော့မှာဆိုတော့ အလွမ်းကို လာနှုတ်ဆက်တဲ့ သဘောလောက်ပါပဲ၊ ဒီနားက သူငယ်ချင်းအိမ်လည်း လာရင်း၊ အလွမ်း ဒီနားပြောင်းသွားတာ သိလို့ ဝင်နှုတ်ဆက်တာပါ အစ်မ"

တော်ဖုန်းခေါင်သည် သူ့ဟာနှင့်သူ အနည်းငယ် ရှက်နှာပူနေသည်။ ဒီကို အစိမ်းအတိုင်းကြီး ရောက်ချလာမိတဲ့ သူ့ကိုယ်သူလည်း တအံ့တဩ ပြုံးချင်နေပါသည်။ အလွမ်းက မျက်လွှာပင့်ကြည့်လိုက် ခေါင်းငုံ့လိုက်အပြင် ဘာမှမပြော၍ ခေါ်ခင်နန္ဒာကပဲ ...

"ဘယ်ကို ခရီးသွားမို့လဲ"

"သင်္ဘောတက်ဖို့ပါ အစ်မ"

"ဩော် ... ဒီမှာ အရင်က ဘယ်မှာလုပ်လဲ"

"ကျွန်တော်က အင်ဂျင်နီယာရင်းနဲ့ ကျောင်းပြီးတာဆိုတော့ အရင်ကတော့ ဒီက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေတာပါ၊ အလုပ်လည်း ဝင်ထားရင်း သင်္ဘောနဲ့ ပတ်သက်တာလည်း စာကျက် လက်မှတ်ဖြေပေါ့၊ အခုတော့ သင်္ဘောထွက်ဖို့ နောက်တစ်ပတ်ထဲ သေချာပြီမို့လို့ မိတ်ဆွေတွေ နှုတ်ဆက်ရင်းက အလွမ်းကိုလည်း သတိရပြီး၊ ဘွားဘွားကိုတောင် အလွမ်းကို သွားနှုတ်ဆက်ဖို့ ခွင့်တောင်းခဲ့ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒါပေါ့လေ၊ ဒါနဲ့ သဘော်က ကြာမှာလား"

"ကျွန်တော် ပထမဆုံးအခေါက်ဆိုတော့ ခပ်ကြာကြာ စီးလိုက်ဦးမယ် ခင်ဗျ၊ 'သုံး,လေးနှစ် နေလိုက်မယ်"

"သြော် ... ကောင်းပါတယ်၊ မိဘတွေရော ရှိသေးလား၊ ဘယ်မှာနေကြလဲ"

"၇–မိုင်မှာ နေပါတယ်၊ ဖေဖေက အငြိမ်းစားပါ၊ ဖေဖေနဲ့ မေမေကတော့ ပါရမီလမ်းပေါ်မှာ ဆိုင်ခန်းလေး ဝယ်ထားလိုက်တာရှိတော့ အရင်ကတော့ ငှားထားတာ၊ အခုတော့ သူတို့လည်း အပျင်းပြေဆိုပြီး စားသောက်ကုန်တွေ တင်တဲ့ စတိုးဆိုင်လေး ဖွင့်ထားပါတယ်၊ မောင်နှမတော့ မရှိပါဘူး"

ဒေါ်ခင်နွှာသည် တော်ဖုန်းခေါင်ကို ခင်မင်ဆက်ဆံလို့ရသည့် လူယဉ်ကျေးတစ်ယောက်အဖြစ် သတ်မှတ်လိုက်ပါသည်။ ရုပ်ရည်ကိုလည်း သဘောကျပါသည်။ သူ သဘော်တက်ခါနီး အလွှမ်းကို လာနှုတ်ဆက်တယ် ဆိုတော့ ...။ အင်း ... တစ်ခုခုပေါ့။ အလွှမ်းကတော့ ဘာမှ သိပ်သိပုံမရပါ။ အလွှမ်းဟာ တကယ့်ကို အရိုးလေး ဖြစ်သည်။

"ကော်ဖီလေးတော့ သောက်ဦးနော်၊ အစ်မ သွားဖျော်လိုက်ဦးမယ်"

အလွှမ်းနှင့် ခဏတဖြုတ် စကားပြောခွင့်ပြုသင့်သည်ဟု ဆုံးဖြတ်ကာ ဝင်သွားဖို့ပြင်တာကို အလွှမ်းက ...





"အန်တီ အလွှမ်း သွားဖျော်လိုက်မယ်"

"ရတယ်၊ အလွှမ်း စကားပြောဦး၊ အန်တီ ဝင်းဝင်းကို သွားဖျော်ခိုင်းလိုက်ဦးမယ်၊ ထိုင်ဦးနော် ကိုတော်ဖုန်းခေါင်"

"ဟုတ်ကဲ့ပါ"

ဤတွင် အလွှမ်းသည် တော်ဖုန်းခေါင်နှင့် မျက်နှာ ...င်းဆိုင်ကြီး မျက်နှာပူ အနေခက်ကာ ကျန်ရစ်ပါသည်။ တစ်မျိုး ...း:ပဲ။ သူက ဘာကြောင့် အလွှမ်းဆီ လာလည်ရတာလဲ။ ...ပ်လည်း မခင်ဘဲနဲ့။ နှုတ်မဆက်လည်း ရတာပဲ။ သို့သော် ...က တကူးတက လာနှုတ်ဆက်တော့လည်း သူ သုံးလေးနှစ် ...း:မှာကို အလွှမ်း ဝမ်းနည်းချင်သလိုလိုရှိသည်။ ဘာစကားပြော ...န်းလဲ အလွှမ်း မသိ။ အလွှမ်း အဖြစ်က အူကြောင်ကြောင် ...း။

"ဒီမှာ အဆင်ပြေလား အလွှမ်း"

"ရှင် ..."

သူက အလွှမ်းကို ဦးတည်မေးလိုက်တာကို လန့်သွား ...မှ ...

"ဟုတ်ကဲ့ ... အဆင်ပြေပါတယ်"

"စာတွေ သိပ်ကျက်နေလား"

"ဟုတ်ကဲ့၊ အလွှမ်း တစ်နှစ်တည်း အောင်ချင်တယ် ကိုကြီးခေါင်"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းက 'ကိုကြီးခေါင်'လို့ တစ်ခွန်းခေါ်ရင် တော်ဖုန်းခေါင် တစ်ခါရယ်ချင်သည်။

"အလွမ်း အောင်မှာပါ"

"ဘယ်လိုလုပ် သိလဲ"

"အလွမ်း မျက်နှာကို ကြည့်ရင်သိတယ်၊ အလွမ်း မျက်နှာက အခု ကြည်လင်လန်းဆန်းပြီး ပူပင်သောက ကင်းတဲ့ရုပ် ဖြစ်နေပြီ၊ စာမေးပွဲအောင်မဲ့ရုပ်ကို ပေါက်နေတာ"

"အဟင်း ..."

အလွမ်းက လွတ်ခနဲ သဘောကျကာ ရယ်မိသည်။

"ဟိုအိမ်မှာတုန်းက အလွမ်းရုပ်က ပူပင်သောကတွေနဲ့ စိတ်ဖိစီးမှုတွေနဲ့ အမြဲ ညစ်နွမ်းညှိုးမှိန်နေတာ၊ ကိုယ် ဘာရယ် မဟုတ်ပါဘူး အလွမ်းရယ်၊ အကြာကြီး ခရီးသွား ရခါနီးဆိုတော့ စိတ်ထဲမှာ အလေးအနက်ရှိတဲ့ ရင်းနှီးသူ တိုင်းကို နှုတ်ဆက်သွားချင် တွေ့သွားချင်တယ်၊ ဒါကြောင့် လာတာပါ"

သူ့စကားကို မျက်လုံးဝိုင်းနှင့် နားထောင်နေရင်း အလွမ်း ဝမ်းနည်းလာသည်။ သူကလည်း လာနှုတ်ဆက်နေသေး တယ်။ သူ မလာပဲ တစ်ခါတည်း ထွက်သွားရင်လည်း ဘာ မသိလိုက်ဘဲ နောက်လည်း မတွေ့တော့တဲ့အခါ အလွမ်း အမှတ် တမဲ့ မေ့နေမှာပေါ့။ ခုတော့ လာနှုတ်ဆက်သွားသည်ဆိုတဲ့အပြ က အလွမ်း ရင်ထဲ တသိမ့်သိမ့် အမှတ်ရနေစေတော့မှာဖြစ်သည်။





"အလွမ်း အံ့သြနေတယ် မဟုတ်လား"

ခေါင်းညိတ်တဲ့ အလွမ်းကို စိုက်ကြည့်ရင်း တော်ဖုန်း ခေါင်လည်း သူ့ကိုယ်သူ အံ့သြနေသည်။ ဟိုအိမ်မှာ အလွမ်း မရှိ တော့ဘူးဆိုကတည်းက သူ့ရင်ထဲ ဘယ်လိုဖြစ်မှန်းမသိ ဟာသွား သည်။ အဲဒီနေ့က ဆုနွေ့ရဲ့ကားကို ဝပ်ရှော့ထိုးထားရာက သွားယူပြီး အိမ်ပြန်ထားပေးရတာ။ ဆုနွေ့ အိမ်မှာ မရှိ။ တော်ဖုန်းခေါင် ကြူကြူနှင့်ပဲ မေးမြန်းစကားပြောဆိုခဲ့ရသည်။ တချို့သော သူ သိတဲ့ အကြောင်းအရာတွေ စကားများတဲ့ ကြူကြူ့ထံက သိခွင့်ရလိုက်ပါသည်။ အလွမ်းကို သနားစိတ်နှင့်အတူ အခေါ်အိမ် ထိုက်သွားခွင့်ရတာအတွက်လည်း ဝမ်းသာရသည်။ နို့မို့ အလွမ်း ဆယ်တန်းမအောင်နိုင်တာ သူလည်း သိပါသည်။

ဆုနွေ့ထက် သူဟာ လပိုင်းကြီးသေးတာမို့ သူနဲ့ အလွမ်း ဆယ့်တစ်နှစ်လောက် အသက်ကွာသည်။ သူ့မျက်စိ ရှေ့အောက်မှာ နံရိုးပြိုင်းပြိုင်းလေးနဲ့ ပိန်ကပ်နေတဲ့ ကလေးရွယ် လေးကနေ ဒီအရွယ် ရောက်လာတဲ့ထိ၊ ကြီးပြင်းလူလားမြောက် လာတဲ့ ဒီကလေးမလေးကို သူ ဘာကြောင့် ဒီလောက် သံယောဇဉ် တွေ ကြီးနေမိပါလိမ့်။ အရေးတယူတွေ ရှိနေမိပါလိမ့်။'

ရင်းနှီးတာလည်း မဟုတ်။ အဲဒါအပြင် သူဟာ ဆယ်တန်းအောင်ပြီးကတည်းက ဆုနွေ့တို့အိမ်ကို ဝင်ထွက်ကာ ဘော ကူညီကာ ဆုနွေ့ရဲ့ ခိုင်းဖတ်အဖြစ်ခံကာ အဆက်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့တာသည် ဆုနွေကို စိတ်ဝင်စားလို့၊ ဆုနွေကို ချစ်ရေး ဆိုထားလို့၊ ဆုနွေ အချစ်ကို မျှော်လင့်နေလို့ မဟုတ်လား။

သူ့ကို ဆုနွေ ကြိုးရှည်နှင့် လှန်ထားတာ သိသော်လည်း စိတ်မပျက်ဘဲ ဤလှတစ်မျက်နှာကို မက်ကာ ချည်တိုင်က မခွာနိုင်ဘဲ ရှိခဲ့တာလေ။ သူ ဆုနွေကို ချစ်ရေးဆိုခဲ့တာ ဆုနွေ မဂ္ဂဇင်း မျက်နှာဖုံးတောင် မရိုက်ရခင်ကတည်းက။ သူ့ကို ဆုနွေက ခေါင်းမညိတ်သလို ခေါင်းလည်းမခါ။ ဆုနွေ ဝန်းကျင် မှာလည်း သူ့ထက်သာတဲ့ သူချည်းသာ။ သူ့လောက် အဆင့်ကို လည်း မျှော်မှန်းချက်ကြီးလွန်းတဲ့ ဆုနွေက စိတ်ကူးမယဉ်ချင် မှာ သူ သိသည်။

သို့သော် ဆုနွေကို စွဲလမ်းစိတ်နှင့် သူဟာ သံယောဇဉ် ကို မပြတ်။ တစ်စတစ်စနဲ့တော့ ဆုနွေမှာ စိတ်ပျက်စရာတွေ သူ တွေ့တွေ့လာသည်။ သို့သော် သူ့မှာက ဆုနွေအပေါ် သူငယ်ချင်း မိတ်ဆွေတွေ သံယောဇဉ်လည်း ရှိသေးရာ နဂိုသဘော ကောင်းနှင့် အနွံတာခံ သည်းခံနေမိပြီး ယောကျ်ားတွေကို အနားက ခွာမသွားအောင် တစ်ပြိုင်နက်မှာ အများကြီး ဖမ်းစားထား တဲ့ ဆုနွေ အကျင့်စရိုက်ကိုလည်း သူ စိတ်ပျက်တာပင်။

သူဟာ တစ်ပြိုင်နက်တည်းမှာ ဆုနွေကိုလည်း စိတ်ပျက်ပျက်လာနေပြီး ဘာမဟုတ်တဲ့ ပေါက်စန ကောင်မလေး





တစ်ယောက်ကိုလည်း သံယောဇဉ် ပိုပိုလာနေပါသည်။ ခုတော့ ဤသံယောဇဉ်ဟာ အတော်လေးတောင် တင်းကျပ်နေပြီ။ မသွား ခင် တွေ့မသွားဘဲ မနေနိုင်တဲ့အထိ ဒီမျက်နှာလေးကို ကြည့်သွား ချင်သေးတာမို့ ဘာပဲဖြစ်ဖြစ်ရယ်လို့ သူ ရောက်ချလာခဲ့ရတာ။

"ရှေ့အပတ်ဆို ကိုယ် သွားတော့မယ်၊ ထပ်လာနှုတ်ဆက် လို့လည်း မကောင်းတော့ဘူး ထင်တယ်၊ ဒီတော့ နောက် လေးနှစ်လောက်အထိအတွက် အခုတစ်ကြိမ် အပြီးနှုတ် ဆက်တယ်နော် ညီမလေး"

အလွမ်းသည် ရင်ထဲ တသိမ့်သိမ့် တနုံ့နုံ့နှင့် မမျှော်လင့်ဘဲ အရမ်းဝမ်းနည်းလာပါသည်။ တော်ဖုန်းခေါင်ကို မျက်လုံးဝိုင်းကြီးနှင့် မရဲတရဲ ကြည့်ရင်း မျက်တောင်ကို ပုတ်ခတ် နေရသည်။ *အဖေ တစ်နှစ်တစ်ခါ တစ်ည လာအိပ်ပြီး အဖေ ပြန် တော့မည်ပြုတဲ့အခါ ဝမ်းနည်းလွမ်းဆွတ်ပြီး ငိုချင်တဲ့ ခံစားချက် လိုပင်။* အခုတော့ သူက လေးနှစ်တဲ့ ...။ အကြာကြီးပဲ။

တကယ်တော့ သူ ဘယ်မှ မသွားဘဲ ဒီမှာပဲ ရှိနေလည်း အလွမ်းနှင့် တွေ့နေရမှာမှ မဟုတ်တာ။ တွေ့နေရင် တောင် ရင်းနှီးတာမှ မဟုတ်တာ။ အကြာကြီးသွားနေတော့လည်း ပဲ သိပ်တော့ သိသာလှမှာ မဟုတ်ပါဘူးလို့ ထင်ပြန်သည်။

"ကိုယ် ပြန်လာတဲ့အချိန်လောက်ကျရင် အလွမ်း အသက် နှစ်ဆယ်ရှိပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ အလွမ်း အသက်နှစ်ဆယ်လောက်မှ သူ ပြန်လာတော့မှာပဲ။ တကယ့်ကို အကြာကြီးပင်။ အလွမ်း စိတ်ထဲ လွမ်းချင်လာသည်။

"ကိုယ် မြန်မာပြည် ပြန်ရောက်တာနဲ့ အလွမ်းကို လာပြန်တွေ့မယ်နော်"

ဒီစကားတွေ ပြောနေတဲ့ သူ့ကို ရိပ်မိနားလည်ပုံ မပေါ်တဲ့ အရိုးခံလေး အလွမ်းကို တော်ဖုန်းခေါင် ရင်နင့်နင့်ကလေး ငေးစိုက်ကြည့်နေသည်။ သူ့ကိုယ်သူ ရိပ်မိနားလည် သေချာသွားတဲ့အချိန်မှာ သူ ခရီးဝေး သွားရတော့မှာ။ သူ့ရဲ့ နှလုံးသားထဲမှာ ဆုနွေဆိုတာ မရှိတော့တာ အတော်ကြာနေပါပြီ။ နေရာအပြည့် ဝင်ယူသွားသူဟာ အလွမ်းလို့ နောက်ကျကျမှ အထိတ်တလန့် သိလိုက်နိုင်ချိန်မှာ ခွဲခွာရတဲ့အဖြစ်။ သို့သော်လည်း သူကလေးဟာလည်း ခုချိန်မှာ ငယ်ပါသေးတယ်လေလို့ သူ့စိတ်ကို ဖြေသိမ့်ရသည်။

"ကိုယ့်ကို အလွမ်း မေ့မသွားအောင် သတိရနေအောင် အမှတ်တရလေး ဘာပေးခဲ့ရရင်ကောင်းမလဲလို့ ကိုယ် စဉ်းစားလို့မရဘူး"

အလွမ်းက ရိုးရိုးဘွင်းဘွင်းကလေးပင် ...

"အလွမ်း မမေ့ပါဘူး ကိုကြီးခေါင်"





"သတိလည်း ရစေချင်သေးတယ်၊ အမှတ်တရပစ္စည်းလေး တစ်ခုခုရှိရင်တော့ အလွမ်း ဒါကို မြင်ရင် ကိုယ့်ကို ဖျတ်ခနဲ သတိရလိုက်နိုင်တာပေါ့"

"အလွမ်းမှာ ရှိပါတယ်၊ ဘာအမှတ်တရပစ္စည်းမှ ကိုကြီးခေါင် မပေးနဲ့တော့"

တော်ဖုန်းခေါင်က အံ့အားတသင့်နှင့် ...

"အလွမ်းမှာ ဘာပစ္စည်း ရှိတာလဲ"

"သင်္ဘောဆိပ်ကကြိုအလာ အလွမ်း အန်တုန်းက ကိုကြီးခေါင် ပေးတဲ့ နက်ပြာစင်း အနားကွပ်နဲ့ လက်ကိုင်ပဝါလေး၊ အလွမ်း အမှတ်တရ သိမ်းထားတယ် ခုထိ"

တော်ဖုန်းခေါင် အကြည့်များ ချစ်စဖွယ် အလွမ်းအပေါ် ကျရောက်နစ်မြောနေခဲ့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၆

အဲဒီတုန်းကတော့ ကိုယ့်ကို ချစ်ခင်သနားတဲ့သူ၊ ကိုယ့်ဘက်ပါတဲ့သူရယ်လို့ ကလေးလို တွယ်တာမှုမျိုးကလွဲလို့ အလွှမ်း နားမလည်။ အန်တီက တော်ဖုန်းခေါင်အကြောင်း နှိုက်နှိုက်ချွတ်ချွတ် မေးတော့တောင် အလွှမ်းစိတ်လိုလက်ရ ပြန်ပြောမိသည်မှာ ...

"ကိုကြီးခေါင်ကလေ အလွှမ်း ရန်ကုန် ရောက်မလာခင်ကတည်းက မမနွေကို ချစ်နေတာ၊ သိပ်ချစ်တာပဲတဲ့၊ မကြူပြောပြတယ် အန်တီရဲ့၊ အလွှမ်း ရောက်ပြီးမှလည်းပဲ အလွှမ်းလည်း မြင်နေတာပဲ၊ ကိုကြီးခေါင်က မမနွေ အနွံအတာ သိပ်ခံတာပဲ၊ မမနွေက သိပ်မျက်နှာကောင်းပေးတာ မဟုတ်ဘူး၊ ကိုကြီးခေါင်ကို နိုင်းစရာရှိမှပဲ သတိရတာပါ၊





သူ အရေးပေးတဲ့ ဦးမင်းမင်းတို့၊ ဦးကျော်စွာတို့၊ ဦးမောင်တို့ဆိုတဲ့ လူတွေလို တွဲပြီး ဟိုဒီသွားတာ၊ တစ်ခုခု ညဘက် ထွက်စားတာ၊ အိမ်မှာ အကြာကြီး လက်ခံပြီး ထိုင်စည့်ခံပေးတာမျိုးတွေ ကိုကြီးခေါင်ကိုတော့ မလုပ်ဘူး အန်တီရဲ့ ...

ဟဲ့ ... ခေါင် ... ဘာသွားဝယ်ပေးဦး၊ ကားသွားပြင်ပေးဦးနဲ့ ခိုင်းဖတ်ပဲ လုပ်ထားတာခံရရှာတာ၊ မကြူဆိုရင် ကိုကြီးခေါင်ကို သိပ်သနားတာ၊ အလွှမ်းလည်း သနားပါတယ်၊ ကြားက အားနာနေတာပေါ့၊ မမနွေက စကားပြောတာအစ ဟိုဆတ်ဆတ်နဲ့ ကိုကြီးခေါင်ကို သိပ်နိုင်တာ"

"ခုကော ဆုနွေကို သူက ကြိုက်တုန်းလား"

အန်တီ သွေးတိုးစမ်း စူးစမ်းတာ အလွှမ်းက နားလည်။

"ကြိုက်တုန်းပဲ ဖြစ်မှာပေါ့ အန်တီရဲ့၊ သူက မမနွေ ဘာလုပ်လုပ် ဘာပြောပြော သိပ်သည်းညည်းခံတာပဲ၊ မမနွေကသာ ဟိုလူနဲ့ ရည်းစားဖြစ်လိုက် ပြတ်လိုက်၊ ဒီလူနဲ့ ရည်းစားဖြစ်လိုက် ပြတ်လိုက်"

"အဲဒါ သူ မသိဘူးလား၊ သူလည်း စိတ်ပျက်ရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး အန်တီရယ်၊ အလွမ်းကတော့ ကိုကြီးခေါင်ကို သနားတာပဲ၊ သူ့ကို ခင်တော့ ခင်ပါတယ်၊ ဒါပေမဲ့ မမနွေက သူ့ဆီလာတဲ့ ဘယ်ယောကျ်ားလေးညွှေသည်ကို မှ အလွမ်းတို့ စကားမပြောရဘူးတဲ့၊ ဟုတ်ကဲ့လောက် ပြောမိရင်တောင် အလုပ်ခံရတယ်ဆိုတော့ အလွမ်းတို့လည်း မပြောရဲတော့ တစ်ခုခု မေးရင်တောင် အရိုင်းအစိုင်းလို ပြန်မဖြေဘဲ ထွက်ပြေးရတာ၊ အဲဒါကြောင့် မရင်းနှီးခဲ့တာ၊ ဟိုလေ စိတ်ထဲကတော့ ရင်းနှီးပါတယ်"

ဒေါ်ခင်နန္ဒာရဲ့ လူကြီးအတွေ့အကြုံနှင့် ခန့်မှန်း ယူဆချက်အရတော့ တော်ဖုန်းခေါင် အလွမ်းကို ဒီအိမ်အထိ လိုက်လာကာ တကူးတက နှုတ်ဆက်သည်မှာ တစ်စုံတစ်ရာဆိုတာ သေချာနေပါသည်။ ကလေးမှ လူကြီး စပ်ကူးမတ်ကူးဘဝ၊ အလှသွေး ဩန်းစိုတောက်ပနေတဲ့ အလွမ်းကလေးဟာ စိတ်ဝင်စား စွဲမက်ယစ်မူးချင်စရာကလေးပဲ မဟုတ်လား။

အလွမ်းကို ဆုနွေ ဘယ်လောက်ထိ အနိုင်ကျင့် ဗိုလ်ကျတာတွေ တဖြည်းဖြည်း ကြုံလာသိလာရတဲ့ တော်ဖုန်းခေါင် ရဲ့ မေတ္တာဂရုဏာတို့ဟာ အလွမ်းထံသို့ မြင့်ရာမှနိမ့်ရာ စီးဆင်း လာတဲ့ သဘောကို ဆောင်သည်။ အလွမ်းကတော့ ဒါကို ရိပ်မိ ပုံမရ။ တော်ဖုန်းခေါင်ဟာ သူ့ မမနွေကို ချစ်နေရှာတဲ့လူပဲလို့ ထင်မြင်ကရုဏာသက်နေသည်။





ခုလို ဆယ်တန်းဖြေဖို့ အရေးကြီးနေတဲ့နှစ်မှာလည်း အလွမ်း ဒါတွေကို မသိလေ နားမလည်လေ ကောင်းလေပါ။ အလွမ်းဟာ ငယ်ပါသေးသည်။ ဒီလိုပဲ ဒေါ်ခင်နန္ဒာ သဘောထားခဲ့ သည်။

သို့သော် နောက်တစ်လလောက်အကြာမှာ ဒီအိမ် လိပ်စာနှင့် ဒေါ်ခင်နန္ဒာနာမည် တပ်ထားသော နိုင်ငံခြားက စာတစ်စောင် ရောက်လာခဲ့ပါသည်။ စာကို ဖောက်လိုက်တော့ စာအိတ်ထဲမှာ စာရွက်ခေါက်နှစ်ခုပါသည်။ တစ်ခုကို ဖွင့်ဖတ် လိုက်လျှင် ...

"အစ်မ ဒေါ်ခင်နန္ဒာခင်ဗျာ ...

ကျွန်တော် တော်ဖုန်းခေါင်ပါ။ သဘောၤပေါ်မှာ နေသားတကျ အထာကျပြီဆိုတော့ ရန်ကုန်က သံယောဇဉ် ရှိသော မိတ်ဆွေအပေါင်းအသင်းများထံကို စာရေးချင်လာ ပါတယ်။ အလွမ်းဆီကိုလည်း စာရေးချင်တဲ့ဆန္ဒ ရှိလာပါ တယ်။ ဒါပေမဲ့ အလွမ်းက အရွယ်မရောက်သေးသော၊ လောလောဆယ်မှာ အစ်မရဲ့ အုပ်ထိန်းမှုအောက်မှာ ရှိနေ သေးတဲ့ သူတစ်ယောက်မို့ ကျွန်တော် တိုက်ရိုက်စာရေး ဆက်သွယ်ဖို့ရာ သင့်မသင့် မဝေခွဲနိုင်တဲ့အတွက် အစ်မ အတွက် ဒီစာနဲ့အတူ ပူးတွဲရေးထည့်ပေးလိုက်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အစ်မအနေနဲ့ အလွမ်းရဲ့စာကို အရင်ဖတ်ရှုစိစစ်ကြည့်ပြီး အလွမ်းကို ပေးဖို့ ခွင့်ပြုနိုင်တယ်ဆိုရင် အစ်မက တစ်ဆင့် ပေးပေးပါခင်ဗျား။ အကယ်၍ အစ်မအနေနဲ့ ခွင့်မပြုလိုသော အကြောင်းအရာ အချက်အလက်များပါရှိနေတယ်ယူဆရင်လည်း ကျွန်တော် သတိရကြောင်း မာကြောင်း သာကြောင်းနဲ့တကွ စာကို တိုက်ရိုက်မပေးဘဲ အစ်မက တစ်ဆင့် နှုတ်ဆက်ပေးပါခင်ဗျား ...

နောင်ကိုလည်း တစ်ခါတစ်ရံ စာရေးလိုတယ်ဆိုရင် အစ်မကတစ်ဆင့်သာ ကျွန်တော် စာရေးပါ့မယ်။ ဒါပေမဲ့ သိပ်စိပ်စိပ်မရေးပါဘူး။ အလွမ်း ဆယ်တန်းဖြေဖို့ ရှိတယ်ဆိုတာ ကျွန်တော့် ခေါင်းထဲမှာ ရှိပါတယ်။ အလွမ်းဟာ အထက်တန်းကျောင်းသူကလေးတစ်ယောက်ပဲ ရှိသေးတယ်ဆိုတာ ကျွန်တော် အမြဲ သတိချပ်ထားပါတယ် ...

အစ်မတို့မိသားစု ကျွန်းမာပါစေ။

ခင်မင်လျက်

တော်ဖုန်းခေါင်"

ဤစာကို ဖတ်၍ ဒေါ်ခင်နန္ဒာမှာ ပြုံးရပါသည်။ တော်တော်ရယ်ရတဲ့ တော်ဖုန်းခေါင်။ သို့ပေမဲ့ သူ့အပြုအမူဟာ မိကောင်းဖခင်သား ပီသတာကိုတော့ ဒေါ်ခင်နန္ဒာ အသိအမှတ်





ပြုရသည်။ အလွမ်းကို စာကိုလည်း သူ ဖွင့်ဖတ်ကြည့်ပါသည်။ သူ့ရဲ့ခရီးစဉ် အဖြစ်အပျက်တချို့၊ သင်္ဘောပေါ်မှာ သူ ဘာတာဝန်ဆွဲ ယူရတာ၊ ရေပြင်ကြီးတွေသာ ပတ်ဝိုင်းနေတဲ့ မြင်ကွင်းကို စိတ်ချောက်ချားလုအောင် ဆွေးရတာ စသဖြင့်။ သာမန်အကြောင်းအရာများသာပါသော စာတစ်စောင်ဖြစ်၍ ဒေါ်ခင်နန္ဒာက အလွမ်းကို အကျိုးအကြောင်းပြောကာ ပေးဖတ်လိုက်ပါသည်။

သူ့ဆီ တော်ဖုန်းခေါင်ထံမှ တကူးတက စာလာ၍ အလွမ်း အူကြောင်ကြောင်လေး ဖြစ်နေပါသေးသည်။ တုန်လှုပ်၍ စိတ်တွေလည်း လှုပ်ရှားနေရှာသည်။ အလွမ်းစိတ်လှုပ်ရှားရသည်မှာ သူ့လို သာမည ဘာမှ မဟုတ်တဲ့ ကောင်မလေးတစ်ယောက်ထံ ခင်ခင်မင်မင် မမေ့မလျော့ စာလှမ်းရေးလိုက်တဲ့သူ ရှိနေတဲ့အဖြစ်အပေါ် ဝမ်းသာ ဝမ်းနည်းဖြစ်တာမှန်း ခင်နန္ဒာ နားလည်ပါသည်။

တစ်လခွဲလောက်မှ တစ်စောင်လောက် ရောက်လာတဲ့ ဤစာတို့ဟာ အနှောက်အယှက် ဖြစ်လောက်အောင် မရှိပါ။ အလွမ်းအဖို့တော့ ဤစာတွေလာလျှင် ကြည်နူးနှစ်သိမ့်နေတတ်သည်။ ကျေနပ်နေတတ်သည်။ ထိုစာတို့သည် အလွမ်းအား ... ကိုယ်သူ တစ်စုံတစ်ယောက်ဖြစ်ကြောင်း သက်သေပြနေသလို အလွမ်းရဲ့ စိတ်ဓာတ်တို့ကို တက်ကြွမြင့်မားစေတဲ့ ဆန်းကြယ်သော ... အားတစ်မျိုးကိုလည်း ပေးစွမ်းနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲဖြေဖို့ နှစ်လခွဲအလိုမှာ အလွမ်းအတွက် အန်တီခင်နှင်းက စာကျက်ဖို့ Guideတစ်ယောက် ခေါ်ပေးခဲ့သည်။ ဆယ်တန်းစာမေးပွဲကို ကျေနပ်လောက်အောင်ဖြေဆိုနိုင်ခဲ့ပါသည်။ အလွမ်းက စာသိပ်တော်တဲ့သူတော့မဟုတ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အောင်မည်ဆိုတာတော့ စိတ်ချနိုင်လောက်အောင် လွတ်လွတ်ကျွတ်ကျွတ် ဖြေနိုင်ခဲ့လေသည်။

"စာမေးပွဲပြီးတော့ သမီး အားလပ်နေမှာ၊ သင်တန်းတစ်ခုခု တက်ပါလား၊ အန်တီ ထားပေးမယ်၊ ဒီမှာပဲ နေဦးပေါ့၊ နေပြီးတော့ အလွမ်း ဝါသနာပါတဲ့ သင်တန်းတစ်ခုလောက် တက်နေ"

အန်တီ့ ကမ်းလှမ်းစကားကြောင့် အလွမ်း ပျော်ရွှင်မိသည်။ ဘွားဘွားကို သတိရတာကလွဲလျှင် ဒီအိမ်မှာပဲ ပိုပျော်သည်။ ဒီအိမ်မှာ အလွမ်းဟာ အန်တီ့အမျိုးလို နေခွင့်ရ၍ ဟိုအိမ်မှာတော့ အလွမ်းမှာ အိမ်ဖော်သာသာလိုသာ နေခွင့်ရတာပင်။

"အန်တီ အလွမ်း စက်ချုပ်နဲ့ ဖက်ရှင်ဒီဇိုင်းသင်တန်း တက်ချင်တယ်၊ အလွမ်း အဲဒါ ဝါသနာပါတယ်၊ မဂ္ဂဇင်းထဲမှာ ကြော်ငြာတွေ တွေ့ထားတယ်၊ ဈေးနှုန်းတော့ ကြီးမလားမသိဘူး"





"အဲဒီသင်တန်းနဲ့ မိန်းကလေးနဲ့ လိုက်ဖက်ပါတယ်၊ အသက်မွေးဝမ်းကြောင်းပြုလို့ရတဲ့ သင်တန်းလည်းဖြစ်တယ်၊ သင်တန်းခက အလွမ်း မစဉ်းစားနဲ့၊ အန်တီ့အနေနဲ့ မမ မရှိတော့တဲ့အချိန်မှာ မမ သမီးကို တစ်ခုခု လုပ်ပေးနိုင်တာမျိုး ဖြစ်ချင်တယ်၊ အန်တီ့ ဘဝမှာ မိဘဆွေမျိုး အမွေအနှစ်ရဖို့ဆိုတာကို ဘယ်တုန်းကမှ မျှော်လင့်မထားဘူး၊ စိတ်မဝင်စားဘူး၊ လက်ရှိ ကိုယ့်မိသားစု ရှာဖွေနိုင်တာကိုပဲ တန်ဖိုးထားတယ် ...

ဒီတော့ အလွမ်းကိုလည်း အဒေါ်တစ်ယောက်အနေနဲ့ အမွေတွေ ဘာတွေ ပေးစရာ အန်တီ့မှာလည်း မရှိဘူး၊ ကိုယ့်တူမလေးကို အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ ပညာရပ်တစ်ခု အမွေအဖြစ် ပေးနိုင်တယ်ဆိုရင် အန်တီ ကျေနပ်ဂုဏ်ယူရမှာ၊ အခုတက်နေကြတဲ့ ကွန်ပျူတာတွေ စာရင်းကိုင်တွေ စတဲ့ သင်တန်းတွေထက် ခုလို အချုပ်အလုပ်သင်တန်းမျိုးတက်တာက ကိုယ့်ဘဝအတွက် ရပ်တည်ဖို့ အသုံးတည့်တယ်၊ လက်တွေ့ကျတယ်လို့ အန်တီလည်း ထင်တယ် ...

အလွမ်း ဝါသနာလည်းပါတယ်ဆိုရင် ကြိုးစားပါ၊ ဒီ Fieldမှာ တော်အောင်ကြိုးစား၊ အန်တီ အားပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



အလွှမ်းသည် အပ်ချုပ်စက်နှင်းတာကိုဖြင့် အန်တီ့ အိမ်မှာ စက်ရှိတာမို့ နှင်းဖူးနှင်းတတ်နေပါသည်။ အင်္ကျီတစ်ထည် အဖြစ် ပုံကျအောင် ညှပ်ဖို့ ပညာမတတ်သေးသော်လည်း လုံချည် ချုပ်၊ အထက်ဆင်တပ်နိုင်ရုံလောက်ဖြင့် အခြေခံအားဖြင့် စက်နှင်း တတ်ပါသည်။ စာမေးပွဲပြီး နှစ်ရက်လောက်ရှိသည်နှင့် အလွှမ်း ရိုးရိုးအပ်ချုပ်သင်တန်းကို အရင်တက်လိုက်သည်။

"ဒီမှာ နှစ်လပြတ် အမြန်သင်တန်းကို အရင်တက်လိုက် ညှပ်ဖို့အတွက် ပုံသေနည်းတွေ ဘာတွေ အခြေခံသဘော တတ်ပြီဆိုရင် အန်တီ သမီးကို ဖက်ရှင်ဒီဇိုင်းသင်တန်း ကျောင်းတစ်ခုကို အပ်ပေးမယ်"

"အဲဒါတွေက သုံး,လေးသိန်း ပေးရတယ်လို့ ကြားတယ် အန်တီ"

"ပေးရပါစေ၊ ဒီတစ်ကြိမ်ပဲ ကုန်ရမှာပဲ၊ ဒီပညာရပ်ကို ကျွမ်းကျင်ပြီဆိုရင် ထပ်ကုန်ကျစရာ မရှိတော့ဘူး၊ ရရှိ ရှိတော့တယ်လေ"

အလွှမ်းသည် ဘွားဘွားတို့အိမ်ကို မပြန်သေး အပ်ချုပ်သင်တန်း နှစ်လပြတ်ကို တက်နေပါသည်။ တစ်နေ့တစ် စက်ပေါ်မှာ။ Talent ရှိတဲ့ အလွှမ်းဟာ ခဏတွင်းချင်း ပညာကို အရယူနိုင်ပြီး အိမ်မှာ ကဲကဲ သဲသဲတို့ ဝတ်သ





အလွှမ်း လက်ရာချည်း ဖြစ်ကုန်သည်။ အိမ်က အလုပ်သမား တစ်စုဟာလည်း ပိတ်စဖိုးသာကုန်ပြီး ချုပ်ခ မကုန်ရမည့် အလွှမ်း ဆံ အားပေးအပ်နှံကြရာ တစ်အိမ်လုံး အလွှမ်း လက်ရာမကင်း ဒိတ်ပါလက်ပါလည်း ရှိလှ၍ အလွှမ်းသည် နှစ်လအတွ ည့် အတော်ကျွမ်းကျင်လာသည်။ သင်တန်းပြီးတော့ ဆရာမ ;က

"စက်ချုပ်သင်တန်း တက်ထားပြီးရင် လေ့ ဲ့ကာ အမြဲမပြတ်ဖို့တော့ လိုတယ်နော်၊ ဆိုင်လည်း ဝန်တို တစ်နေရာလည်း ဝင်မလုပ်ဘဲ လေ့ကျင့်မှု ပျက်နေ ါက်ကွဲ လက်လည်း ပြန်ပျက်သွားတတ်တယ်၊ အလွှမ်းက ဗီဇ င အနုပညာမျက်စိပါလာသလို အတတ်လည်းမြန်တယ်၊ တီထွင်ဖန်တီးမှုလည်း ကြွယ်ဝတယ်၊ လက်မပျက်စေနဲ့၊ အမြဲချုပ်ဖြစ်အောင်ချုပ်နေ၊ အလွှမ်းက ဒီပညာနဲ့ အောင် မြင်မှာ"

အလွှမ်းရဲ့ စိတ်တို့ တက်ကြွရွှင်ပျနေသည်။ ကိုယ့် ိယ်ကိုယ် ဆယ်တန်းအောင်တော့မည် ဆိုတဲ့ အသိကလည်း ိတ်ဓာတ်ကို မြှင့်တင်သည်။ သင်တန်းတွေတက်၊ အပြင်ကို ွားလာ၊ လူတွေနှင့် ပေါင်းသင်းဆက်ဆံလာရ၍လည်း အရင်က း ခပ်ကို ပိတ်နေတတ်ခဲ့တဲ့ အလွှမ်းက စကားတွေ သွက်လာ ည်။ လူတောတိုးလာသည်။ နေတတ် ထိုင်တတ် ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအားလုံးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု Confidenceကို မြင့်မားစေကာ အလွမ်းဟာ ရှုပုံသဏ္ဍာန်တောင် ပြောင်းလဲလာပါသည်။

ချ ဤသို့ အလွမ်း ကိုယ့်ဘဝကိုယ် ကျေနပ် ပျော်ရွှင်နေ တတ်ကာ် တစ်ရက်မှာတော့ မမျှော်လင့်ဘဲ မုန်တိုင်းဝင်လာသည်။ ရိုးရိုးဒ့ယ်က ရုံးသွား၊ အန်တီက အိမ်မှာ မရှိခိုက်။ ရတ်တရက်

ရောက်ချလာပါသည်။ ရောက်သည်နှင့် အလွမ်းကို ရှေ

၊ အော်ဟစ်ကြိမ်းမောင်းပါတော့သည်။

“စာမေးပွဲပြီးလည်း ပြန်မလာ၊ နင့်ကိုယ်နင် ဘာမျာ မှတ်နေလဲဟင် မိလွမ်း၊ နင် လုပ်ချင်ရာလုပ်ခွင့်ရှိပြီလာ အတော်လူပါးဝလာပြီပေါ့ ဟုတ်လား၊ နင့်ကို ငါးနှစ်ခြော နှစ် ကျွေးမွေးစောင့်ရှောက်လာတဲ့ အိမ်ကို နင်က ပုန်က တယ်ပေါ့၊ ဆယ်တန်းဖြေဖို့ဆိုပြီး လပိုင်းလေး ခေါ်ထားတ ဒီအိမ်ကိုမှ နင်က အကောင်းထင်တယ်ပေါ့ ဟုတ်လား

တကယ်ဆို နင့်အသိစိတ်မာတ်နဲ့နင် စာမေးပွဲဖြေ နောက်တစ်ရက်ဆို ပြန်လာပါလား၊ တစ်ရက်လည်းမလာ တစ်ပတ်လည်းမလာ၊ တစ်လလည်းမလာ၊ နှစ်လလည်း မလာ၊ နင်က ဘာလူပါးဝနေတာလဲဟင်၊ နင့်ကို ငါတို့ ဝေါနဲ့ လာပင့်ရမှာလား၊ စာမေးပွဲပြီးရင် ပြန်ရမယ်ဆို





အသိ နင့်မှာ မရှိဘူးလား၊ ဘာလဲ နင်က ငါ့ကို စိန်ခေါ်တာလား”

အလွမ်းသည် မမနွေကို ကြောင်ငေးကြည့်နေမိသည်။ အိမ်က အလုပ်သမားတွေလည်း အလန့်တကြား တအံ့တသြကြည့်နေကြပါသည်။ ဆုနွေသည် အိမ်ပေါ်တက်လိုက်ကတည်းက ...ခဲ့တဲ့ ဆယ်လလောက်ကနဲ့မတူ အသွင်ထူးခြားပြောင်းလဲကာ ...င်းပကြော့ရှင်းနေတဲ့ အလွမ်းကို မြင်လျှင် မခံချိမခံသာ ဝန်တို ...ရိယစိတ်တွေ ပေါ်ပေါက်လာပြီး ချက်ချင်း ဒေါသအိုးပေါက်ကွဲ ...ာ့တာဖြစ်သည်။

သွယ်လျကြော့ရှင်းတဲ့ (သူ့ထက် သုံးလက်မလောက် ...ရှပ်ပိုရှည်တဲ့) အလွမ်းရဲ့ ခန္ဓာကိုယ်လေးမှာ ရင်လေးချီချီ၊ ခါး ...းက သေးသွယ်ချိုင့်ဆင်းနေကာ ကျောပြင်ပြေပြေကလေးနှင့် ...ပသော တင်ပါး၊ ခြေတံတို့က အပိုအလိုမရှိ အချိုးကျလှပလွန်း ...သည်။ မျက်နှာကလေးဟာ လှလည်းလှ တစ်မျိုးလေးလည်း ...ည်းပုံ ဆန်းပြားကာ မပြုံးမရယ်ဘဲ ကြည်လင်နေတဲ့ မျက်နှာ ...းကိုက ကျက်သရေတစ်မျိုးဆောင်နေသည်။ ကျောလယ်ရောက် ...င်ဖားလျားကလေးကလည်း ထွေးအိမည်းခက်လို့။ လက်မောင်း ...ဖျံ့ လက်ချောင်း ခြေချောင်းလေးတွေ ဖယောင်းလုံးတိုင်လေး ...လို အလွန်လှတဲ့ အလွမ်းဟာ ရပ်နေလည်းလှ၊ ထိုင်နေလည်းလှ



www.burmeseclassic.com

www.burmeseclassic.com



လက်ချထားလည်းလှ၊ လက်ပိုက်ထားလည်းလှ၊ ကြည့်မဝချင်စရာ
ဖြစ်နေတာဟာ ဆုနွေ့ ရင်ထဲကို မီးစွဲထင်းစ တိုးထည့်သလို ပူဓေ
သည်။

"နှင် ငါ့ကို ဘာကြည့်နေတာလဲ၊ ငါ့ကို ခံကြည့်နေတဲ့ နှ
မျက်လုံးတွေကို အောက်ကို ငုံ့ပြီး စိုက်ထားလိုက်စမ်း"

အလွမ်းသည် သက်ပြင်းတစ်ချက်နှင့်အတူ မျက်လွ
ပါ ချလိုက်ပါသည်။

"ကဲ … ပြောလေ၊ နှင် ငါတို့အိမ်ကို ဒီလို လူပါး၀ရဲစ
ဘာအကြောင်းရှိလဲ၊ စုတ်ပြတ်သတ်နေတဲ့ နှင့်ကို လူတစ်
သူတစ်လုံးဖြစ်လာအောင် စောင့်ရှောက်ခဲ့တဲ့ အိမ်ဟဲ့"

အားလုံး ပုန်းကွယ်နားထောင်နေကြ၍ အလွ
ရှက်လာသည်။ အလွမ်း ရှက်သည်မှာ ကိုယ်ဘယ်ဘ၀က လာတ
တွေ ဘာတွေ သူတို့ ကြားအောင် အပြောခံရလို့လည်း မဟုတ်
အဆူခံ နေရလို့လည်းမဟုတ်။ သူတို့ရဲ့အမျိုး ရုပ်ရှင်မင်းသ
ဆုဆုနွေ့ ဆိုတာ ရုပ်ကလေးလှသလောက် ဘယ်လို နှုတ်အာကြ
တဲ့ မိန်းမမျိုးပါလိမ့်ဟု အားလုံး တွေ့နေကြမှာကို ရှက်တာပ
သူတို့တစ်တွေဟာ မမနွေ့ကို ရုပ်ရှင်မင်းသမီးတစ်ယောက်အဖြ
သဘောတကျ ချောင်းကြည့်နေကြတာ။

"မဟုတ်ရပါဘူး မမနွေ့၊ အလွမ်း သင်တန်းတက်နေလို့ပ





"ဘာသင်တန်းလဲ၊ နှင်က ဘယ်လောက်တောင် ရည်မှန်းချက်ကြီးတွေ ရောမထားနေလို့ ဘာသင်တန်းတွေ အားအားလျားလျား တက်နေရတာလဲ၊ နှင့်မှာ အားလပ်သွားပြီ၊ ကျောင်းပိတ်သွားပြီဆိုရင် ငါတို့အိမ်ကိစ္စကို အရင်ဆုံးပြေးလုပ်သင့်တယ်ဆိုတာ နှင် မသိဘူးလား၊ နားမလည်ဘူးလား၊ အိမ်မှာတော့ ချာလပတ်ကိုယမ်းလို့ ဖြစ်နေရတာ၊ ထမင်းချက်ဆိုတဲ့ သောက်ကောင်မတွေကလည်း ဘာဟင်းမှ ချက်တတ်တာ မဟုတ်ဘဲ လခပဲ လိုချင်တာ၊ တတ်သလိုလို ညာဝင်လာတာ၊ တစ်လနေထွက် နှစ်လနေထွက်နဲ့၊ မိကြူကကော ဘာသောက်သုံးကျလို့လဲ၊ အရေးထဲ အန်တီတင်တင်က လေရောဂါထနေတာ နာလန်မထူဘူး၊ ငါ့မှာ အိမ်မှာလုပ်ဖို့ ငါနဲ့ ခေါ်သွားဖို့ အစီအစဉ်ဇယားတွေကို ပျက်နေတာပဲ၊ လိပ်ပတ်ကို မလည်ဘူး"

"အဲဒါတွေ အလွမ်း မသိလို့ပါ"

"သိစရာလည်း မလိုဘူး၊ သိသိ မသိသိ နှင့်တာဝန်က စာမေးပွဲဖြေပြီးရင် အိမ်ပြန်လာဖို့ မဟုတ်ဘူးလား"

"မမနွေ့ကလည်း နှင် မရှိလို့ ဘာမှ အရေးမကြီးဘူး၊ နှင့်ကိုယ်နှင် ငါတို့ရဲ့ ကူညီကယ်တင်ရှင်ကြီးမှတ်မနေနဲ့လို့ ပြောဖူးတော့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်၊ ဒါ ငါ့ကို နင် သက်သက်ရွဲ့ပြောတာ
တော်တော်စကားတတ်နေတယ် ဟုတ်လား၊ လူပါးလည်
ဝတတ်နေပြီပေါ့ ဟုတ်လား၊ အေး ... အခု နင့်အဝတ်
တွေ နင် သွားထည့်"

"မမချွေ ... အန်တီလည်း မရှိဘူး၊ အလွမ်း အန်တီ မရှိဘဲ
ပြန်မလိုက်ပါရစေနဲ့"

"ဘာလဲ ... နင့်အန်တီက မလိုက်ရဘူး မှာထားလား
ဟုတ်လား"

"မမှာပါဘူး၊ ဒါပေမဲ့ ဒီအိမ်က လူကြီးကို မပြောမဆို
ခွင့်မတောင်းဘဲ ပြန်ပါသွားရင် ..."

"ဘာဖြစ်လဲ ပါတော့၊ ကိုယ့်အိမ်ကိုယ် ပြန်တာပဲ"

"တကယ်တော့ ဘယ်ဟာကမှ အလွမ်းအိမ် မဟုတ်ပါဘူ
မမချွေ၊ အလွမ်းက အလျဉ်းသင့်သလို အဆင်ပြေသလို
နေရတဲ့သူပါ"

အလွမ်း မျက်ရည်လည်လာပါသည်။

"နင် သိပ်ကို စကားတွေ တတ်နေကြွယ်နေတာပေါ့လေ
နင့်ကို အန်တီက နည်းနည်းလေး ပစားပေးထားလိုက်တာ
အတော်ကို ချိုကြွသွားပြီ ဟုတ်လား၊ နင် ငါ့ကို ဆန့်ကျင်
ပြီးတော့ ဘယ်တုန်းက ဒီလောက် စကားရှည်ရှည် ပြန်
ပြောခဲ့ဖူးလို့လဲ၊ ဆယ်တန်းတောင် မအောင်သေးဘူး





ငါ့ကို အာခံလာပြီ၊ ခွာရာတိုင်းလာပြီ ဟုတ်လား၊ ဒီမှာ
မိလွမ်း ... နင့်ဟာနင် ဆယ်တန်းအောင်တာ မကလို့
ပါမောက္ခပဲဖြစ်ဖြစ် နင်ဟာ ငါ့ကျေးဇူးခံ ကျေးဇူးစား၊
နင့်ကို ငါ ကျွေးထားတဲ့ ထမင်းဟာ ခုချက်ချင်း ကလော်
ထုတ် ခုချက်ချင်း အတောင့်လိုက် ပြန်ထွက်လာဦးမှာ
နင် သိလား"

အလွမ်းသည် မျက်ရည်ပေါက်ပေါက်ကျလာပါ
သည်။

"မမချွေ ကျေးဇူး အလွမ်းပေါ်မှာ ရှိတာ အလွမ်း
သိပါတယ်၊ အလွမ်း ကျေးဇူးကန်းမဲ့သူ မဟုတ်ပါဘူး
မမချွေ၊ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာတော့ အလွမ်း
မှာ နားလည်သိတတ်တဲ့ အသိစိတ် ရှိပါသေးတယ်၊ အခု
ကလည်း အန်တီလည်း အိမ်မှာ မရှိတုန်း၊ ပြီးတော့
အလွမ်းကို အန်တီ စာရင်းသွင်းပေးထားတဲ့ သင်တန်းက
လည်း အခုနောက်လဆန်း တက်ရတော့မှာ ရှိနေလို့ပါ"

"ငါ အဲဒါတွေ နားမလည်ဘူး၊ နင် အခု အဝတ်သွားထည့်၊
အခု ပြန်လိုက်ခဲ့၊ အိမ်မှာ လူမမာက တစ်မျိုး၊ အိမ်က
ထမင်းချက်တဲ့ဟာမကလည်း ဒီမနက်ပဲ ပုန်ကန်ပြီး ထွက်
သွားတယ်၊ ငါ့အိမ်မှာ လူလိုနေတယ်၊ နင် မလိုက်လာလို့
မရဘူး လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ အလွမ်းသည် ဘယ်လိုမှ အန်တီ လာတဲ့ထိ စောင့်ဖို့ တောင်းပန်မရလေရာ သူ့အဝတ်အစားတို့ကို သယ်ကာ ပိုးကာ မမနွေနှင့် ပြန်လိုက်ဖို့ ပြင်ရပါတော့သည်။ အလွမ်း အထုပ်ပြင်ရာသို့ ဒေါ်မိကို ခေါ်ကာ ...

"ဒေါ်ဒေါ်မိ ... ဒေါ်ဒေါ်မိ ကြားတဲ့အတိုင်း အန်တီ့ကို အခြေအနေသာ ပြောပြလိုက်ပါတော့နော်၊ အလွမ်း မလိုက်ရင် မမနွေနဲ့ အန်တီ ပြဿနာ ဖြစ်မှာလည်းစိုးတယ်၊ အလွမ်း အထုပ်ထည့်တာ ကြည့်ပါဦး၊ အဝတ်အစားရယ်၊ စာအုပ်ဟောင်းတွေရယ်၊ ဒါပဲ အလွမ်း ယူသွားတယ်နော်၊ အန်တီ့ကို ပြောပြပေးနော်"

"အလွမ်းရယ် ... ညည်းက မမ တူမပါ၊ ညည်း အထုပ်ကို ငါတို့က ကြည့်ရ စစ်ရမယ်လို့ မဟုတ်တာ၊ မမလည်း စိတ်ကောင်းမှာ မဟုတ်ဘူး၊ အဲဒီမင်းသမီးကလည်း သူ့ရုပ် လေးနဲ့ မလိုက် အပေါက်ဆိုးလိုက်တာ၊ ဗီဒီယိုကားထဲ ကြည့်ရတော့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ကလေးရယ် ငါ့ဖြင့် အံ့သြလို့မဆုံးဘူး၊ အပြင်ပုံစံကတစ်မျိုး၊ အတော်ကို သရုပ်ဆောင်နိုင်တဲ့ မင်းသမီးတော့"

အလွမ်း နေ့လယ်ဘက် ပြန်သွားပြီး ညမှာပဲ အန်တီ ချက်ချင်း အိမ်လိုက်လာပါသည်။ အန်တီက ရုပ်ပျက်ဆင်ပျက် မဟုတ်သော်လည်း မျက်နှာထားက တည်နေသည်။ မမနွေ





ကတော့ အန်တီ တစ်ခုခု ဆန့်ကျင်လာလျှင် တုံ့ပြန်ဖို့ မောင်းတင်နှင့်ကာ မျက်နှာက ပုပ်သိုးနေသည်။

"သမီးလည်း အိမ်မှာ မဖြစ်လို့ ပြန်ခေါ်ရတာ၊ အန်တီ့ အိမ်မှာ ခေါ်ထားချင်သလို သမီးလည်း သူ့ကို အိမ်မှာ ခေါ်ထားချင်တာပဲပေါ့"

"အန်တီ့အိမ်မှာ သူ့ကို ခိုင်းဖို့ ခေါ်ထားတာ မဟုတ်ဘူး ဆုနွေ၊ သူ့ကို အိမ်မှာ ထားဖို့ လိုအပ်နေတယ်ဆိုတာမျိုး အန်တီ့မှာ မရှိဘူး၊ အန်တီ အလွမ်းကို ခေါ်ထားတာက သူ့ဘဝကို မြှင့်တင်ပေးဖို့သက်သက်ပဲ၊ သူဟာလည်း ကြီးလာရင် သူ့ဟာသူ ရပ်တည်ရဦးမဲ့ လူသားတစ်ယောက်ပဲ ဆုနွေ၊ သူ့အတွက်လည်း ကြည့်ပေးရဦးမယ်၊ အလွမ်းဟာ ဘဝတစ်လျှောက်လုံးကို သူများအိမ် မီးဖိုချောင်ထဲမှာပဲ ကုန်ဆုံးပစ်လိုက်မဲ့သူ မဟုတ်သေးဘူး၊ သူ့မှာ ထိုက်သင့်တဲ့ ပညာ၊ ပြီးတော့ အသိဉာဏ်၊ အစွမ်းအစတွေ ရှိသေးတယ်"

"အန်တီ အဲသလို မြှောက်စားထားလို့ သူက ချိုကြွလာတာလေ"

"မြှောက်စားတာလည်း မဟုတ်ဘူး၊ အရှိအတိုင်းပဲ ရှိစေတာပါ၊ သူ့ အနုံအ,အလည်း မဟုတ်ဘူး၊ ပြီးတော့ အန်တီတို့ရဲ့ ဆွေမျိုးရင်းချာနော်၊ အန်တီ့အစ်မအရင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီး၊ ဆုမွှေနဲ့ဆိုရင် ညီအစ်မ နှစ်ဝမ်းကွဲတယ်၊ ကြီးကြီးရဲ့ တို့ အန်တီတင်တင်တို့နဲ့ ဆုမွှေ တော်စပ်ပုံနဲ့ ထပ်တူ သူလည်း တော်တယ်ဆိုတာ မေ့မထားပါနဲ့ ဆုမွှေ"

"မမေ့ပါဘူး … မမေ့ပါဘူး၊ ခုကိုပဲ သူ့ပုံစံက ဦးထိပ်မှာ သူ့ကို တင်ရွက်ထားရတော့မဲ့အတိုင်းပဲ၊ လူပါးဝနေတာ ဒီအိမ်မှာတုန်းကဆိုရင် စကားဟဟ ပြန်ပြောရဲတာ မဟုတ် ဘူး၊ ခုမှ ဆုမွှေကို ပြန်ပြောလိုက်တာ စကားလုံးအကြီး အကျယ်တွေနဲ့၊ စကားတောင် အရှည်ကြီး ဆန့်ကျင်ပြော တတ်လာပြီ"

"သူ သိစေချင်တာ၊ သူ့ရင်ထဲရှိတာ၊ သူ ဖြေရှင်းချင်တာ တွေတော့ ပြောခွင့်ပေးသင့်တာပေါ့ ဆုမွှေ၊ အရင်က နှုတ်ပိတ်ပြီး ခေါင်းငုံ့ထားရတာ အန်တီလည်း တွေ့ခဲ့သားပဲ၊ အလွမ်းဟာ လူနဲ့တူတူ စကားပြောတတ် ပြုံးရယ်တတ် လာတာပါ"

"အန်တီ ဘာဖြစ်လို့ ဆုမွှေကို လာချဲနေတာလဲ၊ မိလွမ်းကို အန်တီပဲခေါ်ထားချင်တာလား၊ အန်တီက ကိုးလ ဆယ်လ ကျွေးဖူးတာပါ၊ ဆုမွှေတို့တင်ကျွေးခဲ့တာ ခြောက်နှစ်နီးပါး ပါ"

"တင်ကျွေးတယ်လို့ကို အန်တီ တစ်ခွန်းမှ ထည့်မသုံးသေး ဘူးနော်၊ အလွမ်း နေမယ်ဆိုရင် အန်တို့ အိမ်မှာလည်း တစ်သက်လုံး ထားနိုင်တယ်၊ ထားလို့ရတယ်ဆိုတာ ပြော ပြတာ"

"အန်တီ အဲဒါ ဆုမွှေ သြဇာ မတည်အောင် မြှောက်ပင့် ပေးပြီး သွေးခွဲနေတာပဲ"

မမွှေသည် ပြောရင်း မခံမရပ်နိုင် စိတ်တွေ အုံကြွကာ မျက်ရည်တွေပင် ကျလာသည်။ တစ်ခုခုဆိုရင် အလွမ်းက 'မနေတော့ဘူး' လို့ လုပ်နိုင်အောင် အလွမ်းမှာ အားကိုးလက်ကိုင် အိမ်ရှိပြီလို့ အလွမ်း ရောင့်တက်မာန်တက်သွားမှာကို မမွှေ မခံမရပ်နိုင် ဖြစ်နေတာပင်။ အလွမ်း စိတ်၌ သူ့အပေါ် နာကြည်းရ ဘာတွေ ရှိခဲ့သော်လည်း ကျေးဇူးရှင်စာရင်း၌ သူ့ကိုလည်း သွင်း ထားတာ အမှန်ပင်။ သထာလို့ပဲ ကျွေးကျွေး၊ မသထာဘဲ ခိုင်း နေရလို့ပဲ တာဝန်အရကျွေးကျွေး အလွမ်း စားဖူးတဲ့ သူ့ထမင်းက တော့ သူ့ထမင်းပါပဲ။

အလွမ်းမှာ ဆန့်ကျင်ပုန်ကန်ကာ ပြန်ဖို့ စိတ်ကူးထဲ င် မရှိပါ။ ဒီအိမ်ကို ပြန်ရောက်လာတော့ တစ်အိမ်လုံးဟာ အရောင်မထွက်၊ ညစ်ပတ်ရှုပ်ပွနေသည်။ မှိုင်းထိုင်းနေသည်။ င်းသမီးအိမ်နဲ့ပင်မတူ။ ခြံထဲက ပန်းပင်နည်းနည်းကလေးသည် င် ရေလောင်းမခံရ၍ ညှိုးခြောက်နေကြသည်။ မကြူကိုလည်း အပြစ်မဆိုသာ။ ကျွဲလိုနွားလို ရိုက်နှက်ခိုင်းစေခံရလျှင် ဘယ်သူမှ ဆတနာပါမှာ မဟုတ်တော့။ ဝတ်ကျေတန်းကျေပဲ လုပ်နေတော့မှာ






www.burmeseclassic.com

www.burmeseclassic.com



သည်။ အလွမ်း ပြန်လာ၍ အပျော်ဆုံးလူဟာ မကြူပင်။ မကြူက ရှာပြန်ချင်သော်လည်း သူ့အမေက 'မလာနဲ့'ဟု တစ်ချက်လွှတ်ရာဇသံပစ်၍ ဒီအိမ်ကာ ပြေးမရသူပါ။

"တော်ပြီ ဆုန္ဒေ၊ ရှည်ရှည်ဝေးဝေးတွေ ပြောနေရင် တစ်ယောက်နဲ့တစ်ယောက် စကားတွေ ကြမ်းတမ်းလာမယ်၊ ဆုန္ဒေတို့ အိမ်မှာ စေတနာလည်းပါ၊ အမျှော်အမြင်လည်းရှိ အကွက်စိစိ လုပ်ကိုင်ခန့်ခွဲပေးမဲ့သူ လိုအပ်နေတယ် မဟုတ်လား၊ အလွမ်းကို ခေါ်ထားပါ၊ အန်တီ လုမယူပါဘူး၊ အန်တီ့အိမ်မှာ လူမလိုပါဘူး၊ အလွမ်းကို မြှင့်တင်ပေးချင်တဲ့ စေတနာပဲ အန်တီ ထားထားတယ်၊ ဒါကြောင့် ဆုန္ဒေကို အန်တီက အလွမ်းရဲ့ အဒေါ်ရင်းအဖြစ် တောင်းဆိုစရာတော့ ရှိတယ်"

မမန္ဒေသည် အန်တီ့ကို မခံရပ်နိုင်တဲ့ မျက်ဝန်းနှင့် ကြည့်ရင်း ...

"အန်တီ တောင်းဆိုမှာ ဘာလဲ၊ သူဟာ အမျိုးပေမဲ့ ဆုန္ဒေတို့က ကယ်တင်စောင့်ရှောက်ထားတာ၊ ရပိုင်ခွင့်တွေ အခွင့်အရေးထူးတွေတော့ ဘာမှ တောင်းဆိုပေးနေစရာ မလိုဘူး၊ အန်တီ တောင်းဆိုမဲ့ အနေအထားမျိုးဟာ အန်တီ ကိုယ်တိုင် သူ့ကို ပေးနိုင်တဲ့ဟာမျိုးသာလျှင် ဖြစ်ပါစေ"





"အန်တီပေးထားတဲ့ အရာပါ"

"ဘာလဲ ..."

"သူ့ကို ဖက်ရှင်ဒီဇိုင်းကျောင်း အပ်ပေးထားတယ်၊ ငွေလည်း သွင်းပြီးပြီ၊ နောက်လဆန်း သင်တန်းစမယ်၊ ခြောက်လကြာမယ်၊ အဲဒါကို အလွမ်း သွားတက်ပါစေ၊ သူ့မှာ ပါရမီပါနေတဲ့ လမ်းကြောင်းတစ်ခု ပြတ်မသွားပါစေနဲ့၊ သူ ဒီသင်တန်း သွားတက်နေတဲ့အတွက် အရင်က ကျောင်းသွားတက်နေသလောက်ပဲ အချိန်ကုန်မှာပါ၊ ကျောင်းချိန်ထက် ပိုတိုပါတယ်၊ အဲဒီသင်တန်းကို မအားလို့ မတက်လိုက်ရတာမျိုးဆိုတာ မဖြစ်ရအောင် ဆုန္ဒေက ကတိပေးပါ"

သူ့ကို ကတိတောင်းတဲ့အတွက် မမန္ဒေ အကြီးအကျယ် ဒေါသူပုန်တွေ ထနေသည်။ အနုပညာလောကမှာ အောင်မြင်နေ၍ လူတကာ ဖူးဖူးမှုတ်အရေးပေးခံရသူဖြစ်ရာ သူ့ကို အရေးမပေးတဲ့ အန်တီ့ကို ဆတ်ဆတ်ခါ ဖြစ်နေပါသည်။ သူ့ကိုတောင်းဆိုရကောင်းလား၊ သူ့ကို ချောင်ပိတ်ရကောင်းလားဟု အကြီးအကျယ် ဒေါပွနေသည်။ အန်တီ့ကိုပင် အဒေါ်တစ်ယောက်ပင် မရှိသေးနိုင်တော့။ ဝုန်း ဒိုင်းနှင့် ဆောင့်ကြီးအောင့်ကြီး ဖြစ်နေသည်။

ဘွားဘွားရော ကြီးကြီးတင်ရောဟာ စိတ်ပျက်လှပြီ။ နောက် ကြီးကျယ်တဲ့ ရန်ပွဲတွေ ဆက်ဖြစ်မှာမျိုးလည်း မလိုလား။



www.burmeseclassic.com

www.burmeseclassic.com



အရင်က ကျောင်းသွားတက်နေရသလိုသာ ရှိမှာဖြစ်ရာ မမနွေကို လိုက်လျောလိုက်စေချင်ကြသည်။

"သူ တက်ချင်တဲ့ သင်တန်းကို တက်ပေါ့၊ ဒါပေမဲ့ မပျက်စေရဘူး ဘာဘူးနဲ့ ဆုနွေကို အကျပ်ကိုင်တာတော့ အမုန်းဆုံးပဲ၊ သူကဘာမို့လဲ၊ အရေးကြီးတာရှိရင် သူက သူ့သင်တန်းမဖျက်ဘဲ ငါက ရှုတင် ဖျက်ရမလိုတောင် ဖြစ်နေပြီ၊ တကတဲ ကြီးမြတ် အရေးပါနေလိုက်တာ ... တောက်"

အန်တီက ခပ်အေးအေးပင် ...

"သူ့ဘဝအတွက် အရေးပါလို့ အန်တီ ပြောနေတာ ဆုနွေ၊ ဒီသင်တန်းကို ဒီအိမ်ပြောင်းနေလို့ ဖျက်ရမယ်ဆိုရင်တော့ ဒီသင်တန်းပြီးတဲ့နောက် ခြောက်လကျမှပဲ အလွှမ်းကို ဆုနွေ ပြန်ခေါ်လိုက်တော့"

မမနွေဟာ အလွှမ်းကို မခေါ်ဘဲလည်း မနေနိုင်။ လိုအပ်သည်။ လိုကို လိုအပ်နေပါတယ်လို့ ဝန်ခံရမှာကိုလည်း သူ့မာနကို ထိခိုက်စေသလို မကျေမချမ်း ဖြစ်နေသည်။ နောက်ဆုံးတော့ ဘွားဘွားတို့ ကြီးကြီးတင်တို့ ဖြန်ဖြန်ဖြေဖြေ ဝင်ပြောကြခြင်းအားဖြင့် ပြေလည်သွားပါသည်။ ဘွားဘွားရော ကြီးကြီးတင်ရောက အလွှမ်း သင်တန်းမပျက်စေရပါလို့ အန်တီကို ကတိပေးကြပါသည်။





အလွှမ်း ထိုအိမ်ကို ပြန်ရောက်ပြီး နှစ်ပတ်အကြာမှာ အန်တီ ရောက်လာသည်။ အလွှမ်းထံသို့ စာအိတ်မပါတဲ့ စာခေါက်လေးကို ပေးရင်း ...

"တော်ဖုန်းခေါင်ဆီကို အန်တီ စာတစ်စောင် ရေးလိုက်တယ် အလွှမ်း၊ ဒီလိပ်စာနဲ့ စာမထည့်တော့ဖို့၊ အလွှမ်းကို အလွှမ်းနာမည်နဲ့ သီးသန့် တပ်ပြီး အရင် ဆုနွေတို့အိမ်လိပ်စာနဲ့ပဲ စာထည့်နိုင်တယ်လို့ ခွင့်ပြုလိုက်တယ်"

ခါတိုင်းလိုပဲ သင်္ဘောပေါ်က သူ့ အဖြစ်အပျက်အတွေ့အကြုံတွေ၊ ကမ်းဆင်းတဲ့အခါ ဘယ်ဆိုင်မှာ ဘာစားတယ်ဆိုတာတွေ ရိုးရိုးစင်းစင်းကလေး လျှောက်ရေးထားတဲ့ ကိုကြီးခေါင်ရဲ့ စာကို အလွှမ်း ဖတ်ရပါသည်။ အလွှမ်းသည် ကိုကြီးခေါင်ကို စာရေးလို့ရတဲ့ လိပ်စာကို သိသော်လည်း တစ်ခါမှ စာမှရေးခဲ့။ ရေးလည်း မရေးရဲ။ နိုင်ငံရပ်ခြား ရောက်နေတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ထံ စာမှန်မှန်ရေးရမှာကို အပြစ်ကြီးတစ်ခုလို အလွှမ်း နောက်တွန့်တုန့်လုပ်နေမိပါသည်။ ကိုယ်နဲ့ ဘာမှ မဟုတ်ဘဲ စာရေးနေလျှင် ဘာသဘောသက်ရောက်သွားမလဲ၊ အလွှမ်း ဤမြေ ဘောကျမလားတို့ကိုလည်း အလွှမ်းက ပူပန်နေပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၇

အန်တီဆီကရတဲ့ ထိုစာတစ်စောင်တုန်းက စာလာ ပေးစဉ်မှာလည်း မမနွေ့ အိမ်မှာ မရှိ၍ သူ ဘာမှ မသိလိုက်ပါ။ သို့သော် နောက်ထပ်တစ်လကျော်ကြာတဲ့ အခါမှာတော့ ပြဿနာ တက်ပါတော့သည်။ ရှုလိုင်လဆန်းလောက်မှာ အလွမ်းတို့ရဲ့ ဆယ်တန်းအောင်စာရင်းတွေ ထွက်ပါသည်။ နံနက်စောစောကြီး ကြူကြူနှင့် နှစ်ယောက်တည်းအတူ အလွမ်း အောင်စာရင်း သွားကြည့်သည်။ ကိုယ့်ကိုယ်ကိုယ် မျှော်လင့်တောင်မထားမိဘဲ အလွမ်းက သင်္ချာတစ်ဘာသာတောင် ဂုဏ်ထူးပါနေပါသည်။

"ဘွားဘွားရေ ... ဘွားဘွားရေ ... အလွမ်း စာမေးပွဲ အောင်တယ်၊ သင်္ချာဂုဏ်ထူးတစ်ခု ပါတယ်သိလား"

ဘုရားခန်းမှာ ရှိနေတဲ့ ဘွားဘွားကို ဖက်ကာ ခွေ ကာ ခုန်ကာပေါက်ကာ အလွမ်းအော်ဟစ် ပျော်မြူးနေပါသည်။





ဆယ်တန်းအောင်သွားပြီးတဲ့အခါ ဘွဲ့တစ်ခုရဖို့လည်း အလှမ်းမဝေး တော့ကာ အလွမ်းဘဝ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ တစ်ဆစ်ချိုးကို အောင်မြင်စွာ ချိုးကွေ့လိုက်နိုင်တာပဲ မို့ အလွမ်း အလွန်ပျော်မြူး နေမိပါသည်။ အလွမ်း လက်တွင်း၌ ဘွားဘွားပင် ကျိုးကြေတော့ မတတ်ရှိသည်။

ဘွားဘွားသည် အလွမ်းနှင့် ရော၍ အားပါးတရ ပျော်မြူးပီတိဖြစ်နေကာ ...

"ဟဲ့ ... အလွမ်းရဲ့၊ ငါ သေပါပြီဟဲ့၊ ဒီကောင်မလေး ကြမ်းလိုက်တာ သေတော့မှာပဲ"

ဘွားဘွား ကိုယ်တိုင်လည်း တဟင်းဟင်း ရယ်မော နေကာ အလွမ်းရဲ့ ခုန်သံပေါက်သံ အော်သံဟစ်သံ၊ ကြူကြူရဲ့ ဟီးမွှမ်းသံ၊ မုန့်ကျွေးခိုင်းတဲ့ အသံတွေ ဘုရားခန်းထဲမှာ ဆူညံ ပေါက်ကွဲနေဆဲ မမနွေ့ အခန်းတံခါး ဝုန်းခနဲ ပွင့်လာကာ ဒေါသတကြီး ကပိုကရိုနှင့် မမနွေ့သည် ...

"အဲဒါ ဘာဖြစ်နေတာလဲ"

အကြီးအကျယ် ကုန်းအော်လိုက်၍ အလွမ်းရဲ့ ခုန်အပေါက်တွေ ရပ်သွားရသည်။

"အလွမ်း ... အလွမ်း ... သင်္ချာဂုဏ်ထူးနဲ့ စာမေးပွဲ အောင်တယ် မမနွေ့"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်း မျက်နှာက ပြုံးရွှင်ကာ အသံက ဝမ်းသာမှုကြောင့် တုန်ယင်နေသည်။

"အဲဒါ ဘာလုပ်ရမှာလဲ"

ပြန်အော်လိုက်တဲ့ မမနွေ့ အသံကြောင့် အလွမ်းရဲ့ အပျော်တွေ တိခနဲ ထက်ပိုင်းပြတ်ကာ ရပ်သွားရသည်။

"ဘာဖြစ်သလဲ ဆယ်တန်းအောင်တာ၊ သူသူငါငါ အောင်နေကြတာပဲ၊ နင့်ကျမှ ဒီလောက်တောင် သောက်ရူးနှန်းနေစရာလား"

မမနွေ့ မျက်နှာက မာကျောခက်ထန်နေသည်။ အလွမ်း မမနွေ့ကို အံ့အားတသင့် ငေးကြည့်နေမိသည်။ အလွမ်း ဆယ်တန်းအောင်တာဟာ အလွမ်းအတွက်တော့ သုညဘဝတည်းမှာ အပေါင်းလက္ခဏာ အမှတ်အသားပါ။ ဒါကြောင့် အလွမ်း ပျော်မိတာပါ။ မမနွေ့ ရောနှောကာ ဂုဏ်မယူနိုင်ပါလားလို့ ဝမ်းနည်းနာကျင်စွာ နားလည်လိုက်ရပါသည်။

"နင် ဆယ်တန်းအောင်သွားတော့ ပိုက်ဆံဘယ်နှစ်ပြားရလဲဟင်၊ ငါ အိပ်ရေးပျက်တာက အရေးကြီးတယ်၊ နေမကောင်းချင်ရတဲ့အထဲ အိပ်ရေးပျက်အောင် အော်ဟစ်နှောက်ယှက်ကြသေးတယ်၊ ငါ နေမကောင်းလို့ ရှုတင်ပျက်မှ ဒုက္ခရောက်မှာ၊ နင် ဆယ်တန်းအောင်တာ မအောင်တာက လက်ငင်းဘာအကျိုးရှိလို့လဲ၊ တကတဲ့ ဒီလောက်ခုန်ပေါက်အော်ဟစ်





ပျော်နေရအောင် အရေးကို မပါဘူး၊ အော်ဟစ်ကြော်ငြာနေစရာလည်း မလိုဘူး၊ အထင်လည်း မကြီးဘူး ... မှတ်ထား"

အခန်းထဲ ပြန်ဝင်ကာ ဒုန်းခနဲ တံခါးပြန်ဆောင့်ပိတ်သွားလျှင် ဘွားဘွားက အလွမ်းပခုံးလေးကို ဖက်ကာ ချော့ချော့မော့မော့နှင့် ...

"ရှူး ... ရှူး ... ငါ့မြေး၊ ငါတို့က သူ့အခန်းနဲ့ နီးနီးနားနားမှာ ခုန်ပေါက်ပျော်နေမိတာကိုး၊ လာ ... လာ ... အောက်မှာ သွားပြောကြမယ်၊ ငါ့မြေး စိတ်မကောင်းမဖြစ်နဲ့၊ သူက ဒီလိုပဲဟာ၊ သူ့အကြောင်း သိသားနဲ့၊ လူတစ်ကိုယ်လုံး ဒေါသချည်းပဲ၊ မယ်ဒေါသ၊ သူ့မှာ ဝမ်းသာစရာကို ခံစားနိုင်တဲ့ အာရုံတံခါးတွေ အကုန်ပိတ်နေပြီ အလွမ်းရဲ့၊ သူ့အာရုံထဲမှာ သူ့ငွေ၊ သူ့အောင်မြင်မှု၊ သူ့ကြော်ကြားမှု၊ သူ့တိုးတက်မှု ဒါတွေပဲ ရှိတယ်၊ သူတစ်ပါးအရေး မမြင်နိုင်တော့ဘူး၊ မောဟတွေ ပိတ်ဖုံးနေပြီ၊ လောဘ၊ ဒေါသ၊ မောဟ ဒါပဲ သူ့မှာ ရှိတယ်၊ ခွင့်လွှတ်လိုက်၊ တရားမျက်စိနဲ့ ရှုမြင်ကြည့်ရင် သူဟာ သနားစရာဖြစ်နေတဲ့ သူတစ်ယောက်ဖြစ်နေပြီ ငါ့မြေးရဲ့၊ လူတစ်ကိုယ်လုံး အကုသိုလ်ချည်းပဲ၊ အင်း ... ဒုက္ခ ... ဒုက္ခ ...၊ လာ ... လာ ... သမီး အောက်ဆင်းကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက လေသံဖျော့ဖျော့လေးနဲ့ ပြောပြီး အလွမ်းနှင့် အတူ အောက်ဆင်းလာကြပါသည်။ ဧည့်ခန်းထဲရောက်မှ ...

"ညည်း အဖေဆီ ဖုန်းဆက်၊ ညည်း အန်တီဆီ ဖုန်းဆက်လေ"

"အန်တီ့ဆီ. အရင်ဆက်လိုက်မယ် ဘွားဘွား"

"အေး ..."

အလွမ်း အန်တီ့ဆီ ဖုန်းဆက်သည်။ အန်တီက အလွမ်းအတွက် မျိုးစုံချုပ်လို့ရတဲ့ မော်တာနှင့်စက်တစ်လုံး ဆုချမည်ဆို၍ အလွမ်း ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ အဲဒီနောက် အဖေ့ဆီ။ အဖေဟာ နောက်ဆုံးဝင်ထားတဲ့ ဆောက်လုပ်ရေး အလုပ်မှ မထွက်တော့ပါ။ ပထမ ညစောင့်လုပ်နေရာက အဖေ့ကို သဘောကျတဲ့ အလုပ်ရှင်က အဖေ့ကို ကားမောင်းသင်ပေးကာ လိုင်စင်ယူပေးထားပါသည်။ သူတို့ ဆောက်လုပ်ရေး လုပ်ငန်းထဲမှာ အလျဉ်းသင့်သလို လိုအပ်တဲ့အခါ ကားဝင်မောင်းရ၍ ညကိုလည်း ဆိုက်ထဲ အိပ်ကာ ညစောင့်လုပ်ရသည်။

ထို့ကြောင့် အဖေ့ လခက ကောင်းနေပါပြီ။ ရန်ကုန် အနေကြာ၍ အဖေက ရန်ကုန်သားလို ရုပ်လည်းပေါက်နေပြီ။ အန်တီ့အိမ်နေတုန်းက တစ်ခါတစ်ရံ သူမောင်းရတဲ့ ကားနှင့် ခရီးကြို လမ်းကြို အလွမ်းထံ လှည့်ဝင်လာလျှင် ကားပေါ်က





ဆင်းလာတဲ့ အဖေ့ကို မြင်ရတာ အလွမ်း အင်မတန် ကျေနပ်သည်။ ခုနောက်ပိုင်းတော့ အလွမ်းက အဖေ့လခတွေကို ယူသိမ်းထားပါသည်။ ကားလေးမောင်းပြီး အရွယ်က ငယ်သေးကာ သောရုပ်ပျောက် မြို့ရုပ်ပေါက်နေတဲ့ အဖေက ရုပ်လည်းချောသေးသမို့ အဖေ ရည်းစားထားမှာ မိန်းမယူမှာ စိုးကာ မိန်းမပိုးလို့ ရအောင် ရသမျှငွေ အလွမ်းကို အပ်ခိုင်းထားတာဖြစ်သည်။

"ဝမ်းသာလိုက်တာ သမီးရယ်၊ ဘယ်လို ဝမ်းသာမှန်းမသိဘူး၊ ငါ့သမီးလေးက တော်လိုက်တာနော်၊ ညည်းအမေသာ သိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲဟင်၊ အဖေနဲ့ ခွဲနေရကျိုးနပ်ပါတယ်၊ အဲဒီအိမ်က ဘွားဘွား၊ ကြီးကြီးတင်၊ မမနွေတို့ ကျေးဇူးရော အန်တီခင်နန္ဒာရဲ့ ကျေးဇူးရော ငါ့သမီး မမေ့နဲ့၊ အခွင့်သင့်ရင် ကျေးဇူးဆပ်နိုင်အောင် ကြိုးစားပါ၊ ငါ့သမီးလေး ဘာလိုချင်လဲဟင်"

"အန်တီက မော်တာနဲ့ စက်တစ်လုံး ဆုချမယ်တဲ့ အဖေ ..."

အဖေကတော့ ဝယ်မပေးပါနဲ့တော့၊ အဖေ့ ပိုက်ဆံတွေ အလွမ်း ယူထားတော့ အဖေ့မှာဖြင့် ပိုက်ဆံမရှိဘဲနဲ့"

"သူဌေးက မုန့်ဖိုးပဲဖိုး လက်ဖက်ရည်ဖိုးပေးတဲ့ အသေးသုံးတွေ စုထားတာရှိပါသေးတယ် သမီးရဲ့၊ အဖေ့သူဌေးကိုလည်း သမီး ဆယ်တန်းဖြေထားတာ ပြောပြထားတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ငွေးက အောင်ရင် ဆုချတဲ့ အနေနဲ့ မုန့်ဖိုးပေးမယ်
ပြောထားတယ်၊ ကြွားလိုက်ရဦးမယ်၊ မုန့်ဖိုးလိုချင်လို့
မဟုတ်ပါဘူးကွယ်၊ ငါ မတတ်ခဲ့တဲ့ ပညာရေးကို ငါ့သမီး
လေး ထူးချွန်တာ ဂုဏ်ယူလွန်းလို့ပါ၊ ဂုဏ်ထူးကလည်း
ပါသေး။ တက္ကသိုလ်တက်ဖို့ မပူနဲ့ သမီး၊ အဖေရတဲ့လ
သမီးကို အပ်ရင် ကျောင်းစရိတ် ဖူလုံတယ် မဟုတ်
လား”

“စရိတ်သိပ်ကုန်မှာ မဟုတ်ပါဘူး အဖေ၊ သမီး အဝေးသင်
တက်မယ်၊ သမီး အကျီချုပ်ဆိုင်လေး ဖွင့်ဖို့ စိတ်ကူးရှိတယ်
အဖေ၊ အကျီချုပ်ဆိုင်ဖွင့်ပြီး ပိုက်ဆံတွေရပြီး သမီး ချမ်း
သာလာရင် အဖေနဲ့ အတူတူ ပြန်နေမယ်”

အလွမ်း အသံလေးတုန်ကာ ပြောမိသည်။ ဘဝတစ်
ချိုးလာခိုကိုးပြီး အဆင်ပြေတော့ ပြန်ထွက်သွားတယ်ပဲပြောပြော
ကိုယ့်အဖေနဲ့သာ ကိုယ် အတူနေချင်လှသည်။ အန်တီ့အိမ်မှာ
ဘယ်လိုပဲ အခွင့်အရေးရကာ ကောင်းကောင်းမွန်မွန် နေရတယ်
ဆိုဆို ရင်ထဲမှာ အားရှိပုံချင်းတော့ တူမှာမဟုတ်။ အဖေနဲ့
နေရပြီး ကိုယ့်လုပ်စာကိုယ် ရှာစားကြရလျှင် အလွမ်း ရင်ထဲ
ခွန်အားတွေ ပြည့်ဝလိမ့်မည်။ ကျေးရွာတွေကိုတော့ ဆပ်ဖို့
မမေ့ပါ။





အဲဒီနေ့ အောင်စာရင်း ထွက်တုန်းတစ်ခါ အလွမ်းကို
ငွေ မျက်မုန်းကျိုးထားအပြီး နောက်တစ်နေ့မှာပဲ ပြဿနာ
ပ်တက်တာ။ နောက်တစ်နေ့ကစပြီး မမငွေ ကားရိုက်ရက်အား
းရက်နားသည်။ နေ့လယ်နေ့ခင်း အားလပ်ကာ သူ ပျင်းနေတုန်း
နေ့စဉ်ဆောင်ရွက်နေကျအဖြစ် မကြူက စာပုံးထဲက စာတွေ
ားယူလာပါသည်။ နေ့စဉ်စာတွေဟာ နည်းတဲ့နေ့တောင် ဆယ်
င်လောက်ရှိပြီး တစ်ခါတစ်ရံ အစောင်သုံးလေးဆယ်လည်း
တတ်တာပင်။

မကြူဟာ စာပုံးထဲက စာတွေ ယူပြီးလျှင် မမငွေ
န်းထဲ သွားထားပေးရတာ နေ့စဉ်နဲ့အမျှ ထုံးစံ။ ထိုနေ့က
ငွေ ထမင်းစားပြီး ဧည့်ခန်းထဲ ထိုင်နေတာမို့ မကြူက
တွေကို မမငွေရှေ့ ချခဲ့သည်။

စာအိတ်တွေကို တစ်အိတ်ချင်း အပြင်က ကြည့်နေတဲ့
ငွေဟာ စာအိတ်တစ်ခုကို အမြင်မှာ လက်တွေ တုံ့ရပ်သွားပြီး
အိတ်ကို မျက်မှောင်ကုတ်နှင့် ကြည့်နေသည်။ စာအိတ်ပေါ်မှာ
ပိပ်လို Khin Lwan Poun လို့ ရေးထားတာမို့ စာအိတ်နောက်
ကျောက်ကို လှန်ကြည့်လိုက်ပါသည်။ Taw Hpone Khaung
ဆိုငွေ မျက်နှာ ချက်ချင်း နီရဲခက်မာသွားရပြီး စာအိတ်
ကို ဖြဲခနဲ ဆွဲဆုတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလွှမ်း ...

အန်တီခင်နန္ဒာက ဆုနွှေတို့ အိမ်လိပ်စာနဲ့ပဲ ရေးတော့ ဖို့ စာရေးလာလို့ ဒီလိပ်စာနဲ့ပဲ ထည့်လိုက်ပြီ။ မလာစေ ဒေါ်ခင်နန္ဒာစာ ရောက်လာတော့ ရင်ထိတ်သွားတာပေ စာအိတ်ကို ဖောက်ပြီး အထဲမှာ အလွှမ်းရဲ့စာရော ပါလ မလားလို့ ဒရောသောပါး ရှာမိတယ်။ ဒေါ်ခင်နန္ဒာ လေးငါးကြောင်းစာကလေးပဲ ပါပါတယ် ...

အလွှမ်း ကိုယ့်ဆီ ဘာဖြစ်လို့ စာမရေးတာလဲဟင် လူကြီးတွေ မကြိုက်မှာစိုးလို့လား၊ မရေးရဘူးပြောထားလို့ လား။ လူကြီးမိဘ အုပ်ထိန်းသူတွေက မကြိုက်ဘူးဆိုရင် တော့ ကိုယ် မတောင်းဆိုပါဘူး။ ရေးလို့ရရင်တော့ အလွှမ်းရဲ့ စာကို ကိုယ် ဖတ်ချင်သား အလွှမ်းရယ် ကိုယ်တို့ သင်္ဘောသားတွေဘဝဟာ မြန်မာပြည်က စာတ စောင် ရောက်လာဖို့အရေး အမျှော်ကြီး မျှော်ကြရတဲ့ဘဝ ရောက်လာရင် ပျော်နေရတာ။ ဒီစာတွေ ဖတ်ပြီးတော့ အမောအပန်းပြေ၊ စိတ်ကို ဖြေသိမ့်ကြရတာ။ အိမ် အဖေအမေဆီက စာလာတတ်ပေမဲ့ အလွှမ်းရဲ့ စာကိုလည်း မသိစိတ်က ကိုယ် မျှော်လင့်ခဲ့မိသေးတယ် ...





ကိုယ့်စာ ရောက်မဲ့အချိန်ဆို မြန်မာပြည်မှာ ဆယ်တန်းအောင်စာရင်းတွေ ထွက်မဲ့အချိန်လောက် ဖြစ်လိမ့်မယ်။ အလွှမ်း အောင်မယ်လို့ ကိုယ် ယုံကြည်နေပါတယ်။ အောင်တယ် မအောင်ဘူးကို အလွှမ်းဆီက သိရဖို့ အခွင့်အရေး ရှိမရှိ မသေချာတာမို့ ကိုယ့်သူငယ်ချင်းတစ်ယောက်ကို အောင်စာရင်းကြည့်ပေးဖို့ စာရေးထားသေးတယ်။ အလွှမ်း ခုံနံပါတ်တော့ ကိုယ် မသိဘူး။ ဒါပေမဲ့ ဗဟန်းစင်တာမှာ 'ခင်လွှမ်းပုံ'ဆိုတဲ့ နာမည်ကို ရှာကြည့်ပေးပါလို့ ကိုယ်မှာထားတယ် ...

ဆုနွှေတို့အိမ်ကို အလွှမ်း ပြန်ရောက်နေပြီပေါ့နော်၊ အလွှမ်း အဆင်ပြေရဲ့လား"

ဤနေရာအရောက်တွင် ဆုနွှေသည် ဒေါသကို လုံးဝ မထိန်းသိမ်းနိုင်တော့။ ဘယ်တုန်းကမှ တော်ဖုန်းခေါင်ကို စာရင်းထဲမထည့်ခဲ့၊ အရေးမပေးခဲ့သော်ငြားလည်း ဒီလူက အလွှမ်းဆီ တခုတ်တရ စာရေးဆက်သွယ်နေတာ သိရတဲ့အခါ ကျူရှုံးခြင်း တစ်ခုလို ဆတ်ဆတ်ခါ ခံစားလိုက်ရလျက် တစ်ကိုယ်လုံး တုန်ယင်ပူပြင်းလာသည်။

"မိလွှမ်း ... မိလွှမ်း ... လာခဲ့ ... အခု"

ဒေါသတကြီး အော်ဟစ်ခေါ်လိုက်၍ သူ့ရှေ့သို့ အလွှမ်း ထိတ်ထိတ်ပျာပျာ အလန့်တကြား ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဘာလဲ … ဒါဘာလဲဟင်"

လက်ထဲက စာရွက်ကို နောက်လက်တစ်ဖက် လက်ဖျားနှင့် တဖြန်းဖြန်း ပုတ်ကာမေးလျှင် အလွမ်းသည် ရုတ်တရက်ဘာမှ နားမလည်နိုင်ဘဲ …

"အလွမ်း မသိဘူး၊ ဘာလဲဟင် မမနွေ၊ စာရွက်လေ"

"ဟင် … လှူကြည့်တော့ ရုပ်က အပိုးကျိုးကျိုးနဲ့၊ ကုပ်ကမြင်းမ၊ နင်က ငါ့ကို အံတုတာပေါ့လေ၊ ငါ့ကို ပြိုင်နေတာပေါ့လေ၊ သစ္စာဖောက်မ"

"အလွမ်း ဘာလုပ်လို့လဲ မမနွေ၊ အဲဒါ ဘာလဲ အလွမ်း မသိဘူး"

"ဘာမသိဘူးလဲ၊ တိတ်တဆိတ် ကျိတ်ပြီး ငါ့ကို ချိုးဖို့ကြံနေတာ၊ ဒေါ်ခင်နန္ဒာကပဲ အလိုတူ အလိုပါ၊ နင်တို့က ဘယ်တုန်းက အဆက်အသွယ် ရသွားတာမို့လို့ တော်ဖုန်းခေါင်က နင့်ဆီ စာရေးရတာလဲ၊ နင်နဲ့ ဘယ်လို အချိန်းအချက်တွေ လုပ်ထားသလဲဟင်၊ စာရေးတာ ဘယ်နှစောင်ရှိပြီလဲ။ အန်တီ့လိပ်စာကိုကော ဒီကောင်က ဘယ်လိုလုပ်သိသွားတာလဲ၊ နင်တို့က ဘာလဲ၊ လှူကြည့်တော့ ရိုးပုံရိုးလက်နဲ့၊ ကုပ်ကုပ်ကလေးနဲ့ နင် အတော်ကမြင်းကြောထပါလားဟင်"





ဒီတော့မှ ကိုကြီးခေါင်ထံက စာလာတာဆိုတာ အလွမ်း သိလိုက်ရကာ မမနွေ မေးခွန်းတွေက များလွန်း၍ အလွမ်း မဖြေတတ်တော့။ မမနွေသည် ဝုန်းခနဲ ခုန်ထလာကာ အလွမ်း အနားလာရပ်၍ စာရွက်ကို တဖြန်းဖြန်း လှုပ်ခါရင်း အလွမ်းကိုလည်း လက်မောင်း၊ ကျောပြင် မှီရာထုရင်း ဒေါသတွေ ပေါက်ကွဲနေသည်မှာ တဆတ်ဆတ်ကို တုန်နေသည်။

ဟိုးရှေးပဝေသဏီကတည်းက တော်ဖုန်းခေါင်က ဆုနွေကို ချစ်ရေးဆိုခဲ့ဖူးသည်။ အရာရှိကြီး ဘဝက အငြိမ်းစားသွားတဲ့ ဖခင်ရဲ့သား၊ သာမန် စက်မှုကျောင်းသားကလေးတစ်ယောက်ကို ဆုနွေက စာရင်းထဲတောင် မထည့်။ ထည့်စရာလည်း မဟုတ်။ ဆုနွေ အနားက ပုရိသတို့ထဲတွင် တော်ဖုန်းခေါင်ဟာ အမေးမှိန် အညှိုးနွမ်းဆုံး။ သူငယ်ချင်းဘဝက လာတာမို့ အားနာ လျှာမကျိုး ခိုင်းလို့ကောင်းသည်ဖြစ်ရာ ကိုယ် အသုံးလိုမှ ခိုင်းစရာရှိမှ လှမ်းခေါ်တဲ့ အနေအထားမှာပဲ ရှိသည်။

သူ့ဟာသူ အိမ်လာလို့လည်း ဆုနွေက တကူးတက ဧည့်ခံနေတယ်လို့ မရှိခဲ့။ ဘွားဘွားတို့ တစ်အိမ်သားလုံးနှင့်လည်း ရင်းနှီးနေတာမို့ တော်ဖုန်းခေါင်က သူ အိမ်လာလို့ ဆုနွေ ဆင်းမလာလည်း ရှိတဲ့လူနှင့် ခဏတစ်ဖြုတ် စကားပြောကာ ပြန်တာပင်။ တော်ဖုန်းခေါင်ကိုလည်း နည်းနည်းကလေးမှ မချစ်မိ။



www.burmeseclassic.com

www.burmeseclassic.com



တော်ဖုန်းခေါင်ကတစ်ဆင့် သိကျွမ်းရတဲ့ ကိုကျော်စွာကိုမှ ဆုနွေက ပိုအရေးပေးဖြစ်ခဲ့သေးသည်။ ကျော်စွာထံက လုပ်အားမရပေမဲ့ ရတာတွေ အများကြီး။ တော်ဖုန်းခေါင် ရှေ့ပြဲပင် ကျော်စွာကို အရေးသယ်သယ် အချွဲပိုပို ဆက်ဆံခဲ့ဖူးသေးသည်။ နောက်ပိုင်းမှာ ဆုနွေရဲ့ ရည်းစားမကျ ဘာမကျ ပတ်သက်သူတွေကိုလည်း တော်ဖုန်းခေါင် သိနေမြင်နေသည်။ သိဆို တော်ဖုန်းခေါင် ရှေ့မှာ ဟန်ဆောင်ဖုံးကွယ်ဖို့ပင် ဆုနွေ မစဉ်းစား။ အရေးစိုက်လောက်တယ်ကို မထင်ခဲ့တာ။ ကျောင်းပြီးတော့ ဆောက်လုပ်ရေးတစ်ခုမှာ အလုပ်ဝင်လုပ်နေတဲ့ တော်ဖုန်းခေါင်ကို ဆုနွေ အထင်ကို မကြီးခဲ့တာပါ။

ကိုယ် ရွေးချယ်ရမဲ့ အဆင့်လို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့တာ။ နောက်ပိုင်းကျတော့ တော်ဖုန်းခေါင်က ဆုနွေကို ချစ်စကား ထပ်မပြောတော့ပါ။ မပြောတော့လည်း ပြီးတာပဲလို့သာ ဆုနွေ သဘောထားသည်။ တော်ဖုန်းခေါင် စိတ်ထဲ ရင်ထဲ ဘာရှိလဲ တစ်ချက်ကလေးတောင် မတွေးခဲ့။ သူသဘော်တက်တော့မယ် ဆိုတော့လည်း ဆုနွေ သူ့ထံ အာရုံမရောက်ပါ။

ခုမှ အင်ဂျင်နီယာငယ်လေးအဖြစ် သင်္ဘောတက်မှာ ဆုနွေရဲ့အပါး ဝန်းရံခစားနေသူထဲ သင်္ဘောကက်ပတိန်ရာထူးတောင် ပါတဲ့ဥစ္စာ။ သူ့အဆင့်ကို ဘာစိတ်ဝင်စားစရာရှိလဲ။





ထွက်သွားတော့လည်း ဘယ်လိုမှမနေ။ ဘယ်တော့ ပြန်ရောက်မှာလဲလည်း တစ်ခါမှ မတွေးမိ။ သွားပြီးတဲ့နောက် စာတစ်စောင် ဆုနွေထံ လာဖူးတာကိုလည်း အမှတ်တမဲ့။ နောက်ထပ်စာတွေ ထပ်မလာတာလည်း ခေါင်းထဲမရှိ။

ခုတော့မှပဲ ကိုယ့်ဆီတော့ စာထပ်မလာပဲ အလွမ်းဆီ စာအစောင်စောင် ရေးထည့်နေတာ သိလိုက်ရတဲ့အခါ အချိုးနှိမ် ခံရသလိုမျိုး မာန်မာန ထိခိုက်သလိုမျိုး ခံစားလိုက်ရတော့တာ။ မိလွမ်းက ဘာမို့လဲ။ ဆုနွေကို စိတ်ဝင်စားခဲ့ ချစ်ခဲ့ တရစ်ဝဲဝဲ နေခဲ့၊ ကိုယ့်အနားကပ်ရဖို့ ကိုယ့်ဝေယျာဝစ္စတို့ကို အောက်ခြေသိမ်း လုပ်ကိုင်ဆောင်ရွက်ပေးခဲ့တဲ့ တော်ဖုန်းခေါင်က ဆုနွေထံ စာမရေး မဆက်သွယ်တော့ပဲ အလွမ်းထံ စာတွေရေးနေတယ်ဆိုတဲ့ အဖြစ်ဟာ ဆုနွေကို အတော် အောင့်သက် အခံရခက်စေတဲ့ကိစ္စ ဖြစ်သည်။

"ပြောလေ ... ပြောလေ"

"ဘာမှ မချိန်းချက်ပါဘူး၊ ကိုကြီးခေါင်က သူ့ဟာသူ စာရေးတာ"

"ဘာ ... !၊ ကိုကြီးခေါင် ...!၊ အမယ်လေး ... ကိုကြီးခေါင်တဲ့၊ နင်က သူ့ကိုလေ၊ နင် အတော်ထ,ပါလားဟင်၊ နင်တို့ချင်းက စာပေးစာယူတွေ ဖြစ်နေကြတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းသည် ပခုံး လက်မောင်း ကျောပြင်ပေါ် အုံးခနဲ အုံးခနဲ ကျလာတဲ့ လက်သီးဆုပ်တွေ နေရာစိပ်လာတော့ နာကျင်လာတာနဲ့အမျှ လူတိုင်းကိုယ်စီမှာရှိတဲ့ မာန ဒေါသကလေးကလည်း ခေါင်းထောင်ထ,ချင်လာသည်။ အဲကိုကြိတ်က ...

"အလွမ်း သူ့ဆီ စာမရေးဘူး၊ သူပဲရေးတာ"

"နင်မရေးဘူးဆိုတာ ဒီထဲပါတယ်၊ ငါသိတယ်၊ သူက ဘာဖြစ်လို့ ရေးနေရတာလဲ"

"သူ ဘာလို့ရေးလဲတော့ အလွမ်းလည်း ဘယ်သိပါ့မလဲ မမနွေ၊ သူ့ဟာသူ ရေးချင်လို့ ရေးနေတဲ့ဟာ၊ အလွမ်းမှာ ဘာအပြစ်ရှိလဲ"

"ရှိတယ်ဟဲ့၊ နင့်မှာ စာရေးချင်အောင် မြူဆွယ်တဲ့အပြစ် ရှိတယ်"

"အလွမ်း ဘာမှမမြူဆွယ်ဘူး"

"ဒါဖြင့် သူက နင့်ဆီ ဘာအကြောင်းနဲ့ ရေးဖို့ရှိသလဲဟင်၊ နင်က မမြူဆွယ်ပဲ ခပ်တင်းတင်းပဲ နေတာကိုပဲ နင့်လိုဟာကို သူက အောက်ကျခံ အတင်းရေးရတယ်ပေါ့၊ ဟုတ်လား၊ ဟွန်း ... ငါ့မျက်စိအောက်က ပျောက်တာ တစ်နှစ်တောင် မပြည့်ဘူး၊ လပိုင်းပဲ၊ ဒီကြားထဲလေးမှာ ငါ့ကိုကြိုက်နေတဲ့ လူတစ်ယောက်ကို နင့်ဘက်ဆွဲဆောင်





သိမ်းသွင်းပစ်တယ်၊ နင့် တော်တော်ကြောက်ဖို့ကောင်းတဲ့ မိန်းမ၊ နင့်ဆီကို သူ လာတွေ့သလား"

"မသွားခင် တစ်ခါတည်းပဲ လာနှုတ်ဆက်ပါတယ်"

"အောင်မာ ... နင်က ဘယ်နခါ လာစေချင်နေလို့လဲ ဟင်၊ စုန်းမ ... ကဝေမ"

အလွမ်း နှုတ်ခမ်းကိုစေ့၍ ငုံ့ခံနေလိုက်သည်။ ထိုစာကိုလည်း အလွမ်းကို မပေးပါ။ နောက်ထပ်လည်း ကိုကြီးခေါင်ရဲ့စာ အလွမ်း တစ်စောင်မှ ထပ်မရတော့ပါ။ သူချည်း ဖောက်ဖတ်ပစ်ပုံရသည်။ ဤမျှ စွက်ဖက်ဖိနှိမ်ခံရတဲ့အခါ မမနွေ အပေါ် တစ်စတစ်စ အလွမ်း နာကြည်းလာပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ မြင့်မားတဲ့ နေရာမှာဖြစ်စေ၊ နိမ့်ပါးတဲ့ နေရာမှာဖြစ်စေ အမြဲတမ်း ရပ်တန့်နေမှာ မဟုတ်ဘူး။ ဤတရားသံဝေဂကို အလွမ်း နက်နက်ရှိုင်းရှိုင်း နားလည်သဘော ပေါက်လာပါသည်။

အစေးသင်နှင့် အလွမ်း နောက်ဆုံးနှစ်စာမေးပွဲပြီး သည်နှင့် ပါရမီလမ်းပေါ်မှာ ဆိုင်ခန်းကလေးတစ်ခုငှားကာ အလွမ်း ဆိုင်ဖွင့်လိုက်သည်။ ဆိုင်မဖွင့်ခင်ကတည်းက ပထမတော့ အန်တီ နှုတ်မှ သတင်းဖြန့်ပေးမှုကြောင့် အိမ်ကိုပင် လူအချို့ အထည် လာအပ်ကြသည်။ တီထွင်ဖန်တီးနိုင်သော ဆန်းသစ်ထက်မြက်တဲ့ Talent ရှိတဲ့ အလွမ်းသည် ခက်တောင့်ခက်ခဲ အဆန်းတကြယ် ဒရက်စ်အရှည်များ ချုပ်ရာတွင် အထူးကျွမ်းကျင် သပ်ရပ်လှ ချက်ချင်း လူကြိုက်များ လူပြောများလာသည်။





အိမ်ကိုပင် အံ့၍ပြို၍ အထည်အပ်လိုသူတွေ ရောက် လာရာ အလွမ်းသည် ချက်ချင်းလက်ငင်း စက်ချုပ်သူတစ်ယောက် ငှားလိုက်ရပါသည်။ ဘွားဘွားက ကျေနပ်အားရစွာ အိမ်မှာပဲဆိုင်ဖွင့် ဒို့ ခွင့်ပြုသည်။ အပ်သလောက်ကို အလွမ်း လက်မခံနိုင်။ လူတွေ အများကြီး ငှားကာလည်း အိမ်မှာတရုန်းရုန်းဖြစ်အောင် မတိုးချဲ့ ချင်သေး၍ အကူတစ်ယောက်တည်းနှင့် ချုပ်ရရာ ရက်ချိန်းလည်း ကြာလှသည်။ ဒါတောင် အပ်သူတွေက တန်းစီအပ်ကြလေသည်။

မမနွေကိုလည်း အလွမ်းက အဝတ်အစား တာဝန်ယူ ချုပ်ပေးလိုက်ရပါသည်။ မမနွေဟာ အလွမ်းထံမှာ အင်္ကျီမချုပ်ဘူးဆိုတဲ့ ...မျိုးတော့ မရှိ။ မာရေကျောရေနှင့်ပင် ငါ့ကို ဒီပုံချုပ်ပေးစမ်း ...တာမျိုး။ နောက်တော့ အိမ်မှာလူဝင်လူထွက် ကားဝင်ကားထွက် ...တာကို မမနွေ မကြည်လင် ဖြစ်လာသည်။ သူက သူ့ကိုယ်သူ ...ပေါလောလောနှင့် လူပရိသတ် တွေ့စေလိုတာ မဟုတ်။ ...လွမ်းအဖေဆီက ပိုက်ဆံတွေ ရေတွက်၊ အန်တီ့ဆီက နည်းနည်း ...ဒို့ ပြင်သည်။

အဖေက အဖေ့ဘော့စ်ရဲ့ အစီအစဉ်ဖြင့် တက္ကစီ ...င်းနေတာ တစ်နှစ်ကျော်ပါပြီ။ အဖေ့ဘော့စ်က အဖေ့အတွက် ...င်တစ်စီး စပေါ်တင်ကာ ငှားပေးထားသည်။ တစ်နေကုန် ... ဘက္ကစီဆွဲ၊ ညကျ သူ့ရဲ့ဆောက်လုပ်ရေးတွေထဲက ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာ အစောင့်လုပ်၍ အိပ်ရသည်။ အဖေ့ဝင်ငွေဟာ အလွန် ကောင်းနေပါပြီ။ ဒီလောက် ငွေဝင်လာမှတော့ အဖေဟာ ဘီယာ လေး သောက်ချင်သလိုလို နည်းနည်းဖြန်းတီးလိုလာတဲ့အတွက် အလွမ်းက သူ့ထံ တစ်နေ့ဘယ်လောက် အပ်နိုင်းထားပါသည်။

အုံနာခ,ပေး၊ အလွမ်းရဲ့ စုငွေခ,ပေး၊ ကျန်တာ အဖေသုံး။ သို့သော် ပါရမီလမ်းဆိုင်ခန်းကို တစ်နှစ်စာချုပ်နှင့် ငှားဖို့ ဆိုင်ပြင်ဆင်ဖို့ လိုတာဝယ်ဖြည့်ဖို့တွေအတွက် မလောက် အန်တီ့ထံ အလွမ်း ပိုက်ဆံချေးဖို့ စိတ်ကူးသည်။ ဘွားဘွားဆီက ကျတော့ မချေးချေ။ ဘွားဘွားထံက ချေးလျှင် မမနွေက တစ်မျိုး တွက်ချက် အထင်လွဲမှာကို ကြောက်သည်။

သို့သော် အလွမ်း စိတ်ကူးကို သိသွားတဲ့ အဘွား အန်တီ့ဆီက ဘာလို့ချေးရမှာလဲဆိုကာ လိုသလောက်ငွေ အလွမ်း ကို ထုတ်ပေးပါသည်။ ဆိုင်မဖွင့်ခင်ကပင် အလွမ်းက ဝင် သိပ်ကောင်းနေပြီ။ ထိုအခါလွမ်းက ...

"မမနွေ ... အလွမ်းလည်း ဝင်ငွေလေး ရှိလာပြီဆို
အိမ်စရိတ်ထဲ အလွမ်း နည်းနည်းထည့်ပါရစေ"

အလွမ်းရဲ့ စေတနာစကားကို မမနွေက စေတ စကားလို့ မမြင်တတ်ပါ။ သူ့အစွဲကြီးကြီးအတိုင်း အလွမ်း ရာတိုင်းတာ။ ဒီလိုသာ စွပ်စွဲသည်။





"သိပ်ကြီးကျယ်မနေနဲ့၊ ခုမှစ, ငွေလေးဝင်ဖူးပြီး ဖင်ခေါင်း က ကျယ်ချင်တယ်၊ တစ်အိမ်လုံးကို ငါကျွေးနေတာ၊ အေးဆေးစားနေ၊ လျှာရှည်မရှည်နဲ့"

သူ့ကိုယ်သူ ဟန်ကိုယ့်ကာ မမနွေ ပြောနေရသော် လည်း မမနွေ အခြေအနေကို (သူဝန်မခံချင်ပေမဲ့) အလွမ်းတို့ အားလုံး နားလည်နေပါသည်။ အတက်ရှိရင် အဆင်းလည်းရှိတာ ။ မမနွေ နာမည်ဟာ တဖြည်းဖြည်း ကျလာနေသည်။ မမနွေ ့ ပေါင်းသင်းဆက်ဆံရေး ချို့ယွင်းချက်တချို့ဟာ လျှမ်းလျှမ်း တောက်ချိန်မှာ အပြစ်မဖြစ်ပေမဲ့ ကျဆင်းစမှာ အဆင်းကို ဘီး တပ်သလို ဖြစ်ခဲ့သည်။ ပြီးတော့ မမနွေဟာ စပွန်ဆာတွေအများ ကြီးထားတဲ့ သူရယ်လို့လည်း နာမည်ပျက်ချင်သည်။ မမနွေ အသက်ကလည်း သုံးဆယ်ထဲရောက်ပြီ။ သူများ သုံးဆယ်တွေလို ထိန်းမထားနိုင်ဘဲ မမနွေက လည်ရစ် မေးရစ်တွေနှင့် ဝချင်လာ ဝတ်လို့ စားလို့ မလှတော့ပဲ ရှိသည်။

ကျတယ်ဆိုပေမဲ့ တဖြည်းဖြည်းချင်း ဘီးလိမ့်ဆင်း သလို ကျနေတာပင်။ မမနွေသည် အခြေအနေမှန်ကို လက်မခံ ၊ သူ့ထံ ကားရိုက်ချိတ်တာတွေ ကျဲသွားတာကို အင်တာဗျူး "သူ့ အသက်အရွယ် ရလာတဲ့အတွက် တင်ကျန်မဲ့ ကားမျိုး က်ချင်တော့တာမို့ ကားရွေးလာကြောင်း၊ ကားကို အရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ချပစ်ကြောင်း၊ ဓာတ်ကောင်းလေးတွေပဲ ရွေးရိုက်တော့မဲ့ အကြောင်း"စသဖြင့် ဖြေပါသည်။ ဘယ်လိုဖြေဖြေ ရေစီးကြောင်းကို ပရိသတ်က သိနေတာပင်။

ဒီအတွက် မမနွေကို အလွမ်း သနားနေသည်။ သူ့ကို နာကြည်းဖူးပေမဲ့ ခုလို ကျဆင်းလာတဲ့အခါ သူ့အကျကို သူ သွေးရူးသွေးတန်းနှင့် လက်သင့်မခံတဲ့အတွက် ပိုပြီး စိတ်ထိခိုက် ကရုဏာသက်ရသည်။ ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းနှင့် သူ လျှော့ချ ပြီးပေးတဲ့ အိမ်စရိတ်ကြားမှာ အနုတ်လက္ခဏာပြခဲ့တာ ကြာပြီ။ သူက အိမ်စရိတ်ထဲ အလွမ်း မပါရဘူး ဆိုတော့လည်း ပါတာယ်လို့ နာမည်မခံပဲ နောက်ကွယ်ကနေသာ လိုတာစိုက်ဖြည့် သုံးစွဲနေရ ပါသည်။ မကြူကလည်း ...

"အလွမ်းရေ ... ဆီငါးပိသာလောက် ဝယ်ချင်တယ် တစ်လစာ"

အလွမ်း ထံပဲ လာလာတောင်းဆိုပါတော့သည်။

ကားရိုက်ကျဲတဲ့အခါ မမနွေဟာ အိမ်မှာထိုင်နေ ချိန် များလာသည်။ အလွမ်းထံ အထည်လာအပ်တဲ့ သူတွေက အိမ်မှာ အဝင်အထွက်ရှုပ်တော့ မင်းသမီး အိမ်ထိုင်နေတာတွေ့ ကားမရိုက်ရတာ တန်းသိမည်။ ဒီတော့ သူတို့နှင့် မဆုံအောင် မမနွေ ကိုယ့်အခန်းထဲချည်း အောင်းနေရရင်လည်း ကြာတော့





အလွမ်းကို ပြောစရာ ဖြစ်လာမည်။ ဒါကြောင့်ပင် မမနွေ သက် သောင့်သက်သာရှိဖို့ မင်းသမီးအိမ် လူဝင်မရှုပ်ဖို့ အလွမ်း ဆိုင် ခန်းငှားရမ်း ဖွင့်ဖြစ်ရတာပါ။

အလွမ်းသည် ဖက်ရှင်ဒီဇိုင်းလောကတွင် နေ့ချင်း ညချင်း ကျော်ကြားလာသည်။ အလွမ်း ချုပ်တဲ့ ဝတ်စုံတို့ကို မင်းသမီး အဆိုတော် မော်ဒယ်လ်တို့ အထည်ပေါင်း မရေတွက် နိုင်အောင် ဝတ်ဆင်ဖူးကြပြီ။ "ဒီဇိုင်နာ အလွမ်း"ဆိုတာ လူသိ များသော အမည်တစ်ခု ဖြစ်လာခဲ့ပြီ။ အလွမ်းရဲ့ ဆိုင်ရှေ့တွင် ဆောင်ဖို့ ကြော်ငြာဓာတ်ပုံဘုတ်များလုပ်ရန် စိတ်ကူးတဲ့အခါ အလွမ်းက အဝေးသင်တုန်းက သူငယ်ချင်းအဖြစ် သိကျွမ်းဖူးကာ ...ကတည်းက နာမည်ကျော် ဓာတ်ပုံဆရာ ဖြစ်နေနှင့်တဲ့ ကောင် ...လေးကို တိုင်ပင်ပါသည်။

"နံပါတ်တစ်က ငါ ပိုက်ဆံသိပ်မသုံးနိုင်ဘူး အေးချိုရယ်၊ နံပါတ်နှစ်က ငါကြော်ငြာချင်တာက ဆိုင်ရှေ့မှာရော၊ မဂ္ဂဇင်းတွေမှာရော၊ ဖြစ်နိုင်ရင် လမ်းဆုံလမ်းခွတွေမှာ အကြီးကြီး မဟုတ်တဲ့ ငါတတ်နိုင်တဲ့ ခပ်သေးသေး ဗီနိုင်းဘုတ်မျိုးလေးတွေလည်း ထောင်ချင်တယ်"

"နင် ကြော်ငြာဘုတ်တွေပါ ထောင်ချင်တယ်ဆိုရင် မော် ဒယ်လ်ကို ပေးရမဲ့ သရုပ်ဆောင်ခက မြင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အများကြီး မတတ်နိုင်ဘူး၊ ပြီးတော့ မလှတဲ့သူလည်း
မဖြစ်ချင်ဘူး၊ အဖျံစားပုံလေးတွေ ထွက်ချင်တယ်"
"ဒါဖြင့် အကြံတစ်ခု ပေးမယ်"
"အေး"
"မော်ဒယ်လ်ကို နင့်ဟာနင်ပဲ လုပ်လိုက်"
"ဟာ ... မနောက်စမ်းပါနဲ့ အေးချိုရာ"
"နောက်နေတာ မဟုတ်ဘူး၊ နင့်ကိုလည်း မြှောက်နေတာ
မဟုတ်ဘူး၊ နင်က လှတယ်၊ နင့်ရုပ်ရည် နင့်ကိုယ်
ကိုယ်ထည်၊ နင့်အရပ်အမောင်းက နင့်ဝတ်စုံတွေဝတ်
ဓာတ်ပုံရိုက်ခံဖို့ သိပ်အဆင်ပြေနေတယ်၊ နင့်သဘော
နားလည်ပါတယ်၊ ကိုယ့်လုပ်ငန်းကို ကိုယ့်ပုံကြီးနဲ့ ကြော်ငြာ
လုပ်တယ်ဖြစ်မှာ နင် ရှက်တယ်၊ ဒါဘာမှ ရှက်စရာ
ဘူး၊ ကိုယ့်အခြေအနေနဲ့ကိုယ် အဆင်ပြေရင် လုပ်သ
တာပဲ၊ နင့်ကို ငါ စပါယ်ရှယ် ရိုက်ပေးမယ်၊ နင်စရိတ်
အများကြီး သက်သာသွားမယ် ခင်လွမ်းပုံ၊ နင်ရှက်
ဝန်လေးမနေနဲ့ ကြိုးစားကြည့်စေချင်တယ်"

အလွမ်း ဆိုင်ကြော်ငြာတွေ လုပ်တော့မယ် ဆို
အခါ အလွမ်း တိုးတိုးတိတ်တိတ် သိရသည်မှာ မမနွေဟာ
ကြော်ငြာပုံတွေ သူ ရိုက်ချင်နေတာပင်။ အလွမ်းက အေးချို
တိုင်ပင်ကြည့်တဲ့အခါ ...





"ဟာ ... နင့်အစ်မ ဆုနွေက အဆီတွေ တက်နေပြီ၊
ပုတိုတို ဖြစ်နေပြီ၊ ဘယ်လိုလုပ် Result ကောင်းကောင်း
ရမှာလဲ၊ ပိုက်ဆံတွေကုန်ပြီး နင့်အဝတ်အထည်တွေကို
မိန်းမခပ်ဝဝ ကုပ်ပိုးသားတက်တက် တစ်ယောက်က
အချိုးမကျ ဝတ်ထားတဲ့ပုံကို နင် မြင်ချင်လို့လား"

အေးချိုက ခါးခါးသီး ကန့်ကွက်သည်။ နောက်ဆုံး
အလွမ်းသည် ရဲရဲဝံ့ဝံ့ပဲ ဆုံးဖြတ်လိုက်ရပါသည်။ လူတွေ
ရင်လည်း ကဲ့ရဲ့စေတော့။ မမနွေ မကျေနပ် ဖြစ်ရင်လည်း
သေတော့။ ကိုယ့်ဟာကိုယ်ပဲ ဝတ်ဆင်ရိုက်ကူး ကြော်ငြာတော့
။ အေးချိုရဲ့ စတူဒီယိုမှာ တစ်နေ့ကုန် ဓာတ်ပုံရိုက်ကူးပြီးတဲ့
ထွက်လာတဲ့ပုံတို့မှာ အလွမ်း စိတ်ကူးယဉ်ထားတဲ့ ပုံမျိုး
ပင်။ အလွမ်းသည် ဓာတ်ပုံထဲတွင် မမှတ်မိလောက်အောင်
ကြော့ရှင်းနေသည်။

အလွမ်းရဲ့ ဆိုင်မျက်နှာစာ မှန်ချပ်တွေမှာ လှပတဲ့
စီနိုင်းလ်ကြော်ငြာပုံကြီးများ နေရာယူသွားပါသည်။
က် လူစည်ရာ လမ်းဆုံနှစ်နေရာ၌ လူတစ်ကိုယ်စာ ဘုတ်
ပေါ်နှစ်ခု တစ်နှစ်စာ အခွန်ဆောင် ခိုက်ထူလိုက်သည်။
ပြေရေးရာ အမျိုးသမီးမဂ္ဂဇင်းစုံစုံ၌လည်း ကြော်ငြာပုံတွေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤပုံတွေကိုကြည့်ကာ မခံချိ မခံသာ အလုံးဆို့ဒ ကြက်သေ သေနေသူမှာ မမနွေပင်။ မမနွေ စိတ်တွင် အလွမ်း ဆိုတဲ့ ငယ်ငယ်က တောကတက်လာတဲ့ မြစ်ဝကျွန်းပေါ်ရွာသူ မလေးဟာ ဤမျှ ကြော့ရှင်းခေတ်မီတဲ့ အဆင့်မြင့် ကျက်သရေ ကြီးတဲ့ ဓာတ်ပုံမျိုး ထွက်လာစရာ အကြောင်းမရှိလို့ ထင်ထား သည်။ အလွမ်းမှ ဟုတ်ရဲ့လားလို့ မျက်စိပွတ်သပ်ကြည့်ယူ သည်။ တစ်ကြိမ်တစ်ခါမှ မိတ်ကပ်တွေ လိမ်းခြယ် ဆံပင်တွေ ပွပြင်ပြီး အလှပြင်မနေတတ်တဲ့ သနပ်ခါးရည်ကျဲ မျက်နှာသေ နှင့် နှုတ်ခမ်းနီတောင် မဆိုးတဲ့ အလွမ်းရဲ့ရုပ်ဟာ ခြယ်သပြုပြ လိုက်တဲ့အခါ ဤမျှ ကြည့်ကောင်း အချိုးကျနေမယ်လို့ကို အထ အကြည် မရှိတာ ဖြစ်ပါသည်။

ကဲ့ရဲ့ဝေဖန်စရာလည်း အချက်ရှာမတွေ့၊ ချီးလည်း မချီးကျူးချင်တဲ့ မမနွေဟာ မခံချိမခံသာ နှုတ်ကိုပိတ်ပြီး အော အည်း မစ္ဆရိယပွားနေရှာသည်။

"နင်နဲ့လည်း မတူဘူး၊ ဧကန္တ ဓာတ်ပုံဆရာက ဓာတ် တွေကို ကွန်ပျူတာနဲ့ အလှပြုပြင်ထားတာပဲ ဖြစ်လိမ့်မယ်"

ထိုသို့ အောက်ကလိအာ ဆိုသည်။ မမနွေ ဘာပြော ပြော အလွမ်းရဲ့ပုံကို အလွမ်းကို သိသူမှန်သမျှ အလွမ်းရဲ့အထ အပ် ဖောက်သည်မှန်သမျှ ပါးစပ်မပိတ်နိုင်အောင် ချီးကျူးအံ့အာ သင့်ကြသည်။





"အလွမ်းရယ် ... အင်္ကျီချုပ်မနေနဲ့တော့၊ မင်းသမီးပဲ လုပ်ပါတော့"

"အင်းလေ ... အစ်မဝမ်းကွဲကလည်း မင်းသမီး လုပ်ခဲ့တာပဲ၊ ခုလည်း ရိုက်တော့ ရိုက်နေရသေးတာပဲ၊ သူ့လမ်းကြောင်းတွေ ရှိမှာပေါ့၊ မင်းသမီးပဲ လုပ်ပါတော့ဟယ်"

တဖွဖွ ဝိုင်းပြောကြသံတွေဟာ ဘွားဘွား၊ ကြီးကြီးတင်၊ မမနွေတို့ နားသို့တိုင် လျှံသည်။ ဘွားဘွားတို့ ကြီးကြီးတင်တို့ဟာ ဆုနွေ တုန်းကတောင် ခွင့်ပြုခဲ့သေးတာပဲ၊ အလွမ်းကျမှ ခွင့်မပြုဘဲ နေရစရာအကြောင်းမရှိ။ "ဆုဆုနွေ"ရဲ့ စန်းလည်း လျှော့ကျနိမ့်ဆင်းစ,ပြုပြီဆိုတာ နားလည်သည်။ တိုက်တွန်းချင်တဲ့ဘက်ကပင် ရှိခဲ့ကြပါသည်။

"ဟင့်အင်း ... မဖြစ်ပါဘူး၊ အလွမ်း သရုပ်မဆောင်တတ်ပါဘူး၊ ကြောက်လည်း ကြောက်တယ်၊ ရှက်လည်း ရှက်တယ်၊ လုပ်လည်း မလုပ်တတ်ဘူး၊ အလွမ်း မလုပ်ပါဘူး၊ ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် လုပ်တယ်ဆိုတာ ပါရမီအခံလည်း ရှိမှဖြစ်တာ၊ ညီအစ်မပေမဲ့ အလွမ်းမှာ မမနွေလို ပါရမီ မပါပါဘူး"

ဒီစကားကိုကြားလျှင် မမနွေက မချိမချဉ်ပြုံးနှင့် သိမသာတော့ ကျေနပ်နေတတ်ပါသည်။ မမနွေဟာ ရုပ်ရှ



www.burmeseclassic.com

www.burmeseclassic.com



တအားမရင့်သေးသော်လည်း ခေတ်ကာလကိုက မင်းသမီးတွေကိုယ်တိုင် လူကြီးခန်း ဝင်ရိုက်နေတဲ့ ကာလမျိုးဖြစ်ရာ ကိုယ်လုံးကိုယ်ထည် ဝ,လာဖွံ့လာသော့ မမနွေကို အဒေါ်ခန်း အမေခန်းတွေ တောင်းဆိုလာကြတာ များသည်။ တရားသဘောကို မဆင်ခြင်နိုင်တဲ့ မမနွေဟာ အကြီးအကျယ် စိတ်ဒုက္ခခံစားရသည်။

အလွှမ်းရဲ့ လမ်းကြောင်းလေး ဖြောင့်ဖြူးလာတဲ့အခါ ဝင်ငွေလေး ကောင်းလာတဲ့အခါ အကင်းခုခံတွန်းလှန်၍ ရိုက်ပုတ်ထုတ် ဖယ်ထားရတဲ့ လူပီသတဲ့ ခံစားချက်မျိုး အလွှမ်းရင်ထဲ ဝင်လာသည်။ အလွှမ်း ကျောင်းလည်းပြီး ဘွဲ့လည်းရပြီ။ အလွှမ်းဘဝ မီးဖိုထဲကလည်း ထွက်ခွင့်ရပြီ။ (အိမ်မှာ အကူအဖော်ကို အလွှမ်း လခပေး ငှားထားနိုင်ပြီ။) ကိုယ်စီမံအုပ်ချုပ်တဲ့ ကိုယ်ပိုင် အလုပ်အကိုင် ရှိပြီ။ ဝင်ငွေကောင်းနေပြီ။ လူပီပီ အလွှမ်းသည် နိမ့်ပါးဘဝနာခဲ့ရစဉ်က ရင်ထဲမထည့်နိုင်သော အပိုခံစားချက်တို့ကို မျက်ကွယ်ပြုထားနိုင်သော်လည်း သက်သောင့်သက်သာသော ပန်းခင်းလမ်းပေါ် လျှောက်ခွင့်ရလာတဲ့အခါ နှလုံးသားက တောင့်တတဲ့ အလိုဆန္ဒကို မခုခံနိုင်တော့။

ကိုကြီးခေါင်ကို လွှမ်းသည်။

✧ ❤ ✧





ကိုကြီးခေါင်က အလွှမ်း နှလုံးသားထဲ ရင်ထဲ ဘယ်တုန်းကတည်းက ဝင်လာခဲ့ပါသလဲ။ အရင်က ဒါကိုစဉ်းစားကြည့်ဖူးဖို့ပင် ကြောက်ခဲ့ရတဲ့ ဘဝတုန်းက အလွှမ်း ဘာမှမဝေခွဲနိုင်ပါ။ လူတစ်လုံး သူတစ်လုံး ဖြစ်လာချိန်မှာ နှလုံးသားမှ တောင့်တမွတ်သိပ်မှုကို တနင့်တပိုး ခံစားရတော့မှ ဘယ်တုန်းကတည်းကပါလဲလို့ အတိတ်ကို ပြန်လည်ဆင်ခြင်ကြည့်သော် ကိုကြီးခေါင် အလွှမ်း ရင်ထဲ သိသိမှတ်မှတ် ဝင်ရောက်ခဲ့တဲ့ အချိန်ဟာ ပထမဆုံး သူနဲ့ စကားကြာကြာ ပြောဖူးတဲ့နေ့။

ရောင်ကိုင်းတဲ့ အလွှမ်းရဲ့ပါးပြင်ကိုကြည့်ကာ စိတ်င်းရဲ့ ထိခိုက်နေတဲ့ ကိုကြီးခေါင်ရဲ့ မျက်ဝန်းများမှာ ကရုဏာ အဲဒီတုန်းကတည်းက မသိစိတ်မှ အလွှမ်း သိပါရဲ့။ ဒါပေမဲ့ စိတ်က သိခွင့်မရှိခဲ့။ ကိုကြီးခေါင်ကို စကားတွေများများပြောခဲ့တာဟာလည်း နာကျင်မှုတွေကို အတင်းဖိနှိပ် ချုံးဖွဲ့သိမ်းထားတဲ့ကြားက မသိစိတ်ရဲ့ အားကိုးအားထား သံယောဇဉ်ကြောင့် သိမ်းဖွက်လို့ မလုံခြုံအောင် တစ်စွန်းတစ်စ လွှင့်စဉ်ပွင့်ထွက်ခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



မမနွေ့ကို ချစ်နေတဲ့သူလို့ သိထားရပြီး တွေ့ပါမြင်ပါများလို့ မသိမသာ တိုးဖွံ့ရစ်နှောင်ခဲ့တဲ့ သံယောဇဉ်။ မမနွေ့ရဲ့ ဂရုတစိုက်မှုကို မရပဲ့ လိုမှသုံးတဲ့ ခိုင်းဖတ်သာသာဘဝ ကိုကြီးခေါင်ကို သူ့ဘက်က မခံချင်တဲ့ သနားကရုဏာစိတ်နဲ့ တစ်စစ အုံဖွဲ့ခဲ့တဲ့ သံယောဇဉ်။ သူ ခရီးဝေးသွားကာနီး လာနှုတ်ဆက်တော့ ရင်ထဲ့မှာ ငိုချင်သလို ရှိခဲ့တာကိုတောင် ဟန်ဆောင်ဣန္ဒြေဆည်ပြီး ဘာမှမဖြစ်သလိုနှယ် နေခဲ့စဉ်က သူများအထောက်အပံ့နဲ့ ကျောင်းနေနေရတုန်းဆိုတဲ့ ကိုယ့်အသိနဲ့ကိုယ် ဆင်ခြင်တည်ငြိမ်နေရင်း တစ်ချိန်တည်းမှာ သူ့အသိအမှတ် အာရုံထဲ ကိုယ်ရှိခဲ့တာကို ကြည်နူးပီတိဖြစ်ရင်း တစိမ့်စိမ့်တိုးကာ ခိုင်မြဲခဲ့တဲ့ သံယောဇဉ်။

မှန်မှန်ရောက်လာတဲ့ စာကလေးတွေကို တမြတ်တနိုးတန်ဖိုးထားခဲ့ရရင်း အတိုင်းမသိ တိုးတက် ချည်နှောင်လာတဲ့ သံယောဇဉ်။ မမနွေ့ကြောင့် ကိုကြီးခေါင်ထံက စာတွေမရတော့တဲ့အခါ ဝ,သ,ပူဆွေး ဝမ်းနည်းခြင်းများကြားမှာ ဦးကျိုးမသွားဘဲ ပိုလို့သာ ခိုင်မာများပြားလာတဲ့ သံယောဇဉ်။

နည်းနည်းနောနော သံယောဇဉ်တွေ မဟုတ်တော့ပါဘူး ကိုကြီးခေါင်ရေ။ အလွမ်း ဘဝမှာ မမနွေ့ကို အမြဲသည်းခံခေါင်းငုံ့ခဲ့ပေမဲ့ ငါ တစ်နေ့ သူ့ကို ခေါင်းမငုံ့ရတော့တဲ့ တင့်





တယ်တဲ့ ဘဝတစ်ခု ပိုင်ရအောင် ပခုံးချင်း ယှဉ်နိုင်အောင် ကြိုးစားပြမယ်ဆိုတဲ့ ဘယ်သူမှမသိတဲ့ ကြုံးဝါးဆုံးဖြတ်ချက်နဲ့ ရင်ထဲမှာ ဆတ်ဆတ်ခါ နာကျင်ခံစားမှု အပေးခဲ့ဆုံး အဖြစ်အပျက်ကတော့ ကိုကြီးခေါင် စာတွေကို ဖတ်ခွင့်မရတော့ဘဲ ဖြတ်သိမ်းပိတ်ပင်လိုက်တဲ့ မမနွေ့ရဲ့ အနိုင်ကျင့်မှုကိုပါပဲ။

အိမ်ကို စာတွေလာတိုင်း ရိုးရိုးအနီတစ်ရစ် အပြာတစ်ရစ် အနားကွပ်တဲ့ စာအိတ်ဖြူကြီးကြီးတွေကို မျက်စိဝေ့ဝဲမိသည်။ ကိုကြီးခေါင် စာအိတ်မျိုးက ဒီမှာလည်းရှိတဲ့ ရိုးရိုးစာအိတ်ပုံစံချင်း အတူတူ စက္ကူသားက တအားဖြူဖွေးတောက်ပထူထဲနေတဲ့ အကောင်းစားအိတ်။

ရံဖန်ရံခါ ပါလာတဲ့ ဤစာအိတ်ထဲက စာတွေကို သုံးနှစ်သုံးမိုးလုံးလုံး အလွမ်း မဖတ်ခဲ့ရ။ တစ်လ, တစ်လခွဲလောက်ခြားပြီး ပုံမှန်ရောက်နေတဲ့ အလွမ်းအတွက် စာတွေကို ကြားကနေ ဒိုင်ခံဖြတ်ဖတ်နေသူဟာ မမနွေ့၊ ဘာကြောင့်များ ဤသို့လုပ်ရက် လုပ်နိုင်အားတယ် မသိ။ ကိုကြီးခေါင်ဟာ မမနွေ့ ချစ်ခင်မြတ်နိုး စုံမက်တဲ့သူမို့ ဆိုရင် အလွမ်း ခုလိုအပြစ်မြင်မှာမဟုတ်ပါ။

အခုတော့ ရုပ်ရှင်မင်းသမီး "ဆုဆုနွေ့"သည် အလှတွေကျ၊ ကျော်ကြားမှုတွေလည်း လျော့ကျခဲ့ပြီ။ လူ့အဝင်အထွက်



www.burmeseclassic.com

www.burmeseclassic.com



ကျဲခဲ့ပြီ။ မမနွေကို ငွေကြေးတံစိုးလက်ဆောင်တို့နှင့် ချဉ်းကပ်ပံ့ပိုးလိုသူတို့လည်း အလွန်နည်းခဲ့ပြီ။ အဲဒီအချိန်မှာ တစ်ချက်က သူ စိတ်ကူးထဲ မထည့်ခဲ့တဲ့ တော်ဖုန်းခေါင်ကို ပြန်လည်ပြီးတော့များ စိတ်လည်လေသလား။

ဤအတွေးက အလွမ်းကို တုန်လှုပ်စေသည်။ ပူပန်စိုးထင့်စေပါသည်။ အလွမ်းရဲ့ရင်ထဲ ခိုင်မာစွာ ဝင်ရောက်နေပြီဖြစ်တဲ့။ သို့သော် အဆက်အသွယ် တစ်စုံတစ်ရာတော့ မရှိခဲ့တဲ့ ကိုကြီးခေါင်ကို အလွမ်း ဆုံးရှုံးခံနိုင်ပါ့မလား။ ကိုကြီးခေါင်ထံ မမနွေရော စာရေးဆက်သွယ်နေမလား အလွမ်း မသိ။ ကိုကြီးခေါင်ကို စာရေးလို့ရတဲ့ လိပ်စာကို ဟိုးအရင်ကတည်းက အလွမ်းသိနေတာမို့ ခုချိန်မှာ ကိုယ့်ကိုယ်ကိုယ်လည်း လုလားမြောက်ပြီ မှတ်ထင်လေရာ စာရေးမယ်ဆို ရေးလို့ဖြစ်တာပါပဲ။ ရေးဖို့လည်း အတန်တန် အကြိမ်ကြိမ် ကြိုးစားကြည့်ခဲ့သည်။

သို့သော် အလွမ်း မရေးရဲ။ မရေးဝံ့။ အလွမ်း၌ အတွေ့အကြုံလည်း မရှိလေရာ အလွမ်း အလကားနေရင်း ကြောက်တွန့်နေပါသည်။ ဆယ်တန်းအောင်တဲ့အထိ ယောကျ်ားလေးတွေနှင့် မပတ်သက် မခင်မင်ဖူးခဲ့ပဲ ဒီကိစ္စမျိုးကို ဝေးဝေးနှင်ထားတဲ့အတွက် အလွမ်းမှာ ယောကျ်ားမိတ်ဆွေ မရှိ။ တက္ကသိုလ်ရောက်ပြန်လည်း အဝေးသင်မို့ စာမေးပွဲနားအနီး တစ်ပတ်ဆယ်





ရက်သာ ကျောင်းသားကျောင်းသူတွေချင်း ဆုံတွေ့ကြရရာ ခင်မင်မှု မရင့်သန်။ အလွမ်းရဲ့ အလှကလေးကို စိတ်ဝင်စားချင်မည့် သူဟာလည်း တည်ငြိမ်ရိုးအေးလှတဲ့ အလွမ်းရဲ့ အနေကုပ်ကုပ်လေးကြောင့် တော်ရုံတန်ရုံ မစရဲ မစရက်ကြပဲ ရှိခဲ့မည်ထင်သည်။ ကျောင်းသားထဲက ခတ်ပုံဆရာလေး အေးချို ဆိုတာရယ်၊ အေးချိုနဲ့တွဲသည့် မင်းသုတ ဆိုတဲ့ ကောင်ကလေးရယ်၊ ထိုနှစ်ယောက်နဲ့သာ သုံးနှစ်တာအတွင်း အနည်းငယ် ခင်မင်ခဲ့သည်။

ဆိုင်ဖွင့်ပြီးတဲ့နောက် အသိုင်းအဝိုင်း ကျယ်ပြန့်လာကာ ကိုယ်တိုင်လည်း ဝင်ဆံ့ရဲတင်းလာသော်လည်း ဒီအချိန်ကျပြန်တော့လည်း အလွမ်းရဲ့ ထည်ဝါကြီးမြတ်လာတဲ့ ဂုဏ်သရေအခြေအနေကိုရှိန်ကာ အလူးအလဲ သဲသဲမဲ့မဲ လိုက်ကြတဲ့သူမျိုး မကြုံရပါ။ ဆိုင်ခန်းတွဲရဲ့ ဟိုးအစွန်ခန်းက ကားအလှဆင်ပစ္စည်းဆိုင်ဖွင့်တဲ့ ကိုမိုးညွန့်၊ ကွန်ပျူတာဂိမ်းနှင့် အင်တာနက်ဆိုင်ခန်းဖွင့်ထားတဲ့ ကိုသော်ဇင်ဦး စသဖြင့် တစ်ယောက်စ နှစ်ယောက်စကတော့ အလွမ်း ဆိုင်ခန်းကို မိတ်ဖွဲ့၍ ဝင်ထွက်တတ်ကာ ဤမြွေရရ ရင်းနှီးမှု ရယူကြတာမျိုး ရှိပါသည်။

သူတို့ရဲ့ အပြောအဆို အပြုအမူ အကြည့်အရှုတွေထဲမှာ အလွမ်းကို စိတ်ဝင်စားတဲ့ဟန်တွေ ရင့်သန်နေ[illegible] အလွမ်း စိတ်ထဲ မလှုပ်ရှား။ အလွမ်း ရင်ထဲ ဘယ်လိုမှမနေ။



www.burmeseclassic.com

ကိုယ်ရောစိတ်ပါ ငြိမ်သက်လျက်။ အလွမ်းရဲ့ အိပ်မက်များကို ခိုးယူသိမ်းပိုက် စိုးမိုးထားသူကရှိခဲ့ပြီ။ အဲဒါ ကိုကြီးခေါင်။ အလွမ်း စိတ်ကူးထဲ အတွေးထဲ အိပ်မက်ထဲ ဘဝထဲ အလွမ်းက ရှိတယ်မှတ်တဲ့ ယောကျ်ားရယ်လို့ ကိုကြီးခေါင် တစ်ယောက်သာပဲ ရှိပါသည်။

နက်ပြာရောင် နောက်ခံကင်းဗတ်စပေါ်တွင် အလွမ်းက ကိုကြီးခေါင်ရဲ့ အမှတ်တရ လက်ကိုင်ပဝါကလေးကို လေးထောင့်အတည့် မထားပဲ ဆန္ဒင်းမကင်းပုံလို ဒိုင်းမွန်းပုံလို ဒေါင်လိုက်ထား၍ လေးဖက်လေးတန် ပင်အပ်နှင့်ထိုးကာ အဲဒါကိုမှ ဘောင်ကျက်ပြီး မှန်ချပ်အုပ်ကာ ကားချပ်ကလေးအဖြစ် အလွမ်း ဆိုင်ခန်းထဲက အလွမ်းအတွက် စားပွဲငယ်နောက်နံရံမှာ ချိတ်ဆွဲထားပါသည်။

ကြည့်တဲ့သူတိုင်း နက်ပြာစင်း နှစ်စင်း ကွပ်ထားတဲ့ လက်ကိုင်ပဝါအဖြူ ဆိုတာ သိနိုင်သည်။ ဒီတော့ အလွမ်းကို ချိတ်ဆွဲဖို့ ကားချပ်တစ်ခုအဖြစ် တီထွင်ထားတာလို့သာ ထင်ကြသည်။ တကယ်တော့ အလွမ်းဘဝရဲ့ အမှတ်တရပစ္စည်းဆိုတာ ဘယ်သူမှ မသိနိုင်။ ဆိုင်မှာရှိတုန်း အဲဒီကားချပ်ကလေးကိုပဲ ကြည့်ကာ ကြည့်ကာ အလွမ်းရဲ့ အလွမ်းကို ဖြေရသည်။

အဲဒီတုန်းက ညိုမည်းမည်း ပိန်ကျစ်ကျစ် အကျီပဟောင်းနှင့် ညစ်တီးညစ်စုတ် ကောင်မလေး တစ်ယောက်အဖြစ်နဲ့





တောင်မှ ကိုကြီးခေါင် အလွမ်းကို ကြင်နာခဲ့တာနော်။ တစ်ရက်ပြီးတစ်ရက် လက်ချိုးတွက်ရအောင်ကလည်း ကိုကြီးခေါင် ပြန်လာမဲ့နေ့ရက်ကိုမှ အလွမ်း မသိတာ။

အဲဒီလိုနဲ့ နောက်သုံးလလောက် အကြာမှာ နာမည်ကျော် ဟိုတယ်ကြီးတစ်ခုမှာ ကျင်းပမဲ့ ဖက်ရှင်ရှိုးတစ်ခုအတွက် အလွမ်း စိတ်ကိုနှစ်၍ တီထွင်ဆန်းသစ်နိုင်မို့ ပြင်ဆင်နေခဲ့သည်။ ဆော်ဒယ်လ်ဆုရော ဒီဇိုင်နာဆုပါ ပေးမဲ့ပွဲကြီး။ အလွမ်း သက်တမ်းက သိပ်ဝါမရင့်လှသေးဘူး ဆိုပေမဲ့ ဖက်ရှင်ဒီဇိုင်းပညာဆိုတာ "ဝါ"နှင့်ချည်းပဲ မသက်ဆိုင်ပါ။ ဝင်ပြိုင်ဖို့ စာရင်းပေးသွင်းထားကြသူတွေထဲ အလွမ်းလိုပဲ ခပ်ငယ်ငယ် ဒီဇိုင်နာတွေလည်း အများကြီးပါတယ် ဆိုတာ သိရတော့ အလွမ်း အားတက်ကာ ဒီပွဲအတွက်ပဲ အစစအရာရာ ပြည့်စုံခမ်းနားအောင် စီစဉ်နေပါသည်။

အလွမ်း ဝတ်စုံတွေကို ဝတ်ဆင်ရှိုးပြဖို့ အလွမ်းသဘောကျထားတဲ့ မိန်းကလေးက သိပ်ကြီးနာမည်မကျော်လှသေးပေမဲ့ ပွဲအနည်းငယ် တိုးဖူးနေပြီဖြစ်ကာ အင်မတန် စတိုင်ကျ လှပသည်။ အလွမ်းထံမှာလည်း ဝတ်စုံအပ်ဖူးသည်။ ထိုကောင်မလေးနှုတ်ဖြင့်ပြောဆို ကမ်းလှမ်းကာ အကြမ်းဖျဉ်းတော့ စီစဉ်ထားပြီး ဖြစ်သည်။

www.burmeseclassic.com



အလုပ်တွေထဲမှာ အလွမ်းရဲ့စိတ်တွေကို နှစ်ထားခဲ ကာလ၌ ကိုကြီးခေါင် တစ်ယောက် ရုတ်တရက် ပြန်ရောက်လာ မည်ရယ်လို့ အလွမ်း မသိခဲ့။ အလွမ်းမှ ဘာသတင်းမှ မသိရတာ ထိုနေ့နံနက်က အလွမ်း ဆိုင်မသွားခင် မမနွေ ရေချိုးခေါင်းလျှော် ထားပြီး မမနွေရဲ့ မိတ်ကပ်ဆရာ ရောက်လာတာလည်း တွေ့ သည်။ အလွမ်းက ဆိုင်ကို ဆယ်နာရီမှ သွားတာဖြစ်၍ မနက် ပိုင်းမှာ အိမ်မှာ အကျီအပ်ဖို့ ရွေးဖို့ ဖုန်းဆက် ချိန်းချက်ကြသူ တွေနဲ့ စကားပြော၊ ဖစ်တင်ချဖို့ ချိန်းတဲ့သူနဲ့ချိန်း၊ ညှပ်စရာအဆေ ကြီးတဲ့ အထည်တချို့ကို ညှပ်နေသည်။

မမနွေ အလှပြင်နေတာတွေ့၍ မကြူကို မေးမိသည်

"မမနွေ ... ဒီနေ့ ရှုတင်ရှိတာလား မကြူ"

"ရှုတင်တော့ မရှိဘူး ထင်တယ်၊ ဘာမှပြောသံ မကြ ဘူး"

"ဒါဖြင့် ဘာပွဲသွားစရာရှိလဲ မသိဘူး"

တစ်ခါတစ်ရံ မမနွေက အရေးပါတဲ့ ပွဲလမ်းတ သွားစရာရှိလျှင် အလွမ်းကို ဝတ်စုံအမြန် ချုပ်လုပ်စီစဉ်ခိုင်းတ သည်။ ခုတော့ စီစဉ်ခိုင်းထားတာလည်း မရှိ၍ အလွမ်းလည် မသိ။ ဆယ်နာရီအတိမှာ အလွမ်း အိမ်ကထွက်သည်။ အလွ ဆိုင်ကိုသွားတဲ့အခါ ခုနောက်ပိုင်း တစ်နှစ်လောက်မှ အိမ်မှာ





ထားလိုက်တဲ့ ဒရိုင်ဘာနှင့် ကားအားနေလျှင် လိုက်ပို့ခိုင်းသည်။ ဒါဟာလည်း ဘွားဘွား ကိုက်တွန်းလို့သာပါ။

မမနွေ သွားစရာရှိလျှင် ရှိပုံရလျှင် အလွမ်းက ကမ္ဘာအေးစေတီလမ်းသွယ်မှာရှိတဲ့ အိမ်ကနေ ချော်တွင်းကုန်း အထိ ဘတ်စ်ကား တစ်ဖြောင့်စီးသွားလိုက်သည်။ ချော်တွင်းကုန်း မီးပွိုင့် လမ်းဆုံ ပါရမီလမ်းပေါ်တွင်ရှိတဲ့ အလွမ်းရဲ့ ဆိုင်ခန်းဆီ သမ်းနည်းနည်းသာ လျှောက်ရုံပင်။ ထိုနေ့ကလည်း မမနွေ အပြင်သွားစရာရှိတာ သေချာ၍ အလွမ်းက ဘတ်စ်ကားနှင့်ပဲ ထွက်သွားလိုက်ပါသည်။

အလွမ်း၏ စိတ်ထဲ၌ တခြားထွေထွေထူးထူးလည်း ဘာမှမတွေးမိ။

ထိုနေ့ညနေတွင် အလွမ်းသည် ပုံမှန်အတိုင်းပင် ညရှစ်နာရီမှ အိမ်ကိုပြန်ရောက်သည်။ ဆိုင်ကို ခုနစ်နာရီခွဲတွင် ိတ်နေကျဖြစ်၍ သူ့ဆိုင်မှ ဝန်ထမ်းစက်ချုပ်သမလေး ယေဉ်ီနှင့် အတူ ဘတ်စ်ကားတစ်စင်းတည်း အတူစီးလာနေကြမြဲပင်။ အလွမ်း က တစ်မှတ်တိုင်စောကာ ဆင်းပြီး သူတို့က ရန်ကင်းတိုက်တွေ ဘက် တစ်မှတ်တိုင်ပိုကာ အတူစီးသွားကြမြဲ။ မှတ်တိုင်ဟာ လမ်းထိပ်နားတင်မို့ အလွမ်းက လူမပြတ်သေးတဲ့ ရှစ်နာရီမှာ လမ်းထဲလျှောက်ကာ ဝင်လာနေကျ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်လျှင် အမြဲတမ်း ဆာလောင်နေတတ်ပြီမို့ အဲဒီနေ့ကလည်း ထမင်းစားပွဲကို လက်ဆေးပြီး ဝင်ထိုင်လိုက်သည်။ အိမ်ရှိ လူအကုန်က ဒီအချိန်မှာ ညစာစားပြီးနေကြမြဲ။ နွေးထားတဲ့ ဟင်းရည်ပန်းကန်ငယ်ကို မကြူက စားပွဲမှာ လာချပေးရင်း ...

"အလွမ်း ... ပြောစရာရှိတယ်ဟဲ့"

"ဘာလဲ မကြူ"

"ကိုတော်ဖုန်းခေါင်လေ"

အလွမ်း ရင်ထဲ ဒိတ်ခနဲ တုန်စဉ် ...

"ပြန်ရောက်လာတယ်"

"ဟင် ..."

အလွမ်းသည် ထမင်းနှစ်လုပ်လောက် စားပြီးရုံနှင့် ရင်ထဲ ပြည့်တည့်တည့်ကြီး ဖြစ်သွားရသည်။ ကုပ်ပိုးနားက မွေးညင်းကလေးတွေ ထောင်လာတယ် ထင်ရအောင် ကြက်သီးထ..ကာ ကတုန်ကယင် ဖြစ်ရင်း ...

"သူ ... သူ ... ဘယ်လို ..."

"မနက်က မမနွေ အလုပ်ပြင်နေတာ ကိုတော်ဖုန်းခေါင်ကိုသွားကြိုဖို့တဲ့၊ လေဆိပ်မှာသွားကြိုတယ်၊ ပြီးတော့ သူ့အိမ်လိုက်သွားတယ် နေမှာပေါ့၊ ညနေလေးနာရီလောက်ကျမှ





ကိုတော်ဖုန်းခေါင်ပါ သူ့ကားသူမောင်းပြီး နောက်ကပါလာတယ်၊ ခြောက်နာရီလောက်အထိ နေတယ်၊ အကြာကြီးပဲ၊ ကိုတော်ဖုန်းခေါင်က ငါ အအေးတို့ အသီးတို့ ထွက်ချတော့ ငါ့ကိုတောင် 'မကြူကြူ နေကောင်းတယ်နော်' လို့ နှုတ်ဆက်သေးတယ်၊ နင့်အကြောင်းလည်း မေးချင်ပုံရလား မသိဘူး၊ ငါ့ကို ကြည့်ကြည့်နေတယ်"

အလွမ်းသည် စကားမပြန်မိပဲ အသိအမှတ်မဲ့ကာ ထမင်းကိုသာ ဝတ်ကျေတန်းကျေ ပါးစပ်ထဲ ထည့်နေမိသည်။ မကြူက ပထမတော့ ဒီလောက်ပဲ ပြောပါတော့မယ်ဟု ဆုံးဖြတ်ထားသလို စကားကို ဖြတ်လိုက်ပြီး ခဏကြာလျှင် ဆက်မအောင့်ထားချင်သလိုရုပ်နှင့် ...

"နင့်ဆိုင်က ဘယ်မှာလဲလို့ မမနွေကို မေးတဲ့အသံ ကြားတယ်၊ မမနွေက နင့်ဆိုင်ကို တစ်ခါမှ သူ မရောက်ဖူးလို့ သေချာတောင် မသိဘူးတဲ့၊ ပလီတာ ကြည့်စမ်း၊ သူရော ငါပါ နှစ်ကြိမ်မီ ရောက်ဖူးကြသားနဲ့၊ ပြီးတော့ နင်တို့ညီအစ်မကြား ကုန်းတိုက်တယ် မထင်နဲ့၊ ငါပြောချင်တာ အောင့်မထားနိုင်ဘူး၊ နင့်အတင်းတွေ လျှောက်ပြောတယ်၊ မဟုတ်တာတွေ၊ နင်က အရင်က သူမြင်ဖူးတဲ့ ကောင်မလေးမျိုး မဟုတ်တော့ဘူးတဲ့၊ လည်မွှတ်နေပြီ၊ ပုံစံပြောင်း



www.burmeseclassic.com

www.burmeseclassic.com



နေပြီ၊ ဘဝင်လည်း မြင့်နေပြီတဲ့၊ အိမ်လည်းမကပ်ဘူး
ဖမ်းလို့မမိ ထိန်းလို့မရ ဖြစ်နေတဲ့ ပုံစံမျိုး ပြောတယ်
ယောက်ျားလေးတွေကိုလည်း အရောဝင်တတ်ပြီပေါ့၊ ဒ
သေချာမပြောတတ်ဘူး၊ ခြုံပြောရရင် တောကတက်လာပြီ
ခုတော့ ဘဝမေ့သလို ဖြစ်နေတဲ့သဘောမျိုးပေါ့၊ ပြောင်းလ
သွားပြီပေါ့”

အလွမ်းသည် ရင်ထဲမှာတော့ ဝမ်းနည်းတဲ့စိတ်ရော
ဒေါသစိတ်ရော ဆူပွက်လာသော်လည်း အပြင်မှာတော့ ငြိမ်သ
နေမိသည်။

“ပြီးတော့လေ ...”

မကြူက အိမ်ရှေ့ဘက် လူရှိမရှိသွားချောင်းလိုက်
သေးပြီးမှ ...

“သူကလေ ကိုတော်ဖုန်းခေါင်နားကပ်ပြီး ဟိုခုံရှည်မှာထိုင်
တာ၊ ကပ်ပြီးထိုင်တာတော့၊ စကားပြောရင်း ပါးဆွဲလိုက်
နားခေါင်းညှစ်လိုက်နဲ့ သူက လုပ်နေသေးတာ၊ ကိုတော်ဖုန်း
ခေါင် ရင်ခွင်ထဲ လှဲအိပ်ချလိုက်တော့မလိုပဲ၊ ယိုင်နွဲ့နေတာ
ပဲ၊ မျက်စိကလက်ဖို့ ကောင်းလိုက်တာ၊ ခုမှပဲ သူက ဘာ
ဖြစ်နေပြန်တာလဲ၊ အစက အရေးမစိုက်ဘဲနဲ့၊ အင်းလေ
ခုတော့ သူ့နားကလူတွေက အစာဝ,တော့ ပစ်ပြေးကုန်ကြ





ပြီကိုး၊ သူ့မှာ ကပ်စရာမှ မရှိတော့ပဲ၊ သဘောက ပြန်
လာပြီး ဘော့စ်ဖြစ်လာမှ ပွတ်သီးပွတ်သပ် လိုက်ကပ်နေ
တာကြီးက ရှက်ဖို့တောင် ကောင်းသေး၊ သူမို့လို့ မရှက်
ဘူး”

ကြားရသမျှ စကားတို့သည် အလွမ်း ရင်ကိုပူစေ
သည်။ အလွမ်းသည် ကိုကြီးခေါင်ကို တွေ့ချင်စိတ် ပြင်းပြင်းပြပြ
က်သန်လာသော်လည်း အလွမ်း ဘာမှမတတ်နိုင်ပါ။ ကိုကြီး
င်ရဲ့ လိပ်စာကိုလည်း အလွမ်း မသိပါ။ ကိုကြီးခေါင်ကို
က်လို့ရတဲ့ တယ်လီဖုန်းနံပါတ်လည်းပဲ အလွမ်း မသိပါ။

“အလွမ်းက ဘယ်အချိန် ပြန်ရောက်တတ်လဲလို့ ကိုတော်
ဖုန်းခေါင်က မေးသေးတယ်၊ မမနွေ့က မီးချုပ်တယ်၊
အချိန်မမှန်ဘူးတဲ့၊ ကမျက်ယဖျက်ချည်းပဲ ဖြေတယ်၊
ကိုတော်ဖုန်းခေါင်ဆီက စာလာလို့ နင်နဲ့သူ ပြဿနာဖြစ်
ပြီးတဲ့ နောက်မှာလည်း အဲဒီစာအိတ်တွေ လာနေသေးတာ
ပဲလေ၊ သူချည်း ဖောက်ဖတ်ပစ်မှာပေါ့၊ အဲဒီစာထဲမှာ
ကိုတော်ဖုန်းခေါင် ဒီနေ့ ပြန်လာမဲ့အကြောင်း ပါလို့ သူ
သိပြီး သွားကြိုတာ နေမှာပေါ့”

အဲသလိုပဲ ဖြစ်နိုင်ပါသည်။ အဲဒါကို မမနွေ့ကို
မ်းက ဘယ်လိုသွားရင်ဆိုင် မေးမြန်းရပါ့မလဲ။ အလွမ်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်တာ ဘာမှမရှိပါ။ အလွမ်းက ဣန္ဒြေသိက္ခာနှင့်နေသည်
မိန်းကလေးတစ်ယောက်လည်း ဖြစ်ပါသေးသည်။ ကသိုလ်ကံ
ရင်တော့ ကိုကြီးခေါင်နှင့် အလွမ်းဟာ တစ်နေ့နေ့ တစ်ချိန်ချိ
တော့ အလိုအလျောက် ဆုံစည်းကြရမှာပါ။ အလွမ်းဘက်က
ကြိုးစားလှုပ်ရှားနေဖို့ မလိုဘူး ထင်ပါသည်။

"ပြီးတော့လေ ကိုတော်ဖုန်းခေါင်ဆီမှာ လက်ဆောင်ထု
တွေ အိတ်တွေ ပါလာတယ်၊ အများကြီးပဲ၊ ငါအအေးထွ
ချတော့ အဲဒီအိတ်တွေထဲက အိတ်တစ်အိတ်ရိုက်ပြီး ကိုတော်
ဖုန်းခေါင် ကိုယ်တိုင် ငါ့ကိုပေးတယ် သိလား၊ အ
တစ်ထည်နဲ့ နှုတ်ခမ်းနီတောင့် လက်သည်းနီတစ်ပုလင်း
တဲ့ အိတ်ကလေး၊ ငါ့ကိုတောင်ပေးတာ နင့်ဖို့လည်း ပါ
မှာ သေချာတယ်၊ ငါတောင်မှ သူကိုယ်တိုင် ထုတ်ယူ
လို့သာ ရတာဟဲ့၊ နို့မို့ရင် မမနွှဲက ပေးမှာမဟုတ်ပါဘူ
ခုလည်း ကိုတော်ဖုန်းခေါင်လည်း ပြန်ရော အထုပ်
အားလုံး သူ့အခန်းကိုပဲ ယူသွားတော့တာပဲ"

အလွမ်း ဒါတွေ မလိုချင်ပါ။ ပါပါ မပါပါ စိ
လည်း မဝင်စားပါ။ အလွမ်း စိတ်ဝင်စားတာ ကိုကြီးခေါ
အလွမ်း အလိုရှိတာကလည်း ကိုကြီးခေါင်ကိုသာပါ။

✧❤✧





## ၉

နောက်နေ့တွင် အလွမ်းရဲ့ ဆိုင်ခန်းကဖုန်းကို မမနွှဲ လှမ်းဆက်သည်။ အချိန်က ဆယ့်တစ်နာရီလောက်။

"ဟဲ့ ... မိလွမ်း၊ ဟိုကွန်ပျူတာဆိုင်က သော်ဇင်ဦးဆိုတဲ့ လူလေ၊ သူ့ကို နင့်ဆိုင်ခန်းမှာ ဆယ့်နှစ်နာရီတိတိ ခေါ် ထားပေးစမ်းပါ"

"ဘာလုပ်ဖို့လဲ မမနွှဲ"

"ငါ ကွန်ပျူတာနဲ့ ပတ်သက်ပြီး သင်ချင်တာတစ်ခုရှိလို့၊ ဟိုတစ်ခါ နင့်ဆိုင်မှာ ဆုံဖူးတုန်းက သူက အိမ်ကိုလည်း လိုက်သင်ပေးတယ်လို့ ပြောဖူးတယ်၊ အဲဒီကိစ္စ စုံစမ်းမလို့"

"ဖုန်းမဆက်ဘူးလား မမနွှဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... လူချင်းတွေ့ပြီး ရေရေရာရာ မေးချင်လို့ပေါ့၊ နင် ခုတလော သိပ်ကို လျှာရှည်တာပဲ၊ သူ့ဆိုင်ခန်းလည်း သွားမမေးချင်ဘူး၊ သူ့ဆိုင်မှာက လူတွေအများကြီးနဲ့၊ အဲဒါကြောင့် နင့်ဆိုင်ကို ဆယ့်နှစ်နာရီအတိမှာ ခေါ်ထား၊ ကြားလား"

"မမနွေက ဆယ့်နှစ်နာရီ လာမှာလား"

"လာမှာပေါ့တဲ့၊ လာမှာမို့လို့ ခေါ်ခိုင်းထားတာပေါ့"

"ဟုတ်ကဲ့ ... ဒါဆိုရင်လည်း အလွှမ်း ခေါ်ထားမယ်လေ"

အလွှမ်း ခေါ်ထားရုံအပြင် တခြားမရှိ။ သုံးခန်းကျော်လောက်က ကွန်ပျူတာဆိုင်ခန်းကိုသွားပြီး ကိုသော်ဇင်ဦးကို ခေါ်ရသည်။ ဖုန်းဆက်လိုက်လျှင် အထက်စီးဆန်ရာ ကျမှာစိုး၍ ကိုယ်တိုင် သွားပြောရပါသည်။ မမနွေက ကွန်ပျူတာသင်ဖို့ကိစ္စ တစ်ခု စုံစမ်းချင်လို့ပါ ဆိုတော့ သော်ဇင်ဦးက ဆယ့်နှစ်နာရီအတိ လာမယ်လို့ ပြောပါသည်။ ဟက်ဟက်ပက်ပက် လိုလိုလားလား ပါပင်။ အလွှမ်းကို ရင်းနှီးချင် အရေးပေးချင်သူမို့ သဘောတောင်ကျနေသည်။ နေ့လယ်ဆယ့်နှစ်နာရီ မထိုးခင် ဆယ်မိနစ်လောက်မှာ ဝီရိယပိုပိုနှင့် ဆိုင်ကိုရောက်လာပါသည်။





"ဆိုင်မှာလည်း ထားခဲ့လို့ရလို့ တမင်ကြုံထွက်လာတာ၊ အလွှမ်း အစ်မလည်း စောင့်နေရမှာစိုးလို့၊ သူကလည်း အလုပ်များမဲ့သူမို့လား၊ အလွှမ်း လုပ်စရာရှိတာ လုပ်နော်၊ ကျွန်တော် ဒီကတ်တလောက် မဂ္ဂဇင်းတွေကြည့်ရင်း ထိုင်နေမယ်"

အလွှမ်းသည် ကိုယ့်ဆိုင်ထဲရှိနေတဲ့ အကျီအပ်သူတွေကို ပုံဆွဲပြရင်း တိုင်းပေးရင်းကပင် ကိုသော်ဇင်ဦးကို တစ်ချက် တစ်ချက် အာလာပသလ္လာပ လှမ်းပြောနေရပါသည်။ မမနွေကလည်း ဆယ့်နှစ်နာရီတိတိမှာ ရောက်မလာပေ။ ဆယ့်နှစ်နာရီဆယ့်ငါးအထိလည်း ရောက်မလာ။ အလွှမ်းက မော်ဒယ်လ်ကောင်မလေး တစ်အုပ်စုရဲ့ စီစီညံညံ ငြင်းခုန်တောင်းဆိုသံတွေထဲ မြုပ်နစ်ရင်းကပင် ...

"ကိုသော်ဇင်ဦး အားရဲ့လား၊ မမနွေ လာမှ အလွှမ်း လွှတ်ခေါ်ခိုင်းလိုက်ရမလားဟင်၊ ထိုင်စောင့်နေရတော့ အလွှမ်း အားနာလို့ပါ"

"အိုး ... ရပါတယ် အလွှမ်းရဲ့၊ ဘယ်လောက်မှ အချိန်မရှိသေးပါဘူး၊ ကျွန်တော် အားနေတဲ့ အချိန်ပါ"

အဲဒီတုန်းအချိန်မှာ တကယ်ရောက်လာမဲ့သူ၊ အလွှမ်း ဆိုင်တံခါးမှန်ချပ်ရဲ့ တစ်ဖက်မှာ လာရပ်မဲ့သူဟာ ကိုကြီးခေါင် အလွှမ်း ဘယ်လိုလုပ် သိပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



တော်ဖုန်းခေါင်သည် ဆိုင်ပြင်မှာရပ်ရင်း မှန်ချပ်ရ တစ်ဆင့် ဆိုင်ထဲ တစ်ခဏ ငေးမောနေမိပါသည်။ သူ့ရင်တွေ ပူနွေးခုန်လှုပ်နေခဲ့သည်။ ကောင်မလေး ငယ်ငယ်တစ်အုပ်ထဲ ရောနှောနစ်မြုပ်နေရင်းက ညှော်ခံဆိုဖာတစ်လုံးပေါ်က လူရွယ်တစ် ယောက်ကို စကားလှမ်းလှမ်းပြောနေတဲ့ အလွှမ်းရဲ့ ပြောင်းလဲ ထူးခြားလာတဲ့ အလှကို မျက်တောင်မခတ် မှင်သက်မိငေးကြည့် နေမိရသည်။ ရုပ်ပြောင်းသွားတာ မဟုတ်ဘဲ ဟန်နှင့်အခြေအနေ ပြောင်းသွားရုံနှင့် လူတစ်ယောက်ရဲ့ သွင်ပြင်ဟာ အတော့် မတူတော့တာ အံ့သြစရာပါပဲ။

အလွှမ်းရဲ့ဟန်ဟာ ဒီနေ့ရာ ဒီအခန်းငယ်ထဲမှာ သူ ဗိုလ်၊ သူအရှင်သခင်၊ သူအကြီးအကဲမို့ ထည်ဝါပိုင်နိုင်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်အထင်ကြီးတဲ့ ဟန်ပန်မူယာမျိုးနှင့် ဖြစ်သည်။ သူ့အခြေအနေကလည်း အောင်မြင်နေတဲ့ လုပ်ငန်းရှင် တစ်ယောက် ဖြစ်နေပြီပဲ မဟုတ်လား။ ဝင်ငွေကောင်းကာ သူ တစ်ပါးကို ငွေအားဖြင့်လည်းကောင်း၊ အခြေအနေအားဖြင့်လည်း ကောင်း မှီခိုမနေရတော့တဲ့၊ လက်ဖြန့်မနေရတော့တဲ့ အခြေအနေ ဟာ အလွှမ်းရဲ့ မျက်နှာပေါ်မှာ အားငယ်နွမ်းလျမှုကို ပျောက် ကာ လုံခြုံကျေနပ်မှုတစ်ခုကို အရိပ်ထင်ပေးထားသည်။

အလွှမ်း ... အလွှမ်း ...။





အရွယ်လည်း ရောက်ခဲ့ပြီ။ သူ မထင်မှတ်မိအောင် လည်း အချိန်တိုနှင့် အောင်မြင်ခဲ့ပြီ။ သူ့မှာတော့ ဟိုမှာနေခဲ့တဲ့ လေးနှစ်စွန်းစွန်း အချိန်အတွင်း အလွှမ်း နှိမ်စက်မခံရပါစေနဲ့၊ အလွှမ်း စိတ်မဆင်းရဲရပါစေနဲ့ ဆိုတဲ့ ဆုတောင်းမျိုးကိုပဲ တောင်း ခဲ့မိသည်။ ခုလို သူ ပြန်ရောက်လာလျှင် အသက်မပါတဲ့ မျက်နှာ အေးစက်စက်နဲ့ မီးဖိုထဲက မထွက်ရတဲ့ အလွှမ်းကလေးကိုပဲ ရင် နင့်နင့်နှင့် တွေ့ရပြန်ဦးမယ်လို့ မျှော်လင့်မိခဲ့တာ။

ဆုနွေစကားကို သူ ပြန်ကြားယောင်လာပါသည်။

"အလွှမ်း တစ်ယောက်ကတော့ မနိုင်ပါဘူး၊ ဟိုတုန်းက လို သူများအော်ငေါက်တာ ရပ်သေလေးနဲ့ ငြိမ်ခံနေဦးမယ် များ နင် ထင်နေလား ခေါင်ရဲ့၊ နင်ကသာ ငါ့ညီမကို ဂရုတစိုက် သတိရနေ၊ သူကတော့ ငါတောင် ဆရာတင် လိုက်ပြီဆိုရင် သဘောပေါက်၊ သူ့ဆိုင်က နင့်အဖေအမေရဲ့ ဆိုင်တွေ အနီးတစ်ဝိုက်ပဲ ငါသေချာတော့ မသိပါဘူး(အမှန် တကယ်မှာ အလွှမ်းရဲ့ဆိုင်ဟာ တော်ဖုန်းခေါင် အဖေအမေ ဖွင့်ထားတဲ့ မိမိစတိုးနှင့် ဘေးချင်းကပ် အခန်းချင်းကပ် ဖြစ်တာကို ဆုနွေ သိရက်ဖြစ်သည်။) နင့်အမေဆိုင် သွားရင် ရှာကြည့်ပေါ့၊ သူ့ဆိုင်မှာတော့ ကောင်လေးတွေ တစ် ယောက်မဟုတ် တစ်ယောက် ရှိရင်ရှိ၊ တစ်ခါတလေလည်း တရုန်းရုန်းနဲ့၊ မနိုင်တော့ဘူးဟဲ့"

www.burmeseclassic.com



ထိုမျှလောက်ပြောလျှင် တော်ဖုန်းခေါင်ဟာ နောက်တစ်နေ့မှာ သူ့အဖေအမေရဲ့ဆိုင်ကို သွားကို သွားတော့မှာကို လည်းမှတ်တဲ့ ဆုနွေက သိထားပြီ။ ဒါကြောင့် ဒီမနက် တော်ဖုန်းခေါင်ထံ ဖုန်းလှမ်းဆက်ကာ "နင် သွားစရာရှိလား၊ မရှိရင် ငါ လာလည်မလို့"လို့ ဖုန်းဆက်စကား တောက်ကြည့်တဲ့အခါ ...

"မေမေတို့ဆိုင် သွားမလို့ဟ၊ မနက်ကတော့ အိပ်ချင်လို့ စောစောလိုက်မသွားဘူး၊ ဆယ့်နှစ်နာရီမှာ ငါပဲ ထမင်းချိုင့် သွားပို့လိုက်တော့မယ်၊ ပြီးရင် ဆိုင်မှာ ခဏတဖြုတ်နေလိုက်ဦးမယ်၊ ပြီးမှ နင်တို့အိမ် ဝင်လာပါဦးမယ်"

ဒါဆိုရင် ဆုနွေ သိပြီ။ သူ့အမေဆိုင် သွားမည်။ အလွမ်းဆိုင် ရှာမည်။ တော်ဖုန်းခေါင် စိတ်ကူးထဲရှိသည်မှာ ဆုနွေ စကားက မှားပြီး သူ့အမေဆိုင်နားမှာ အလွမ်းဆိုင်မတွေ့ဘူးဆိုလျှင် ညနေကျ အိမ်သွားမည်။ အလွမ်း ဆိုင်တွေ့ရင်တော့ ပြီးရောပေါ့။ ဤစိတ်ကူးကို ဆုနွေကလည်း မှန်းဆနိုင်ကာ အလွမ်းထံ ဖုန်းဆက်ပြီး အလွမ်း ဆိုင်ခန်းထဲ၌ ကောင်လေးတစ်ယောက် ရောက်နေစေဖို့ စီစဉ်တီထွင်ထားလိုက်တာ ဖြစ်သည်။

ဆုနွေ ထိုဆိုင်ကို သွားစရာလည်း မရှိ၊ ကွန်ပျူတာသင်မှာဟာလည်း အလကား။ ဘယ်လိုပဲဖြစ်ဖြစ် (ရိုးရိုးပုံစံနဲ့ပဲ ဖြစ်ဖြစ်) တော်ဖုန်းခေါင် ရောက်လာချိန်မှာ အလွမ်း ဆိုင်ထဲ၌





အားအားလျားလျား ကောင်လေးတစ်ယောက် ထိုင်နေတာ တွေ့ရစေဖို့ဖြစ်သည်။ အလွမ်းနဲ့ တော်ဖုန်းခေါင်ကို လုံးဝတွေ့လို့ မရနိုင်အောင် အထိတော့ သူ လုပ်ထားလို့မရတာ ဆုနွေ နားလည်သည်။

မေမေတို့ဆိုင်ရှေ့ ကားရပ်ကတည်းက ဒီဖက်ကပ်လျက်မှာ "ဒီဇိုင်နာအလွမ်း"ဆိုတဲ့ ခရမ်းရောင်ပုပ်ပုပ် ဆိုင်းဘုတ်လေးကို လှမ်းမြင်လိုက်ပါသည်။ အဲဒါ အလွမ်းပဲပေါ့။ သူ့ရင်တွေ တုန်လာကာ မေမေတို့ဆိုင်ထဲကိုဝင်၍ ထမင်းချိုင့်ခြင်း ပို့သည်။

"မေမေ ဟိုဘက်က အပ်ချုပ်ဆိုင်လား"

"အေး ... ဟုတ်တယ် သားရဲ့၊ ငှားဖွင့်တာ တစ်နှစ်နီးပါး ရှိသေးတယ်၊ အတော်လူကြိုက်များတယ်၊ အလွမ်း ဆိုတာက ဆိုင်ရှင်နာမည်၊ ကောင်မလေးက ငယ်ငယ်ချောချော လေး၊ မေမေတို့နဲ့လည်း နည်းနည်းပါးပါး ခင်ပါတယ်၊ ငါ့သား မင်္ဂလာဆောင်ရင် သတို့သမီးဝတ်စုံကို အဲဒီမှာ အပ်ကွယ့်၊ လက်ရာ သိပ်ကောင်းတယ်"

အင်း ...။ သတို့သမီးဝတ်စုံ သူ့ဆီအပ်ချင်တာ မဟုတ်ဘဲ သူ့ကိုပဲ သတို့သမီးအဖြစ် သိမ်းပိုက်ချင်တာ မေမေက မသိပါ။ အသက်သုံးဆယ့်တစ် ပြည့်ပြီးသွားတဲ့ သားဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



မေမေဟာ မြန်မာပြည် ပြန်ရောက်ရောက်ချင်း မိန်းမယူစေချင်နေတာကို အမြဲ စာထဲထည့်ရေးနေကျ။ စာတစ်စောင်မှ ပြန်ဖော်မရခဲ့တဲ့ အလွမ်းကို သူ နားမလည်။ သူသွားကာစကတော့ အလွမ်းက ဆယ်တန်းကျောင်းသူလေးမို့ ထားပါ။ နောက်တော့ တက္ကသိုလ်ကျောင်းသူ၊ နောက်တော့ ဘွဲ့တောင်ရသွားပြီး ခုဆို ဆိုင်တစ်ဆိုင်ထူထောင် အောင်မြင်နေတဲ့ ဘဝအထိ သူ့ထံ စာမရေးတာကတော့ သူ့ကို စိတ်ထိခိုက်စေသည်။

နောက်ပိုင်း စာတွေထဲမှာ သူ ခခယယ တောင်းပန်ခဲ့သည်။ "ကိုယ်ပြန်လာတော့မှာမို့ ကိုယ့်ကို အနည်းဆုံး မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုနိုင်တယ် ဆိုတာလေးလောက်ပဲ တစ်ကြောင်းလောက် စာပြန်လိုက်ရင် ကျေနပ်ပါပြီ"လို့ စာတွေထဲ ထည့်ရေးခဲ့ပါသည်။ "ကိုယ်ပြန်ရောက်တဲ့နေ့ အလွမ်းလာကြိုနိုင်ဖို့ အဆင်မပြေခဲ့ရင်တောင် အဲဒီတစ်နေ့ အိမ်မှာရှိနေပေးပါနော်"လို့လည်း တောင်းပန်ခဲ့ပါသည်။

စာလည်း မပြန်ခဲ့။ သူ ပြန်ရောက်တော့ မေမေတို့နှင့်အတူ ဆုန္ဒေက သတ်သတ်လာကြိုနေသေးသည်။ အိမ်ကိုပါလာသေးသည်။

"ငါ ခုတလော နင့်ကို တအားသတိရပြီး အိပ်မက်တွေမက်မက်နေတာ ခေါင်းရယ်၊ အဲဒါနဲ့ အန်တီ့ဆီ ဖုန်းဆက်ပြီး





နင်ပြန်ရောက်ဖို့ နီးပြီလား မေးကြည့်တာ၊ ဒီနေ့ဆိုတာသိရတာနဲ့ ဒီနေ့ ငါလည်းအားတော့ လာကြိုလိုက်တာ။ ရှုတင်မရှိဘူး၊ သေးသေးဖွဲဖွဲ ဒိတ်တွေတော့ ဖျက်လိုက်တယ်"

ဆုန္ဒေ ပြန်တော့ သူ နောက်က ကားနှင့် လက်ဆောင်ဘပ်တွေနှင့် လိုက်လာသည်။ ဆုန္ဒေတို့အိမ်မှာ နှစ်နာရီကြာအောင်ဘိုင်နေသည်။ "အလွမ်းရော" ဘာညာနှင့် သာမန်မေးမြန်းသလိုမေးကြည့်တော့ "အလွမ်းက ဆိုင်ဖွင့်ထားတယ်"တဲ့။ ဘယ်တော့ပြန်ရောက်မလဲ မေးကြည့်တော့ "ပြန်ချိန်မမှန်ဘူး၊ အတိအကျရှိဘူး"တဲ့။ ဒီထက်ကြာကြာထိုင်ပြီး အလွမ်းကို စောင့်နေပုံပေါက်ပြန်ရင်လည်း ဆုန္ဒေ ရိပ်မိပြီး အလွမ်းအပေါ် ငြိုးဦးမှာစိုးတာမို့ တော်ဖုန်းခေါင်က ထ,ပြန်ခဲ့ရပါတော့သည်။

ဒီနေ့တော့ တွေ့ပြီ။ ဆိုဖာပေါ်က လူရွယ်လေးကိုပြုံးလေးနှင့် စကားလှမ်းပြောလိုက်တဲ့ အလွမ်း ပုံစံလေးကက်သရေရှိရှိ တင့်တယ်ကြီးမြတ်လိုက်တာ။ လူတကာ နိုင်စားခံခဲ့ပေပေရုပ်နှင့် ကောင်မလေး မဟုတ်တော့ဘူး။ အရင်ကလိုကြာက်ဆုတ်ဆုတ် နှုတ်ပိတ်ပိတ် ခေါင်းကြီးပေကာ ငုံ့ချထားတဲ့ပုံမျိုးဟာ အဝေးလွင့်သွားပြီ ထင်ပါသည်။ ဒီကြားထဲမှာ လူရာဝင်လာတာထက်တောင် တစ်ဆင့်မြင့်တဲ့ဆီ အလွမ်းရဲ့ အဆင့်ကတက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



တော်ဖုန်းခေါင်က တွေ့နေမှတော့ ဘာအကြောင်း ကြောင့်မှ လှည့်ပြန်ဖို့ အကြောင်းမရှိရာ မှန်တံခါးကို တွန်းဝင် လိုက်ပါသည်။ တံခါးတွန်းလိုက်တာနှင့် မြည်တဲ့ ချိုင်းမ်လေးတွေ ရဲ့ အသံကြောင့် အလွမ်းက ကောင်မလေးအုပ် အလယ်မှ လှည့် ပင်းလေးဝင့်ကာ လှမ်းကြည့်သည်။

"ဟင်"

အလွမ်းသည် ကော်ဇောပေါ် ထိုင်ချရက်ကပင် လက်ထဲက ဘောလ်ပင်ရော ပေကြိုးရော ဖျတ်ခနဲ လွတ်ကျကာ ခေါင်းမော့ကြည့်ရက် ပုံစံလေးနှင့်ပင် တောင့်တောင့်ကြီးနှင့် ကိုကြီးခေါင်ကို ငေးမောနေသည်။ ကိုကြီးခေါင် ရောက်လာပြီ အလွမ်း အပေါ် တကယ် ဂရုတစိုက်ရှိရိုးမှန်ရင် ဒီရက်အတွင်း တစ်ရက်ရက် မရောက်ရောက်အောင် သူ ကြိုးစားကာ ရောက် လာရမှာပဲလို့ အလွမ်းက စိတ်ဒုံးဒုံးချထားခဲ့သည်။ အခုရောက် လာပြီလေ။

"ကိုကြီးခေါင်"လို့ အော်ဟစ်ခေါ်မြည်ကာ ကလေး လို ခုန်ပေါက်ပြေးသွားလိုက်ချင်စိတ်ကတော့ ချက်ချင်း ရင်နဲ့ပြည့် သွားတာပင်။ ဒါပေမဲ့ ... ဒါပေမဲ့ ...။ အဲသလိုလုပ်လို့ ရပါ့ လား။ အသက်အရွယ် အခြေအနေလေးတွေက ရှိနေပြီလေ မနေ့က မမနွေနဲ့ တစ်နေကုန်နီးပါး အတူရှိနေခဲ့တဲ့ ကိုကြီးခေါင်





ရဲ့ ဟိုးအတွင်းစိတ်ထဲက အခြေအနေတွေဟာ ဘယ်သို့ရှိမလဲလည်း အလွမ်း မသိရဘူးလေ။ မမနွေက ကိုကြီးခေါင်ကို ပြန်လည်အရေး ပေး နွေးထွေးပြီမို့လား။

မမနွေကိုသာ ကိုကြီးခေါင်က ပရိုပို့စ်လုပ်ထားတာ။ အလွမ်းကိုတော့ တစ်ကြိမ်မှ ချစ်ရေးဆိုထားတာမှ မဟုတ်ဘဲ။ အချိန်မရွေး ရှေ့တိုးနိုင်တဲ့ အချိန်မရွေး နောက်ဆုတ်နိုင်တဲ့ ငင်းနီးမှုလေးပဲ ကိုကြီးခေါင် တည်ဆောက်ထားတာပါ။

အလွမ်းရဲ့ ကြက်သေ,သေသလိုကြီး ဖြစ်သွားတဲ့ ပုံစံကြောင့် အလွမ်း နံဘေး ကော်ဇော်ပေါ်ပဲ ဝိုင်းထိုင်နေကြတဲ့ မော်ဒယ်လ်လေးတွေ တစ်စုပါ တော်ဖုန်းခေါင်ကို ဘုမသိ ဘမသိ မော့ကြည့်ကြသည်။ ဆိုဖာဆီက သော်ဇင်ဦးလည်း ထို့အတူ လှမ်းကြည့်မိတာပင်။ အလွမ်းရဲ့ ဝန်ထမ်းလေးတွေရော။ တစ်ဆိုင် ခန်းလုံးရှိသမျှ လူတွေဟာ တော်ဖုန်းခေါင်ကိုသာ ငေးမောတကြီး ကြည့်နေကြသလို ရှိတော့သည်။

တော်ဖုန်းခေါင်က အလွမ်းကို မျက်ခုံးပင့်တင်ပြီး ကြည့်နေရာက တဖြည်းဖြည်း ပြုံးလာပါသည်။ လက်နှစ်ဖက်ကို ဆန့်ကားကာသာ ရင်ခွင်ကို ဖွင့်ပေးလိုက်ချင်တော့တာပဲ။ သို့သော် အလွမ်းကတော့ ဆိုဖာကလူရွယ်ကို တစ်ချက်လှမ်းကြည့်လိုက် သည်ကို တွေ့ရလေသည်။

စေတနာ့ဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အလွမ်းသည် သော်ဇင်ဦးတို့လို ယောကျ်ားလေး မိတ်ဆွေအသစ်တို့ကို အင်မတန် တည်တည်ကြည် ကြည် သိက္ခာတင်းတင်းလေး ဆက်ဆံသူဖြစ်ရာ သူ့ရှေ့မှာ ကိုကြီးခေါင်ကို အူရားဖားရား ဝမ်းသာအားရကြီး ခုန်ပေါက်နှုတ် ဆက်ရမှာ ရှက်တာကလည်း တစ်မျိုး။ ဒါကြောင့် သော်ဇင်ဦး ဘက် **မသိမသာ** ခိုးကြည့်မိတာပင်။

တော်ဖုန်းခေါင်ကတော့ သူ့မိတ်ဆွေယောကျ်ားလေး ကို **မလုံမလဲ** ခိုးကြည့်တဲ့ အလွမ်းရဲ့ အမူအရာကြောင့် သူ့ရင် ကြီးကိုရော **အမူအရာ**ကိုပါ ကိုယ်ရှိန်သတ်လိုက်ရပါသည်။ ဆုရှေ့ ရဲ့ စကားအတိုင်းပဲ **ဘာကိစ္စ**မှ အရေးကြီးပုံ မရတဲ့ လူရွယ်တစ် ယောက်ဟာ **အလွမ်း ဆိုင်**မှာ လာထိုင်ပြီး အလွမ်းရဲ့ ကက်တ လောက်တွေ အပျင်း**ပြေကြည့်**လို့။ အထည်အပ်သူတွေ ပြန်သွား ရင်တော့ အလွမ်းပါ **ဆိုဖာမှာ** အေးအေးလူလူ လာထိုင်က စကားစမြည် ပြောဆို**နေကြမှာပေါ့**။

“ကိုကြီးခေါင် မနေ့က ပြန်ရောက်တယ်ဆို”

“အင်း”

အလွမ်းက ဣန္ဒြေဆည်ဆည်လေး စကားစ,သည် အလွမ်းရဲ့ အသံတွေ တုန်တုန်ယင်ယင် ဖြစ်နေတာကို အလွမ်း တစ်ယောက်ပဲ သိပါတယ်။ အသံတွေသာမက ခြေတွေလက်တွေ





ပါ လူတစ်ကိုယ်လုံးနီးပါး တုန်တုန်ယင်ယင် ဖြစ်နေရတာပါ။ ဒါကို ဟန်ဆောင်ဖုံးဖိရင်း တည်ငြိမ်အောင် လုပ်နေရတာ။

“ဟိုလေ ... ကိုကြီးခေါင်၊ ဒီကို သက်သက်လာတာလား၊ ဆိုင်ကို ဘယ်လိုသိလဲဟင်”

တော်ဖုန်းခေါင်မှာ အလွမ်းနဲ့ ဘယ်လောက်ပတ် သက်တယ် မသိရတဲ့ လူရွယ်လေးရှေ့မှာ စကားပြော မှားသွား ဘာမျိုးလည်း မဖြစ်စေလို၍ သိပ်ကြီး ဒိုးဒိုးဒေါက်ဒေါက် သွက် သွက်လက်လက်တွေ မပြောရဲသေး။

“ဟိုဘက်က မိမိစတိုးက ကိုယ့်အဖေနဲ့ အမေဆိုင်လေ”

“ဟင် ... ဟုတ်လား၊ အန်ကယ်တို့ အန်တီတို့နဲ့ သိနေ နှုတ်ဆက်နေတာပဲ၊ စကားမစပ်မိတော့ မသိဘူး၊ ကိုကြီး ခေါင် ထိုင်ဦးလေ”

တော်ဖုန်းခေါင်က ဒီဘက်ထောင့်က တစ်လုံးတည်း သော ဆက်တီလေးမှာ ခေါင်းညိတ် ဝင်ထိုင်လိုက်ပါသည်။ နှစ် ယောက်လုံးဟာ ရှင်းရှင်းမဆက်ဆံနိုင်ပဲ ဘယ်ဟာက ဘယ်လိုလဲ ဘာပြောရင် ဘာဖြစ်မလဲ၊ တွေးတထင့်ထင့် ဆက်ဆံနေရသလိုမို့ ခပ်စိမ်းစိမ်း ခပ်ထောင့်ထောင့်တွေ ဖြစ်နေကြရသည်။

အလွမ်းသည် ဆိုင်ရဲ့ တစ်ဖက်နံရံက ဆိုဖာမှာ ကိုသော်ဇင်ဦး၊ နောက်တစ်ဖက် နံရံရဲ့ ဆိုဖာမှာ ကိုကြီးခေါင်၊



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းပတ်လည်မှာ ဝိုင်းနေတာက ကောင်မလေးတွေ။ အပ်သူတွေကိုပစ်လျက် ဘယ်သူ့နားမှ ကပ်ညှော်ခံနေလို့ မကောင်း။ တကယ့်စိတ်ရင်းကတော့ ကိုကြီးခေါင် အနား သွားထိုင်ပြီး စကားစမြည်တွေများစွာ ပြောချင် မေးချင်နေပါသည်။ သို့သော် အလုပ်ကိစ္စကိုသာ ဖြတ်နေရခိုက် ဆိုင်ရှေ့သို့ ကွန်ပျူတာဆိုင်မှ ကောင်လေးတစ်ယောက် ရောက်လာပြီး သော်ဇင်ဦးကို ...

"အစ်ကို ညှော်သည်ရောက်နေတယ်"

သော်ဇင်ဦးက ထိုင်ရာမှ ထ,ရပ်လိုက်ရင်း ...

"အလွမ်း ... ကျွန်တော် နောက်မှ ပြန်လာလိုက်မယ်"

"ဟုတ်ကဲ့"

အလွမ်း ဒါပဲပြောနိုင်သည်။ သော်ဇင်ဦး ပြန်သွားတာကို တစ်ကြောင်း ရှင်းသွားသလို စိတ်ထဲ နည်းနည်းပေါ့သွားရစဉ် ဆိုင်ခန်းနောက်ဖက်ထဲက ဖုန်းက မြည်လာသည်။ ဆိုင်ကကောင်မလေးတစ်ယောက်က သွားကိုင်လိုက်ပြီးလျှင် ...

"မမ ...၊ မမဖုန်း"

ကဲ ... အရေးထဲ။ အလွမ်းသည် ဖုန်းဆီလျှောက်လာကာ ကိုင်လိုက်ရင်း ...

"ဟယ်လို"

"မိလွမ်းလား"





"ဟုတ်"

"နင့်ဆိုင်မှာ ဟိုကွန်ပျူတာဆိုင်ကလူ စောင့်သေးလား"

"ဟုတ်ကဲ့ ... လာစောင့်တယ်"

"အေး ... ငါမလာဖြစ်တော့ဘူး ဆိုတာ လှမ်းဆက်တာ၊ ဆောရီးပဲလို့ ပြောလိုက်၊ လိုရင် နောက်မှ ထပ်ချိန်းတော့မယ်၊ ပြန်လွှတ်ရင် လွှတ်လိုက်တော့ပေါ့"

အလွမ်းသည် ပြန်သွားပါပြီလို့ပင် မပြောချင်တော့။ အစကတည်းက မမနွေ ရောက်လာမှ သွားခေါ်မိရင် ကောင်းသား။ တော့ အလွမ်း ဆိုင်ထဲမှာ ယောကျ်ားလေး လူရွယ်တစ်ယောက် အလကားသက်သက် လာထိုင် အချိန်ဖြုန်းနေသလို ကိုကြီးခေါင်မြင်သွားပြီ။

"နင့်ဆိုင်ကို တော်ဖုန်းခေါင် လာသေးလား"

တကယ်တော့ ထိုအချိန်တွင် ဆုနွေသည် တော်ဖုန်းခေါင် အမေဆိုင်ကို ဖုန်းဆက်ကြည့်ပြီး ဖြစ်ကာ သူ့အမေက တော်ဖုန်းခေါင် ဟိုဘက်ဆိုင် ခဏသွားတယ်လို့ ဖြေတာကို ကြားရပြီးပါပြီ။ ထို့ကြောင့် တော်ဖုန်းခေါင်နဲ့ သော်ဇင်ဦး အလွမ်းဆိုင်မှာ ဆုံနေလောက်ပြီကို သိပြီးမှ အလွမ်းထံ ဖုန်းဆက်လိုက်တာ။ အလွမ်းကတော့ မမနွေ အမေးကြောင့် ထိတ်ခနဲ ဖြစ်သွားရပြီးမှ ...

"ဟုတ်ကဲ့ ... လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုရှိလား"

"ဟုတ် ... ဟုတ်ကဲ့"

"ဖုန်းပေးလိုက်စမ်းပါ၊ ခဏပြောရအောင်"

အလွှမ်းသည် ဖုန်းကို **ဘေးချကာ** ကိုကြီးခေါင်ကို လှမ်း၍ ...

"ကိုကြီးခေါင် မမနွေ့က ဖုန်းခဏ **ပြောမလို့တဲ့**"

တော်ဖုန်းခေါင်က နေရာမှထ,လာကာ **ဖုန်းကိုကိုင်**လိုက်လျှင် အလွှမ်းသည် ကောင်မလေးတွေဆီ ပြန်လာခဲ့ရသည်။ သူတို့ကလည်း ကြာနေပြီမို့ ကမန်းကတန်း လုယက်ပြောကြဆိုကြ၊ ငြင်းခုန်ကြမို့ အလွှမ်း အာရုံကို ကိုကြီးခေါင်ထံ ပို့မထားနိုင်။

"ခေါင်လား ... မိလွှမ်း ဆိုင်ကို ရာတွေ့တယ် မဟုတ်လား

"ကိုယ့်အမေဆိုင်နဲ့ ကပ်လျက်ပဲ ဆုနွေ့ရဲ့"

"ဟုတ်လား၊ မိလွှမ်းက ကိုကြီးခေါင် ရောက်နေတယ်ဆိုပြီး ညည်းညူနေလို့ ခေါင် ရှိနေမှန်း သိတာလေ"

တော်ဖုန်းခေါင် စိတ်မကောင်းလည်းဖြစ်၊ အံ့လည်း အံ့သြသွားရကာ ...

"ကိုယ် ရောက်လာတာကို အလွှမ်းက ဘာဖြစ်လို့ ညည်းညူရတာလဲ၊ ဘာတဲ့လဲ၊ သူ့အတွက် စိတ်အနှောင့်အယှက် ဖြစ်သလား၊ ဟုတ်လား ဆုနွေ့"





"စိတ်အနှောင့်အယှက် ဖြစ်မှာပေါ့၊ ဆိုင်မှာ သူ့ကောင်လေး တစ်ယောက် ရောက်နေတယ်ဆို၊ အဲဒီတုန်း ခေါင်က ရောက်လာတော့ ဖီလင်အောက်တယ်နေမှာပေါ့"

"အင်း ... **ကောင်လေးတစ်ယောက်**တော့ တွေ့တယ်၊ ခုတော့ ညည့်သည်လာလို့ **ပြန်သွားပြီ**"

"အဲဒါပေါ့၊ **ခေါင်ကလည်း သိပ်အ,တာ**ပဲ၊ သူတို့ လူငယ်လေးတွေ **အရိပ်အကဲ မကြည့်**တတ်ဘူးလား၊ ကဲပါ ... **ညနေကို ဒင်နာပွဲလေးတစ်ခု** ဖိတ်မလို့၊ သူငယ်ချင်းဟောင်း**တွေပဲ၊ ဟိုးတုန်းက** သူငယ်ချင်းတွေပဲလေ၊ ခေါင် ပြန်ရောက်**နေတယ်**ပြောလို့ တွေ့ချင်ကြလို့၊ အားလုံး ချိန်းချက်ပြီးပြီ၊ **ခုနစ်ယောက်** ရှစ်ယောက် ရှိမယ်သိလား၊ ငယ်ငယ်ကလို စကားတွေ ပြောရမှာ ပျော်စရာကြီး၊ ဆုနွေ့ ကျွေးမှာပါ၊ ခေါင် ဆုနွေ့ကို ဝင်ခေါ်နော်"

တော်ဖုန်းခေါင် စိတ်မပါ၍ စိတ်ရှုပ်သွားရသော်လည်း ဘယ်လို ငြင်းရမည်နည်း။ အားလုံးလည်း ချိန်းပြီးပြီဆိုဘဲဟာ။

"ဟာ ... ဆုနွေ့က ကျွေးရမယ်လို့၊ ကိုယ်က ပြန်ရောက်လာတဲ့သူ၊ သူငယ်ချင်း**ဟောင်းတွေ**ကို ကိုယ်က ကျွေးရမှာပေါ့၊ ဘယ်နေရာရီ **လာရမလဲ**"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်နာရီခွဲ လာခေါ်၊ ဆက်ဆက်နော် ခေါင်၊ မဖျက်နဲ့ ဒါပဲ"

"အင်းပါ"

"ကဲ ... ကဲ ... မိလွှမ်းနဲ့ နှုတ်ဆက်ပြောဆိုလိုက်ပါဦး။ အလိုက်လည်း သိဦး၊ ဒါပဲနော်"

တော်ဖုန်းခေါင်သည် ဖုန်းကို အသာပြန်ချလိုက်ပါသည်။ အကျီအပ်နေတဲ့ ကောင်မလေးတွေ ပြီးပြီထင်ပါရဲ့။ ထတဲ့သူ ထနေပြီ။ သူသည် ခုနခုံမှာ ပြန်ဝင်ထိုင်ရင်း အလွှမ်းကို နှမြောတသစွာ ငေးစိုက်ကြည့်နေမိပါသည်။ အင်းပေါ့လေ အပြစ်မဆိုသာပါဘူး၊ အလွှမ်းဟာ ဘွဲ့လည်းရ အရွယ်လည်းရောက်ပြီ။ ခုဆိုရင် အသက်နှစ်ဆယ့်တစ်ထဲမှာပေါ့။ သူက အလွှမ်းထက် ဆယ်နှစ်ကျော် ကြီးတဲ့သူ။ ရွယ်တူ လူငယ်လည်း မဟုတ်။ အလွှမ်းရဲ့ ဟက်ဟက်ပက်ပက် ဝမ်းသာအားရ မဖြစ်တဲ့ သဏ္ဌာန်ကို သူ ဝမ်းတော့နည်းနေမိသည်။

ကောင်လေးတွေ ထ,ပြန်ကြတဲ့အခါ တော်ဖုန်းခေါင်သည် သူနှင့် မျက်နှာချင်းဆိုင် လာထိုင်တဲ့ အလွှမ်းကို ရိုးသား နွေးထွေးစွာပဲ ပြုံးပြလိုက်ပါသည်။

"မမနွေက ဘာတဲ့လဲဟင်"

"ဩော် ... ညနေ ထမင်းထွက်စားကြဖို့ ချိန်းတာပါ"





အလွှမ်းက နှုတ်လေး ဆွံ့သွားရသည်။ အလွှမ်းစိတ်ကူးနေတာကိုက ကိုကြီးခေါင်ကို အရဲစွန့်ပြီး ထမင်းစားဖိတ်ဖို့ပါ။ အလွှမ်းရဲ့ဝင်ငွေ၊ အလွှမ်း ရှာဖွေလို့ရလာတဲ့ ငွေကြေးနှင့် ကိုကြီးခေါင်ကို ကျွေးမွေးပြုစုချင်သေးသည်။ ဆိုင်ကို စောစောပိတ်လိုက်ပြီး ဝေးဝေးလံလံ မဟုတ်ဘဲ ဒီပါရမီနားက ဆိုင်လေးတစ်ဆိုင်ဆိုင်မှာပဲ ကိုကြီးခေါင်ကို တစ်ခုခု လိုက်ကျွေးချင်လို့ စိတ်ကူးနေမိတာ။ ခုတော့ ညနေ ကိုကြီးခေါင်က မအားပြီ။

"အလွှမ်း လူကြီး ဖြစ်လာပြီနော်"

အလွှမ်းက ခေါင်းငုံ့ထားရင်းကပဲ ခေါင်းညိတ်ပြလိုက်ပါသည်။

"အလွှမ်းလည်း အောင်မြင်နေပြီ၊ ကိုယ်ဝမ်းသာလိုက်တာ၊ မနေ့က ဆုနွေနဲ့ တွေ့တဲ့အထိ အလွှမ်း ဆိုင်ဖွင့်နေမှန်းတော့ သိတယ်၊ သိပ်အောင်မြင်နေတာတော့ သေချာမသိဘူး၊ မေမေတို့ပြောမှ အလွှမ်းက နာမည်ကျော် ဒီဇိုင်နာဖြစ်နေပြီဆိုတာ သိရတယ်၊ မေမေကတောင် ပြောနေတယ် ... အဟင်း ... ကိုယ် မင်္ဂလာဆောင်ရင် သတို့သမီးဝတ်စုံကို အလွှမ်းဆီမှာ အပ်တဲ့"

အလွှမ်း မျက်နှာကလေးမှာ သနားစဖွယ်လေး ...က်သွားရပြီးမှ ပြန်လည် ဣန္ဒြေဆောင်လိုက်ပါသည်။ ကိုကြီးခေါင်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ရင် ... တဲ့လား ကိုကြီးခေါင်ရယ်။ အဲသလို ပြောနိုင်တဲ့ သေချာမှုတစ်ခုခုကော့ ရှိပြီးခဲ့ပြီလား။ တကယ်တော့ ကိုကြီးခေါင်ဟာ လွန်ခဲ့တဲ့ အဝေးနှစ်တွေတုန်းက သူ့မျက်စိရှေ့မှောက်မှာ အနိုင်ကျင့် နှိပ်စက်ခံနေရတဲ့ သနားစရာကလေးမငယ်လေးတစ်ယောက်ကို လူသားချင်းထားရှိအပ်တဲ့ ဖြူစင်တဲ့ ကြင်နာသနားစိတ်မျိုးနဲ့ ဖေးဖေးမမ ဆက်ဆံခဲ့တာမျိုးလောက်သာ ဖြစ်ပေလိမ့်မယ်လို့ အဲဒီတုန်းက ဘာဖြစ်လို့ မတွေးမိနိုင်ပါလိမ့်။

ဘာပြောရမှန်း မသိ၍ ခေါင်းကိုပဲ ခပ်လေးလေးညိတ်ကာ အလွမ်းကို စိုက်ကြည့်နေမိတဲ့ တော်ဖုန်းခေါင်သည် ငြိမ်သက်နှုတ်ဆိတ်နေတဲ့ အလွမ်းကို ငေးကြည့်ရင်း စိတ်ထဲမကောင်း ဖြစ်လာပါသည်။ အနည်းဆုံး 'ကိုကြီးခေါင် ပေးတဲ့လက်ဆောင်လေးတွေအတွက် ကျေးဇူးတင်ပါတယ်'ဆိုတဲ့ စကားမျိုးလောက်တော့ အလွမ်းမှာ ပြောစရာရှိနိုင်ပါရက်နဲ့ ဘာကစားမှ မပြောတာဟာ ရင်းနှီးမှုကို တိုးဖွဲ့ရင့်သန်အောင် မတည်ဆောက်ချင်တော့လို့လား အလွမ်းရယ်။

"စကားပြောပါဦး အလွမ်းရဲ့၊ ဘာမှကို မပြောတော့ဘူးလား"

"အလွမ်း ဘာပြောရမှန်း မသိလို့ပါ"

"ကိုယ် လာတာ အလွမ်း အနှောင့်အယှက် ဖြစ်နေလား"





"ဟင့်အင်း ..."

"ဒါပေမဲ့ အလွမ်းကို ကြည့်ရတာ စိတ်တွေ တင်းကျပ်နေသလိုပဲ"

"ဟုတ်တယ်၊ အလွမ်း ဘာဖြစ်နေမှန်း မသိဘူး"

"အခုတော့ ဆုန္ဒေတို့အိမ်မှာ ပြန်နေနေတာ အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ပြေပါတယ်"

ပြေပါတယ်ဆိုတာအပြင် အလွမ်း ဘာပြောရမှာလဲ။ တကယ်တော့ စကားတွေ အများကြီး ပြောချင် ရင်ဖွင့်ချင်နေပါသည်။ သို့သော် မမန္ဒေအပေါ် ဘယ်လို သဘောထားနေသေးတယ်ဆိုတာ သေချာမသိတဲ့ ကိုကြီးခေါင်ကို မမန္ဒေ မကောင်းကြောင်း တစ်ခွန်းတစ်စပါမည့် စကားမျိုးလည်း အလွမ်း မပြောချင်ပါ။

"ကိုယ် ဝယ်ခဲ့တဲ့ ဖိနပ်လေး တော်လား"

အလွမ်းက ကိုကြီးခေါင်ကို ဝမ်းနည်းစိတ်အောင့်၍ ပြုံးမဲ့မဲ့လေး ကြည့်လိုက်မိသည်။ ပေးခဲ့မှန်းတောင် မသိရတဲ့ ဖိနပ်ကို တော်မတော် အလွမ်း ဘယ်လိုလုပ် သိနိုင်မှာလဲ။

"မတော်ဘူးပေါ့ ဟုတ်လား"

အလွမ်းက ခေါင်းညိတ်ရင်းသာ ခေါင်းလေး ငုံ့၍ ထိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ် ညှံ့သေးတာပဲ၊ ဒေါ်ခင်နန္ဒာတို့ အိမ်ကို လာတုန်းက ကိုယ် ပြန်တော့ ကားနားဆင်းပို့တဲ့ အလွမ်း စီးတဲ့ ဖိနပ်လေးကို ကိုယ် သေချာမှတ်သွားတာပဲ၊ အေးလေ ကိုယ် ညံ့လို့ပေါ့။ ဘာပဲဖြစ်ဖြစ် ရေမွှေးပုလင်းတွေတော့ အလွမ်း ကြိုက်မှာပါနော်။ အဲဒါ ဟိုမှာ ကက်သရင်းဇီတာဂျုံး ဆွတ်တဲ့ ရေမွှေးနဲ့ နင်ကိုးကစ်ဒ်မဲင် သုံးတဲ့ ရေမွှေးလေ၊ အဲဒါတွေတော့ ဆွတ်နော်"

အလွမ်းသည် လည်ချောင်းဝ၌ ဆို့တစ်နေတဲ့ စကား တွေ နှုတ်ထွက်မလာအောင် တံတွေးကို နာနာမျိုကျနေမိပါသည်။ ဒီလောက်ကြီးအထိ စကားနည်း နှုတ်ပိတ်ပြီးထိုင်နေတော့ တော်ဖုန်း ခေါင် စိတ်ထိခိုက်လာသည်။ ပြန်ဖို့သာ ဆုံးဖြတ်လိုက်ရင်း ...

"ကိုယ် မနေ့က ပြန်လာတော့ ကိုယ့်စာထဲမှာ ရေးထားတဲ့ အတိုင်း အဲဒီနေ့ အလွမ်း အိမ်မှာများ စောင့်နေပေးမလား လို့ မျှော်လင့်ခဲ့တာ၊ အလွမ်းက မစောင့်ဘူးနော်"

အလွမ်းသည် သည်းမခံနိုင်လောက်အောင် ရင်ထဲ ပြည့်သိပ်လာရကာ မျက်တောင်နှစ်ချက် သုံးချက်ခတ်ကာ မျက် ရည်မလည်အောင် ထိန်းပြီးမှ ကိုကြီးခေါင်ကို မော့ကြည့်လိုက်ရင်း —

"အဲဒီစာကို အလွမ်း မရပါဘူး"

အလွမ်းရဲ့ အသံက တုန်နေသည်။

✧ ❤ ✧





## ၁၀

"နင် အဲဒီပွဲမှာ ဝင်ပြိုင်မနေနဲ့ ကြားလား၊ တော်ကြာ အချင်းချင်းတွေ အပြိုင်အဆိုင်နဲ့ ကြည့်မကောင်းဘူး၊ ငါက စောစော ချုပ်တဲ့ သတို့သမီးဝတ်စုံနဲ့ ပြိုင်မလို့"

အလွမ်း အံ့အားတသင့် ခေါင်းထောင်သွားရသည်။ ဒါကတော့ လူလူချင်း ဗိုလ်ကျလွန်းလှပြီထင်သည်။ အလွမ်းက ပြင်ဆင်နေတာ အတော်ခရီးရောက်နေပြီ။ တကယ်တော့ ဒီပြိုင်ပွဲ က သတို့သမီးဝတ်စုံမျိုးနဲ့ ပြိုင်ဖို့ မလိုက်ဖက်။ သို့ပေမဲ့ စောစော ဆိုတာကလည်း သတို့သမီးဝတ်စုံလောက်ပဲ ကောင်းကောင်းချုပ် နိုင်တဲ့သူ။ သူ့ခမျာ နာမည်လည်း သိပ်မရှိတော့။ အသက်ကလည်း အတော်ကြီးနေပြီ။ နည်းနည်းခေတ်နောက်ကျပြီ။ ဒါကြောင့်လည်း မမနွေလို လူမျိုးကို ငှားတာပေါ့။ သူတို့နှစ်ယောက်ကတော့ ပေါက်ဖက်အပ်စပ်သည်။ မမနွေကလည်း နာမည်ကျနေပြီဖြစ်တဲ့ အနည်းငယ် ခေတ်နောက်ကျပြီဖြစ်တဲ့ မင်းသမီးကျ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်က ခေတ်ကောင်းစဉ်ကတော့ မမနွေလည်း ဒီလိုပွဲတွေ လျှောက်ခဲ့ နွှဲခဲ့ရဖူးသည်။ မော်ဒယ်မင်းသမီးပေါ့။ ခုတော့ မမနွေက ကြီးပြီ။ ဒီပွဲမှာ ဝတ်စားဆင်ယင်ပြီး ရှိုးလျှောက်ပြကြမဲ့ မော်ဒယ်လ်တွေထဲမှာ မမနွေ အရွယ် တစ်ယောက်မှ မပါ။ နှစ်ဆယ်မပြည့်သေးတာတွေနှင့် နှစ်ဆယ်ကျော်ရုံလေးတွေသာ။ အသက်အစိတ်တောင် မပါ။ မမနွေ ဝင်ရောက်ဖို့မသင့်။ ကိုယ်က မင်းသမီးအဖြစ် အောင်မြင်ခဲ့တာမို့ နည်းနည်းကျသွားချိန်မှာ မသင့်လျော်တဲ့ ပွဲတွေထဲ အတင်းလိုက်တိုးပြီး ဝင်ပါမနေသင့်။ ကျသွားပေမဲ့ အောင်မြင်ခဲ့တဲ့ ဂုဏ်သိက္ခာကို ထိန်းကာ အသာအေးထွက်ပြီး ပရိသတ်ပဲ လုပ်နေသင့်ပါသည်။

ဒါဟာ စေတနာ အကြံဉာဏ်ဖြစ်သည်။ သူ့ကို နှိမ်တာမဟုတ်။ ခုတော့ မမနွေက ဒီပွဲကြီးကို ပါချင် လျှောက်ချင်ကာ စောစောကို ဖရီးကူညီတာမို့ စောစောကလည်း ဝမ်းသာအားရကို ခေါ်တာပင်။ စောစောအဖို့ကလည်း ဆုရရ မရရ ဝင်နွှဲရရင် တော်ပြီ။

"ဘာမျက်လုံးပြူးကြည့်နေတာလဲ"

"မမနွေ ... အဲဒီပွဲ အလွမ်း ပြိုင်ဖို့ စာရင်းလည်း ပေးပြီးပြီ။ မော်ဒယ်လ် ပုလဲဝတီကိုလည်း ညှိပြီးပြီ၊ အဆင့်သင့်တောင် ဖြစ်သလောက်နီးပါး ရှိပြီ"





"ဘာပဲ လုပ်ထား လုပ်ထား နောက်ဆုံး လာမပြိုင်ဘဲ နေလိုက်ရင် နင့်ကို ဘယ်သူက အတင်းလာခေါ်လို့ရလဲ"

"ဒါပေမဲ့ အလွမ်းကိုက အရမ်းပြိုင်ချင်တာ"

"ဘာလဲ ... နင်က နင့်ကိုယ်နင် ဆုရမယ် မှန်းနေတာပေါ့ ဟုတ်လား၊ လုပ်မနေနဲ့၊ နင့်ထက် စီနီယာတွေမှ အများကြီး ပါတယ်၊ အလုပ်ရှုပ်ရုံ ငွေကုန်ရုံပဲ၊ နင်ရော ငါပါ ပါနေတာ ဘယ်ကောင်းမလဲ၊ နင်ရလည်း မကောင်း ငါရလည်းမကောင်း မျက်နှာပျက်တယ်"

"ဘယ်သူ ဆုရရ မျက်နှာပျက်စရာ မရှိပါဘူး၊ ပြိုင်ပွဲဝင်ခြင်းက အဓိကပါ၊ အလွမ်း ဆုမရလည်း ဘာမှမဖြစ်ဘူး၊ မမနွေ ရရင် ပိုတောင်မှ ဝမ်းသာဦးမှာ၊ ပြီးတော့ မမနွေက မော်ဒယ်လ်အဖြစ် ဝတ်ပြီး လျှောက်ပြမှာ၊ အလွမ်းက ဒီဇိုင်နာအဖြစ် နောက်ကွယ်က ပြိုင်ပွဲဝင်တဲ့ သဘောပဲ၊ တစ်လိုင်းစီပဲ၊ မမနွေနဲ့ အလွမ်း ပြိုင်ရတာမှ မဟုတ်တာ"

"နင် စကားတတ်တိုင်း လှည့်ပြောမနေနဲ့၊ နင်ပါနေရင် အာရုံပျက်တယ်၊ မပါနဲ့တော့၊ ဒီပွဲမပါဘဲ ဖျက်လိုက်ရလို့ နင် ဘာဖြစ်သွားမလဲ တကတဲ၊ နောက်ကို ပွဲတွေ အများကြီး ရှိဦးမှာပဲ"

"ဟင့်အင်း ... မမနွေ၊ အလွမ်း ပြိုင်မှာ၊ အလွမ်း ပြိုင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို အတင်းလိုက်ပြိုင်မှာပေါ့လေ ... တောက်"

"ဘာမှ မဆိုင်ပါဘူး မမနွေရယ်၊ မမနွေက နောက်မှပါလာတာပါ။ အလွမ်းက အဲဒီပြိုင်ပွဲ စကြော်ငြာကတည်းက စာရင်းသွားပေးထားတာ ကြာလှပြီ"

"ဪ ... နင်ဆိုလိုတာက ငါကသာ နင့်ကို လိုက်ပြိုင်တာပေါ့ ... ဟား ဟား"

"အဲဒီလိုလည်း မဆိုလိုပါဘူး၊ မမနွေလည်း မမနွေဘာသာ ဝင်ပြိုင်ပါ၊ အလွမ်းလည်း အလွမ်းဘာသာ ပြိုင်မှာပါ"

"နင် ဘာလို့ ဒီလောက် ခေါင်းမာနေရတာလဲဟင်၊ ငါ သိတယ်၊ အဲဒါ နင် တကယ်ပါချင်တာထက် ငါ့စကားကို ပယ်ရှားပါတယ်ဆိုတာကို လုပ်ပြချင်တာ"

"မဟုတ်ပါဘူး၊ အလွမ်း တကယ်ဝင်ပြိုင်ချင်တာ"

"မပြိုင်နဲ့တော့လို့ ပြောနေတယ် မဟုတ်လား"

မျက်လုံးပြူးကာ အော်ဟစ်ပစ်လိုက်တဲ့ မမနွေကို အလွမ်းကလည်း မျက်လုံးကြီး ပြူးကာ ပြန်စိုက်ကြည့်နေမိသည်။ အနိုင်ကျင့်ရက်လိုက်တာလို့ အသည်းထဲမှာ နာကျင်လာပါသည်။ သူက 'ထွက်'လို့ တစ်လုံးတည်းပြောလိုက်ရုံနှင့် အလွမ်းက လနှင့်ချီကာ ရင်ထဲထည့်ပြီး စီစဉ်ပျိုးထောင်လာတဲ့ အနေအထား တစ်ခုကို ချက်ချင်း ဖြိုဖျက်ကာ ပြိုင်ပွဲက ထွက်လိုက်ရတော့မှာလား





"ငါ့ကို ဘာမျက်လုံးပြူးကြည့်နေတာလဲ၊ အာခံနေတဲ့သဘောလား"

"အလွမ်း ပြိုင်ပွဲအတွက် အကုန်ပြင်ဆင်ပြီးနေပြီ"

"အဲဒါ ဘာဖြစ်လဲ၊ ဖျက်မရတဲ့ ကိစ္စမှ မဟုတ်တာ၊ နင် ဒီပြိုင်ပွဲက ထွက်လိုက်ရုံလေးကို ဘာဖြစ်နေတာလဲ၊ နင့်မှာ အလုံးလည်းမလျော့၊ အရပ်လည်းမလျော့၊ ဝင်ငွေလည်း မလျော့၊ ဘာထိခိုက်မှုမှ မရှိဘဲနဲ့ ဘာလို့ ဒီလောက် ကတ်သတ်နေရတာလဲ"

"အလွမ်း အရမ်းမျှော်လင့်ထားတဲ့ ..."

"တော်တော့၊ နင့်ပါးစပ်ကို ပိတ်တော့၊ ဘာမှ ဆက်မကြားချင်ဘူး၊ ဒီပညာတွေဟာလည်း ငါတို့ သင်ပေးထားတဲ့ ပညာတွေ၊ နင် ငါ့ကို ကာပြန်ပြီး ဘာမှ လိုက်ပြိုင်နေစရာ မလိုဘူး"

ဒီပညာဟာ သူ သင်ပေးထားတဲ့ပညာမှ မဟုတ်တာ။ ...ဘိ သင်ပေးတဲ့ ပညာ။ မမနွေ အလွမ်းကို ပြိုင်ပွဲက ထွက် ...းနေစရာ တခြားအကြောင်း လုံးဝ မရှိပါ။ တစ်ခုတည်းသော ...ကြောင်းမှာ သူပါ ပါဝင်တဲ့ ပြိုင်ပွဲဖြစ်ပါလျက် အလွမ်းက ...သွားတာမျိုး အဖြစ်မခံနိုင်တာ။ တခြားဆုရချင်တဲ့သူ သူ့ကို ...ကာရသွား သူ ဘယ်လိုမှ နေမှာမဟုတ်။ အလွမ်းကိုသာ ...လိုတာ။



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းသည် ကိုယ့်ခန္ဓာထဲမှာရှိတဲ့ သွေးတွေပ ဆူပွက်လာသယောင် ရှိလေသည်။ မမနွေ့ လွန်လွန်းအားကြီးသည် အခုဆိုရင် အားလပ်တဲ့ရက်က များနေတဲ့ မမနွေ့ဟာ မနက်ဆ ကားမောင်းထွက်သွားပြီး ကိုကြီးခေါင်ထံကို သွားပြီ။ ကိုကြီးခေါ သွားလေရာကို လိုက်သည်။ ဘယ်တုန်းကမှ စိတ်ဝင်တစာ မရှိခဲ့တဲ့ ကိုကြီးခေါင်ရဲ့ မိဘနှစ်ပါး အဘိုးကြီးနှင့် အဘွားကြ တို့ကို အတင်းကို ရောနှောကပ်ပေါင်းနေပါသည်။

သဘောကောင်းတဲ့ ကိုကြီးခေါင်ရဲ့ မိဘနှစ်ပါးဟာ သူ ပေါင်းချင်ရင် ရွှန်းရွှန်းဝေအောင် ပြောတတ်ဆိုတတ် ပေါင် တတ်တဲ့ မမနွေ့ရဲ့ ညွတ်ကွင်းထဲ အစင်းသား ကျဆင်းက မမနွေ့ကို သဘောတကျ ချစ်ခင်နေကြပါသည်။ ရံဖန်ရံခါမှ ဟိုဘက်ဆိုင်ခန်းကို ရောက်လာတဲ့ မမနွေ့ကို အလွမ်း ဒီဘက်ဆို ကနေ လှမ်းမြင်တွေ့နေရတာပဲ မဟုတ်လား။ ယောကျ်ားတ ယောက်နှင့် ပတ်သက်ပြီးတော့တော့ (ဆွေမျိုးရင်းကို မဆိုထား သူစိမ်းမိန်းမချင်းဆိုရင်တောင် ပြဿနာ မဖြစ်ချင်တဲ့ အလွမ်းဟ မမနွေ့ လှုပ်ရှားပြုမူနေပုံတွေကို အနှောင့်အယှက် မပြုပါ။

အမိကက ကာယကံရှင် ကိုကြီးခေါင်ပဲ။ မှုးစာ ခဲ့ရင်တော့ ဘယ်သူမှ ဖျက်လို့မရပါဘူးလို့သာ ခံယူနေလိုက်သည သို့ပေမဲ့ ကိုကြီးခေါင်က အလွမ်းအပေါ် ဂရုတစိုက် ရှိလာတာ





သိတော့မှ ကိုကြီးခေါင်ဘက် စိတ်လည်ပြီး မရမက ပြန်လည်သော ဆောင်နေတဲ့ မမနွေ့ရဲ့ လှုပ်ရှပ်တို့ကိုတော့ဖြင့် စိတ်ထဲမှိုတဲ့ နာကျင်ခံခက် ရှိလှပါသည်။ ဒါကို အောင့်အည်းထားရ၍လည်း အခုပွဲကိစ္စမှာ မမနွေ့အပေါ် မခံမရပ်နိုင်ခြင်းဟာ ပိုပြီး အင်အား ပြင်းထန်လေသလားမသိ။

တစ်ယောက်ကိုတစ်ယောက် မကျေမချမ်း စိုက်ကြည့် နေကြတဲ့ အလွမ်းနှင့် မမနွေ့ အခြေအနေကြောင့် ဘွားဘွားတို့ ကြီးကြီးတင်တို့ပါ ထိုအခြေအတင်ထဲ ဖျန်ဖျန်ဖြေဖြေ ဝင်ပါလာ ကြပါသည်။ ဘယ်သူ့ဘက်ကရယ်လို့ မဟုတ်ဘဲ အလွမ်းကိုလည်း ပွိုင်ပွဲက ပြန်ထွက်ဖို့ မဖြစ်နိုင်ဘူးလား ဆိုတာမျိုး ချော့မော့သလို မမနွေ့ကိုလည်း အလွမ်း ဆန္ဒဖြင့်ပြနေရင် ပါပါစေလားကွယ် ဆိုတာမျိုး ဖျောင်းဖျကြတာပင်။ ကြီးကြီးတင်ဟာလည်း ခုချိန်မှာ တော့ မမနွေ့ရဲ့ဘက်သား လုံးလုံးကြီး မဟုတ်တော့ပါ။

ပြောင်းလဲလာတဲ့ အခြေအနေ အရပ်ရပ်ကို ကြီးကြီး ဘင်က လိုက်လျောညီထွေ ပြုကျင့်တတ်သူပင်။ အခုဆိုရင် မမနွေ့ ဟာ အိမ်စရိတ်ကို အရင်လို တစ်လစာ ဖောဖောသီသီ မပေးနိုင် တော့။ ပထမစရိတ် လျှော့ချကာပေးသည်။ အဲဒီနောက် ခုနောက် ပိုင်းတော့ လက်လီစိတ်၍ ဒီတစ်ပတ်စာပဲ ယူထားဦးဆိုတာမျိုး အိမ်ခန့်ခွဲသူ ကြီးကြီးတင်ကို အပ်နှံသည်။ ပိုက်ဆံကုန်လို့ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တောက် ဖြစ်တောက် ညည်းညူကာ တစ်အိမ်လုံးကို ဒုန်းတိုးကြီးသူတွေလို သိမ်းကျုံးဆူပွက်လေ့ရှိတဲ့ မမနွဲ့ကြောင့် ၁စ်ကြောင်း၊ မမနွဲ့မှာ တကယ်လည်းပဲ ဝင်ငွေယိမ်းယိုင်ခဲ့ပြီကို နားလည်စိတ်နှင့် တောင်းဖို့ဝန်လေးအားနာလာတာကြောင့် တစ်ကြောင်း ကြီးကြီးတင်ကလည်း ထပ်ပြီးလက်ဖြန့်မတောင်းလိုပေ။

အဲဒီအခါ ဘွားဘွားတို့ ကြီးကြီးတင်တို့ဟာ တိုလီထွာလီလောက်ကို သူတို့ အိတ်ထဲက နှိုက်၍ စိုက်ထုတ်ကြရာသည်။ ခေတ်ကာလအလျောက်ရော၊ သူတို့ရဲ့ အထုပ်အထည်လေးတွေခမျာ ပွန်းတီးပါးလျားလာကြပြီကို သိတာကြောင့်ရော အိမ်ရဲ့ လိုငွေကို အလွမ်း စိုက်ထုတ်ကုန်ကျတဲ့ အနေအထားမှာ ရှိနေပါပြီ။ သို့သော် ငါ ကုန်ကျစရိတ် ထုတ်ရတယ်၊ ရှာကျွေးရတယ်ဆိုတဲ့ နေရာကို အလွမ်း မယူပါ။ သူ သိပ်မပေးတော့ဘဲနှင့် အိမ်ရဲ့ သုံးစွဲလည်ပတ်မှု အခြေအနေဟာ အရင်အတိုင်း တည်ရှိနေတာကြောင့် အလွမ်း အကုန်အကျခံနေတာကို မမနွဲ့ မသိဘဲမနေပါ။

သိသော်ငြားလည်း မသိသလိုသာနေသည်။ နေရာလည်း မပေး။ အရင်လိုသာ ဟင်းပန်းကန်ထဲက အကောင်းဆုံးအတုံး ဦးဦးဖျားဖျား သူ့ဖို့ထားမှ ကျေနပ်တဲ့ အဆင့်ကလည်း ဆင်းမပေးခဲ့ပါ။ ဒါတွေကို အလွမ်းနှင့် ဘွားဘွားက ဘာမှ မပြောလိုသော်လည်း အသံထွက်လာသူတို့မှာ ကြီးကြီးတင်နှင့်





မကြုံပင်။ အခုတော့ ကြီးကြီးတင်သည် အလွမ်းကို မျက်နှာသာပေးလေပြီ။ 'အလွမ်းဖို့ ချန်ထားဦး' 'အလွမ်းကို မေးကြည့်ဦး'ဆိုတဲ့ အသံမျိုး ကြီးကြီးတင်ထံမှ ကြားရပြီ။

အဲသလိုကျတော့လည်း ဦးစားပေးခံရဖို့ ဓာတ်မပါသလို အလွမ်းက မနေတတ်မထိုင်တတ် အားနာရသေးသည်။ အခု ကြားကဝင်ကာ ဖျန်ဖြေရှင်းပါကြတဲ့အခါ ဘွားဘွားက အလွမ်းကို ထွက်ဖို့ မဖြစ်ဘူးလားလို့ ဖျောင်းဖျသူဖြစ်ကာ ကြီးကြီးတင်ကတော့ အလွမ်း ဝင်ပြိုင်တော့လည်း ဘာဖြစ်လဲလို့ မမနွဲ့ကို ဖျောင်းဖျသူဖြစ်သည်။ အဲသလိုဝင်ပါကြတဲ့အခါ မမနွဲ့ အသံက ပိုကျယ်လာသည်။

စကားစစ်ထိုးပွဲမှာ ကြီးကြီးတင်နှင့် မမနွဲ့ အမိကလို ဖြစ်သွားကာ တစ်ယောက်တစ်ခွန်း တင်းမာလာကြပါသည်။ မမနွဲ့ကလည်း ကိုယ့်ဘွားအေ တော်တယ်ရယ်လို့ပင် အရိုသေမထားတော့။

"အန်တီတင်တင် ဟာလေ မပြောချင်လို့ ကြည့်နေတာ၊ တကယ့် သာရာကူး၊ သာရာစီး၊ ဆုနွဲ့ကို ဒီလိုအချိုးမျိုးလာမချိုးနဲ့ မရဘူး၊ တစ်သက်လုံးက ဟောဒီက ဆုနွဲ့ကျွေးတာ ငြိမ်စားလာကြတာမဟုတ်လား၊ ခုကျမှ လေသံပြောင်းတာ ကောင်းသလား၊ ဟင်း ... ခုတော့ ဟောဒီကာမ



www.burmeseclassic.com

www.burmeseclassic.com



ပေးတာနည်းပြီပေါ့ ဟုတ်လား၊ အရင်က ကျေးဇူးတရားတွေ ထောက်ထားပါဦးလား၊ စိတ်ဓာတ်ကိုက မမှန်ကန်ဘူး၊ သာပေါင်း ညာစား"

"ဟဲ့ ... ဆုနွေ၊ အဲဒီ စကားက ပြောစရာကို မဟုတ်ဘူး၊ ညည်း ရှာကျွေးခဲ့တာမှန်တယ်၊ စားခဲ့တာမှန်တယ်၊ အဲဒီတုန်း က ညည်းကို ဘယ်လို ဆက်ဆံခဲ့သလဲ၊ ရွှေပေါ်မြတင် ဖူးဖူးမှုတ်ခဲ့တယ် မဟုတ်လား၊ ညည်း ကျွေးရတုန်းက ညည်း အထက်ကနေချင်ခဲ့သလို အခု အလှမ်း ကျွေးရတော့ လည်း သူလည်း အထက်က မနေချင်ပေဘူးလား၊ ညည်း ရှာကျွေးတုန်းက ညည်းကို ဖူးဖူးမှုတ် သူရှာကျွေးတော့ သူ့ကို ဖူးဖူးမမှုတ်နဲ့ဆိုတော့ ညည်း တရားမျှတသလား ဆုနွေရဲ့ ...

သာပေါင်း ညာစားတာ မဟုတ်ဘူး၊ နေရာပေးသင့်သူ ကို ပေးရမှာပဲ၊ ညည်းကိုလည်း နေရာပေးခဲ့တယ်၊ ညည်း အမိန့်တစ်ခွန်းပဲ တည်ခဲ့တယ်၊ သူ့ကျတော့ နေရာမပေး ရဘူးလား၊ ဒါတောင် သူက နေရာမယူပါဘူး ဆုနွေရဲ့ တစ်ချိန်တုန်းက ငါတို့ ကျွေးတာ သူ စားနေခဲ့တုန်းက သူ ဘယ်လိုနေခဲ့လဲ၊ မီးဖိုထဲက ထွက်ရသလား၊ ခု သူ ကျွေးတာ စားနေရတဲ့ အချိန်မှာပါ သူ့ကို ဒီအတိုင်း





တစ်သမတ်ထားလို့ ဖြစ်ပါ့မလား၊ အခြေအနေကို မသိတာ က ညည်း၊ နားမလည်တာက ညည်း၊ နေရာတစ်ခု ရလာ တဲ့ သူကို အဲဒီနေရာတစ်ခု ကြည်ကြည်ဖြူဖြူ ပေးတာ ဘာဖြစ်လဲ၊ ဘာမဆို တစ်သမတ် မရှိဘူးဟဲ့၊ သူ့အချိန် သူ့အခါ သူ့အခြေအနေနဲ့သူ ရှိတယ်၊ အခြေအနေပေါ်မှာ လိုက်လျောညီထွေ ရှိရတယ် ...

အခုထိ အလှမ်းကို ဟိုးမြေကြီးထဲ ဆက်နှစ်ထားလို့ ရမလား၊ သူ ကျွေးတာ ငါတို့ စားနေချိန်မှာ သူ့ထမင်း အပေါ်လည်း သစ္စာရှိရဦးမှာပဲပေါ့"

ဤစကားသည် မမနွေ အသည်းကို ဆွသလိုဖြစ် ကာ မမနွေကို ဆတ်ဆတ်ခါ နာစေပါသည်။

"ဒီမှာ အန်တီတင်တင် ... မိဆုနွေဟာ ပိုက်ဆံတစ်ပြားမှ မပေးနိုင်တော့တာလည်း မဟုတ်ဘူး၊ ခုထိ ကိုယ့်ထမင်းကိုယ် စားနေတုန်း၊ အန်တီတင်တင်သာ သူ့ကို ပြောင်းကိုးကွယ်၊ ဆုနွေတို့ကတော့ မကိုးကွယ်နိုင်ဘူး၊ တစ်သက်လုံး ခေါင်း ပေါ် မတင်နိုင်ဘူးမှတ်"

"မတင်ပါနဲ့၊ ညည်းကိုလည်း ဘယ်သူကမှ အထင့်မခိုင်း ဘူး၊ ဒါပေမဲ့ သူ့ကို ညည်း ခွတ်ဆွဲနှိမ်ထားလို့တော့ မရ တော့ဘူးဆိုတာ ငါ ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဆုနွေကို စော်ကားတာ၊ ဒီဟာမကို မီးထိုးပြီး မြှောက်ထိုးပင့်ကော်လုပ်တာ၊ အန်တီတင်တင် ဒီလိုလုပ်တာ ကောင်းလား၊ ခုပြဿနာက အန်တီတင်တင်နဲ့လည်း ဘာမှ မဆိုင်ဘူး၊ ဘာမှ မျက်နှာလို အားရ ဝင်မပါနဲ့၊ တစ်သက်လုံး မီဆုနွေ စကားဆို တစ်ခွန်းဆိုတစ်ခွန်း နာခံခဲ့ရတဲ့ မိန်းမက ခံပက်လာတာ၊ တော်လှန်လာတာကို ငြိမ်ခံမဲ့သူ ထင်နေလား၊ ဆုနွေတို့က ဒါဆိုဒါပဲ၊ အာခံ ခံကြည့်။ ဒီမယ် အလွမ်း၊ နင် ဒီပြိုင်ပွဲက ထွက်ရင်ထွက် မထွက်ရင် ဒီအိမ်ပေါ်မှာ ဆက်နေစရာ မလိုတော့ဘူး ဒါပဲ"

ဒေါသကြောင့် စကားတို့က တစ်ဖက်စွန်း ရောက် အောင် ပေါက်ကွဲ ကြီးကျယ်ကုန်ပြီ။ အလွမ်း ရင်ထဲ၌လည်း ခံပြင်းရခြင်းတွေ သိပ်သည်းဖွဲ့စည်းခဲ့ပြီ။ နဂိုကပင် ဒီပြိုင်ပွဲကို အသည်းအသန် အားခဲထားခဲ့တာအပြင် ဒီအခြေအနေအထိ စကား တွေ လွန်ကျူးပြီးမှတော့ 'အလွမ်း မပါတော့ပါဘူး' လို့ အရှုံးပေး နောက်ဆုတ်လိုက်လိုစိတ် လုံးဝ မရှိတော့ပါ။

မောက်မာထောင်လွှားလိုစိတ် အလျဉ်းမရှိသော်လည်း မလှုပ်မယှက်နေလွန်းအားကြီးတော့ လူကို မြွေအသေလို ထင်ချင် လာသည်။ ကိုယ့်မှာလည်း အစွယ်နှင့် အဆိပ်နှင့်။ အခါခပ်





သိမ်း ထုတ်သုံးဖို့ မလိုသော်လည်း မတရားသဖြင့် အနိုင်ကျင့်လွန်း အားကြီးလာတော့ ငုံ့ခံဖို့ရာမှာ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ် ပြန် လေးစားအားနာလာပါသည်။

အလွမ်းသည် တစ်သက်နဲ့တစ်ကိုယ် တစ်ထိုင်တည်း ဆုံးဖြတ်ချက်ကို အမြန်ဆုံးချကာ အခန်းရှိရာ ထဝင်လာလျက် အဝတ်အစားတို့ကို သိမ်းဆည်းထုပ်ပိုးသည်။

✧ ❤ ✧

"ငါ့သားကြီးလည်း မိန်းမလေး ဘာလေး ယူဖို့ စိတ်မကူး သေးဘူးလား"

အမေဖြစ်သူရဲ့ မေးခွန်းတွင် တော်ဖုန်းခေါင်မှာ မချိပြုံးပြုံးနေရပါသည်။ သူ ဒီကို ပြန်မလာခင် လေးငါးလလောက် က အိမ်ကို ရေးတဲ့စာထဲမှာ သူ ပြန်ရောက်လာတဲ့အခါ မိန်းမယူ ရင် ယူတော့မှာဖြစ်ကြောင်း၊ သူ့မှာ မြတ်နိုးစရာ မိန်းကလေး တစ်ယောက် တွေ့နေပြီဖြစ်ကြောင်းတို့ကို အတည်လိုလို နောက်တီး နောက်ရွတ်လိုလို ထည့်ရေးထားဖူးသည်။

"ဘာတွေ ညိုစရာတွေ ရှိနေသလဲ သား၊ အသက်တွေလည်း ကြီးကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မေမေရယ်၊ ဒီကိစ္စက စဉ်းစားနိုင်မှ တော်ကာ ကျတာပါ"

"ဩော် ... ဩော် ... ဩော်၊ အေး ... စဉ်းစား ... စဉ်းစား၊ ငါ့သားက ယောကျ်ားသား ဆိုတော့ စဉ်းစားဆင်ခြင်နိုင်မှ တန်ကာကျမှာ"

ဖေဖေက ရယ်ဟဟာဆိုသည်။ မေမေလည်း ခြောက်ဆယ်တွင်း ချဉ်းနင်းပြီ။ ဖေဖေက ခြောက်ဆယ့်ခြောက်နှစ်ပင် ရှိနေပြီ။

"ကိုယ် စိတ်တိုင်းကျတာ တွေ့လည်း ယူတော့လေ သား၊ တော်ကြာ မင်းကို ဝိုင်းကပ်ချူကြ၊ လိုးကြတဲ့ ကြားထဲ ရှုန်းမရဘဲ ယက်ကန် ယက်ကန် ဖြစ်နေဦးမယ်"

"အမယ်လေး မေမေရာ၊ မေမေ့သားကို ကောင်မလေးတွေက အဲဒီလို ဝိုင်းကပ်ရ ချူရအောင် မေမေ့သားက ဘယ်လောက်မက်စရာကြီး ဖြစ်နေလို့လဲ"

"မက်စရာဖြစ်ဖြစ် မဖြစ်ဖြစ် ကောင်မလေးတွေက ရဲရဲကဲကဲ တွေ များတာ၊ ရသမျှ ယူမှာပဲ"

"အဲသလောက် ဝိုင်းကပ်ကြရလောက်အောင် သားက လူသိရှင်ကြား ကျော်ကြားနေတာ မဟုတ်ပါဘူးဗျာ"

"ဒါပေမဲ့ သား ဒီပြန်ရောက်မှ ခုလို တွေဝေနေတာ ဓားပယောဂတွေကြောင့်ပေါ့"





"မေမေ ဘာကို ပြောတာလဲ၊ ဘာကို သားက တွေဝေနေလို့လဲ"

"ပြန်ရောက်ရင် မိန်းမယူတော့မလို မင်း ဆုံးဖြတ်လာတာ မဟုတ်လား၊ ဒီကျမှ အသစ်တွေ့နေတာလား"

"အသစ်မတွေ့ပါဘူး၊ အသစ်ပြောရအောင် အဟောင်းတောင်မှ ရေရေရာရာ မဟုတ်သေးတဲ့ဟာ မေမေကလည်း"

"ကဲ ... မေမေလည်း ဝေ့ပတ်ပြီး စကားကို မပြောတတ်ပါဘူး သားရယ်၊ မင်းလည်း အသက်သုံးဆယ့်နှစ် ရှိပြီ၊ ဆုနွေလည်း မတိမ်းမယိမ်း မဟုတ်လား၊ ယူချင်လည်းယူကြတော့လေ၊ ဘာအချိန်ဆွဲနေတာလဲ၊ ခေတ်ကာလ မိန်းကလေးတွေက ရဲရဲတင်းတင်းတွေများတော့ မင်း အချိန်ဆွဲနေတာကို ဆုနွေလည်း ပူပန်ရှာမှာပေါ့"

သူ ပါးစပ်အဟောင်းသားနှင့် မေမေ့ကို ခေတ္တငေးမောကြည့်နေလိုက်မိသည်။ အင်း ...။ ရိုးရိုးကြီး ပြောသော မိဘတို့ဟာ အထင်အမြင် မှားနေပြီ။ မှားရလောက်အောင်လည်း သူ ရှိရှိ မရှိရှိ ဆုနွေဟာ မေမေတို့ထံ ဒလကြမ်း အဝင်အထွက် စိပ်နေပါသည်။ နှုတ်ခမ်းပါးလေးနှင့် ဆုနွေ တီတီတာတာ ပြောတတ်သမျှ ဘာတွေ အဟုတ်မှတ် အထင်လွဲနေပြီနည်း။

"ဆုနွေနဲ့ သားက သူငယ်ချင်းပဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ သူ့အမေ ပါးစပ်အဟောင်းသား ဟ,သွားသောအလှည့်ဖြစ်သည်။

"ဆုနွေ ပြောတော့ မင်းက သူ့ကို ပရိုပို့စ် လုပ်ထားတာ ကြာလှပြီဆို၊ သူကတော့ ခုမှ အိမ်ထောင်ပြုဖို့ စဉ်းစားလာတာမို့လို့ ခုနောက်ပိုင်း တစ်နှစ်အတွင်း သူ ကားရိုက်တွေလည်း လျှော့တာလျှော့၊ ရပ်တာရပ်၊ အနားယူဖို့တောင် ပြင်ဆင်နေတယ်ဆို၊ မေမေတို့က ရုပ်ရှင်မင်းသမီးမို့ဆိုပြီး ကန့်ကွက်ချင်တာမျိုးတော့ မရှိပါဘူး၊ တစ်ခုပဲ၊ မင်းသမီးကို ဇနီးတော်ထားရရင် ကိုယ့်မိန်းမဟာ ကိုယ့်ကို မပြုစု မယုယနိုင်မှာ ကိုယ့်သားအတွက် ပူတာလေးတစ်ခုပဲ၊ သူက အခု နားတော့မယ်ဆိုရင်တော့"

မဂ္ဂဇင်းဂျာနယ်ဆိုလို့လည်း ကျန်းမာရေး၊ ဘာသာရေးတို့နှင့် ပတ်သက်တာမျိုးသာ ဖတ်လေ့ရှိတဲ့ မိဘတွေဟာ လက်တလောရေစီးကြောင်းကိုလည်း သိပုံမရ။ ဆုနွေ ကျလာတာကိုလည်း သေချာသိကြပုံမရပါ။ တမင်တကာ ကားတွေဖြတ်ပြီး နားတော့မှာလို့ပဲ ဆုနွေ ပြောသလောက် ယုံနေပုံပင်။ ဒီလိုပြောတဲ့ အတွက်တော့ ဆုနွေကို အပြစ်မမြင်ပါ။ ကိုယ့်ဂုဏ် ကိုယ်ထိန်းကာ ကိုယ့်ဘက် အထင်ကြီးစရာဖြစ်အောင် သာသာထိုးထိုး ပြောကြမှာပဲပေါ့။ ဒါပေမဲ့ တော်ဖုန်းခေါင် အတွက် ကားရိုက်ရပ်ရမလိုတော့ ဘာကြောင့် ပြောရပါသနည်း။





"မေမေ ... သေသေချာချာ ရှင်းရှင်းနားလည်ဖို့ တစ်ခုတော့ ပြောထားရဦးမယ်၊ ဆုနွေနဲ့ ကျွန်တော် မပတ်သက်ဖူးနော်"

"ဟင် ... မင်းက ပရိုပို့စ် လုပ်ထားတာဆို"

"ဒါက ကြာခဲ့ပါပြီ၊ ကြာဆို အတော့်ကို ကြာခဲ့ပါပြီ၊ အဲဒါ ပြီးသွားတဲ့ ကိစ္စပါ၊ အခု ဆုနွေနဲ့ ကျွန်တော့်ကြားမှာ ဘာမှမရှိဘူး"

"ဟင် ... ဒါဖြင့် ခုတလော သူက သားနဲ့ တတွဲတွဲဖြစ်ပြီး မေမေတို့ဆီလည်း အခေါက်ခေါက် ဝင်ထွက်နေတာက"

"တွဲဖြစ်တာကလည်း အခြေအနေအရ သူခေါ်တာ လိုက်ပေးတာမျိုး၊ ကျွန်တော် သွားမဲ့နေရာ အတင်းလိုက်တာမျိုးပါ၊ မေမေတို့ဆီ ဝင်ထွက်တာတော့ သူ အားနေလို့ သဘောရိုးနဲ့ ဝင်ထွက်တာလည်း ဖြစ်ရင် ဖြစ်မှာပေါ့"

ဆုနွေရဲ့ အနေအထိုင်နှင့် ပတ်သက်တဲ့ လူမှုရေး …တင်းတွေ အတင်းတွေကို သူ မကြားရ မသိရဘူး ဆိုရင်တောင် … သူ့ရင်ထဲမှာ ဆုနွေ မရှိတော့တာက ကြာခဲ့ပါပြီ။ တစ်ကြိမ် …ပြောဖူးတဲ့အတွက် ဖွင့်ပြောဖူးတဲ့အတွက် နောင်ဆယ်နှစ်ကျော်မှာ …ခင်းမကိုပဲ ယူကို ယူရမည်ရယ်လို့တော့ မဟုတ်နိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ဆိုတဲ့ စကားကို ဖွင့်ပြောခဲ့ဖူးတာ မှန် ပေမဲ့ ဖွင့်ပြောထားတဲ့စကား အံ့ဖတ်တင်တာကလွဲပြီး ဘာမှမရှိခဲ့ အခု သူ ဆုနွေနဲ့ တွဲဖြစ် သွားလာဖြစ်နေတာတွေဟာလည်း ဆုနွေကို အားနာလို့သာပင်။ သူက အတင်းလာခေါ်နေတော့ မငြင်းကောင်းတာနှင့် ပါသွားရတတ်သမျှ ဆင်ခြင်ရလိမ့်မည် မငြင်းချင်ရင် ကြိုရှောင်နေဖို့ပဲ ရှိတော့သည်။

"ဆုနွေ ပြောနေတဲ့ စကားတွေကတော့ မင်းနဲ့သူ ပတ် သက်မှုရှိတဲ့ သဘောပဲ သက်ရောက်နေပါလားကွယ်"

တော်ဖုန်းခေါင်က ခေါင်းကို ဖြည်းဖြည်းယမ်းခါ ရင်း ဆုနွေရဲ့ မရိုးသားမှုကို သဘောပေါက်နေမိပါသည်။ သူဟာ ယောက်ျားတစ်ယောက်ဖြစ်ကာ နား မျက်စိတို့လည်း ပိတ်မနေ ပြန်ရောက်ပြီးမှ သူငယ်ချင်း ကျော်စွာနှင့် တွေ့ပြီးပါပြီ။ ကျော်စွာ ထံကလည်း ဆုနွေ အပေါ် အမြင်မကြည်မှုတွေ ကြားရပြီးပါပြီ ကျော်စွာကတော့ ဆုနွေရဲ့ လှုမှုရေးသတင်းတို့ကြောင့် သူ့ဘ က စ,နွာခဲ့တာတောင် ကြာပြီ။ ခုနောက်ပိုင်း တလောမှာ သူ့ ကိုလည်း ဆုနွေ ဖုန်းပြန်ဆက်ပြီး အဆက်အသွယ် ပြန်ဖြစ် နေတာမို့ ကျော်စွာကလည်း ရှောင်နေသည်။

ယောက်ျားတို့မည်သည် တကယ်တမ်း လက်ထ ကျတော့ ကိုယ့်အတွက် ဘဝကြင်ဖော်ကို ပြစ်မျိုးမဲ့မထင် စင်





ချောကိုမှ ရွေးချယ်လိုတာ ဓမ္မတာ။ တော်ဖုန်းခေါင်ကတော့ ဆုနွေ လူမှုရေး အရှုပ်အရှင်းတွေ ရှိခဲ့သည်ဖြစ်စေ မရှိဘူးပဲဖြစ် စေ သူ့နှလုံးသားကိုက ဆုနွေ အတွက် မလှုပ်ရှားလာတော့တာပါ။ ဘယ်တုန်းကမှ သူ့မိဘရဲ့အနေအထားမျှလောက်သော အခြေအနေ ကို စာရင်းမသွင်းခဲ့သည့် ဆုနွေက ခုမှ သူ့မိဘတို့ထံ ဝင်ထွက်ကာ ဘိတ်တာတာ ချစ်ကြည်နေသည်မှာ ဆုနွေရဲ့ မရိုးသားမှုပဲ။

ခုတော့ သူ့ပတ်ဝန်းကျင်မှာ သူ့ကို အတည်အတံ့ ကြံရွယ်ရွေးချယ် လက်တွဲလိုတဲ့သူတွေ ပါးလျားကုန်ပြီကိုး။ သူ သည်းပဲ တည်ငြိမ်အားကိုးနိုင်ဖွယ် အိမ်ထောင်တစ်ခုကိုတော့ လိုလားတောင့်တလာပြီဖြစ်သည့် ဆုနွေဟာ ခုချိန်မှာ ရွေးချယ် ရော အခွင့်အရေးများများ မကျန်တော့ပါ။ နီးရာကို ကမူးရှူးထိုး သွေးရူးသွေးတန်း ဖမ်းဆုပ်ရတော့မည့် အနေအထား ဖြစ်သည်။ ဒီအတွက်လည်း ငယ်သူငယ်ချင်း သံယောဇဉ်မျိုးနဲ့တော့ ဆုနွေ အပေါ် ကရုဏာ သက်ရပါသည်။

ဘာပဲဖြစ်ဖြစ် ရိုးစင်းအေးချမ်းကာ ပြင်ပလောက,က သတင်းတွေ အတင်းတွေကိုလည်း ဘာမှမသိကြတဲ့ မေမေတို့ကို တော့ အရိုပ်အမြွက်မျှတော့ သူ အသိပေးထားရမည်။ အရေး အကြောင်းဆိုရင် မေမေတို့ဟာ ဆုနွေ လက်ချောင်းဖျားကလေး ပေါ်တင်၍ တစ်လှည့်စာပဲ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို ကျွန်တော် အကြမ်းဖျဉ်း ရှင်းအောင် အသိပေးရမယ်ဆိုရင် ဆုန္ဒေကို ယယ်ငယ်တုန်းက ဟိုး ဆယ်နှစ်ကျော်က ကျွန်တော် ချစ်ရေးဆိုဖူးတယ်၊ အဲဒီတုန်းက တကယ်ချစ်မိတယ်လို့လည်း ထင်ခဲ့တယ်၊ သူက အဖြေမပေးခဲ့ပါဘူး၊ သူ့ပတ်ဝန်းကျင်မှာ ကျွန်တော့်ထက် သာတဲ့သူတွေ ပတ်ချာလို့တောင် မကုန်ခဲ့ဘူး၊ အခုတော့ သူ အတည်တကျ စိတ်ကူးတော့မယ်ကြံတော့ ကျွန်တော့်ကို ထည့်စဉ်းစားလာတယ်၊ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က သူ့ကို မချစ်နိုင်တော့ဘူး မေမေ၊ အဲဒါဟာ ခုလောလောဆယ် အခြေအနေမှန်ပဲ"

"ဒါဖြင့် သားစာရေးတဲ့အထဲ အရိပ်အမြွက်ပါပါနေတဲ့ မိန်းကလေးတစ်ယောက်က ဆုန္ဒေ မဟုတ်ဘူးပေါ့"

"ဟင့်အင်း"

သူက ရက်ရက်နှင့် ပြုံးရင်းငြင်းရသည်။

"ဘယ်သူလဲ … ဒါဖြင့်"

"ကျွန်တော် သူ့ကို စ,ချစ်မိတုန်းက ကလေးလေး၊ ဆယ်တန်းကျောင်းသူလေး၊ ခုတော့ ဘွဲ့ရ အလုပ်အကိုင်နဲ့ ဖြစ်ပြီး အရွယ်ရောက်လာပါပြီ"

"အဲဒါ အခု သားရဲ့ချစ်သူပေါ့"





"ချစ်သူတော့ မဟုတ်သေးပါဘူး မေမေ၊ သူ့ကို ရည်ရွယ်ထားပေမဲ့ ဖွင့်တောင် မပြောရသေးပါဘူး၊ အသက်လည်း သိပ်ကွာနေတော့ ရှင်းရှင်းပြောရရင် ဖွင့်ပြောလိုက်ပြီးမှ မရနိုင်ရင် မကြီးမငယ်နဲ့ အရှက်ကွဲရမှာကို လန့်နေတာလည်း ပါပါတယ်"

"ဘယ်သူလဲသား၊ အဲဒါ ဘယ်သူတုံး၊ မအေကိုတော့ ဖွင့်ပြောထားဦးပေါ့ သားရယ်၊ တော်ပါသေးရဲ့၊ မေမေက ဘာမှမသိတော့ ဆုန္ဒေကိုပဲ ချွေးမလောင်း ထင်နေမိတာ၊ စကားမများမိတာ ကံကောင်း၊ ဘယ်က မိန်းကလေးလဲသား၊ ဘယ်လိုမျိုးရိုးလဲ၊ သိပ်ချမ်းသာကြွယ်ဝနေစရာလည်း မလိုပါဘူးကွယ်၊ မေမေ့သားအတွက် ဇနီးကောင်း အလိမ္မာလေး ဖြစ်နိုင်တယ်ဆိုရင် ကြိုးကြိုးငယ်ငယ် မေမေက ကျေနပ်မှာပါ"

တော်ဖုန်းခေါင်သည် အမေကိုတော့ ရင်တော့မဖွင့်ချင်သော်လည်း သူ့အမေ ရှင်းရှင်းသိထားရင် တစ်မျိုးကောင်းတာပဲလို့ ယူဆမိကာ ဖွင့်ပြောဖို့ ဆုံးဖြတ်သည်။

"မေမေ သူ့ကို သိပါတယ်၊ ဘာမှသွားမပြောရဘူးနော်၊ ကျွန်တော့်ဘာသာ ကျွန်တော် လှုပ်ရှားပါရစေ၊ မေမေ ငြင်းစရာလည်း မရှိနိုင်ပါဘူး၊ မေမေတို့ ဟိုဘက်ဆိုင်က အလွမ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်း ... "

မေမေ့ မျက်ခုံးများ မြင့်တက်သွားရကာ ...

"ဟင် ... အလွမ်းလား၊ မနေ့တစ်နေ့ကပဲ ဆုဒွေ ဆီက သိထားရတယ်၊ သူနဲ့ ညီအစ်မဝမ်းကွဲ ဆိုပါလား၊ အလွန် စရိုက်ဆိုးဆို၊ ခုလည်း သူ့ကို ပုန်ကန်ပြီး တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်၊ ဆိုင်ပါထူထောင်ပေးထားတာကို မငဲ့ပဲ အိမ်ပေါ်က ဆင်းသွားတာ ရက်ပိုင်းပဲ ရှိသေးဆို၊ မိုက်ကလည်း မိုက်ရိုင်း၊ ဆုံးမ မနိုင်တဲ့ မိန်းမစားလေးဆို"

တော်ဖုန်းခေါင်သည် မေမေ့ကို ငြိမ်စိုက်ကြည့်နေမိ ...ကာ ဘာဆက်ပြောရမှန်းမသိ ရှိနေလေသည်။

✧ ❤ ✧





## ၁၁

ဒေါ်ခင်နန္ဒာ ခြံထဲကို ကားကွေ့ဝင်လိုက်တဲ့အခါ ဆါတီကိုနံဘေး နေရိပ်ကလေးက ခုံတန်းပေါ် ယှဉ်တွဲထိုင်နေတဲ့ အလွမ်းနှင့် ကောင်လေးတစ်ယောက်ကို မြင်လိုက်ရတာမို့ တော်ဖုန်းခေါင် ရင်ထဲ လေးပင်ကျပ်သွားသည်။ အလွမ်းရဲ့ဆိုင်မှာ တွေ့ခဲ့ဖူးတဲ့ လူရွယ်လေးလည်း မဟုတ်ပြန်၊ အခုကောင်ကလေး ဘ ခေတ်လူငယ်ဒီဇိုင်း။ ယောင်္ကျား ဆင်ယင်ပုံနှင့်။ နှစ်ယောက် လုံးဟာ ပြဿနာတစ်ခုခုကို အကြီးအကျယ် ငြင်းခုန်ဖြေရှင်းနေကြတဲ့ပုံ။ အလွမ်းက ငိုမလိုပင် ရှိနေသည်။

တော်ဖုန်းခေါင်ရဲ့ကားကို သူတို့ဆီ မရောက်ပဲ ဆါတီကိုအောက် ရပ်လိုက်သည်။ တစ်နေ့ကမှ နဂိုအိမ်မှာရှိတဲ့ ကားကို ကားသစ်တစ်စီး လဲပစ်လိုက်တာမို့ ဒီကားကို အလွမ်း



www.burmeseclassic.com

www.burmeseclassic.com



မသိလေရာ ဧည့်သည်လားလို့ လှမ်းတော့ကြည့်သည်။ ကားရှေ့မှန်ကို အလင်းပြန်နေ၍ တော်ဖုန်းခေါင်ကို သေချာတွေ့ပုံမရ

ရောက်ဖြစ်မှတော့ ဆင်းရ တွေ့ရမည်။ သူတို့ရဲ့ အရေးတကြီးနိုင်ပုံရတဲ့ အခြေအနေကိုလည်း အနှောင့်အယှက် မပေးလို။ တော်ဖုန်းခေါင် အတော် ဦးနှောက်ခြောက်နေသည်။ အလွမ်းဟာ ဆုန္ဒေ ပြောသလိုပဲ ကောင်ကလေးတွေနဲ့ ရောရော နှောနှော ယဉ်ပါးတတ်နေပြီလား။ ထင်ရှားတောက်ကြွားလာတဲ့ သူ့ရဲ့လှဂုဏ်လေးကို ကိုးကာ ရဲတင်းလာပြီလား။ အလွမ်းကို အပြစ်မမြင်ရက်လေရာ ဆုန္ဒေကို မခံချင်စိတ် ယှဉ်ပြိုင်လိုစိတ်မျိုး နဲ့ပဲ ဒီလို ပြောင်းလဲလာသလားလို့ ခပ်ဖော့ဖော့ တွေးပေးမိပြန် သည်။

"ဟင် ... ကိုတော်ဖုန်းခေါင်ပါလား"

တိုက်တံခါးဝသို့ ရောက်လာသော ဒေါ်ခင်နန္ဒာက တအံ့တသြ နှုတ်ဆက်လိုက်၍ တော်ဖုန်းခေါင်က ခေါင်းညိတ်ပြီး ရင်း ကားပေါ်က ဆင်းလိုက်ရသည်။ အဲဒီအခါမှ သူ့ကို အလွမ်း က မြင်သွားပြီး ဆတ်ခနဲ ထ,ရပ်လိုက်ပါသည်။ တော်ဖုန်းခေါင် က ခပ်သွက်သွက်ပင် ...

"အလွမ်း ဧည့်သည်ရောက်နေတယ် ထင်တယ်၊ အေးအေး ဆေးဆေး စကားပြောပါ၊ ကိုယ် အိမ်ပေါ်မှာ စောင့်နေမယ်





ကိုယ် အေးအေးဆေးဆေးပဲ၊ ဒေါ်ခင်နန္ဒာတို့ အိမ်ကိုလည်း ပြန်ရောက်ပြီးမှ မရောက်ရသေးတာနဲ့"

တော်ဖုန်းခေါင် စကားကြောင့် အလွမ်းက အူတူတူ ဖြစ်နေသည်။ ဘေးကကောင်လေးကလည်း အလိုက်တသိ မပြန်။ တော်ဖုန်းခေါင်က သူဝယ်လာတဲ့ ပန်းသီးအိတ်ကို ကားပေါ်ကယူကာ ဒေါ်ခင်နန္ဒာလက် အပ်လိုက်ရင်း ...

"အိမ်က ကလေးတွေလည်း စားရအောင် ဝယ်လာတာပါ"

"ဩော် ... ဒုက္ခရှာလို့၊ လာပါ ... တက်ပါ ... ကိုတော် ဖုန်းခေါင်"

အလွမ်း ထိုင်ရန်နီး ထရန်နီး အနေခက်နေမည်စိုး၍ တော်ဖုန်းခေါင်က အိမ်ပေါ်ကို ချက်ချင်းတက်လာခဲ့ပါသည်။

"အလွမ်းကတော့ ပြောပါတယ်၊ ပြန်ရောက်ပြီဆိုတာ၊ ဒါပေမဲ့ သူနဲ့လည်း သိပ်သေချာ မကြာမကြာ မတွေ့ဖြစ် ပါဘူးတဲ့၊ ဆုန္ဒေနဲ့ပဲ ကိုတော်ဖုန်းခေါင်နဲ့ ဆုံတယ်တဲ့"

ဒီလောက်ပြောလျှင် ဒေါ်ခင်နန္ဒာနှင့် အလွမ်းအကြား တော်ဖုန်းခေါင်နှင့် ပတ်သက်၍ စကားတွေ များများစွာဆွေးဆွေး နွေး ပြောပြီးပြီဆိုတာ တော်ဖုန်းခေါင် မှန်းဆနိုင်သည်။ သူ ဆုန္ဒေရဲ့ အနေအထားကို ဒေါ်ခင်နန္ဒာ ချင့်ချိန်တွေးဆနေ ဆိုတာလည်း ရိပ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆုနွေ့နဲ့ ပိုတွေ့ဖြစ်ပါတယ်၊ ကျွန်တော် မလာလည်း ဆုနွေ့က ရောက်လာတတ်တယ်"

သူ ဒီလောက်ပြောရင်လည်း စဉ်းစားဉာဏ် ရင့်သန်ပုံ ရသော ဒေါ်ခင်နန္ဒာ နားလည်လောက်သည် ထင်ပါသည်။

"ခုတလောတော့ ဆုနွေ့ အိမ်ဘက် ကျွန်တော်မရောက်တာ ကြာတော့ အလွမ်း အိမ်မှာမရှိတော့တာတောင် မသိဘူး၊ ကျွန်တော့်အမေဆိုင် ရောက်ရင်လည်း အလွမ်းကို အပြင်ကပဲ တစေ့တစောင်း ကြည့်ဖြစ်ပြီး လှမ်းတွေ့ရကပဲ များတာ၊ အလွမ်း ဒီကိုပြောင်းနေတာ ကျွန်တော့် အမေ ပြောမှ တစ်နေ့ကမှ သိတာ၊ ကျွန်တော့်အမေကတော့ ဆုနွေ့က စကားစပ်မိလို့ ထင်ပါရဲ့ ပြောပြတယ်"

"သူတို့ညီအစ်မချင်းကြားလည်း မပြေလည်တာလေးတွေ ရှိတာ ကိုတော်ဖုန်းခေါင်လည်း သတိထားမိမှာပါ၊ အလွမ်းက တူမအရင်း၊ ဆုနွေ့က တူမဝမ်းကွဲ၊ တစ်ယောက်ယောက်ကို အဆိုးချ မပြောသင့်ပါဘူးလေ၊ ဒါပေမဲ့ အလွမ်းက လက်ခံထားတဲ့အတွက် အလွမ်းဟာ ဆင်းရဲအိမ်ရှင်ဆင်းဝံ့တာ၊ လက်ခံတဲ့သူရှိလို့ သူ့ကို အာခံပုန်ကန်တာဆိုတဲ့ ပြစ်ချက်နဲ့ ကျွန်မကိုပါ ဆုနွေ့က မကြည်မသာ မကျေမချမ်း ရန်လုပ်နေတာပေါ့လေ၊ ကိုတော်ဖုန်းခေါင်က သူ့မိတ်ဆွေတစ်ယောက် အနေနဲ့ ကျွန်မအိမ်လာလည် ကျွန်မနဲ့ အလွမ်းနဲ့ ပြေလည်တယ်ဆိုရင် ရှင်တို့ချင်းကြားထဲ ပြဿနာရှိနေဦးမယ်၊ ကျွန်မက သတိပေးတာပါ"

ဒေါ်ခင်နန္ဒာက ခပ်ပြုံးပြုံးပဲ အေးအေးချမ်းချမ်း ဆိုသည်။

"ကျွန်တော် ဆုနွေ့ရဲ့ ငယ်သူငယ်ချင်း မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဆန္ဒ ကျွန်တော့် ဆုံးဖြတ်ချက်တွေနဲ့ ဆုနွေ့ မသက်ဆိုင်ပါဘူး"

ဒေါ်ခင်နန္ဒာက တစ်ခုခု ပြောချင်သေးသလို ချင့်ချိန်နေဆဲ အိမ်ထဲကို အလွမ်း ဝင်လာပါသည်။ ဒေါ်ခင်နန္ဒာက ...

"အေးချို့ ပြန်ပြီလား"

"ဟုတ်ကဲ့"

"သူ လူရှာပေးနိုင်လား"

"အဆင်မပြေဘူး အန်တီ"

တော်ဖုန်းခေါင်က ကိုယ်မသိတဲ့ ပြဿနာကို ငြိမ်ငြိမ်နားထောင်နေပါသည်။ ဒေါ်ခင်နန္ဒာ မျက်နှာက စိတ်တိုသလို မှုန်တင်းနေကာ ...

"သူက ဘာအကြံဉာဏ်မှကော မပေးနိုင်ဘူးလား၊ သူက ပိုသိတာ၊ တို့က ဒီမော်ဒယ်လောကထဲ လူစေ့အောင်သိတာ







www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်၊ မြင်ဖူးတာလည်း မဟုတ်၊ ရောက်ရောက်ချင်း သူ့ပြောစကားထဲတော့ သူအကြံတစ်ခုပဲ ပေးနိုင်တော့ ဘယ် ဆိုတာ ကြားလိုက်ပါတယ်၊ ဘာအကြံလဲ အလွှမ်း”

အလွှမ်း မျက်နှာကလေးက ခပ်မှုန်မှုန်နှင့် တော်ဖုန်းခေါင်ကိုပါ ဖျတ်ခနဲ လှမ်းကြည့်ရင်း ...

“အန်တီရယ် ... သူပေးတဲ့ အကြံက ထုံးစံအတိုင်းပဲ။ သူပြောတာက ကြည့်ဦး၊ ပုလဲဝတီရဲ့ ကိုယ်ခန္ဓာနဲ့ အလွှမ်းကိုယ်ခန္ဓာက ပုံတူဆိုက်တူ ချွတ်စွတ်တဲ့၊ ဒီလောက်ရက်ကပ်ကပ်လေးထဲမှာ ဘယ်မှ ဘယ်သူမှ လိုက်ရှာမနေနဲ့ ရမှာမဟုတ်ဘူး၊ အလွှမ်းပဲ ... အလွှမ်းပဲ ကိုယ်တိုင်ဝတ်ပြီး ဟာက်လျှောက်ပြီးတော့ ပြိုင်ပွဲဝင်ပါတဲ့”

ဒေါ်ခင်နန္ဒာရဲ့ မျက်လုံးများက ဝင်းလက်ကာ အလွှမ်း တစ်ကိုယ်လုံးကိုလည်း စုန်ကာဆန်ကာ ကြည့်လိုက်ပြီးလျှင် ပါးစပ်ဟ,မည် ပြုရုံရှိသေး ...

“အန်တီ”

“ဘာတုန်း”

“အလွှမ်း ရှက်တယ်၊ အလွှမ်း ဖြစ်မှာမဟုတ်ပါဘူး”

“ဟယ် ... ဘာလို့ မဖြစ်ရမှာလဲ အလွှမ်း၊ ညည်းကလည်း စစ်မရောက်ခင် မြားကုန်လိုက်တာ၊ ဘာမဖြစ်စရာရှိလဲ





ဖြစ်တယ်၊ အေးချို မှန်တယ်၊ ဖြစ်ကို ဖြစ်ရမယ်၊ ဒီထက် အစစအရာရာ အဆင်ပြေတာ မရှိဘူး သမီး၊ သမီး အေဂျင်စီတွေကိုပတ်ပြီး ဒီခန္ဓာကိုယ် အချိုးအဆစ်မျိုး ရှာနေတာ ဘယ်နှရက် ကြာလဲ၊ အဆင်ပြေမယ်လို့ကော အပ်ချမတ်ချ ပြောနိုင်လား၊ ရက်လေးက ကပ်နေတာ၊ ရိုဟာဆယ် သွားလျှောက်ရမဲ့ရက်က သုံးရက်ပဲလိုတာ၊ မဖြစ်မဲ့စကားကို မပြောနဲ့ သမီး၊ ဖြစ်ကို ဖြစ်ရမယ်၊ တစ်ခုခု အဆင်မပြေလို့ ဒီပွဲကို မဝင်လိုက်ရဘူးဆိုတဲ့ အဖြစ်ကို ညည်း အဖြစ်ခံနိုင်လို့လား အလွှမ်း၊ အန်တီတော့ လုံးဝအဖြစ်မခံနိုင်ဘူး”

အလွှမ်း မျက်ဝန်းလေးများ စူးတောက်ကာ ...

“အလွှမ်းလည်း ဒီပွဲကိစ္စကို လုံးဝမဖျက်နိုင်ပါဘူး အန်တီ”

အလွှမ်းက အန်တီနှင့် ကိုကြီးခေါင် နှစ်ယောက်လုံး ...င့် မနီးမဝေးမှာ ထိုင်လိုက်ပါသည်။ အန်တီက စကားဝိုင်းနှင့် ...း:သန့်ကြီးလို ဖြစ်နေတဲ့ တော်ဖုန်းခေါင်ကို ကြည့်ကာ ...

“မဂ္ဂဇင်းတွေမှာရော ခုတလော တီဗီကြော်ငြာပါ ပါနေတဲ့ ဖက်ရှင်ရှိုးကြီးအကြောင်း ကိုတော်ဖုန်းခေါင် သတိပြုမိလား မသိဘူး”

“ဟုတ်ကဲ့ ... ဗီနိုင်းလ်ဘုတ်ကြီးတွေ ထောင်ပြီး ကြော်ငြာထားတာလည်း ကျွန်တော် တွေ့မိပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဲဒါပဲ၊ အဲဒီမှာ အလွမ်းက ဒီဇိုင်နာအနေနဲ့ မော်ဒယ်လ်ငှားရမ်းပြီး ပြိုင်ပွဲဝင်ဖို့ ကြိုးစား အားခဲလာတာ လတွေချီနေပြီ၊ သုံးလလောက်ရှိမယ်၊ သူလည်း နာမည်ရ ကာစ အားဝင်စမ်းတဲ့ သဘော၊ သူ့အတွက်လည်း ပထမ ဆုံး အတွေ့အကြုံပဲ ကိုတော်ဖုန်းခေါင်"

"ဟုတ်ကဲ့၊ ကောင်းတာပေါ့ ဒေါ်ခင်နန္ဒာ၊ ခုဘာဖြစ်လို့လဲ အလွမ်း၊ မော်ဒယ်လ် မရလို့လား"

အလွမ်းနှင့် ဒေါ်ခင်နန္ဒာ အကြည့်ချင်း ဆုံသွားကြတာ သူ တွေ့ရသည်။ အလွမ်း ပုံစံက ပြောမနေချင်သလို နှုတ်ပိတ်ပိတ် နှုတ်ခမ်းစေ့စေ့ ထားတာမို့ ဒေါ်ခင်နန္ဒာက ကရုဏာဒေါသော မျက်စောင်းရွယ်လိုက်ပါသည်။ တကယ်တော့ အလွမ်း မမနွေ မကောင်းကြောင်းကို ကိုကြီးခေါင်ကို မပြောချင်တာပါ။

"ဆုနွေလေ၊ သူပြိုင်မှာမို့ အလွမ်း ပြိုင်ပွဲမဝင်ရဘူး တား တယ်၊ ဘာမှမဆိုင်ဘူး၊ အလွမ်းက ဒီဇိုင်နာအနေနဲ့ဝင်မှာ၊ သူက ဝတ်ဆင်ပြပြီး မော်ဒယ်လ်အဖြစ် ဝင်မှာ၊ ဒီကိစ္စ ကြောင့်ပဲ အလွမ်းက ငုံ့မခံတော့ အိမ်မှာမနေရဘူးဆိုတာ အထိ ပြဿနာတက်ကြတာနဲ့ အလွမ်း ဒီကိုဆင်းလာခဲ့ တာပဲ ကိုတော်ဖုန်းခေါင်၊ အဲဒါကို သိသလား"

တော်ဖုန်းခေါင် အံ့အားတသင့်နှင့် ...





"ကျွန်တော် မသိဘူး"

"သိမယ်လည်း မထင်ပါဘူးလေ၊ ဆုနွေ သတင်းလွှင့်ထား ပုံက သူတို့အပေါ် ကျေးဇူးကန်းပြီး ဆိုဆုံးမ ထိန်းသိမ်း မရလို့ လူကြီးမိဘတွေက ပြောဆိုတော့ ပုန်ကန်ပြီး အိမ် ပေါ်က ဆင်းသွားတယ်ဆိုတဲ့ သဘောမျိုး၊ အလွမ်းက ဖွတ်ခေါင်းမှာပြီး အန်တီ့ဆီကနေ ဒီပွဲကို ဝင်ပြိုင်မယ်ဆို တာ သိတော့ ဆုနွေက အလွမ်းရဲ့ မော်ဒယ်လ်ကို ငွေပို ပေးပြီး မပါတော့ပါဘူးလို့ စာချုပ်လက်မှတ်ထိုးခိုင်း လိုက်တယ်၊ ဒီမော်ဒယ်လ်လေးကလည်း တက်သစ်စ၊ အခု ဆုနွေ ဆက်သွယ်ပေးလို့ ဗီစီဒီတို့ ဘာတို့ အလုပ် သုံးလေးခု ရသွားတယ်၊ ငွေထက် ဆုနွေဆီကရမဲ့ အဆက် , အသွယ်ကို မျှော်လို့နေမှာပါ၊ မပါနိုင်တော့ဘူးလို့ အခုလို ရက်ကပ်မှ လှမ်းဖြတ်ချလိုက်တယ်"

တော်ဖုန်းခေါင်မှာ မယုံနိုင်အောင် အံ့အားသင့်နေ တာ ...

"အလွမ်းတို့က ညီအစ်မဝမ်းကွဲ မဟုတ်လား၊ ဆုနွေက ဘာဖြစ်လို့ ဒီလောက်တောင် ..."

"မပြောချင်ပါဘူး ကိုတော်ဖုန်းခေါင်၊ ကိုယ့်ပေါင် ကိုယ် လှန်ထောင်းရမှာမျိုးကို၊ အလွမ်းဆို ကြည့်လေ နှုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်နေတာ၊ ဒီလို နှုတ်ပိတ်ငုံခံနေလို့လည်း သူ့အနိုင်ကျင့်မှုတွေက ဆိုးဆိုးလာတာပေါ့၊ တစ်သက်လုံး တစ်လျှောက်လုံး အနိုင်ကျင့်ခဲ့တယ်၊ အမျိုးချင်း ဘယ်ပြဿနာတက်ချင်ပါ့မလဲ။ ဒါပေမဲ့ သည်းခံငြိမ်နေလိုက်လို့ မဖြစ်နိုင်တဲ့ကိစ္စတွေမှာ ကိုယ့်ရပ်တည်မှုနဲ့ကိုယ် နေရမှာပဲ၊ ကိုတော်ဖုန်းခေါင် မသိနိုင်တဲ့ အဲသေးစိတ် အဖြစ်အပျက် ပြဿနာလေးတွေက အများကြီးပါ၊ လက်လီစိတ်ပြီး ပြောရရင် ယုံနိုင်စရာမရှိပါဘူး၊ ပြောတဲ့သူပဲ အဆိုးမြင်သမား ဖြစ်မယ်၊ သူတို့အိမ်ကို အလွမ်း ရောက်စတည်းက အမျိုးမျိုး ဖိနှိပ်အနိုင်ကျင့်လာခဲ့တာ၊ ခုလို အလွမ်းက တစ်စုံတစ်ယောက်ဖြစ်ပြီး နေရာတစ်ခု ရလာတဲ့အခါကျတော့ ပိုဆိုးတော့တာပဲ၊ ဖြစ်လာပုံက အလွမ်းရဲ့တက်ချိန်၊ ဆုနွေရဲ့ကျချိန်သွားတိုက်ဆိုင်နေတာကိုး၊ ဒီတော့ ခုချိန်မှာ အဆိုးဆုံးဖြစ်နေတော့တာပေါ့၊ ပတ်ဝန်းကျင်က သူ့ကို ဘယ်လိုမြင်မှာတောင် ဂရုမစိုက်နိုင်တော့ပဲ သွေးရူးသွေးတန်းဖြစ်အောင်ကို အလွမ်းကို အငြိုးကြီးနေတာ၊ သူ့ဘက်သား အန်တီတင်တင်တောင် သူ့ကို ကန့်ကွက်ဆန့်ကျင်ရတဲ့ အထိပဲ"

"တော်ပါတော့ အန်တီရယ်၊ ကြားရတာ ကိုကြီးခေါင် စိတ်ညစ်ပါ့မယ်"



အလွမ်းက အသံတုန်တုန်လေးနှင့် မျက်စိပျက်မျက်နှာပျက် ဝင်တားပါသည်။ မမနွေရဲ့ အားနည်းချက်တွေ၊ စိတ်ထားသေးသိမ်မှုတွေကို ကိုကြီးခေါင် ကြားသိရတာ စိတ်ချမ်းသာနိုင်ပါ့မလားလို့ စိုးရိမ်ပါသည်။

"ကိုယ် အရှိကို အရှိအတိုင်း လက်ခံနိုင်ပါတယ် အလွမ်း၊ စိတ်ညစ်ရတယ်လို့ မရှိပါဘူး၊ ဆုနွေကို ငယ်သူငယ်ချင်း သံယောဇဉ် ရှိပေမဲ့ သူငယ်ချင်းချင်းလည်း မကောင်းတာတွေ့ရင် ဆင်ခြင်နိုင်အောင် လမ်းပြရမှာပဲ၊ အခုကိုပဲ ဆုနွေကို ကြည့်ရတာ ပူလောင်နေတဲ့ သဘာဝကို မြင်နေရလို့ သူ့အတွက် စိတ်မကောင်းဘူး"

"အစစ်ပဲ ကိုတော်ဖုန်းခေါင်၊ သူဟာ အတော့်ကို ပူလောင်နေတာပဲ၊ အလွမ်း ဆယ်တန်းတုန်းက တစ်ခါ၊ ဘယ်လိုမှ ဆယ်တန်းဖြေလို့ မရအောင် သူ နှိပ်စက် အနိုင်ကျင့်နေလို့ ကျွန်မအိမ် ခေါ်ထားလိုက်တာ၊ ကိုယ့်အမျိုးရင်းမို့ ကြိတ်မှိတ်သည်းခံရပေမဲ့ အားလုံးက သူ့အပေါ် ငြိုငြင်စိတ်ပျက်နေပြီ၊ ခုလို ဒီပြိုင်ပွဲထဲ မဝင်ရဘူး ဆိုတာကကျတော့ သူ့အနိုင်ကျင့်မှုထဲမှာ စိတ်ပုပ်ပါ ပါလာပြီ၊ အခုကြည့် ... အလွမ်းရဲ့ မော်ဒယ်လ်ကို ဝင်နှောင့်ယှက်ပြီးဖြုတ်ပစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တော်ဖုန်းခေါင်က မျက်ရည်ကြည် ရစ်ဝဲကာ ငြိမ် တွေနေတဲ့ အလွမ်းကို ကရုဏာသက်စွာ ငဲ့ကြည့်လိုက်ရင်း ...

"အခု ... အလွမ်းကိုယ်တိုင် မော်ဒယ်လ်လုပ်ပြီးပြိုင်ဖို့ ခုန လူက အကြံပေးတာပေါ့"

"ဟုတ်ကဲ့ ကိုကြီးခေါင်၊ အလွမ်းတို့ ကျောင်းတုန်းက သူငယ်ချင်းပါ၊ အေးချိုတဲ့၊ သူက ဓာတ်ပုံဆရာ၊ ဒီလောက ထဲ ကျင်လည်နေတာပဲမို့ အေးချိုကို မော်ဒယ်လ် ကူ ခိုင်းတာ၊ သူက အလွမ်းကိုပဲ လုပ်ခိုင်းနေတာပဲ၊ သူ့မြှောက် ပေးလို့ တစ်ခါလည်း ကိုယ့်ကြော်ငြာဘုတ်တွေ ကိုယ်သ ဆောင် ဓာတ်ပုံရိုက်ရပြီးပြီ၊ ခုလို စင်ပေါ်တက်ဖို့ကတော့"

"တက်ရမှာပေါ့ အလွမ်း၊ တက်သင့်တာပေါ့၊ အလွမ်းရဲ့ ဓာတ်ပုံကြော်ငြာဘုတ်တွေ ဘယ်လောက်လှသလဲ၊ အလွမ်း ရဲ့ ကိုယ်ပိုင်ရုပ်ကိုက အရုပ်သူဆန်တဲ့ရုပ် မဟုတ်ဘူး လူရှေ့ထွက်ရုပ်သင့်တဲ့ရုပ်၊ အလိုအလျောက် ဖြစ်နေတာ ခုကိစ္စကို အလွမ်းက မဖြစ်နိုင်ဘူး ထင်နေလို့လား၊ ... သိပ်ကပ်နေပြီဆို၊ အလွမ်း လုပ်ကို လုပ်ရမယ် အလွမ်း"

"ဟုတ်တယ်၊ ကိုတော်ဖုန်းခေါင် ပြောပြဦး"

ဒေါ်ခင်နန္ဒာက စားသောက်ဖွယ် တစ်ခုခုလု ... ထိုင်ရာမှ ထ,သွားပါသည်။ ဧည့်ခန်းမှာ အလွမ်းနှင့် တော် ...





ခေါင် နှစ်ယောက်တည်း တိတ်ဆိတ်ပြီး ကျန်ရစ်သည်။ ခုတော့ တော်ဖုန်းခေါင်သည် အရာအတော်များများကို မှန်းဆကာ သိရှိ ရိပ်မိနိုင်ပြီ။ အမြဲတမ်း မျက်လွှာလေးကိုချပြီး ခေါင်းကလေးကို ငဲ့ပြီး နေခဲ့ရသည့် အလွမ်းရဲ့ အနေအထားကို သူ့ရင်ထဲ ထိခိုက် လာခဲ့ပါသည်။

လွန်ခဲ့တဲ့ လေးနှစ်ကျော် ပထမဆုံး စကားသေချာ ပြောဖြစ်တဲ့နေ့က ကြိတ်မနိုင် ခဲမရ နာနာကြည်းကြည်းလေး ... ကြိမ်သာ ရင်ပွင့်လာတဲ့ အလွမ်းရဲ့ ပုံစံကလေးကို သူ ပြန် ... သည်မြင်ယောင်လာပါသည်။ ဆုနွှေက အလွမ်းကို တော်ဖုန်းခေါင် ... စကားမပြောရဘူးလို့တောင် ဆိုခဲ့ဖူးသေးတာပဲ။ ဆုနွှေဟာ အလွမ်းရဲ့ ခြေလှမ်းများကို အခုအချိန်ထိ ရိုက်ချိုးထားဆဲပါလား။

မျိုသိပ်နိုင်လှတဲ့ အလွမ်း။ အဲဒီ အလွမ်းလေးကို ... ချစ်လှသည်။

"အလွမ်း အိမ်မှာမရှိတော့ဘူးဆိုတာ ကိုယ့်အမေ ပြောလို့ ကိုယ်သိရတာ"

အလွမ်း မျက်လုံးလေး ဖျတ်ခနဲ အံ့အားတသင့် ... လာသည်။

"မေမေ့ကိုတော့ ဆုနွှေ ပြောတာ၊ ဆုနွှေက ခုတလော မေမေတို့ဆီ ရောက်ရောက်နေတယ်လေ၊ ဟိုဘက်ဆိုင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့ညီမဝမ်းကွဲဟာ ဆိုဆုံးမ မနိုင်တဲ့အဆုံး လူကြီးတွေကို အားခံပုန်ကန်ပြီး အိမ်ပေါ်က ဆင်းသွားတယ် ဆိုတာ ဆုန္တေက မေမေ့ကို ပြောတယ် … အဟင်း ဟင်း”

နားထောင်နေတဲ့ အလွမ်း မျက်နှာလေး နီမြန်းလာပြီး နှုတ်ခမ်းစူပွ ဒေါသထလာ၍ တော်ဖုန်းခေါင်က စကားကို “အဟင်း ဟင်း”နှင့် အဆုံးပိတ်ပေးရသည်။ ဖြေသိမ့်ပေးလိုက်တာပါ။

“အလွမ်းလိုပဲ ကိုယ်လည်း မိန်းကလေးတစ်ယောက်ကို အလွယ်တကူ မကောင်းမပြောချင်ပေမဲ့ အလွမ်းအနေနဲ့တော့ အခြေအနေမှန် သိရအောင် ကိုယ်ပြောတာပါ၊ ဆုန္တေဟာ ကိုယ်နဲ့ သူနဲ့ ပတ်သက်မှု ရှိနေတဲ့ သဘောမျိုး၊ ကိုယ့် မေမေ ထင်မြင်အောင်လည်း ပြောနေတယ်၊ မေမေက ကိုယ်ပြန်လာရင် လက်ထပ်မယ်လို့ ကိုယ်ရေးလိုက်တဲ့ စာထဲက မိန်းကလေးဟာ ဆုန္တေလို့ ထင်နေတယ်၊ အဲဒါ မဟုတ်ဘူးဆိုတာ မေမေ့ကို ကိုယ်ရှင်းပြခဲ့ပြီ၊ အလွမ်းကို ဒုတိယအဖြစ် ရှင်းပြတာပါ”

မျက်လုံးဝိုင်းလေးနှင့် နားစိုက်နေတဲ့ အလွမ်းက မသိမသာ ခေါင်းပြန်ငုံ့သွားပါသည်။

“ဟိုးအရင်က အလွမ်း ဆိုတဲ့ မိန်းကလေး ရန်ကုန်ကို တောင် ရောက်မလာသေးခင် အချိန်လောက်က ကိုယ်





ဆုန္တေကို ချစ်ရေးဆိုခဲ့ဖူးပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်း ဆုန္တေလည်း အောင်မြင်ကျော်ကြားလာတာနဲ့အမျှ ကိုယ်နဲ့ ဆုန္တေဟာ ဘက်မဟုတ်ပါဘူး ဆိုတာ ကိုယ်နားလည်လာ တယ်၊ လက်တွဲဖော် မဖြစ်နိုင်တဲ့ သူငယ်ချင်းပါ။ အမြင် ချင်း အတွေးအခေါ်ချင်း စိတ်သဘောချင်း လုံးဝမအပ်စပ် ပါဘူး …

အဲဒီအချိန်မှာ ဆုန္တေကလည်း ကိုယ့်ကို ယောင်လို့ တောင် အိပ်မက်တောင် မမက်ပါဘူး …

ကိုယ် ဆုန္တေကို လက်လျှော့လိုက်ပြီး ငယ်သူငယ် ချင်းဆိုတဲ့ သဘောမျိုးလောက်ပဲ ရင်းနှီးခင်မင်စိတ်မျိုး ပြန်ထားလိုက်တာ၊ ဘာနဲ့မှ မပတ်သက်ဘူး၊ အဲဒီအချိန် လောက်က အလွမ်း ဆိုတဲ့ ကောင်မလေးလည်း လူလား တောင် မမြောက်သေးပါဘူး၊ ကိုယ် ဆုန္တေကို မချစ်နိုင် တော့တာ ဘာကြောင့်မှ မဟုတ်တဲ့ ကိုယ့်ရဲ့ ခံစားချက် သက်သက်ကြောင့်ပဲ၊ သူငယ်ချင်းလို ခင်ပေမဲ့ ကိုယ့်ဘဝ အဖော်အဖြစ် ကိုယ်လိုအပ်တဲ့ မိန်းမမျိုး မဟုတ်ဘူးဆိုတာ စောစောပဲ နားလည်ခဲ့ပြီးသားပါ”

အလွမ်းသည် မျက်လုံးလေးတွေ ရဲစွေးစိုစွတ်လာ ကာ …



www.burmeseclassic.com

www.burmeseclassic.com



"အလွမ်း အိမ်ပေါ်က အခုဆင်းလာတော့ မမနွေ အလွမ်းကို စွပ်စွဲတယ် ကိုကြီးခေါင်၊ သူ့လက်ထဲကနေပြီ ကိုကြီးခေါင်ကို လုယူဖို့ ကြိုးစားနေတဲ့သူတဲ့၊ မြူဆွယ် တဲ့ သူတဲ့၊ နင်မြူဆွယ်တတ်တယ် ဆိုတာ ငါအိပ် သလောက်ပဲ ရှိပါတယ်တဲ့ ကိုကြီးခေါင်၊ အလွမ်း ဘယ်သူ ကိုမှ မမြူဆွယ်ဘူးလို့ သူ့ကို ငြင်းတယ်၊ နင်စောင့်ကြ လိုက်လေတဲ့၊ ငါ့ကို ပြိုင်ရဲရင် ယှဉ်ပြိုင်ကြည့်တဲ့၊ ဒီဖက်ရှ ပြိုင်ပွဲကြီးမှာသာ ပြိုင်ခွင့်ရချင်ရမယ်၊ ဘဝတစ်သက်လုံ ဆိုင်တဲ့ အချစ်ရေးကိစ္စမှာ ငါ့ကို ပြိုင်နိုင်မယ် ချိုးနိုင်မ မထင်နဲ့တဲ့၊ နင်သတ္တိရှိရင် တော်ဖုန်းခေါင်နဲ့ ဆက်ပ သက်ကြည့်လေတဲ့၊ နင့်လို ဘာမဟုတ်တဲ့ စာရင်းမရှိ တောက ကောင်မလေးလောက်ကို နာမည်ပါ စုတ်ပြ သွားအောင် လုပ်ဖို့လောက်ကတော့ ပျင်းတောင်ပျင်းသေ တယ်တဲ့"

ပြောရင်း ပြောရင်း အလွမ်းသည် မချိတင်ကဲ ကာ ရှိုက်ရှိုက်လာပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ပြုတ် လာသည်။ တော်ရုံနှင့် မမနွေ အတင်းကို မပြောချင် အလွမ်း ရင်ထဲ ကြိတ်မနိုင် ခဲမရ မအောင့်အည်း မမျိုသိပ်နိုင် တော့လွန်းလို့ပါ။ ဝမ်းလည်း နည်းလာသည်။ ကိုကြီးခေါင်





အလွမ်း ချစ်မြတ်နိုး အားကိုးပေမဲ့ ဘယ်တော့မှ အလွမ်းဘက် ိက်လာအောင် မြူဆွယ်ဖြားယောင်းမှာလည်း မဟုတ်ပါ။

"အလွမ်း ... အလွမ်းက ဒီနေရာလေးထိ ရောက်လာအောင် ဖိနှိပ်နင်းချေ ခံထားရတဲ့ကြားက ကြိုးစားတည်ဆောက် ထားရတာပါ၊ အလွမ်းအနေအထားလေးကို အလွမ်းပျက်စီး မခံနိုင်သေးပါဘူး၊ အလွမ်းအဖေနဲ့လည်း အလွမ်းအတူတူ နေခွင့်မရခဲ့တာ ကြာလှပါပြီ။ အဖေ့ကို အလွမ်း အိမ်ဦးခန်း လေးမှာ ထားချင်သေးတာပါ၊ အလွမ်းမှာ မျှော်လင့်ချက်တွေ နဲ့ပါ၊ မမနွေကို အလွမ်း ကြောက်တယ် ကိုကြီးခေါင်၊ ရင်ယဲမှာ အရှုံးမပေးလိုက်ချင်တဲ့ အားမာန် သတ္တိတွေ ရှိပေမဲ့ သူ့ကို အလွမ်း ယှဉ်လို့ရပါ့မလားလို့ စိုးရိမ်ပါတယ်၊ အလွမ်းဘဝလေး အလွမ်းနာမည်လေး ထူထောင်ကာစမှာ ပျက်ပြိုကျသွားမှာ ကြောက်တယ်၊ အလွမ်း ... အလွမ်း ..."

အလွမ်းသည် မျက်နှာလေးကို လက်ဝါးနှစ်ဖက်နှင့် အုပ်ရင်း သိမ့်သိမ့်တုန် ငိုချလိုက်ပါသည်။ တော်ဖုန်းခေါင်သည် ရင်ထဲနင့်ကာ စိတ်မကောင်းခြင်းကြီးစွာ အလွမ်းကို ငေးစိုက်ကြည့် နေမိသည်။

"အလွမ်းလေ ... အန်တီ့အိမ်ကနေ စာမေးပွဲပြီးလို့ ဟိုကို ပြန်ပြောင်းသွားကတည်းက ကိုကြီးခေါင် စာတွေကို တ



www.burmeseclassic.com

www.burmeseclassic.com



စောင်မှ မရတော့ပါဘူး၊ အဲဒီအိမ်ကို ပထမဆုံးလာတဲ့
တုန်းကတော့ လာမှန်းသိလိုက်ရပြီး အလွှမ်းကို သူ ထုရိုး
ပါသေးတယ်၊ စာကိုတော့ ဖတ်ခွင့်မရပါဘူး၊ ကိုကြီးခေါ်
ပြန်လာမဲ့ရက်ကို အလွှမ်း မသိခဲ့ရပါဘူး၊ ကိုကြီးခေါ်
ပေးတဲ့ လက်ဆောင်တွေ ဆိုတာလည်း အလွှမ်း ဒီနေ့
တစ်ခုမှ မမြင်ဖူးပါဘူး၊ မမနွေက လုပ်မယ်ဆိုရင် တက
လုပ်ရက်တဲ့သူပါ၊ အလွှမ်းမှာ သူ့ကို ရင်ဆိုင်ယှဉ်ပြိုင်
တဲ့ စွမ်းအား ရှိပါ့မလား၊ ရှိရဲ့လား၊ အလွှမ်း မသေချာ
ကိုကြီးခေါ်ရယ်"

"တိတ်ပါတော့ အလွှမ်းရယ်၊ ကိုယ့်ရင်တွေပါ နာလှပါပြီ

"အလွှမ်း ဘာလုပ်ရမှာလဲ ကိုကြီးခေါ်ရယ်၊ အလွှမ်း
မမနွေ ထမင်းကိုလည်း စားခဲ့ဖူးပါတယ်၊ ဆယ်တန်းအော
တဲ့အထိလည်း သူ့စရိတ်နဲ့ ကျောင်းထားပေးခဲ့လို့ ဗျာ
တတ်လာတာပါ၊ ဒါတွေက အလွှမ်းကို ခြောက်လှန့်တယ်
အလွှမ်း ကျေးဇူးမကန်းအောင် နေတယ်၊ ဝင်ငွေရှိကတည်း
ကလည်း တစ်လှည့် ပြန်လုပ်ကျွေးပါတယ်၊ အခု အလွှ
မမနွေကို ကိုယ်တိုင်ကိုယ်ကျ စင်ပေါ်တက် ယှဉ်ပြိုင်
လား၊ ပြီးတော့ မမနွေ ချစ်တဲ့သူကိုကော သူ့ကို အား
အလွှမ်းက ရင်းနှီးဆက်ဆံသင့်သလား"





"တစ်အချက်က အလွှမ်း စင်ပေါ်တက်ရမယ်၊ ဒါ အလွှမ်း လုပ်ရမဲ့ အလုပ်ကို အလွှမ်း လုပ်တာသာ ဖြစ်တယ်၊ သူ့ကို ယှဉ်ပြိုင်ဖိနှိမ်ဖို့ လုပ်ရတာ မဟုတ်ဘူး အလွှမ်း၊ နှစ်အချက်က ကိုယ်ကလည်း ဆုနွေ ချစ်တဲ့သူ မဟုတ်ဘူး၊ ဆုနွေက ကိုယ့်ကို ဘယ်တုန်းကမှ မချစ်ပါဘူး၊ အခု ပြန်ပြီးချဉ်းကပ်တယ် ဆိုရာမှာ လုံးဝအချစ်မပါပါဘူး အလွှမ်း၊ သုံးအချက်က အလွှမ်း ကိုယ့်ကို ရင်းနှီးဆက်ဆံရမယ်၊ သာမန် ဆက်ဆံရုံ မကပါဘူး၊ ကိုယ်နဲ့အတူ ကိုယ့်ဘဝအဖော်အဖြစ်ပါ အတူရှိပေးပါ အလွှမ်း၊ အလွှမ်းဘေးမှာ ကိုယ်မားမားရပ်နေမယ်၊ အလွှမ်းကို ကိုယ်ချစ်ခဲ့တာ ကြာပါပြီ၊ ဘာပယောဂမှ မပါတဲ့ အချစ်စစ်စစ်ပါ၊ တစ်ကြိမ်မှ တရင်းတနှီး မရှိခဲ့ဖူးပဲနဲ့ လေးနှစ်လုံးလုံး ကိုယ့်နှလုံးသားကို သိမ်းပိုက်စိုးမိုးထားနိုင်တဲ့ အလွှမ်းကို ကိုယ်ပိုင်ဆိုင်ပါရစေနော် ...

ကိုယ့်စာတွေထဲ အရိပ်အမြွက် ပါခဲ့ပေမဲ့ အလွှမ်း မဖတ်ရဘူးဆိုတော့ ကိုယ် ထပ်ပြောပါရစေ၊ အလွှမ်းကို သိပ်ချစ်တယ်၊ လက်ထပ်ခွင့် ပေးပါ အလွှမ်း၊ ကိုယ့်မိဘတွေကိုတော်င် ပြန်လာခင်ကတည်းက ကြိုပြောခဲ့တယ်၊ ကိုယ်လက်ထပ်မဲ့ မိန်းကလေး ရှိပြီလို့၊ အဲဒါ အလွှမ်းပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းပဲရှိရှိ အလွမ်းကို ကိုယ်မခွဲနိုင်ဘူး၊ ဒါပေ့
အလွမ်းမှာမျှား ရည်ရွယ်ထားတဲ့ ...”

“ဟင့်အင်း ... အလွမ်းမှာ ဘယ်သူမှ မရှိဘူး”

အလွမ်းရဲ့ ခပ်သွက်သွက် ငြင်းသံလေးက တု
ယင်နေသည်။

“ဒါဖြင့် ကိုယ့်ကို လက်တွဲပြီး အလွမ်း လုပ်စရာရှိ
အလုပ်ကို နောက်မဆုတ်ပဲ လုပ်ရမယ်”

အလွမ်းက သူမ,ချစ်သော ကိုကြီးခေါင်ကို မမှိ
မသုန် ငေးစိုက်ကြည့်နေသည်။

✧ ❤ ✧





## ၁၂

ဟိုတယ်ကြီးရဲ့ ပွဲကျင်းပရာ ခန်းမထဲမှာ ပရိသတ်တွေများစွာ။ ခမ်းနားလှပတဲ့ စတိတ်စင်မြင့်နှင့် မီးဆလိုက်များက ရောင်စုံကွန့်မြူးလျက်။ နောက်ဘက်က ပြိုင်ပွဲဝင်သူများရဲ့ ခန်းမဆောင်ထဲမှာတော့ ဆုနွေသည် အလျံတညီးညီးသော မျက်ဝန်းများနှင့် အလွမ်းကို စားတော့ဝါးတော့မည့်အလား စူးစူးရဲရဲကြည့်နေပါသည်။

အလွမ်းရဲ့နောက်က အဖော်အဖြစ် အန်တီ ပါလာသည်။ ဆွေမျိုးရင်းချာတွေ ဖြစ်လင့်ကစား ဆုနွေသည် အန်တီ့ကိုပင် မခေါ်နိုင် မပြောနိုင် ရန်သူတွေအလား အငြိုးထား အမုန်းပွားလျက်။ သူ့ကို ဘာမဟုတ်တဲ့ အနံ့ညာတ တောကတက်ကာ လူမွေးလူတောင် ပြောင်ခွင့်ရလာတဲ့ အလွမ်းက ဖက်ပြိုင်အံတုရပါ့မလားဆိုတဲ့ ဒေါသမာန်မာန အာဃာတက ဆုနွေရဲ့ စိတ်ရောကိုယ်ပါ နှစ်မျိုးလုံးကို ဝါးမျိုလောင်မြိုက်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ၊ ကြည်ကြည်လင်လင် ထားစမ်းပါဟဲ့ ဆုနွေရဲ့ တကတဲ"

သူ့ရဲ့ ဒီဇိုင်နာ စော့စောက ဘာမှ အတွင်းကျကျ မသိတဲ့သူပီပီ ဆုနွေကို ရိုးရိုးပင် ပြောလိုက်ပါသည်။ စောစော အဖို့ကတော့ ဒီပွဲမှာ ဝင်ပြိုင်ဖြစ်တာကိုက အခွင့်အရေးကောင်း ရလှပြီ။ သူ့နာမည် ပြိုင်ပွဲမှာ ကြေညာခံရမှာလောက်ကိုပဲ နှစ်သိမ့်နေပါပြီ။

နဂိုကပင် သတို့သမီး ဝတ်စုံလောက်သာ ချုပ်ဖြစ်တာမို့ စိတ်ကြိုက်ဝတ်ရုံကို သတို့သမီးဝတ်စုံနှင့် ပြိုင်သည်။ ညနေခင်းဝတ်စုံ Evening dress ကိုတော့ အနက်ရောင် ပျိုးပျိုးပျက်ပျက် ကိုယ်ကျပ်ဝတ်ဖုံ စီစဉ်ထားပါသည်။ သူ့အနေအထားနှင့် သူမို့ သူ့မှာ ငွေကုန်ကြေးကျများစွာခံကာ မော်ဒယ်လ်မငှားနိုင်။ ဆုနွေက မေတ္တာဖြင့်ကူညီသည်ဆို၍ ပြိုင်ပွဲဝင်ဖြစ်တာကို ဝမ်းသာပီတိ ဖြစ်နေသူ ဖြစ်သည်။

"စောစော ... ပထမစိတ်ကြိုက်ဝတ်စုံ ပြိုင်ရတုန်းက ဒိုင်တွေဆီက ဘာသံတွေ ကြားသေးလဲ"

"ဘာသံမှ မကြားရပါဘူး၊ ဆုနွေကို အားပေးကြသားပဲ၊ သဘောကျလို့ပေါ့"

အားပေးတာကတော့ ဒီပွဲမှာ မင်းသမီးထဲကဆိုလို့ သူတစ်ယောက်ပဲ ပါသည်။ အားလုံးသိတဲ့ မျက်နှာသိ အနု





ပညာသည်ဖြစ်ရာ လူတိုင်းက သူ့ကို လက်ခုပ်ချီးမြှင့်ကြတာပင်။ ကျန်တာတွေက များသောအားဖြင့် အသစ်ကလေးတွေ။ မျက်နှာသစ်တွေချည်း ဖြစ်သည်။ အတွင်းက ပိုးသားရှပ်ဖြူခံ၍ ကော်ဖီနရောင် ကုတ်လက်ရှည်၊ ကော်ဖီနရောင် ဘဲလ်ပုံစံ ဘောင်းဘီရှည် ခပ်အိအိ၊ ဒေါက်မြင့် ရှူးအဖြူရောင်၊ ကော်ဖီနရောင်အိတ်ခပ်ကြီးကြီးတစ်လုံးကို လက်ကကိုင်ဆွဲကာ ပြိုင်ပွဲဝင်တဲ့ အလှမ်း ်စံက ကြော့ရှင်း စမတ်ကျနေကာ သူ့ရုပ်ကို အလွန်ခန့်ညားအဆင့်တက်သွားစေတာက ကော်ဖီရောင်နှင့် အဖြူရောင်ဇာဖတ်လေးတွေ တွဲချုပ်ထားတဲ့ ပုံဆန်းဆန်း ဦးထုပ်လုံးလုံးလေးကို ာစောင်းဆန်ဆန် ဆောင်းထားတာကြောင့် ဖြစ်သည်။

နှုတ်ခမ်းနီ အရောင်ပုပ်ပုပ်လေးနှင့် ပြင်သစ်မော် ဒယ်လ်တွေနှင့်တောင် ပုံသဏ္ဍာန်တူနေသော အလှမ်းကို သူ့မှာ ာလိုခြင်းကြီးစွာ မှုလောင်နေပါသည်။ ဒီဟာမ ဘယ်တုန်းက ်လောက် ခေတ်မီခေတ်ရေ့ပြေးတဲ့ အမြင်တွေ ကျယ်သွားပါလိမ့်။ က ကြော့ရှင်းကြီးမြတ်တဲ့ Class တစ်ခုကို ပြသတဲ့အသွင် ာင်သွားချိန်မှာ ကိုယ်က ရိုးနေပြီဖြစ်တဲ့ ထိုင်မသိမ်းဝတ်စုံနှင့် ်ထုံးတွေ ပန်းတွေ ပဝါရှည်တွေကြောင့် မြင်ကွင်းရှင်းမနေပဲ နည်းငယ် ရှုပ်ထွေးပြစ်နှစ်နေတယ် ထင်မိသည်။

"ဟို ဒီဇိုင်နာ အလှမ်း ဆိုတာကို စောစော ဘယ်လိုသဘောရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဆုနွေ့ အမျိုးမဟုတ်လား၊ ကောင်မလေးက ပရော်ဖက်ရှင်နယ်မော်ဒယ်လ်အတိုင်းပဲ၊ ကလပ်စစ်က် ဖြစ်နေတယ်၊ တော်တယ်ဟဲ့ ကောင်မလေး၊ နဂိုရုပ်လေးလည်းရှိတော့ ကိုယ်တိုင်ဝင်ပြိုင်ဖို့တာပေါ့၊ ဆုသာရရင် သူတစ်ယောက်တည်း နှစ်မျိုးရမှာ၊ မိုက်တယ်နော်၊ သူ့ကိုလူကြိုက်များတယ် ဆုနွေ့ရဲ့"

စောစောက ရိုးရိုးသားသား ပြောနေသည်။ သူက [illegible]ရိုးရိုးချိုးမွမ်းလေ ဆုနွေ့ ဘဝင်မှာတော့ အလုံးဆို့လေ။ ခုလည်း [illegible]vening dress အတွက် အလွမ်း ဝတ်ဆင်ထားပုံက ကြော့ရှင်း[illegible]ခတ်နေပြန်သည်။ အပေါ်ဘက်က ရင်ဘတ်အပြတ် ပတ်လည်ကိုယ်ထည်ဟာ ဇာအဖြူဖြစ်ပြီး အောက်ပိုင်းက ပိုးသားဂါဝန်ရှည်အဖြူဟာ ဇာအဖြူနှင့် ခါးမှာ ပုံကျကျလေး ဆက်ထားသည်။ ဆက်တဲ့နေရာ ကျောဘက်မှာ ဖဲပြားဖြူဖြူကြီးကြီးလေး ပါသေးသည်။ ရှင်းကာ ဝင်းနေသော လည်တိုင်သွယ်တွင် လည်ပင်းကပ်ပုလဲသွယ်တစ်ကုံးတည်း။ ဆံပင်ကို နဖူးပြောင်သိမ်းကာ နောက်တွဲထုံးထားတော့ ပခုံးသား လက်မောင်းသားတို့က နုနုစ်ပါးသွယ်မွတ်ချောကာ ထိကိုင်ချင်စရာကောင်းအောင် မြတ်နိုးဖွယ်လှပနေပါသည်။

ဆုနွေ့ရဲ့ ဒရက်စ်အနက်ဟာ ပြောင်လက်၍ လှ[illegible]ပါသည်။ ဆံပင်တင်ထား၍ ပေါ်နေမဲ့ ကျောပြင်ပြောင်ဟာ ကျ[illegible]





ပိုးသား အဆီအနည်းငယ် ရှိနေ၍ လုံးဝအပြောင်ရှင်းပြီး၊ အလွမ်းဝတ်စုံလို အပြတ်အတိုင်း ဖော်ထားလို့ မလှလေရာ လည်ပင်းအပတ်နှင့် လည်ပတ်သို့ ကြိုးသွယ်များ တက်လာပြီး ကုပ်သားကျောသားကို တဝက်တစ်ပျက် ဖုံးကွယ်ထားရသည်။ အဆီကျသွားအောင် အစားအသောက်တွေ နှင်းကန်လျှော့ထားရတဲ့ ကြားထဲက ကျန်နေသေးတဲ့ အဆီတချို့ ပိပြားမြုပ်ဝင်အောင် ဝတ်စုံကို ကျပ်နေအောင် ဖစ်တင်ချုထားရာ လူက အသက်ရှူမဝပဲ အစ်နေသည်။

ဒါပေမဲ့ တစ်ခဏပဲလေ။ ဆုနွေ့သည် ကိုယ်ကိုကြော့၊ ခါးကိုကော့၊ မိုက်ကိုရုပ်၊ ရင်ကိုချီ၊ လည်ကိုမော့၊ ဖိနပ်အမြင့်ကြီးနှင့် လွှင့်နေအောင် ဟန်ချီထားပါသည်။ စိတ်ထဲမှာတော့ ဇလောင်ဆူပွက်နေတဲ့ ဒေါသမောဟတွေ။ မျက်နှာပြင်အကြောစိုင်တို့ဟာ မာနေပါသည်။

"အခု ဒုတိယပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်၊ ဒုတိယပိုင်းမှာ ညနေခင်းဝတ်စုံရှည်နဲ့ ယှဉ်ပြိုင်တင်ဆက်သွားမှာ ဖြစ်ပါတယ်၊ ပထမဆုံး ယှဉ်ပြိုင်မဲ့ ဒီဇိုင်နာက ဧပရယ်လ်မိုး ဖြစ်ပါတယ်၊ တင်ဆက်ပြသမဲ့ မော်ဒယ်လ်ကတော့ ဝင့်ဖူးကြည်မောင် ဖြစ်ပါတယ်"

အားလုံးဟာ နောက်ဘက်ခန်းမမှ စင်မြင့်ပေါ်တက်ဖို့ လေ့ကားအနီး နေရာယူထားကြပြီးပြီ။ တစ်ယောက်ပြီးတစ်ယောက် ကြေညာခေါ်ယူကာ မိမိစိတ်ကြိုက် ကိုယ်ဟန်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနိုင်နာ အလွမ်း ဖြစ်ပါတယ်၊ အလွမ်း ကိုယ်တိုင်ဝတ်ဆင် တင်ဆက်ခြင်း ဖြစ်ပါတယ်"

စပေါ့ထ်လိုက်ထ်ဖြူဖြာဖြာထဲမှာ အလွမ်းရဲ့သဏ္ဍာန်သည် ဒဏ္ဍာရီထဲက နတ်သမီးလေးနှယ်။ ကိုယ့်အလှည့် တန်းစီရင်း ဆုနွေက စူးစိုက်လိုက်ကြည့်နေပါသည်။ စင်မြင့်ပေါ် တစ်ပတ်ပတ်ပြီး ရှေ့ဘက် Cat walk လျှောက်လမ်းပေါ် လျှောက်သွားတဲ့ အလွမ်းကို လျှောက်လမ်းနှင့် အနီးဆုံးထိုင်ခုံတစ်ခုမှ လူတစ်ယောက်က မတ်တတ်ထရပ် ရှေ့တိုးကာ ကိုင်းရိုးတံရှည်ရှည်နှင့် သစ်ခွဖြူဖြူတစ်ပွင့် ကမ်းပေးလိုက်ပါသည်။

"ဟင်"

ဆုနွေသည် မျက်လုံးပင် ပြာထွက်သွားကာ ပြန်ထိုင်ချလိုက်တဲ့ တော်ဖုန်းခေါင်ကို လိုက်ကြည့်ရင်း ရင်ထဲ တဒိန်းဒိန်း တုန်ဟီးဆောင်ဘင်ခတ်လာသည်။ ခုနတစ်ကြိမ်တုန်းက စင်အောက်ကို သေချာမမြင်ရ၍ ဒီနေရာမှာ တော်ဖုန်းခေါင် ထိုင်နေတာကို မသိခဲ့။ ဆက်တိုက်မြည်နေတဲ့ လက်ခုပ်သံများက ဆုနွေ နားထဲ ဆူညံထူပူလာသည်။ နှစ်ယောက်ခြားမှာ ကိုယ့်ကိုခေါ်ကာ ကြေညာနေတာပင် ရုတ်တရက် မကြား၍ နောက်ကတစ်ယောက်က တို့ကာ သတိပေးရလေသည်။

ဆုနွေသည် စင်ပေါ်လျှောက်သာ လျှောက်လာသည်။ ဘာမှ မမြင်။ မျက်ဝန်းက အမြင်အာရုံတွေ ပြာနှမ်းနက်ပိန်းနေသည်။ အခင်းကော်ဇောစကိုလည်း တစ်ချက် ခလုတ်တိုက်





လိုက်ပါသေးသည်။ ရင်တွေ ဒိတ်ဒိတ် ဒိတ်ဒိတ်။ အာရုံတွေ ပူပြင်းခြောက်သွေ့ တောက်လောက်ကာ လူနဲ့ စိတ်နဲ့ မကပ်။ ကျပ်တုပ်ထားတဲ့ ဝတ်စုံအောက်၌ အသက်ရှူမဝ မွန်းကျပ်လာတာကို မနည်းထိန်းနေရသည်။

တစ်ယောက်ပြီး တစ်ယောက်။ ဆုနွေ အမြင်တွေ မှုန်နောက်လာပါသည်။ မခံနိုင် မရပ်နိုင် မချိတင်ကဲ ကြိတ်မနိုင်ခဲမရ ခံစားချက်တွေက စုလှကာ ဖိစီးလှတဲ့ ဒေါသနှင့် မနာလိုဝန်တိုမှုက လူကို ချွေးစေးပြန်လာစေသည်။ အားလုံး ရှေ့နောက်စီကာ တစ်ပြိုင်နက်တန်းစီလျှောက်ပြရတဲ့ အစီအစဉ်တွင် အားလုံးကြားထဲမှာ လျှောက်နေရင်း ကွေ့တဲ့သူက ကွေ့ထွက်၊ ရှေ့ကို လျှောက်တဲ့သူ၊ နောက်ကို လျှောက်တဲ့သူ၊ ဆားကဖြတ်တဲ့သူ၊ အာရုံတွေ ရှုပ်ထွေးမှုးနောက်လာပြီးတဲ့နောက် ရက်ရှည်အစာဖြတ်ထားတဲ့ဒဏ်ကလည်း လူကို ထိုးနှက်လိုက်ကာ မထိန်းလိုက်နိုင်ခင်ပင် အားလုံးကြားထဲ ခွေယိုင်လဲပြိုကျသွားပါသည်။

"မမနွေ"

အလွမ်းရဲ့ အသံသဲ့သဲ့ ကြားလိုက်သား။ လူတွေလည်း ဆက်လျှောက်မရ ရှုပ်ယှက်ခတ်ထွေးကာ ဖရိုဖရဲ ရုတ်ရုတ်သဲသဲ ဖြစ်သွား လျက် ဆုနွေကတော့ ပူပြင်းလောင်မြိုက်လှတဲ့ အကုသိုလ်စိတ်တို့နှင့် မှောင်မိုက်ခြင်းကမ္ဘာသို့ သတိလက်လွတ် ဘိုးဝင်သွားပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com

၁၃

တကယ်တော့ လူတို့ရဲ့ ဘဝစာမျက်နှာများပေါ်မှ ဇာတ်လမ်းကလေးပေါင်း များစွာဟာ အဆုံးသတ်မှာ အားလုံး Happy Ending ဖြင့်သာ အဆုံးသတ်နိုင်ရင် ဘယ်လောက်ကောင်းလိမ့်မည်လဲလို့ အလွမ်းက တောင့်တမိပါသည်။ သို့သော် လက်တွေ့မှာ အဖြစ်အပျက်တိုင်းဟာ ကောင်းခြင်းဖြင့်ချည်းသာ နိဂုံးမချုပ်နိုင်။ ဒေါသတွေ မောဟတွေ အာဃာတတွေ ဝန်တိုမနာလိုမှုတွေ ပူလောင်ခြင်းတွေဟာ လူတချို့မှာ အလွယ်နှင့် ချုပ်ငြိမ်းမသွားနိုင်ချေ။

ဖက်ရှင်ရှိုးပွဲကြီး အပြီးမှာ ဒီဇိုင်နာဆု မော်ဒယ်လ်ဆုတို့ကို မမျှော်လင့်ဘဲ ဝမ်းပန်းတသာ ဆွတ်ခူးသိမ်းပိုက်လိုက်နိုင်သော အလွမ်းသည် ပွဲပြီးပြီးချင်း ကိုကြီးခေါင်ကို နံဘေးမှာ အဖော်ထား၍ မမနွေ့ ရှိနေသော ပုဂ္ဂလိကဆေးရုံကြီးကို အမော





တကော ပူပန်တကြီး ရောက်သွားခဲ့ပါသည်။ စိတ်ပြေလွယ်တယ် ပြောရမလား မသိသော အလွမ်းသည် မမနွေ့ ခုလို ပွဲစဉ်ထဲမှာ မူးမေ့လဲကျ၊ ပြိုင်ပွဲမှာလည်း ဆုမရ၊ အချစ်ရေးမှာလည်း ရှုံးနိမ့်ရတဲ့အခါ ကြီးစွာသော ကရုဏာ အကြင်နာတို့နှင့် မမနွေ့ကို သနားမိသည်။

ပူလောင်လှတဲ့ မိန်းမတစ်ယောက်ကို မေတ္တာရှေ့ထား၍ သနားကရုဏာ ထားမိခြင်းကြောင့်လည်းကောင်း၊ သူလိုချင်တာတွေကို အလွမ်းက ရသွားခဲ့ရတဲ့အတွက်ကြောင့်လည်းကောင်း၊ မမနွေ့ကို ချော့မော့နှစ်သိမ့် တောင်းပန်ပို့ အသင့်ရှိခဲ့ဘာ အမှန်ပင်။

သို့သော် ဆေးရုံခန်းထဲ ဝင်လိုက်တဲ့ အလွမ်းမှာ ...

"နင် ဘာလာလုပ်တာလဲ၊ နင် အခု ငါ့ရှေ့က ထွက်သွား၊ နင့်မျက်နှာကို ငါ လုံးဝမကြည့်ချင်ဘူး၊ လူပါးဝတဲ့မိန်းမ၊ ငါ့ကို အာခံတဲ့မိန်းမ၊ နင့်တစ်သက် ငါတစ်သက် ငါ့ရှေ့ကို လုံးဝရောက်မလာစေနဲ့၊ နင့်မျက်နှာကို မတွေ့ရစေနဲ့၊ တွေ့လို့ကတော့ နင် မလွယ်ဘူးလို့ မှတ်ထားလိုက် မိလွမ်း"

ဘွားဘွားတို့ ကြီးကြီးတင်တို့ ဖျောင်းဖျနေတဲ့ကြားက မမနွေ့သည် အာဃာတတွေ လုံးဝမလျှော့နိုင်။ တစ်သက်လုံး သူ ဖိနှိပ်အနိုင်ကျင့် နှိပ်စက်ခဲ့တဲ့ အလွမ်းကို အရင်လို မဖိ



www.burmeseclassic.com

www.burmeseclassic.com



နိပ်နိုင်၊ အနိုင်မကျင့်နိုင်တော့တာကိုပင် သူ့ရင်ထဲ သည်းထန် ပေါက်ကွဲစွာ အာဃာတတို့က ဖိုတောင်ကြီးထွားလာပါသေးသည်။ အငြိုးတရားတို့က ပိုတောင်စည်ပင်လာပါသေးသည်။

မျက်ရည်ပေါက်ပေါက်ကျပြီး ဘာမှ ပြန်မပြောသာ တဲ့ အလွမ်းကို ကိုကြီးခေါင်က ပခုံးဖက်ကာ ဆွဲခေါ်သည်။

"တော်ဖုန်းခေါင် ...၊ အေး ... နင်လည်း မှတ်ထား ပြောင်းလဲတတ်လိုက်တာနော်၊ ဆုဆုနွေ မိုးပေါ်မှာတုန်းက နင်က ဆုနွေ ဆုနွေပေါ့၊ ခုတော့ နင်က ဒီလိုပေါ့၊ ဟုတ် လား၊ အေးပါ ... နင်တို့ စိတ်ဓာတ်တွေ သိရတာပေါ့ နင့်ကိုလည်း ငါ မကြည့်ချင်ဘူး ဆိုတာ မှတ်သွားလိုက် တော်ဖုန်းခေါင်"

သူ့ဟာသူသာလျှင် တစ်ဖက်စောင်းနင်း အမြင်တွေ လွဲ အထင်တွေမှား၊ သူ့တရားသူစီရင်နေတော့သည်မှာ စိတ် ကောင်းချင်စရာပင်တည်း။ အလွမ်းနဲ့ ကိုကြီးခေါင် ပြန်ခဲ့သည်။ နောက်ပိုင်းလည်း မမနွေနှင့် မဆုံတွေ့ဖြစ်ကြ။

အလွမ်းနဲ့ ကိုကြီးခေါင်တို့ရဲ့ လက်ထပ်မင်္ဂလာ ကိုလည်း မမနွေက ဟက်ရောက်ခြင်း မရှိခဲ့ပါ။

✧ ❤ ✧

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com